နွယဉ်

# စန္ဒကိန္နရီ

နှင့်

နိပါတ်တော်လာ

# ထင်ရှားသောဇာတ်ဝတ္ထုများ



# စန္ဒကိန္နရီ

နှင့်

# နိပါတ်တော်လာ ထင်ရှားသော ဇာတ်ဝတ္ထုများ

# နုယဉ်

စီစဉ်ထုတ်လုပ်သူ **ကိုတင်ရှိန်**

**ဖြန့်ချိရေး**

ရွှေတံတားစာပေ
အမှတ် (၃၀၁)၊ ၉–ရပ်ကွက်
ရွှေပြည်သာမြို့။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

တပ်မတော်ပြိုခွဲသူ ဒို့ရန်သူ။
တပ်မတော်ပြိုခွဲမည့်အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

---

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**စာအုပ်စာတမ်းစာနယ်ဇင်း**

ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် [ ၁/၉၆ (၅) ]

❑

**စာအုပ်စာတမ်းမျက်နှာဖုံး**

ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် [ ၁၁၃/၉၉ (၃) ]

❑

**မျက်နှာဖုံးပန်းချီ**

ကို

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ် – အုပ်ရေ (၅၀၀)

တန်ဖိုး (၂၀၀) ကျပ်

❑

**ကွန်ပျူတာစာစီ**

မျိုးမော်ကွန်ပျူတာ၊ (၃၀၂) မဟာဗန္ဓုလပန်းခြံလမ်း၊ ဖုန်း–၂၅၃၃၅၂

❑

**ထုတ်ဝေခြင်း**

၁၉၉၉–ခု၊ ဇန်နဝါရီ

(၀၁၅၁) ဦးမြသန်း၊ အသိုင်းအဝိုင်းစာပေ

၃၅–သမာဓိလမ်း၊ ခွဲဆုံရပ်၊ မရမ်းကုန်း၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်ခြင်း**

ဒေါ်နှင်းရီ (၀၄၅၆၀)၊ သဇင်အော့ဖ်ဆက်

၁၃၉၊ လမ်း(၅၀) အထက်ပုဇွန်တောင်။

❑

**အဖုံးရိုက်**

ဒေါ်စိန်နွဲ့၊ ရွှေပြည့်စုံအော့ဖ်ဆက် (၀၂၇၈၅)

၃၄/၃၅–၁၅၇ လမ်း၊ တာမွေ၊ ရန်ကုန်မြို့။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်း – | |
| ၁။ စန္ဒကိန္နရီ | ၁ |
| ၂။ ကုဏ္ဍလကေသီ အရှင်မ ထေရီ | ၈ |
| ၃။ မဟာပဒုမ မင်းသား | ၁၇ |
| ၄။ နတ်သမီးတောင်းသောဆုမြတ် | ၂၂ |
| ၅။ ကိသာဂေါတမီ အရှင်မ ထေရီ | ၂၉ |
| ၆။ အရှင်မ ခေမာ | ၃၅ |
| ၇။ စက္ခုပါလ မထေရ် | ၄၉ |
| ၈။ ဥပါသကာ မဟာဓမ္မိက | ၅၇ |
| ၉။ ရသေ့မြတ်နှစ်ပါး | ၆၃ |
| ၁၀။ ပုရောဟိတ် သုသီမ | ၆၇ |
| ၁၁။ အတိဇာတ | ၇၃ |
| ၁၂။ တက္ကပဏ္ဍိတရှင်ရသေ့ | ၇၉ |
| ၁၃။ အရှင်မ ဓမ္မဒိန္နာ | ၈၄ |
| ၁၄။ မဟာ အာသရောဟ | ၉၁ |
| ၁၅။ ပြည်၏တန်ဆာ သီရိမာ | ၉၇ |
| ၁၆။ သားတော်မြတ် သောမနဿ | ၁၀၃ |
| ၁၇။ ဟာရိတစ ရသေ့မြတ် | ၁၁၁ |
| ၁၈။ ချွေးမအလိမ္မာ ဝိသာခါ | ၁၁၇ |
| ၁၉။ သေနက အမတ်ပညာရှိ | ၁၂၆ |
| ၂၀။ မဟာဓမ္မပါလ | ၁၃၂ |

၂၁။ သုံးဘဝစံ မနောကံ ၁၃၇

၂၂။ ဘုရားအလောင်း၏ စေတနာ ၁၄၄

၂၃။ ပန်းတော်ဆက် မောင်သုမန ၁၅၀

၂၄။ ရဟန္တာမြတ်ကို ပြစ်မှားခဲ့သူ ၁၅၅

၂၅။ ဣလ္လိသ နှစ်ကိုယ်ခွဲ ၁၆၃

၂၆။ အယောဃရ ပညာရှိမင်းကြီး ၁၇၂

၂၇။ နတ်မျက်စိရရှိသော ပါရမီရှင်မြတ် ၁၇၉

၂၈။ မိခင်၏မေတ္တာကြီးမားပုံ ၁၈၇

၂၉။ မိဘကျေးဇူး အထူးသိသူ ၁၉၂

၃၀။ ၆မေတ္တာသူဌေး သခ်ႋ ၂၀၀

၃၁။ လင်ကိုမြတ်နိုးသော သုဇာတာ ၂၀၅

၃၂။ ကပ်စေးနှဲ သူဌေးကြီး အာနန္ဒာ ၂၁၀

၃၃။ သံကိစ္စသာမဏေငယ်၏ ကျေးဇူးဂုဏ် ၂၁၇

၃၄။ ဒါနမျိုးဆက် ဖျက်ဆီးသူ သူဌေးကြီး ၂၂၅

၃၅။ အလောင်းတော် ရောဟဏ ရွှေသမင် ၂၃၃

၃၆။ အာဇာနည် မျောက်မင်း ၂၄၂

၃၇။ မိတ္တဗိန္ဒက ၂၄၇

၃၈။ ပညာရှိမှ ချမ်းသာရ ၂၅၂

၃၉။ ပညာရှိ လှည်းမှူး ၂၅၇

၄၀။ သုယောနန္ဒီ ၂၆၃

# သုတ္တန်ဒေသနာတော် အကျိုးကျေးဇူး
## (ဓာတ်ဝတ္ထုနိဒါန်း)

### နိပါတ်တော်

ငါးရာငါးဆယ် နိပါတ်တော်မှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူသော နိကာယ်ငါးရပ်၊ ပိဋကတ်သုံးဖြာတွင် ခုဒ္ဒက နိကာယ်သုတ္တန် ပိဋကတ် အဝင်အပါ ပါဠိဇာတ် ပါဠိတော်ပင် ဖြစ်ပါသည်။ ထိုပါဠိဇာတ် ပါဠိတော်ကို ဧကကနိပါတ်အစ အာသီတိနိပါတ်အဆုံး အခန်းပေါင်း နှစ်ဆယ့်တစ်ခန်း၊ ဇာတ်ပေါင်း ငါးရာ သုံးဆယ့်ခုနစ်ဇာတ်တို့ဖြင့် တန်ဆာဆင်ကာ ဟောကြားတော်မူထားပါသည်။ မဟာနိပါတ် ဇာတ်ပေါင်း တစ်ဆယ် ဇာတ်တော်ကြီး ဆယ်ဖွဲ့တို့နှင့် ပေါင်းလျှင် ငါးရာလေးဆယ့်ခုနစ်ဇာတ်တို့ ဖြစ်ပါသည်။ ဇာတ်သုံးဇာတ် လျော့နေသော်လည်း အခေါ်အဝေါ် လွယ်စေရန် 'ငါးရာငါးဆယ် နိပါတ်တော်'ဟု ခေါ်ဝေါ် စမှတ်ပြုကြရပါသည်။

ပါဠိဇာတ် အဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသ, မထေရ်သည် သီဟိုဠ်ကျွန်း အနုရာဓမြို့၊ မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ် ပြုစီရင် တော်မူသည်။

သာသနာသက္ကရာဇ် (၉၃၀)လောက်တွင် မြန်မာ ပြည်အောက်ပိုင်း၊ သထုံမြို့သို့ ရောက်လာသည်။

သာသနာသက္ကရာဇ် (၁၆၀၀)ကျော်၊ ကောဇာသက္ကရာဇ် (၄၀၀)ကျော်လောက်တွင် မြန်မာပြည်အထက်ပိုင်း ပုဂံပြည်သို့ အနော်ရထာမင်း ဆောင်ယူတော်မူသဖြင့် မြန်မာတစ်ပြည်လုံးမှာ တဖြည်းဖြည်း ပျံ့နှံ့ခဲ့ပါသည်။

## ဇာတ်ဝတ္ထုများ

ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုကို ဒီပဲယင်းမြို့၊ မုံတိုင် ဆရာတော် ပြုစီရင်တော်မူသည်ဟု ပိဋကတ်သမိုင်းတွင် အဆိုရှိသည်။ စာအုပ်အဖြစ်ရိုက်၍ ယခုအခါ သုံးစွဲလျက်ရှိသော ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုကိုကား ဘိုးတော်မင်းဘုရား လက်ထက်၊ ကောဇာသက္ကရာဇ် (၁၁၈၁)ခုတွင် မင်္ဂလာဘုံကျော်ကျောင်း၌ သီတင်းသုံးတော်မူသော "ကဝိန္ဒာဘိဝံသ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" တံဆိပ်တော်ရ ဒုတိယညောင်ကန် ဆရာတော် ပြုစီရင်တော်မူပါသည်။

## ဝတ္ထုမှ အနှစ်သာရများ

ထိုငါးရာ့ငါးဆယ် နိပါတ် ဇာတ်ဝတ္ထုတို့မှာ ဓမ္မကြောင်း၊ လောကကြောင်း၊ ရာဇကြောင်း စုံလင်လှသည်။ စီးပွားရေး၊ ကြီးပွားချမ်းသာရေး၊ ကျန်းမာရေး၊ ပညာဉာဏ် ဗဟုသုတတိုးပွားရေး၊ လိမ္မာယဉ်ကျေးရေး၊ ပေါင်းသင်းဆက်ဆံရေး စသည်တို့ဖြင့် ပြည့်နှက်လျက်ရှိသည်။ မှတ်ယူသုံးစွဲ၍ မကုန်နိုင်အောင် အနှစ်သာရ

အမျိုးမျိုးနှင့် ပြည့်စုံလှသောက်သည်။ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုတို့၌ လိမ္မာကျွမ်းကျင်ပါလျှင် သူတစ်ပါးတို့ မှီခိုရာ, အားထားရာ, ဆည်းကပ်ပူဇော်ရာ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးတစ်ဦး ဖြစ်လာနိုင်ပါသည်။

ရှေးခေတ်အခါက ပျို့, ကဗျာ, လင်္ကာ, ချေင်း, မော်ကွန်း, သမိုင်း, သံပိုင်း, ရတု, သီချင်းကြီး, သီချင်းခံ, ပတ်ပျိုးနှင့် ယိုးဒယား စသည်တို့ကို ဖန်တီးကြသော ကဗျာပါရဂူကြီးတို့မှာ ထိုငါးရာ့ငါး ဆယ် ဇာတ်ဝတ္ထု တစ်ခုခုကို ယူကာ မူတည်ကြရသည်။ ဝတ္ထုပုံပြင်, ပြဇာတ် စသည်တို့ကို ရေးသားကြသော ပညာရှိတို့လည်း ထိုငါးရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထု တို့ကို အမှီပြု၍ ရေးသားကြရသည်။ ကပြသော ပွဲလမ်းသဘင်တို့၌လည်း နှစ်ပါးသွားခန်း၊ လွမ်းခန်း၊ ဆွေးခန်း၊ အကြမ်း, အနု ဇာတ်လမ်းဇာတ်ကွက်ဖော်၍ သရုပ်တင်ကာ လူအများ ရှုစားချင်လောက်အောင်လည်း ထိုငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုတို့ကိုပင် က,ပြ အသုံးတော်ခံကြရသည်။

## စာဖတ်သူတို့အား နားလည်သဘောပေါက်စေရန်

ယခုခေတ်အခါ၌ကား ရှေးခေတ်က ပညာရှိတို့လို ပါဠိဘာသာကို ကောင်းစွာ မကျွမ်းကျင်ကြသဖြင့် ရှေးဟောင်းဖြစ်သော ဇာတ်ပါဠိတော်၊ အဋ္ဌကထာ, ဋီကာ, နိဿျ, ဂဏ္ဌိ, ဝတ္ထုစကားပြေတို့ကို မကြည့်ရှုနိုင်

ကြသောကြောင့် ဗဟုသုတ ပညာရှာမှီးသူများအတွက် အခက်အခဲနှင့် ရင်ဆိုင်တွေ့နေကြရသည်။ ရှေးဟောင်းဖြစ်သော နိပါတ်ဇာတ်၊ နိဿျ၊ ဝတ္ထုစကားပြေတို့လည်း ဇာတ်ပါဠိတော်၊ ဇာတ်အဋ္ဌကထာ ပါဠိတို့၏ ဘာသာပြန်များသာ ဖြစ်သဖြင့် စကားဝါကျ အထပ်ထပ်ပါရှိနေခြင်း၊ မပြေမပြစ်ရှိနေခြင်း၊ ကျယ်ဝန်းခြင်း၊ ပါဠိနှင့်အနက် ရောထွေးနေခြင်း၊ စကားအသုံးအနှုံး ရှေးကျနေခြင်းတို့ကြောင့် ယခုခေတ်လူများ လွယ်ကူစွာ မသိနိုင်၊ မသုံးစွဲနိုင်။ သို့အတွက် လွန်ခဲ့သော ၂၅ နှစ်ခန့်ကပင် ခေတ်လူများနှင့် လျော်အောင် ပေါ်လွင်ထင်ရှားသော နိပါတ်တော်စကားပြေကို ရေးသားမည်ဟု ကြံစည်ခဲ့ပါသည်–ဟူ၍ ငါးရာ့ငါးဆယ် နိပါတ်တော် ဝတ္ထုများနှင့် ပတ်သက်၍ အတွဲစာအုပ် ကျမ်းများစွာကို စီရင်ရေးသား ပြုစုထုတ်ဝေခဲ့သူ 'မဟာပညာဗလ'ဘွဲ့ရ ပထမကျော်၊ ကျမ်းပြုဆရာတစ်ဦးဖြစ်သော ဦးကြီးဖေက သူ မည်မျှကျေးဇူးပြုခဲ့ရသည့် အကြောင်းအရာများကို ဆိုမိန့်ခဲ့ပေသည်။

ကျွန်မတို့သည် ငယ်စဉ် ကလေးဘဝက မြန်မာဖတ်စာထဲတွင် ပါရှိသော ဇာတ်ဝတ္ထုလေးများကို ဖတ်၍ ပညာ(အသိပညာ) သင်ကြားခဲ့ရသည်။ ဇာတ်သဘင်၊ ရုပ်ကြိုးစင် စသော အနုပညာပွဲများကိုလည်း ခေတ်အလျောက် ငယ်ဘဝက စိတ်စွဲလမ်းစွာ ကြည့်မော့ခဲ့ရသည်။ နောင်အခါ စာပေဝါသနာရှင်အလျောက် ဗဟုသုတ ရှာမှီးရသောအခါ၌ ဆရာ့ဆရာ ပညာရှိ

ကြီးများ (ဘုန်းတော်ကြီး၊ လူပညာရှိ)တို့ ရေးသားသော ငါးရာ့ငါးဆယ် ဇာတ်တော်လာ ဝတ္ထုများကို လေ့လာ ဖတ်ရှုခဲ့ရသည်။ လူငယ်ဘဝ ဇာတ်ဝတ္ထုများ၏ ဘာသာရေး ယဉ်ကျေးမှုပါရှိသော တကယ့်ဖြစ်ရပ်များ ကို စိတ်ဝင်စားကာ လေ့လာသင်ယူသလိုပင် ဖတ်ခဲ့ရရာ ယနေ့ သက်ရွယ် အိုမင်းလာချိန်တိုင်အောင် ဘုရား၏ သုတ္တန်တရားတော်လာ ဝတ္ထုများကို လေ့လာခဲ့ရသည့် အကျိုးအားကြောင့် စိတ်၏ အေးငြိမ်းသာယာ ချမ်းမြေ့ မှုကို ခံစားသိရှိလာရလေသည်၊ 'အသိပညာမှန်' ရှိရာရှိကြောင်း စာကြီးပေကြီးသာ ဖြစ်သဖြင့် ကျွန်မတို့ ခံစားရသည့် စာပေ၏ ကျေးဇူးတရားကို နောင်ဆက်ခံ ကြမည့် မျိုးဆက်သစ် လူငယ်၊ မိန်းမငယ်လေးတို့ အတွက် ခေတ်အလျောက် လိုအပ်လာနေပြီဟု ယူဆ သဖြင့် ဇာတ်ဝတ္ထုများကို အဓိကအချက်များ ပြည့်စုံ နိုင်သမျှ ပြည့်စုံ၊ တိကျနိုင်သမျှ တိကျ၊ လှပနိုင် သလောက် လှပ၊ ဆွဲဆောင်မှုအား ရှိနိုင်သမျှ ရှိလာစေဖို့ ခေတ်မီစကားပြေ အရေးအသားဖြင့် ကြိုးစားပြုစု တင်ပြထားပါသည်။

ကျွန်မတို့၏ မျိုးဆက်သစ်များတွင် ဟော့ရမ်း သော့သွမ်းသော လူငယ်များ၊ ဆတ်ကော့လတ်ကော့ ပေါ့ပေါ့ပျက်ပျက် မိန်းမငယ်လေးများ မဖြစ်စေဘဲ မိသိဖသိ၊ ဆွေသိမျိုးသိ တိုင်းပြည်အတွက် အကျိုးရှိ စေမည့် လူငယ်မျိုးဆက်သစ်များ ဖြစ်စေဖို့ ဤဝတ္ထုများ ကို ပြုစုရင်း ရည်သန်စိတ်စောခဲ့ပါသည်။

ဤသို့ဖြင့် ယခု စာတစ်အုပ် ဖြစ်မြောက်လာသော အခါ၌ ကျွန်မ၏ စေတနာနှင့် ဆန္ဒဖြစ်မြောက်အောင် စတင်ကူညီ ပံ့ပိုးပေးခဲ့သော ကဗျာဆရာ'တက်လူ'နှင့် သားဖြစ်သူ ကိုဒွေးအောင်နှင့် စာပေအဖွဲ့၊ ကူးယူပုံနှိပ် ထုတ်ဝေဖြန့်ချိပေးသော ရွှေတံတားစာပေ ထုတ်ဝေရေး ပိုင်ရှင် ကိုတင်ရှိန်တို့အား ကျေးဇူးတင်ရပါကြောင်း မှတ်တမ်းပြုပါသည်။

နုယဉ်

၁၁ - နဝဒေးလမ်း၊ ဒဂုံမြို့နယ်

(၁၉၉၈)

# တော်လေးဝဝင် စန္ဒကိန္နရီ

ရေးလွန်လေပြီးသောအခါက စန္ဒအမည်ရှိသော တောင်၌ ကိန္နရာ၊ ကိန္နရီ ဇနီးမောင်နှံတို့ နေနေကြ၏။ စန္ဒတောင်ကို အစွဲပြုသဖြင့် စန္ဒကိန္နရီ၊ စန္ဒကိန္နရာဟု အမည်တွင်လေ၏။

ထိုအချိန်၌ ဗာရာဏသီမင်းကြီးသည် မှူးမတ်တို့အား တိုင်းပြည်ကို အပ်နှင်းခဲ့ပြီးနောက် ဖန်ရည်ဆိုးအဝတ်ကို ဝတ်ဆင်လျက် လက်နက်ငါးပါးကိုဆောင်ကာ ဟိမဝန္တာတောင်သို့ ထွက်လာခဲ့၏။ ဟိမဝန္တာ၌ သားငါးအမဲတို့ကို ပစ်ခတ်စား၍ စမ်းရေကို သောက်ကာ လှူးလာတုန့်ခေါက်နေရသည်ကို နှစ်ခြိုက်နေလေ၏။

ကိန္နရာမောင်နှံတို့သည် မိုးကာလ၌ တောင်အောက်သို့ မဆင်းဘဲ တောင်ပေါ်မှာသာ နေကြလေ၏။ နွေကာလရောက်မှသာ တောင်ခြေမြေပြင်သို့ ဆင်းလာကြလေ၏။ သူတို့မောင်နှံသည် ပန်းနံ့သာတို့ လိမ်းကျံကာ မြစ်ကွေ့တစ်ခုအနီး တောတန်းမှာ ပန်းဝတ်မှုံတို့ကို မှီဝဲစားသောက်ကာ နေကြလေသည်။ ကိန္နရာဖိုက နှယ်ပုခက်ဆင်၍ ကိန္နရီမက စီးသောအခါ ကိန္နရာဖိုက သာယာစွာ တေးသီချင်း သီကျူး၏။ ကိန္နရာဖိုက ပုခက်စီးသောအခါမှာလည်း ကိန္နရီမက သာယာစွာ သီချင်းသီကျူးကာ ဖျော်ဖြေလေ၏။ ကိန္နရာ

ဖိုသည် နွယ်ပုခက်ပေါ်မှဆင်းကာ ပန်းမွေ့ရာပေါ်မှာ လှဲချလိုက်သော အခါ ကိန္နရီမက သာယာစွာ သီချင်းသီကျူး၍ ဖျော်ဖြေ၏။ ကိန္နရာ မောင်နှံတို့သည် တောတောင်ထဲမှာ အပူအပင်မရှိ ပျော်ရွှင်မြူးတူး ခြင်းသာ ရှိနေကြလေ၏။

ရွှေနန်းတော်မှခွာ၍ တောလိုက်ကျက်စားနေသော ဗာရာ ဏသီမင်းသည် ထိုနေရာသို့ အမှတ်မထင် ရောက်ရှိလာလေ၏။ ကိန္နရီမ၏ သီကျူးသံကို ကြားရလျှင် သာယာလှသဖြင့် ချုံကွယ်မှ ချောင်း၍ကြည့်ကာ နားထောင်နေလေ၏။ သူသည် ကိန္နရီမကို တပ်မက်လှသောကြောင့် လေးကိုတင်ကာ ကိန္နရာကို ပစ်လိုက် လေ၏။ စန္ဒကိန္နရာမှာ မြားထိသောကြောင့် လဲကျသွားလေ၏။ ကိန္နရီမလေးက မသိသေးသဖြင့် ဆက်လက်သီကျူးနေလေရာ ကိန္နရာ ဖိုမှာ ဝေဒနာပြင်းစွာ ခံစားနေရာမှ “စန္ဒကိန္နရီ၊ ငါ့မှာ မြားထိလို့ သေရတော့မယ်။ ငါ အသက်ရှူ ကြပ်လှပါပြီ။ ပင်ပန်းလိုက်ပါဘိ” ဟု မချိသံဖြင့် ငိုကြွေးတော့မှ စန္ဒကိန္နရီက သီချင်းဆိုရာမှ ကြား လိုက်ရလေ၏။ စန္ဒကိန္နရာက “ခု ငါ ငိုကြွေးနေတာက ငါမရှိ တော့လျှင် ရှင်မစန္ဒကိန္နရီ တစ်ယောက်တည်း အဖော်မဲ့ ဆင်းရဲရှာ တော့မည်။ ငါ ဝေဒနာ ခံစားရခြင်းထက် ငါချစ်တဲ့ စန္ဒကိန္နရီ ဆင်းရဲတော့မှာကို ပူပင်လို့ ငိုကြွေးရခြင်းပါ။ တခြားအကြောင်း မဟုတ်ပါ။ ငါ့မျက်ရေတွေဟာ တောင်ခြေရင်းက စမ်းရေအိုင်က ရေလို တတွေတွေ ပြည့်လျှံနေပါပြီ” ဟု ဝမ်းနည်းကြေကွဲစွာ ငိုကြွေးပြီး ပန်းမွေ့ရာပေါ်မှာ သတိလစ်မေ့မြော သွားလေတော့သည်။

သည်တော့မှ စန္ဒကိန္နရီသည် စန္ဒကိန္နရာဆီသို့ ပြေးသွားကာ ပွေ့ယူလိုက်သောအခါ မြားဒဏ်ရာနှင့် သွေးအလူးလူးဖြစ်နေသည်ကို တွေ့ရလေရာ သည်းထန်စွာ အော်ဟစ်ကာ ငိုကြွေးနေရှာလေသည်။

---

ရွှေတံတားစာပေ

မင်းကြီးသည် စန္ဒကိန္နရာ သေဆုံးပြီထင်၍ ချုံထဲမှ ထွက်လာလေ၏။ စန္ဒကိန္နရီမှာ ထွက်လာသောမင်းကြီးကို မြင်လိုက်ရသောအခါ "ငါ့ချစ်သူကို သတ်တာသူပဲ။ ငါ့ကိုလိုချင်လို့ သတ်တာပဲ" ဟုတွေးမိကာ ကြောက်လန့်စွာဖြင့် တောင်ထိပ်ပေါ်သို့ ပြေးတက်သွားလေ၏။ တောင်ပေါ်မှနေ၍ စန္ဒကိန္နရီက "ဟယ်– မင်းယုတ်။ ငါ မုဆိုးမဖြစ်ရအောင် ငါ့လင်ကို နင်သတ်ပစ်တယ်။ ခု– ငါ့လင် လဲကျသွားပြီ။ ယုတ်မာလှပါကလား။ ငါ ခုလိုဖြစ်ရတဲ့ ဒုက္ခမျိုး နင့်အမေ ခံစားရပါစေ။ ငါ့ကိုလိုချင်လို့ အပြစ်မရှိတဲ့ ကိန္နရာဖိုကို ပစ်သတ်လိုက်တော့ နင့်အမေမှာလည်း သားရောလင်ပါ ကွဲရပါစေ။ နင့်မယားမှာလည်း သားရောလင်ပါ ကွဲကွာတဲ့ ဒုက္ခ တွေ့ရပါစေ" ဟု အဖန်ဖန်အော်၍ ကျိန်ဆဲနေလေ၏။

မင်းကြီးကား သူ့အား ကျိန်ဆဲနေသော စန္ဒကိန္နရီကို စိတ်မဆိုးသေးဘဲ အချစ်မြားဖြင့် ပစ်လိုသဖြင့်–

"အို– စန္ဒကိန္နရီ၊ ငိုကြွေး မနေနှင့်တော့။ ငါနှင့်အတူ လိုက်ခဲ့ပြီး နန်းတော်ထဲမှာ ခြွေရံများစွာနှင့် မင်းမိဖုရားလုပ်ပါ" ဟု ချော့မော့ပြောဆိုလေ၏။

စန္ဒကိန္နရီလည်း ပို၍စိတ်ဆိုးလာကာ "ဟဲ့ မင်းယုတ်ရဲ့။ ငါ့ကို လိုချင်လို့ ခု ငါ့လင်ကို နင်သတ်လိုက်တာ။ ငါနှလုံးကွဲပြီး သေရတောမယ်။ ငါဟာ နင့်မယား မဖြစ်နိုင်ဘူး။ နင်မယား မဖြစ်ဘဲ သေရတာက ကောင်းပါတယ်" ဟု ခက်ထန်မာကျောစွာ ပြန်ပြောလိုက်လေ၏။

မင်းကြီးသည် စန္ဒကိန္နရီ၏ စိတ်တည်ကြည်ပုံကို သိလာပြီး "ငါ မြူဆွယ်လို့ကော့ ရမှာမဟုတ်တော့ဘူး" ဟု စိတ်ထဲမှာ မချင့်မရဲ ဒေါသဖြစ်လာပြီးနောက် "ဟဲ့– ကိန္နရီဆိုတဲ့ တိရစ္ဆာန်မ။

နင်ဟာ တောမှာပဲ နေသင့်တယ်။ မိဖုရားမဖြစ်ချင်တာဖြင့် ပန်းညို ရွက်၊ တောင်ဇလပ်ရွက်တွေကိုစားပြီး ဟိမဝန္တာကိုသာ သွားပေတော့။ နင့်ကို သားကောင်တွေ ယူကြလိမ့်မယ်။ သွားပေတော့" ဟု စိတ်ဆိုးမာန်ဆိုးဖြင့်ပြောပြီး ကျောခိုင်းကာ ပြန်သွားလေတော့သည်။

ရန်သူမင်းကြီး ထွက်သွားပြီး အဝေးသို့ရောက်ခါမှ စန္ဒကိန္နရီသည် တောင်ထိပ်ပေါ်မှဆင်းခဲ့ပြီး စန္ဒကိန္နရာ၏ အလောင်းကို ပွေ့ချီလျက် ငိုကြွေးရင်း တောင်ထိပ်ပေါ်သို့ ဆောင်ယူသွားလေ၏။ စန္ဒကိန္နရီမှာ အသည်းကွဲကြေမတတ် ပူဆွေးလှသောကြောင့် ဂါထာ တစ်ဆယ့်နှစ်ပုဒ်ဖြင့် သီကျူးကာ တစိမ့်စိမ့် ငိုကြွေးနေရှာလေ၏။

၁။ ချစ်သူစန္ဒကိန္နရာ၊ တောတောင်လိုဏ်ဂူတွေဟာ သူ့နေရာမှာ သူ ရှိနေကြဆဲပါ။ သင်မရှိလျှင် ငါ့အဖို့အချည်းနှီးပါ။

၂။ အို- ချစ်သူ စန္ဒကိန္နရာ၊ သားရဲတို့ လေ့ကျက်ရာ သစ်ရွက်ကြွေ အခင်းတို့မှာ မွေ့လျော်စရာရှိဆဲပါ။ သင် မရှိလျှင် ငါ့အဖို့ အချည်းနှီးပါ။

၃။ အို- ချစ်သူစန္ဒကိန္နရာ၊ သားရဲတို့ပျော်မွေ့ရာ ပန်းအခင်း တို့လည်း ရှိနေဆဲပါ။ သင်မရှိလျှင် ငါ့အဖို့အချည်းအနှီးပါ။

၄။ အို- ချစ်သူစန္ဒကိန္နရာ၊ ကြည်လင်ပြီး ပန်းကြွေတို့ မျောပါ စီးဆင်းနေတဲ့ မြစ်တွေလဲ ရှိနေဆဲပါ။ သင်မရှိလျှင် ငါ့အဖို့ အချည်းနှီးပါ။

၅။ အို- ချစ်သူ စန္ဒကိန္နရာ၊ ဟိမဝန္တာမှာ ရှုချင်စဖွယ် ပဏ္ဏခြားတောင်ထွဋ်တို့လဲ ရှိနေဆဲပါ။ သင်မရှိလျှင် ငါ့အဖို့ အချည်းနှီးပါ။

---

ရွှေတံတားစာပေ

၆။ အို– ချစ်သူစန္ဒကိန္နရာ ရွှေသားအတိပြီးသော ဟိမဝန္တာ တောင်ထွင့်လည်း ရှိဆဲပါ။ သင်မရှိက ငါအဖို့ အချည်းနှီးပါ။

၇။ အို– ချစ်သူစန္ဒကိန္နရာ၊ ရွှချင်စဖွယ် မြင်းသီလာ ကျောက်မျက်ရတနာဖြင့်ပြီးသော ဟိမဝန္တာတောင်ထွင့်လည်း ရှိဆဲပါ။ သင်မရှိက ငါ့အဖို့ အချည်းနှီးပါ။

၈။ အို– ချစ်သူစန္ဒကိန္နရာ၊ ရှုချင်စဖွယ်ကောင်းသော ဟိမဝန္တာ တောင်ထွင့်များလည်း ရှိဆဲပါ။ သင်မရှိက ငါ့အဖို့ အချည်းနှီးပါ။

၉။ အို– ချစ်သူစန္ဒကိန္နရာ၊ ဟိမဝန္တာမှာ ရတနာခုနစ်ပါး အပြည့်ရှိတဲ့ တောင်ထွင့်များလည်း ရှိဆဲပါ။ သင်မရှိက ငါ့အဖို့အချည်းနှီးပါ။

၁၀။ အို– ချစ်သူစန္ဒကိန္နရာ၊ ဟိမဝန္တာမှာ ငွေအတိပြီးသော တောင်ထွင့်များလည်း ရှိဆဲပါ။ သင်မရှိက ငါ့အဖို့ အချည်းနှီးပါ။

၁၁။ အို– ချစ်သူစန္ဒကိန္နရာ၊ ဂန္ဓမာဒနတောင်၌ ဘုမ္မစိုးနတ်တို့ စောင့်သော ဆေးပင်အများလဲ ရှိနေဆဲပါ။ သင့်ကို ဒီနေရာမှာ မမြင်ရရင် ငါ့အဖို့ အချည်းနှီးပါ။

၁၂။ အို– ချစ်သူစန္ဒကိန္နရာ အသုံးဝင်တဲ့ ဆေးပင်တွေ ပြည့်နှက်နေတဲ့ ဂန္ဓမာဒနတောင်မှာ သင့်ကို မမြင်ရလျှင် ငါ့အဖို့ အချည်းနှီးပါ။

စန္ဒကိန္နရီသည် စန္ဒကိန္နရာ၏ အလောင်းကို ရင်ခွင်မှာ ပွေ့ပိုက်ပြီး ငိုကြွေးနေရာမှ ပူနွေးသောအသားအရေ ရှိနေသေးသည်ကို

သိရသဖြင့် "အို- ငါ့ချစ်သူစန္ဒကိန္နရာ မသက်မသေ သေးပါကလား။ အားရစရာ ကောင်းလိုက်တာ။ နတ်များကို တိုင်တည်ပြောဆို ရတော့မှာပဲ" ဟု စဉ်းစားမိလေ၏။

စန္ဒကိန္နရီက "လောကကို စောင့်ရှောက်နေကြကုန်သော လောကပါလ နတ်များတို့- ကျွန်မ၏ချစ်လင်ကို မတရားနှိပ်စက် ပစ်ခတ်သွားလို့ ဝေဒနာခံစားနေရတာ သေလုပါပြီ။ အရှင်နတ်များ မသိကြလေရော့သလား။ သူ့မှာ ဘာအပြစ်မှ မရှိတာအမှန်ပါ။ ကြည့်ရှုစောင့်ရှောက်ကြပါ" ဟူ၍ တိုင်ကြားကာ ငိုကြွေးနေရှာလေ၏။

စန္ဒကိန္နရီ၏ သောကအပူမီးသည် အထက်နတ်ပြည်ရှိ သိကြားမင်းနေရာ ကျောက်ဖျာကို ပူနွေးလာစေသဖြင့် လူ့ပြည်သို့ ကြည့်လိုက်သောအခါ သစ္စာရှင်စန္ဒကိန္နရီကို တွေ့မြင်ရ၍ ကယ်မ ခြင်းအလို့ငှာ ပုဏ္ဏားအိုယောင်ဆောင်ကာ ဆင်းသက်လာခဲ့လေ၏။ ပုဏ္ဏားအိုသည် စန္ဒကိန္နရာ၏ အခြေအနေကိုကြည့်ကာ ပါလာသော နတ်ရေစင်ကရားမှ ရေကို သွန်းဖျန်းပေးလိုက်လေရာ စန္ဒကိန္နရာမှာ မြားဆိပ်ပြေကာ လဲရာမှထထိုင်လေ၏။

စန္ဒကိန္နရီက ပုဏ္ဏားအိုအား လက်ယှက်ရှိခိုး၍ "အရှင် ပုဏ္ဏားကြီး လူသူကင်းဝေးရာမှာ ဒုက္ခတွေ့နေရတဲ့ ကျွန်မရဲ့လင်သား စန္ဒကိန္နရာကို ဆေးကုသပေးတာ ကျေးဇူးတင်ပါတယ်" ဟု ကန်တော့လေ၏။ ပုဏ္ဏားအိုက "အသင်မောင်နှံတို့သည် ယခုမှစ၍ ဤစန္ဒရွှေတောင်မှာသာ နေကြပါ။ လူ့ပြည်လူ့ရွာသို့ ဘယ်အခါမျှ မသွားကြလေနှင့်" ဟု မှာကြားခဲ့ပြီး တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေသတည်း။

---

ရွှေတံတားစာပေ

(ဂေါတမရှင်တော်ဘုရားသည် ရာဟုလာမယ်တော်၊ ယသော်ဓရာဒေဝီ၏ ရှေးဘဝက သစ္စာကြီးခဲ့ပုံကို စန္ဒကိန္နရီ၊ ကိန္နရာမောင်နှံ ဇာတ်ဘဝကို ပြန်ပြောင်း၍ မိန့်တော်မူလေသည်။)

ရှင်တော်ဂေါတမ ပွင့်တော်မူသောအခါ၌ ဗာရာဏသီမင်းသည် ဒေဝဒတ်၊ သိကြားမင်းသည် အရှင်အနုရုဒ္ဓါဖြစ်လာ၏။ စန္ဒကိန္နရီသည် ရာဟုလာမယ်တော် ယသော်ဓရာဒေဝီ။ စန္ဒကိန္နရာသည်ကား ဂေါတမမြတ်စွာဘုရားရှင်ပေတည်း။

**(ငါးရာ့ငါးဆယ်နိပါတ်တော် စန္ဒကိန္နရီဇာတ်)**

* * *

# ကုလ္လာလကောသီ အရှင်မထေရီ

လောကတွင် ချစ်ခြင်းမေတ္တာ၏ အစသည် ကြင်နာခြင်း ကရုဏာပင်ဖြစ်မည်ဟု ထင်ပါသည်။ အချစ်၏ အစသည် အကြင်နာမှ လာရသည်မှာ လူသားများတွင် တွေ့ရှိနေမြဲပင် ဖြစ်လေသည်။

ရာဇဂြိုဟ်ပြည်၌ သူဌေးတစ်ဦးမှာ သမီးတော်တစ်ယောက် ဖွားမြင်လာသည်။ ရုပ်အဆင်းရူပ ချောမောပေသောကြောင့် သူ့ကို 'ဆင်းရူပ' ဟု မှည့်ခေါ်ပေသည်။ သမီးဆင်းရူပ အသက်တစ်ဆယ့် ခြောက်နှစ် အပျိုဖော်ဝင်စအရွယ်တွင် မိဘနှစ်ဦးတို့ အရွယ်ရောက်စ သမီးငယ်အား တစ်ပါးယောကျ်ားနှင့် တိမ်းညွတ်သွားမည် စိုးသဖြင့် ဘုံခုနစ်ဆင့် အိမ်အမြင့်ဆုံးထပ်မှာ သီးသန့်ထားသည်။ သမီးပျို အတွက် အလုပ်အကျွေးပြုရန် မိန်းမအိမ်ဖော် ရံရွေတစ်ယောက်ကို အမြဲစောင့်ရှောက်ထားရှိသည်။

ဆင်းရူပသည် ပတ်ဝန်းကျင်နှင့် ကင်းကွာနေရသဖြင့် တစ်ခါတစ်ရံမှာ အလွန်ပျင်းရိငြီးငွေ့ရှာသည်။ မိဘတို့ကမူ မသိကြပေ။ သမီးပျိုအတွက် ဘေးအန္တရာယ် ကင်းရှားရာမှာ ထားရသောကြောင့် ပူပန်မှု နည်းပါးကြရလေသည်။

တစ်နေ့သ၌ ရာဇဂြိုဟ်မြို့တွင်းမှာ 'ဖောက်ထွင်းသူခိုး' တစ်ယောက်ကို လက်ရဖမ်းမိသည်။ မြို့စောင့်က ထိုသူခိုးလူရွယ်ကို

ရိုက်နှက်ညှဉ်းဆဲပြီးနောက် သက်ဆိုင်ရာသို့ ခေါ်ဆောင်သွားရာ ဘုရင့်အမိန့်တော်အတိုင်းပင် တိုင်းပြည်မှာ ခိုးသားရန်မှ ကင်းဝေးစေဖို့ ထိုသူခိုးလူရွယ်အား အသက်အဆုံးစီရင်စေ။ အမြင့်ဆုံးသေလာတောင်ပေါ်သို့ ခေါ်သွားပြီး တောင်စောင်းမှ ချောက်ကမ်းပါးရှိကျောက်ဆူး၊ ကျောက်ခက်များတွင် ထိခိုက်ပြီး သေကြေပျက်စီးသွားစေဖို့ ချောက်ထဲသို့ တွန်းချစေရမည်ဖြစ်ပေသည်။

အာဏာပါးကွက်သားတို့သည် ခိုးသားလူရွယ်အား လက်ပြန်ကြိုးတုပ်ပြီးလျှင် ကြိုးရှည်ဖြင့် ဒရွတ်တိုက်ဆွဲယူကာ ခိုးသားလုလင်ကို ခေါ်ဆောင်လာရာ လူသတ်တောင်ထိပ်သို့ မရောက်မီ လမ်းဆုံလမ်းခွ၌ ကြိမ်နှင့်ရိုက်နှက်ကြပြန်ရာ မြို့သူမြို့သားတို့သည် အုတ်အုတ်ကျက်ကျက်ဖြစ်ကာ ထွက်၍ကြည့်ကြလေ၏။ ထိုအခိုက်ဘုံခုနစ်ဆင့်မှာ ရှိနေသော သူဌေးသမီးဆင်းရှုပသည် လေသာပြ(တင်း)မှ မျှော်၍ကြည့်လိုက်လေ၏။ ပြတင်းမှမြင်ရသော ရှုကွ(က်)မှာ အရွယ်ကောင်း နုပျိုသန်မာလှစွာသော လုလင်ပျိုသူခိုးအား ရိုက်နှ(က်)နေသည်ကို မြင်ရသောအခါ ကရုဏာစိတ် ဖြစ်ပေါ်လာလေ(၏)။ ရှုမြင်ရသော ဒုက္ခမှ ဖြစ်ပေါ်လာသော ကရုဏာစိတ်မှ မေ(တ္တာ) ပေါင်းယှက်သော စိတ်သည် တဖွားဖွားပြန့်ပွားလာကာ ထိုသူခိုး(အား) မရှုစိမ့်၊ မရှုဝံ့အောင်ဖြစ်ပြီး ရပ်တည်ရာရနိုင်အောင် ဖွဲလမ်း(ခဲ့)မိတော့သည်။

ဆင်းရှုပသည် ခိုးသားလုလင်အား မကြည့်ရက်သပြင့် အိပ်ခန်းဆောင်တွင်းသို့ဝင်လာ လဲလျောင်း၍ စိတ်၏လိုအင်ဆ(န္ဒ) ပြင်းပြစွာဖြင့် မစားနိုင်၊ မအိပ်နိုင် ဖြစ်နေရှာလေ၏။ ထိုအကြောင်းကို ဆင်းရှုပ၏ မိနှင့်ဖတို့က သိကြသောအခါ သမီးအား ဖျောင်းဖျလာ

ကြသည်။ သို့ရာတွင် မေတ္တာဖြင့်ယှဉ်သော တဏှာပေမစိတ်က ပြင်းထန်လှသဖြင့် သူ့မိခင်အား အမေရယ်၊ ဒီလူကို မြင်လိုက်ရတာ နှင့်ပဲ သမီးစိတ်ထဲမှာ သိပ်တုန်လှုပ်ပြီး စားမရ၊ အိပ်မရ ဖြစ်နေ ရပါတယ်၊ သူ့ကိုမှ မကယ်ရရင် အတူမနေရရင် သမီးအသက်သေရ တော့မှာ အမှန်ပါ။ အမေတို့ သူ့ကို ကယ်ပေးကြပါ။ သမီးဆန္ဒလဲ ပြည့်ပါရစေ" ဟု ရှိခိုးတောင်းခံလေတော့ရာ မိဖနှစ်ဦးတို့သည် မင်းအမိန့်ချမှတ်ပြီးသား ရာဇဝတ်သားကို ဘယ်လိုကယ်ရပါ့မလဲဟု တွေးကာ ကြံစည်နေကြသည်။ ရာဇဝတ်သားကို နက်ဖြန်မိုးမလင်းမီမှာ သူ့ကိုပစ်ချမည့် သေလာတောင်ပေါ်သို့ အရောက်ခေါ်ယူကြတော့ မည်။ ရောက်လျှင် သေလာတောင်စောင်းမှနေ၍ ချောက်ထဲသို့ ပစ်ချသတ်လိုက်ကြတော့မည်။ ထို့ကြောင့် မိမိတို့ အကြံအစည်ကို မြန်နိုင်သမျှမြန်အောင် ပြုကြရတော့မည်ဟု အလျင်အမြန် အကြံရကာ အသပြာငွေတစ်ထောင်ကို ထုတ်ယူပြီး ထွက်သွားကြလေ၏။

မိနှင့်ဖတို့သည် ရာဇဝတ်သား သူခိုးလုလင်ကို ဖမ်းဆီးထား သော တာဝန်ရှိသူတို့အား အသပြာငွေ တစ်ထောင်ထုပ်ကိုပေးအပ်ကာ ထိုသူအား အပြစ်မှ လွှတ်ပေးစေဖို့ တောင်းပန်ကြသည်။ အပြစ်ပေး ရန် တာဝန်ကျနေသူတို့ကလည်း အသပြာထောင်ထုပ်ကို မက်မော စွာဖြင့် ရာဇဝတ်သားကို တိတ်တဆိတ် လွှတ်ပေးလိုက်ကြလေ၏။

သူဌေးလင်မယားကို့သည် သူခိုးလုလင်ကို အိမ်သို့ တိတ် တဆိတ် ခေါ်ဆောင်လာခဲ့ကြသည်။ အိမ်ထဲမှာ လူမသိ သူမသိပင် ဝှက်ထားကာ အချစ်စိတ်ဝေဒနာ ခံစားနေရသော သမီးပျိုလေး 'ဆင်းရူပ' ၏ အသက်ကို မသေစေလို ပျော်ရွှင်စွာ နေထိုင်နိုင်ဖို့ရာ သမီးနှစ်သက်သော သူခိုးလုလင်နှင့် ပေးစားလိုက်ကြလေတော့သည်။

မည်သူမဆို မိမိ၏ကိုယ်ကိုပင် မိမိမသိနိုင်ကြသော ပိုးဖလံ

နှင့် အလားတူသော ကျွန်ုပ်တို့ကဲ့သို့ပင် သူဌေးသမီးလေး ဆင်းရှုပ သည် သူအလွန်ချစ်မြတ်နိုးသော လင်ယောကျ်ား သူခိုးလုလင်အား မယားဝတ္တရား ကျေပွန်စွာ ချစ်ခင်ယုယ ပြုစုလေ၏။ ဘုံခုနစ်ဆင့် ပေါ်မှာ နေကြသည်ဖြစ်၍ သူတို့ကို ပတ်ဝန်းကျင်က မသိကြ။ သူတို့၏လောက ကမ္ဘာလေးသည် သူတို့အတွက် သာယာလှလေစွ။ တဏှာပေမ လောင်မီးသည် သူတို့အဖို့ အေးမြလှပေစွ။

ထိုကဲ့သို့ မယားကောင်းရသော လူမိုက်လုလင်မှာမူကား သူတစ်ပါးကို ဒုက္ခပေးဖို့ ဝန်မလေး။ မကောင်းသော စိတ်ထား အမြဲရှိနေကာ မယားအလိမ္မာ ဆင်းရှုပကို ချစ်ဟန် ခင်ဟန်ဆောင်၍ ယောကျ်ားမာယာဖြင့် စံစားနေလေရင်း တစ်နေ့မှာ ထိုဘုံခုနစ်ဆင့်မှာ သူကြာရှည် မပျော်နိုင်။ သူ့ဉာဉ်ဆိုးအတိုင်း လွတ်လပ်စွာ မကောင်းမှု ကို ပြုဖို့ရန်သာ စိတ်ကူးနေလေသည်။ ထိုစိတ်ကူးမှ အကြံအစည် တစ်ခု ပေါ်လာကာ သူ၏ မယားအလိမ္မာအား "ချစ်နှမ၊ ကျုပ်ကို သေလာတောင်ပေါ်က တွန်းချဖို့လုပ်ကြရာမှာ ကျုပ်က သေလာတောင် ကိုစောင့်တဲ့ နတ်ကြီးကိုလှမ်းပြီး တောင်းပန်လိုက်ရတယ်။ တောင် စောင့်နတ်ကြီးရယ်၊ ကျွန်တော့်ကို သူတို့ခေါ်မလာဖို့ သွေးဆောင် ပေးပါ။ ချောက်ထဲပစ်မချဖို့ ကယ်မသူရှာပေးပြီး ကျွန်တော့်အသက် ကို ကယ်ပါ။ ကျွန်တော် မသေရင် အရှင်နတ်မင်းကို ကန်တော့ပွဲ လာဆက်ပါ့မယ်။ ကတိအတိုင်း ပြုပါ့မယ်" လို့ တမ်းတပြီး ဆုတောင်းခဲ့ရတယ်။ ခု ကျုပ် အသက်မသေတဲ့အပြင် မယားအလိမ္မာ လဲ ရခဲ့တယ်။ စည်းစိမ်ချမ်းသာနှင့်လဲ နေရတယ်။ ဒါကြောင့် သေလာတောင်စောင့်နတ်ကြီးကို ကန်တော့ဖို့ ကျုပ်တို့နှစ်ယောက် တောင်ပေါ် အရောက်သွားကြရမယ်။ ချစ်နှမက သစ်သီးစုံ အချိုစုံနှင့် ကန်တော့ပွဲပြင်ပါ။ သွားကြပါစို့" ဟု ချိုသာစွာ ပြောလေ၏။

ဆင်းရှုပလည်း လင်ယောကျ်ား၏ အလိုအတိုင်း ကန်တော့ပွဲကြီး ပြင်ကာ ရထားယဉ်သာဖြင့် ခြွေရံအချို့ကိုခေါ်ပြီး ဖန်းခင်ပွန်း နှစ်ယောက် ခရီးထွက်လာကြသည်။ သေလာတောင်သို့ အတော် ဝေးမှရောက်ကြရာ သူခိုးလုလင်က "ချစ်နှမ၊ တောင်စောင့်နတ်ကြီးက လူများများလာရင် သူ့အတွက် အနှောင့်အယှက်ဖြစ်မှာ စိုးရတယ်။ ဒီကိစ္စမှာ ကျုပ်တို့နှစ်ယောက်သာ သိတာမို့ အခြွေအရံတွေကို တောင်ခြေမှာပဲ ချန်ထားခဲ့ပါ။ လာပါ- တက်ကြပါစို့" ဟု သူက ကန်တော့ပွဲကြီးကိုမ,ယူပြီး ရှေ့ကတက်သွားလေ၏။ တောင်ပေါ်သို့ ရောက်သောအခါ သစ်ရိပ်ကောင်းသော တောင်စောင်းတစ်နေရာတွင် နားကြကာ သူခိုးလုလင်က ကန်တော့ပွဲကို တောင်စောင်းမှာချ၍ ရပ်နားနေစဉ် ဆင်းရှုပက "အမောင် ကန်တော့ကြစို့လေ" ဟု ပြောရာ သူခိုးလုလင်က "ဟဲ့-အမိုက်မ၊ နင့်ကို ငါချစ်လို့ ယူတာ မဟုတ်ဘူး။ နင်နှင့်နေရတာ ပတ်ဝန်းကျင်နှင့် ကင်းကွာပြီး ဆင်းရဲ တယ်။ ဒါကြောင့် ငါလဲ ပွတ်ရာကို သွားရမယ်။ မသွားခင် နင့်ပစ္စည်း ပါသမျှကိုယူ၊ နင့်ကို ချောက်ထဲချ လက်စသတ်ခဲ့ရမယ်။ လက်ဝတ်ရတနာတွေကို အခုချွတ်လော့" ဟု ကြမ်းတမ်းစွာ ပြော လေ၏။

ချစ်သောလင်ယောကျ်ားကို ယုံကြည်နေသော ဆင်းရှုပ သည် "အမောင်ယူလိုတာ ယူပါ။ အသက်ကို ချမ်းသာပေးပါ" ဟု ရှိခိုးတောင်းပန်၏။ သူခိုးလုလင်က "နင့်အသက် ချမ်းသာပေးရင် ငါ့မှာ အမှုပတ်လိမ့်မပေါ့။ ကဲ- လက်ဝတ် ရတနာတွေကို ခပ်မြန်မြန်သာချွတ်" ဟု ထပ်ပြောရာ ဆင်းရှုပလည်း ပုဝါလေးကို ရှေ့မှာချခင်းပြီး နားတောင်း၊ လည်ဆွဲ စသောအဖိုးတန် ရတနာများ ကို တစ်ခုချင်း ဖြည်းညင်းစွာချွတ်ရင်း သူ့အသက်လွတ်မြောက်ရေး

ကို ဘယ်လိုလုပ်ရပါ့မလဲဟု စဉ်းစားရာ အကြံတစ်ခုပေါ်လာလေ၏။ ပုဝါလေးထဲတွင် လက်ဝတ်ရတနာပစ္စည်းများ စုမိသောအခါ ဆင်းရူပက ငိုယိုလျက် "အမောင်နှင့် ကျွန်မတော့ ဒီနေ့နောက်ဆုံးနေကြရတော့မှာပါ။ ခုပဲကျွန်မ အသက်သေရတော့မယ်။ သေရတာ သေပါစေ အမောင်ရယ်။ မခွဲနိုင်တာ ခက်လှတာပါပဲ။ ဒါကြောင့် အမောင့်ကို နောက်ဆုံး လက်ယာရစ်လှည့်ပြီး ကန်တော့ပါရစေ။ အမောင်က ဒီပစ္စည်းတွေ အနားမှာပဲ ရပ်နေပါ။ ကျွန်မ ကန်တော့ပါတော့မယ်" ဟု ဝမ်းနည်းဟန်ဆောင်၍ တောင်းပန်ရာ သူခိုးလုလင်လည်း ပစ္စည်းရတနာတွေကို ငုံ့ကြည့်ရင်း ရပ်နေလေ၏။

ဆင်းရူပသည် သူခိုးလုလင်ကို ပထမအကြိမ် လှည့်ပတ်ပြီး ကန်တော့ရာမှာ သူခိုးလုလင်၏ နောက်ကျောဘက် ပုဆိုးခါးပုံစကို ရုတ်တရက်ဆွဲဖြုတ်ကာ တောင်အောက်သို့ တွန်းချလိုက်လေ၏။

ဝဋ်ကျွတ်ချိန်နီးပေပြီ။

ဆင်းရူပသည် မိဘအိမ်သို့ မပြန်ဝံ့။ မပြန်ချင်တော့။ ထို့ကြောင့် လက်ဝတ်ရတနာများကို ပြန်မယူတော့ဘဲ သေလာတောင်တစ်ဘက်မှ ပြေးဆင်းလာခဲ့လေ၏။ တောင်ခြေရောက်သောအခါ ခြေဦးတည့်ရာသို့ သွားလေရာ တောထဲသို့ ရောက်သွားလေ၏။ လူသူကင်းဝေးသော တောထဲမှာ တဲကျောင်းလေးတစ်ကျောင်းကို တွေ့ရ၍ဝင်ကြည့်ရာ ပရိဗိုဇ်တို့နေထိုင်ကြရာ ကျောင်းကလေး ဖြစ်နေလေ၏။

ဆင်းရူပသည် ပရိဗိုဇ်ဆရာကြီးအား ရှိခိုးလျက် "သမီးမှာ အရှင်သခင် မရှိပါ။ ရဟန်းပြုလိုပါသည်။ ပြုပေးပါ" ဟု ခွင့်တောင်းရာ ပရိဗိုဇ်တို့က ဆင်းရူပအား ရဟန်းပြုပေးလိုက်ကြလေ၏။ ရဟန်းဖြစ်ပြီးသောအခါ ရဟန်းမ ဆင်းရူပက "အရှင်ဘုရားတို့

ရဟန်းအကျင့်တွင် ဘယ်အကျင့်သည် အမြတ်ဆုံးပါသလဲ" ဟု မေးလေ၏။ ပရိဗိုဇ်တို့က "ငါတို့၏အကျင့်သည် ကသိုဏ်းဆယ်ပါးကို ပရိကံပြု၍ ဈာန်ရအောင်လဲ ကျင့်၏။ ထို့ပြင် ဝါဒတစ်ထောင်ကိုလဲ သင်ယူသင့်၏" ဟု ပြောကြားရာ ပရိဗိုဇ်ဆင်းရူပက "တပည့်တော် ဝါဒတစ်ထောင်ကိုသာ သင်ယူလိုပါသည်" ဟု ပြောသဖြင့် သင်ကြားပေးရာ မကြာမြင့်မီမှာပင် ဝါဒတစ်ထောင်ကို ကုန်စင်အောင် တတ်မြောက်လေတော့သည်။ ထိုအခါ ပရိဗိုဇ်တို့က "ချစ်သမီး၊ သင်ဟာ ငါတို့ရဲ့ တရားအားလုံး တတ်မြောက်ခဲ့ပြီ။ ဤဝါဒတစ်ထောင်ကို စွဲဆောင်လျက် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို လှည့်လည်ပေတော့။ သင်မေးသော ဝါဒတစ်ထောင်ကို ဖြေနိုင်သူတွေ့ပါက ထိုလူ့ထံမှာ သင်အလုပ်အကျွေးအဖြစ် ခံယူပါလော့။ ရဟန်းဖြစ်ပါက ထိုရဟန်းထံမှာ တပည့်ခံပြီး ရဟန်းပြုပါလေ" ဟု မှာကြားပြီးနောက် သပြေပန်းတစ်ခက်ကို လက်ဆောင်ပေးလိုက်ကြလေ၏။ သူသည် သပြေခက်ကိုကိုင်လျက် ဝါဒတစ်ထောင်ကို ဖြေကြားနိုင်သူ လိုက်၍ ရှာရင်း သာဝတ္ထိပြည်အနီးသို့ ရောက်သွားလေ၏။ သူသည် သပြေခက်ကို သဲပုံတစ်ပုံတည်ပြီး စိုက်ထိုးကာ "သပြေခက်ရှင်၏ ဝါဒတစ်ထောင်အမေးကို ဖြေနိုင်သူရှိကဖြေလော့" ဟု ကြွေးကြော်ပြီး ရှေ့သို့ ဆက်လက်လာခဲ့လေ၏။

ကလေးတို့သည် ပရိဗိုဇ်မ စိုက်ထားခဲ့သော သပြေခက်ကို ဝိုင်း၍ကြည့်ကြကာ ကြောက်သူက ကြောက်နေကြသည်။ ကလေးတစ်ယောက်ကမူ မကြောက်မရွံ့ပင် စိုက်ထူထားသော သပြေခက်ကို ကြည့်ရှုစဉ် အရှင်သာရိပုတ္တရာ မထေရ်မြတ် ဆွမ်းကိစ္စပြီးစီးသဖြင့် သာဝတ္ထိမြို့တွင်းမှ ထွက်ကြွလာလေ၏။ အရှင်သာရိပုတ္တရာက "ဒီသပြေခက်ကို ဘာဖြစ်လို့ စိုက်ထားသလဲ" ဟု မေးတော်မူ၏။

ကလေးတို့က ကျိုးကြောင်းသေချာ ပြောပြကြသောအခါ အရှင်မြတ်က "ဒီသပြေခက်ကို ဆွဲနှုတ်ပြီး နင်းချေပစ်လိုက်ကြ" မိန့်တော်မူရာ ကလေးတို့က "ကြောက်ပါတယ်ဘုရား၊ မနှုတ်ဝံ့ပါ" ဟု ပြန်လည်လျှောက်ထားကြရာ အရှင်မြတ်က "နှုတ်သာ နှုတ်ပါ၊ ဒီပြဿနာကို ငါရှင်းမည်" ဟု မိန့်တော်မူသဖြင့် ကလေးတို့က သဲပုံပေါ်မှ သပြေခက်ကိုနှုတ်ပြီး ဖျက်ဆီးပစ်လိုက်ကြလေ၏။

ပရိဗိုဇ်မသည် မြို့တွင်းမှ ထွက်လာသောအခါ သူ့သပြေခက် ပျက်စီးနေသည်ကိုမြင်ရ၍ ကလေးတို့အား ဆူပူကြိမ်းမောင်းလေ၏။ ကလေးတို့က "အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဖျက်ဆီးခိုင်း၍ ဖျက်ဆီးရပါသည်" ဟုဖြေကြရာ ပရိဗိုဇ်မလည်း အရှင်သာရိပုတ္တရာ အထံသို့ သွားလေ၏။

"အရှင်ဘုရား သပြေခက်ကို ဖျက်ဆီးပစ်တာဖြင့် ဝါဒတစ်ထောင်ကို ဖြေနိုင်လို့ပါလား" ဟုမေးရာ အရှင်မြတ်က "ဖြေနိုင်တယ်၊ မေးမှာသာမေးပါ" ဟု မိန့်တော်မူ၏။ ပရိဗိုဇ်မသည်လည်း သူ၏ဝါဒတစ်ထောင်ကို အရှင်မြတ်အားမေးမြန်းရာ တစ်ခုမကျန် ဖြေဆိုလိုက်သဖြင့် ဤအရှင်ကား ဇမ္ဗူဒိပ်တစ်ကျွန်းလုံး မဖြေနိုင်သော အဖြေကိုဖြေသဖြင့် အံ့ဩနေလေ၏။ အရှင်မြတ်က အသင်၏ ဝါဒတစ်ထောင်ကို ငါဖြေဆိုခဲ့ပြီ။ ငါမေးသော ပြဿနာတစ်ခုကို သင်ဖြေဆိုပါ။ ဖြေနိုင်ပါ့မလား" ဟု မေးရာ ပရိဗိုဇ်မက "သိလျှင် ဖြေပါမည်" ဟုလျှောက်ထား၏။ အရှင်မြတ်က "ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ သိရမည့်တရား (တစ်ခု) ဟူသည် အဘယ်နည်း" ဟု မိန့်တော်မူသောအခါ ပရိဗိုဇ်မက မဖြေဆိုနိုင်သဖြင့် "အရှင်ဘုရား အမေးကို မဖြေဆိုနိုင်ပါ။ အဘယ်သို့သော ပုစ္ဆာပြဿနာပါနည်း" ဟု အရှင်မြတ်အား သူက ပြန်မေးလေ၏။ အရှင်သာရိပုတ္တရာက ဧဒပြဿနာခေါ်ပါ၏။ "ပရိဗိုဇ်မက "အရှင်ဘုရား ထိုပြဿနာ၏

အဖြေကို တပည့်တော်အား အသိပေးပါ” ဟု လျှောက်ထားတောင်းပန်လေ၏။

“သင်သည် ငါကဲ့သို့ ရဟန်းဖြစ်မှ ဖြေမည်”ဟု အရှင်မြတ်က မိန့်ကြားလိုက်ရာ ပရိဗိုဇ်မက “သို့ဆိုလျှင် တပည့်တော်မအား ရဟန်းပြုပေးပါဘုရား” ဟု လျှောက်ထားရာ အရှင်မြတ်က ပရိဗိုဇ်မအား ဘိက္ခုနီတို့ထံ အပ်နှံကာ ရဟန်းပြုပေးစေ၏။ ဘိက္ခုနီဖြစ်သောအခါ “ကုဏ္ဍလကေသီထေရီ” ဟု ဘွဲ့အမည် မှည့်ပေးတော်မူ၏။ ပရိဗိုဇ်မတို့၏ ထုံးစံအရ ခေါင်းကဆံပင်ကို မတုံးစေဘဲ ဆံတိုများ အခွေအလိပ်များအဖြစ် ထားရှိသည်ကို ရိတ်ပေးရသဖြင့် သူ့အား “ကုဏ္ဍလကေသီ” ဟု ဘွဲ့ပေးခြင်း ဖြစ်ရလေ၏။

ကုဏ္ဍလကေသီ ထေရီသည် ရှေးဘဝများစွာက ဖြည့်ခဲ့ရသော ပါရမီတော်ကြောင့် ရဟန်းထေရီမ ဖြစ်ပြီးနောက် တရားအားထုတ်သောအခါ သုံးရက်မြောက်နေ့တွင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

ဗုဒ္ဓရှင်တော်ဘုရားသည် ပရိသတ်လေးပါးအလယ်၌ တရားသဘင် ကျင်းပတော်မူပြီးနောက် “ရဟန်းတို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လျင်မြန်စွာရအပ်၏။ ငါဘုရား၏ တပည့်မ သာဝိကာများစွာတို့တွင် ‘ကုဏ္ဍလကေသီ ဘိက္ခုနီ’ သည် အသာဆုံး၊ အမြတ်ဆုံးဖြစ်ပေသည်” ဟု ချီးကျူးမိန့်မြွက်တော်မူကာ ‘ခိပ္ပာဘိညာ’ အရာဝယ် ဧတဒဂ်ဘွဲ့ထူးထားတော်မူလေ၏။

(ဓမ္မပဒ၊ သဟဿဝဂ် သုံးခုမြောက်ဝတ္ထု)

* * *

# မဟာပဒုမမင်းသား

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း စိုးစံတော်မူလေ၏။ သားတော်တစ်ပါး ဖွားမြင်ရာ ရုပ်အဆင်းတင့်တယ်၍ ကျက်သရေရှိလှသောကြောင့် "မဟာပဒုမ မင်းသား" ဟု အမည်မှည့်တော်မူ၏။ မဟာပဒုမမင်းသား အရွယ်ရောက်လာသောအခါ တက္ကသိုလ်ပြည်သို့ အတတ်ပညာသင်ကြားဖို့ စေလွှတ်၏။ အတတ်ပညာ ပြည့်စုံပြီး မိမိတိုင်းပြည်သို့ ပြန်ရောက်သောအခါ၌ များမကြာမီမှာပင် မယ်တော်မိဖုရားကြီး နတ်ရွာစံတော်မူလေ၏။

ဗြဟ္မဒတ်မင်းကြီးသည် များမကြာခင်မှာပင် သူ့ထက် အသက်ငယ်လှသော ရုပ်အဆင်းလှပတင့်တယ်သော မိန်းမပျို တစ်ယောက်ကို မိဖုရားကြီးအရာ တင်မြှောက်လေ၏။ များမကြာခင်မှာပင် ဗာရာဏသီ တိုင်းစွန်ပြည်နား၌ သူပုန်သူကန်များ ထကြွသဖြင့် ကိုယ်တော်တိုင် နှိမ်နင်းရန် ကြွတော်မူမည်ဟု ဆုံးဖြတ်ပြီး သားတော် မဟာပဒုမမင်းသားကိုခေါ်ပြီး "သားတော်၊ ဖခင်တိုင်းပြည် အတွက် ခရီးထွက်ရမယ်။ သားတော်က ဖခင်နေရာမှာ မင်းအဖြစ် ခေတ္တဝင်ယူပြီး တိုင်းပြည်ကို ထိန်းပါ။ မိဖုရားကြီးကိုလဲ အစစ

စောင့်ရှောက်ပါ” ဟု မှာတော်မူပြီး စစ်တိုက်ရန် ခရီးထွက်တော်မူလေသည်။

မဟာပဒုမမင်းသားသည် ဖခင်ကဲ့သို့ပင် တိုင်းပြည်ကို အုပ်ချုပ်နေ၏။ များမကြာခင်မှာပင် စစ်ပြေငြိမ်းသွားသဖြင့် မင်းကြီး ပြန်ကြွလာတော့မည့်အကြောင်း တိုင်းပြည်သို့ စေလွှတ်ကာ သိစေ၏။ အကြိုတော်များ ပြင်ဆင်ဖို့ ကြိုတင်မှာကြားရခြင်းသာ။

မဟာပဒုမမင်းသားသည် စိတ်အေးချမ်းသာစွာဖြင့် ဖခင် ပြန်ကြွလာတော့မည်ဟု ပြောကြားရန် မိဖုရားကြီးအဆောင်တော်သို့ ကိုယ်တော်တိုင် ကြွဝင်လာခဲ့လေ၏။ အဆောင်တော်ထဲမှာ မိဖုရားကြီး တစ်ယောက်တည်းသာရှိ၍ မဟာပဒုမမင်းသားက ခမည်းတော် ပြန်ရောက်တော့မည်။ အကြိုတော်ပြင်ဆင်ဖို့ ပြောကြားစဉ် အသက်အရွယ် ငယ်လှသေးသော ဘုရင့်မိဖုရားကြီးက “အရှင့်သား၊ မင်းကြီးပြန်မလာမီ လွတ်လပ်စွာ ပျော်ပါးကြရအောင် သလွန်တော်ပေါ်သို့ ကြွပါ” ဟု ပြောလိုက်ရာ မင်းသားလည်း အံ့အားသင့်သွားလေ၏။ ယောကျ်ားပီသ၍ ရုပ်အဆင်းအင်္ဂါ ချောမောတင့်တယ်လှသောကြောင့် ထိုရူပါရုံကို စွဲမက်လာသော မိဖုရားကြီး မရှက်မကြောက် စတင်ဆွဲဆောင်လေရာ မင်းသားက တစ်ရွေးမျှ စိတ်တော်မလှုပ်ဘဲ “အို– ကြဲကြဲဖန်ဖန်၊ မိဖုရားကြီးဟာ ကျုပ်ရဲ့ မယ်တော်ပါပဲ။ ပြီးတော့ သူများသားမယားကို စေ့စေ့တောင် မကြည့်ရဲပါဘူး။ သည်းခံတော်မူပါ” ဟု ပြောရာ မိဖုရားက စိတ်လှုပ်ရှားစွာဖြင့် မင်းသား၏လက်ကို အတင်းဆွဲကာ သလွန်တော်ဆီသို့ခေါ်၏။ မင်းသားက ရုန်းကန်ရာ မိဖုရားက မျက်ရည်စဖြင့် မာယာပြုကာ ဆွဲဆောင်ပြန်၏။

မဟာပဒုမမင်းသားသည် မြင့်မြတ်သောစိတ်ဖြင့် မိဖုရား ဆွဲဆောင်ရာသို့ မပါသောအခါ မိဖုရားက “ကဲ– ဒီလောက်တောင်

မှ အလိုမလိုက်ရင် မင်းကြီးပြန်လာတော့ ခေါင်းဖြတ်ပြီး သတ်စေရအောင် ပြောရမယ်" ဟု ခြိမ်းခြောက်ရာ မင်းသားက "မိဖုရားကြီး လုပ်ချင်တာသာလုပ်၊ ကိစ္စမရှိပါဘူး" ဟု ရဲဝံ့စွာပြောပြီး ပြန်ထွက်လာခဲ့လေ၏။

ဗြဟ္မဒတ်မင်းကြီး တိုင်းပြည်သို့ ပြန်လာသောအခါ အကြိုတော်များတွင် မိဖုရားကြီး မပါလာ။ မာယာဆောင်လျက် သူ့အဆောင်မှာ နေမကောင်းဟန် ပြုနေလေ၏။ မင်းကြီးလည်း ပျာပျာသလဲ ပူပန်လျက် ဆောင်တော်သို့ဝင်ရောက်ရာ ညှိုးနွမ်းစွာ လျောင်းစက်နေရာမှ ထလာပြီး ရှိုက်ကြီးတငင် ငိုယိုလျက် "အရှင်မင်းကြီး မရှိလို့ သားတော်က မစောင့်ရှောက်တဲ့အပြင် အဆောင်တော်ထဲကို ဝင်လာပြီး စော်ကားသွားပါတယ်။ ဒါကြောင့် ရှက်လွန်းလို့ မျက်နှာမပြဝံ့လို့ အကြိုတော် မရောက်ရတာပါ" ဟု ဝမ်းပန်းတနည်း ရှိုက်ငိုကာ ပြောလေ၏။

ဗြဟ္မဒတ်မင်းကြီးလည်း သားတော်အပေါ်မှာ အထင်လွဲလျက် အမျက်တော်ထွက်လေ၏။ "အိမ်ရှေ့မင်းသားကို နှောင်ကြိုးတည်းပြီး ငါ့ရှေ့တော်သွင်းကြ" ဟု မိန့်တော်မူ၏။ မှူးမတ်တို့လည်း စိတ်ဆင်းရဲစွာဖြင့် တစ်နန်းတော်လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်နေရာမှ အမိန့်တော်အတိုင်း မဟာပဒုမ မင်းသားကို နှောင်ကြိုးတည်းလျက် ရှေ့တော်အရောက် သွင်းလာကြရလေ၏။ မင်းသားက "ငါ့မှာ အပြစ်မရှိဘူး။ ငါ့ခမည်းတော်ကို ငါမပြစ်မှားဘူး" ဟု ဆိုမြည်လျက် ပါလာရာ မင်းကြီးက "သားတော်ဖြစ်ပါလျက် မိဖုရားကြီးကို စော်ကားတယ်။ သားတော်ကို အပြစ်ဒဏ်အဖြစ် တောင်ထိပ်ပေါ်က ချောက်ထဲကို တွန်းချပြီးသတ်စေ" ဟု အမိန့်တော် ချလိုက်လေ၏။

မဟာပဒုမ မင်းသားက "ခမည်းတော်ကြီး၊ မိဖုရားရဲ့စကား

ကို မယုံပါနှင့်။ သားတော်မှာ အပြစ်မရှိပါဘူး။ ခွင့်လွှတ်ပါ" ဟု ပြောသော်လည်း မင်းကြီးက မျက်နှာတော် လွှဲလိုက်လေတော့သည်။

အာဏာပါးကွက်တို့သည် မဟာပဒုမ မင်းသားကို ဆွဲခေါ်လာကြစဉ် ဗာရာဏသီတစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ကာ ကြေကွဲဝမ်းနည်းပြီး ငိုကြွေးနေကြလေသည်။ တောင်ထိပ်ပေါ်သို့ ရောက်၍ ပစ်ချတော့မည်ရှိစဉ် မဟာပဒုမ မင်းသား၏ မေတ္တာတန်ခိုးကြောင့် တောစောင့်နတ်ကမြင်၍ မင်းသားကို ချောက်ထဲသို့ မကျအောင် လက်ဖြင့်ပွေ့ခံလျက် ရင်ငွေ့ပေးကာ ချမ်းသာစေလေ၏။ ထို့နောက် တောင်ခြေမှာနေရသော နဂါးမင်း၏လက်သို့ အပ်ထားခဲ့ရာ နဂါးမင်းက ရေအောက်နဂါးပြည်သို့ ခေါ်သွားလေ၏။ နဂါးပြည်မှာ မဟာဒုမမင်းသားကို ချမ်းသာစွာထားရှိရာ တစ်နှစ်ကျော်မျှ ကြာရှိလေ၏။

မဟာပဒုမ မင်းသားသည် ကြာသော်ငြီးငွေ့လာပြီး နဂါးမင်းအား လူ့ပြည်သို့ ပြန်လိုကြောင်း၊ ဟိမဝန္တာမှာ ရသေ့ရဟန်းပြု၍ အေးချမ်းစွာနေလိုကြောင်း ပြောဆိုရာ နဂါးမင်းကြီးက မင်းသားကို ဟိမဝန္တာတောသို့ အရောက်ပို့ပေးလေ၏။

မဟာပဒုမ မင်းသားသည် ဟိမဝန္တာတောတွင် ရသေ့ရဟန်းပြုကာ ငြိမ်းချမ်းစွာနေခိုက် ဗာရာဏသီမှ တောလိုက်မုဆိုးတစ်ယောက်က တွေ့ရှိသွားလေ၏။ သူက ရသေ့ကြီးအားမြင်လျှင် မှတ်မိလာသဖြင့် "အရှင်ရသေ့၊ မဟာပဒုမမင်းသား ဟုတ်ပါရဲ့လား"ဟု မေးရာ ရသေ့ကြီးက ဟုတ်မှန်ကြောင်း၊ တောင်စောင့်နတ်နှင့် နဂါးတို့က ကယ်တင်၍ ယခုထိ အသက်ရှင်လျက်ရှိရကြောင်းကို ပြန်ပြောလိုက်လေ၏။

မုဆိုးသည် ရသေ့ကြီးထံမှာ နှစ်ရက်ခန့်မျှနေပြီးမှ တိုင်းပြည်သို့ပြန်၍ ဘုရင့်ရှေ့တော်ဝင်ကာ လျှောက်ကြားလေ၏။

---

**ရှေ့တံတားစာပေ**

ပထမဦး မင်းကြီးက မယုံ။ "ငါ့သားတော် သေခဲ့ပြီ" ဟုသာ စိတ်ချနေရာမှ ရသေ့ရှိရာ ဟိမဝန္တာသို့ လိုက်ပို့စေ၏။ မင်းကြီးသည် ရသေ့ကို သားတော်ဖြစ်မှန်း သိရသောအခါ "ရှင်ရသေ့ဟာ ဒီတောထဲမှာ ရသေ့လုပ်နေမယ့်အစား နန်းတော်ထဲမှာနေဖို့ လိုက်ခဲ့ပါ၊ မင်းပြုပါ" ဟု တောင်းပန်လေရာ ရသေ့က "မလိုက်လိုတော့ပါ၊ ကာမဂုဏ်ညွံ့ထဲမှ တက်ခဲ့ပြီ။ ယခုလိုပဲ တစ်သက်လုံးနေရပါမည်" ဟု ပြောလေသည်။ မင်းကြီးက "သားနှင့်အဖ တွေ့ဆုံကြရလို့လဲ အတူနေကြရတော့မှာ မဟုတ်ဘူး။ အဲဒါ ဘာကြောင့်ပါလဲ" ဟု ပြောကာ ညည်းညူလေရာ မှူးမတ်အပေါင်းက "အဲဒါဟာ နန်းတွင်းက မကောင်းမှုကို လုပ်ကြတဲ့ မိဖုရားကြောင့်ပါ" ဟု လျှောက်တင်ကြသောအခါ သူချစ်မြတ်နိုး တင်မြှောက်ထားသော မိဖုရားကို ယခုပင် ဖမ်းဆီးပြီး တောင်ပေါ်မှပစ်ချပြီး သတ်စေဟု မိန့်တော်မူလိုက်လေ၏။ ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားယုတ်သည် သူ့မကောင်းမှုကြောင့် ချောက်ထဲမှာကျ၍ သေဆုံးရရှာလေသတည်း။

နောင်သောအခါ–

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူရာ–

ထိုမိဖုရားယုတ်သည် စိဉ္စမာနဝိကာဖြစ်လာ၏။ ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည် ဒေဝဒတ်ဖြစ်လာ၏။ နဂါးမင်းသည် ညီတော် အာနန္ဒာ ဖြစ်လာ၏။ တောင်စောင့်နတ်သည် ရှင်သာရိပုတ္တရာ ဖြစ်လေ၏။ မဟာပဒုမ မင်းသားကား ဂေါတမရှင်တော်မြတ်ဘုရား ဖြစ်တော်မူလာသတည်း။

(မဟာပဒုမဇာတ်)

[illegible]

# နတ်သမီးတောင်းသောဆုမြတ်

၂၂

လွန်လေပြီးသောအခါ၌ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း စိုးစံနေစဉ် ပုဏ္ဏားမျိုး၌ ဖွားမြင်လာသော လုလင်တစ်ယောက်သည် အတတ်ပညာစုံသောအခါ တောရိပ်မြိုင်ရိပ်ကိုခိုလျက် ရသေ့ရဟန်း ပြုလိုက်လေ၏။

ရှင်ရသေ့သည် ကျောင်းသခ်မ်း၌နေရာ ပတ်ဝန်းကျင် မြက်ခင်းတွင် ရှင်ရသေ့ ကျင်ငယ်စွန့်ရာအရပ်၌ သမင်မတစ်ကောင် ရောက်လာ၍ ထိုမြက်ခင်းမှာ မြက်စားလေ့ရှိ၏။ သမင်မသည် ရှင်ရသေ့ကို တပ်မက်သောစိတ် ရှိနေသည်ကို ရှင်ရသေ့ သိရသော အခါ ကိုယ်ဝန်ရရှိလာသော သမင်မအား စောင့်ကြည့်လျက်ရှိနေ၏။ သမင်မသည် ကိုယ်ဝန်ရလာ၍ နေ့လစေ့လျှင် လူသားကလေးငယ် တစ်ယောက် ဖွားမြင်လာလေ၏။

ရှင်ရသေ့သည် သမင်မမှ မွေးသော ထိုသားငယ်ကို ကောက်ယူမွေးမြူကာ သားအမှတ်ပြုထားလေ၏။ "ဣသိသိင်္ဂ"ဟု အမည်မှည့်၏။ သားငယ် ဣသိသိင်္ဂ အရွယ်ရောက်လာသောအခါ ဖခင်ရှင်ရသေ့က သားအား ရသေ့ရဟန်း ပြုပေးထားလေ၏။ ရသေ့ ငယ်သည် အကျင့်မြတ်ကိုကျင့်ရာ ဖခင်ရှင်ရသေ့က တစ်နေ့၌

"နာရိ" အမည်ရှိသော တောဘက်သို့ခေါ်သွားကာ မိန်းမပုံသဏ္ဌာန် ပွင့်နေသော ပန်းများကို ပြလေကာ **"သား ရသေ့ငယ်၊ ဟိမဝန္တာတောဌ် ဤပန်းပွင့်နှင့်တူသော လူမိန်းမတို့ ရှိတတ်သည်။ လူမိန်းမတို့ကို အရာထားပြီး အလိုမလိုက်လေနှင့်။ မိန်းမတို့သည် သီလရှိသူအား ပျက်စီးအောင် ကြံစည်တတ်ကြသည်။ သား၏တစ်သက်တာအတွက် သတိပြု မှတ်သားထားပါ"** ဟု ပြောဆိုမှာကြား၏။ အချိန်တန်သော အခါ၌ ဖခင်ရှင်ရသေ့သည် အနိစ္စရောက်ပြီး ဗြဟ္မာ့ပြည်သို့ လားလေ၏။

ဖခင်ရသေ့ကြီး မရှိတော့သောအခါ ဣသိသိင်္ဂ ရှင်ရသေ့သည် ပြင်းထန်စွာ အားထုတ်ကျင့်ကြံသဖြင့် ဈာန်ကစားလေ့ ရှိ၏။ ချုပ်တည်းသော ဣန္ဒြေနှင့် သီလရှိရာ ဘုန်းတန်ခိုး ထက်မြက်လာ လေ၏။

ထိုအခါ သိကြားမင်းသည် ဣသိသိင်္ဂ ရှင်ရသေ့၏ တန်ခိုး ထက်မြက်ခြင်းဖြင့် မိမိထိုင်ရာ မြကျောက်ဖျာ ပူနွေးလာသည်ကို သိရ၍ လူ့ပြည်သို့ လှမ်း၍ကြည့်ရာ ဣသိသိင်္ဂ၏ ထက်မြက်သော သီလနှင့် ဈာန-တန်ခိုးတို့ကို တွေ့ရရာ **"တစ်နေ့နေ့မှာ ဤရသေ့ ကွယ်လွန်၍ ငါ၏ နေရာကို ရောက်လာချေတော့မည်။ မရောက်လာမီ ကြိုတင်ကာကွယ်ပြီး ဖျက်ဆီးမှ သင့်တော့မည်"**ဟု စိုးရိမ်စွာဖြင့် ရသေ့အား ဖြားယောင်းဖျက်ဆီးရန် နတ်သမီးများစွာရှိသည့် အနက်မှ "အလမ္ဗုသာ" နတ်သမီးကို ရွေးချယ်လိုက်လေ၏။

"နတ်သမီး အလမ္ဗုသာ၊ ယခု လူ့ပြည်မှာ အကျင့်မြတ် ကျင့်လျက် တန်ခိုးထက်မြက်နေသော ဣသိသိင်္ဂ ရသေ့ထံ သွားပါ၊ သီလပျက်အောင် ဖျက်ဆီးပါ၊ ငါသိကြားနှင့်တကွ နတ်အများတို့က သင့်အား သွားရောက်ဖျက်ဆီးစေလိုနေကြပါသည်"ဟု စေခိုင်းလေ၏။

---

ရွှေတံတားစာပေ

နတ်သမီး အလမ္ဗုသာက "အရှင်သိကြားမင်း၊ **နန္ဒဝန်** ဥယျာဉ်ထဲမှာ ကျွန်မထက်လှသော နတ်သမီးများစွာ ရှိနေပါလျက် ကျွန်မကိုသာ စေလွှတ်တာ မသင့်ပါ၊ ထိုနတ်သမီးများကိုသာ ရွေးချယ်ပါ"ဟု ငြင်းဆိုလေ၏။

သိကြားမင်းက "အလမ္ဗုသာ ရှင်မ၊ နတ်သမီးများစွာ ရှိနေသော်ငြား ယောကျ်ားတို့အား ကိလေသာဖြင့် ဆွဲဆောင်နိုင်သော အတတ်ကို သင်သာ အစွမ်းနိုင်ဆုံး ဖြစ်ပါသည်။ သင်ပဲ သွားရမည် သာ"ဟု တစ်ချက်လွှတ် စေခိုင်းလေ၏။

နတ်သမီးက-- "အရှင်သိကြားမင်း စေခိုင်းတာကို ကျွန်မ သွားရတော့မှာပါ။ ဣသိသိင်္ဂ ရသေ့သည် ထက်မြက်သော တန်ခိုး ရှိပါ၏။ သူ့သီလပျက်အောင် အနားသို့ ချဉ်းကပ်ရန် ကျွန်မ ကြောက်လှပါ၏။ မိုက်မဲလှစွာဖြင့် ရသေ့ကို သီလပျက်အောင် ဖြားယောင်းသဖြင့် ငရဲသို့ ကျကြသော သတ္တဝါတို့ များပြားလှပါပြီ။ ဒါကြောင့် သီလျက်ဖို့ ကြံစဉ်စဉ်မှာပင် ကြက်သီးထရပါသည်"ဟု သိကြားမင်းအား ပြောဆိုပြီးနောက် လူ့ပြည်သို့ ဆင်းသက်ခဲ့ရလေ၏။

နတ်သမီးသည် ဣသိသိင်္ဂ ရှင်ရသေ့ ပြုစုပျိုးထောင်ထားရာ ကြက်မောတောထဲသို့ ဝင်ရောက်ခဲ့လေ၏။ ကြက်မောက်တောတွင် နံနက် နေထွက်စအချိန်မှာ မီးတင်းကုတ်မှာ တံမြက်လှည်းကာ သန့်ရှင်းရေး လုပ်နေသော ရှင်ရသေ့ မြင်လောက်ရာ အရပ်၌ မိန်းမတို့၏ ရုပ်ရည်အဆင်းဖြင့် ချဉ်းကပ်လာလေ၏။

ဣသိသိင်္ဂ ရသေ့သည် မကြုံဖူးသော နတ်သမီးကို မြင်လိုက်ရသော် အံ့အားသင့်လျက် **"အိုအချင်း၊ သင်ကား အဘယ် သူနည်း၊ ဆန်းကြယ်သော အဝတ်ကို ဝတ်ဆင်လျက် ပုလဲသွယ် လည်ဆွဲ၊ ပတ္တမြားနားဋောင်းကို ဆင်ကာ သောက်ရှူးကြယ်ကဲ့သို့**

တောက်ပနေ၏။ ဝါဝင်းသော စန္ဒကူးနံ့သာကိုလည်း လိမ်းကျံထား၏။ သေးသွယ်တင့်တယ်သော ခါးနှင့် အရင်းကြီး၍ အဖျားသွယ်လျသော ပေါင်နှလုံး၊ မို့မောက်သောရင်၊ ဇေတီသား၏ လည်ပင်းကဲ့သို့သော လည်တိုင်၊ နီမြန်းသော နှုတ်ခမ်းစုံတို့ဖြင့် တင့်တယ်ပေစွ၊ ဤမြေအပြင်၌ ရှိသောသူတို့နှင့် တူမည်မဟုတ်သော သင်သည် စန္ဒကူးနံ့ဖြင့် မွှေးကြိုင်နေပေစွ၊ သင်ဘယ်သူ၏ သားနည်း"ဟု မေးလေ၏။

နတ်သမီးကား ရှင်ရသေ့က သူ့အား အလှဂုဏ်ဖော်ပြ၍ မေးမြန်းလိုက်သဖြင့် မိမိအလိုသို့ ပါဖို့ရန် နီးစပ်လာပြီကို သိသဖြင့် "အို-အရှင်၊ ကျွန်မကို မြင်သဖြင့် တိမ်းညွတ်သောစိတ် ရှိနေပြီကို သိရပါပြီ၊ အပြင်ဘက်မှာ မနေဘဲ ကျောင်းသင်္ခမ်းတွင်းသို့ ဝင်ကြပါစို့"ဟု ပြန်၍ ပြောလိုက်ရာ ရှင်ရသေ့မှာ ငေးမောတည်ငြိမ်လျက် ရှိနေ၏။ နတ်သမီးကမူ "ဒီလို နေလို့ဖြင့် ရှင်ရသေ့ ငါ့ဆီကို ပလာ၊ မာယာပြုမှပဲ"ဟု အသိဝင်ကာ ရပ်နေရာမှ နောက်သို့လှည့်ကာ ပြန်တော့မည့်ဟန် ပြုလိုက်ရာ ရှင်ရသေ့က ငေးမောမနေနိုင်တော့ဘဲ ထိုင်ရာမှ ထကာ နတ်သမီးရှိရာသို့ ရောက်သွားကာ ဆံပင်ကိုဆွဲယူ၍ ဘားတော့ရာ နတ်သမီးက သူ၏ နတ်ကိုယ်ငွေ့ဖြင့် လှည့်၍ ဖက်တွဲလျက် ကျောင်းသင်္ခမ်းတွင်းသို့ ခေါ်ယူလာခဲ့လေ၏။

ဣသိသိင်္ဂ ရှင်ရသေ့ ဈာန်လျှောရတော့ပြီ။

သိကြားမင်း သိလေသော် အလမ္ဗုသာ နတ်သမီးအား စိတ်ဖြင့် တောင့်တစေပြီးနောက် သူအလိုရှိရာ နတ်အခြေအရံများနှင့် ရွှေဗိမာန်ကျက်မိုးထားသော ရွှေကော်ဇောအထပ်ခင်းထားသည့် နတ်ရွှေပလ္လင်ကို ချက်ချင်းဆောင်ယူကာ ပို့သစေလိုက်၏။

ထိုနတ်ပလ္လင်ပေါ်တွင် ဣသိသိင်္ဂရသေ့နှင့် နတ်သမီးတို့

နတ်အတွေ့အထွေ့ဖြင့် ကိလေသာကာမဂုဏ် အာရုံခံစားနေလိုက်ကြရာ နတ်တို့၏ အချိန်ဖြင့် တစ်ခဏမျှသာ ရှိသော်လည်း လူတို့၏ အချိန်အားဖြင့် သုံးနှစ်တာမျှ ကြာညောင်းခဲ့လေ၏။

ဤကဲ့သို့ နတ်တို့၏ ကာမဂုဏ်အတွေ့ကို ခံစားပြီးဆုံးသော် ရဟင်ရသေ့သည် အိပ်ပျော်ရာမှ နိုးထလာရသူကဲ့သို့ မိန်းမောတွေဝေလျက် ငေးမှိုင်နေလေ၏။

ကျောင်းသခ်မ်းရှေ့ရှိ မီးတင်းကုတ်မှာရှိသော မြက်နုတို့မှာ ရှည်ရင့်ကာ မီးတင်းကုတ်ကို ဖုံးအုပ်နေပေပြီ။ ကြက်မောက်တောဝန်းကျင်မှာလည်း သစ်ရွက်နုများ ဝေဆာလျက် အသစ်ပွင့်သော ပန်းတို့ဖြင့် ကျေးငှက်များက တွန်ကျူးလျက် ရှိနေကြသည်။

ရှင်ရသေ့သည် ငေးမောတွေဝေနေရာမှ "ငါ့ သီလပျက်ခဲ့ရပြီ၊ ဈာန်မရှိတော့ချေ။ ငါ့ကို ဘယ်သူဖြားယောင်း၍ ဖျက်ဆီးဘိသနည်း။ ဖခင်ရှင်ရသေ့ ရှိတုန်းက ငါ့ကို သတိပေးခဲ့တာန ငါမနာယူလို့ ခုလို ပျက်စီးခဲ့ရပြီ"ဟု ဝမ်းနည်းလိုက်လှဲစွာ ငိုကြွေးနေရှာတော့သည်။

အလမ္ဗုသာ နတ်သမီးကား "ရှင်ရသေ့ကို ငါ့ရဲ့ အဖြစ်မှန် ဖွင့်ကြားမှ ဖြစ်တော့မယ်"ဟု ကိုယ်ထင်ပြလျက်–

"အို–ရှင်ရသေ့၊ အရှင့်ကို သီလပျက်အောင် ဖြားယောင်းခဲ့ရတာ ကျွန်မပါ။ နတ်တို့အရှင် သိကြားမင်းရဲ့ စေခိုင်းချက်အရ ကျွန်မ ရောက်လာခဲ့ရတာပါ။ လူတို့ရဲ့ အချိန်မှာ သုံးနှစ်ကြာခဲ့ပါပြီ။ ကျွန်မကို ခွင့်လွှတ်ပါရှင်ရသေ့"ဟု အကျိုးအကြောင်း မှန်ရာကို ပြန်လည်ပြောပြလိုက်လေ၏။

ဣသိသိင်္ဂရသေ့က "ခွင့်လွှတ်ပါတယ် ရှင်နတ်သမီး၊ အထက်မိုးပြင်က သိကြားမင်းနှင့်တကွ နတ်အပေါင်း ချမ်းသာကြပါစေ၊ ရှင်မနတ်သမီးလည်း ချမ်းသာပါစေ၊ ကျုပ်လည်း ပျက်ခဲ့ရသော

သီလကို ထပ်မံစောင့်ထိန်းပြီး ယခင်ကလို အားထုတ်ပါဦးမည်”ဟု ပရိက်အမှုကို ပြုပြီး တစ်ထိုင်ထဲမှာ အားထုတ်တော့ရာ မကြာခင်မှာပင် ယခင်မူလကဲ့သို့ ဈာန်တန်ခိုးများ ရရှိလာတော့သည်။

ထိုအခြင်းအရာကို နတ်သမီးတွေ့မြင်ရသောအခါ သူပြစ်မှားခဲ့သည့် အပြစ်ကို ကြောက်ရွံ့တုန်လှုပ်လာလေ၏။ ရသေ့မြတ်၏ ရှေ့မှာပင် လက်အုပ်ချီလျက် “အရှင်ရသေ့မြတ်၊ ကျွန်မကား အရှင်မြတ်ကို အထက်သိကြားမင်းနှင့် နတ်အပေါင်း၏ အကျိုးအတွက် နှောင့်ယှက်ခဲ့ရခြင်းပါ။ အရှင့်ကို ကြည်ညိုလှပါသည်။ အပြစ်မှလည်း ခွင့်လွှတ်တော်မူပါ” ဟူ၍ ရသေ့၏ ခြေအစုံမှာ ဦးခိုက်ကာ ကန်တော့တောင်းပန်ရာ ရှင်ရသေ့က “အို–နတ်သမီး၊ သိကြားမင်းနှင့် တကွသော နတ်ပြည်မှ နတ်များ ချမ်းသာကြပါစေ၊ ရှင်နတ်သမီးလည်း ချမ်းသာပါစေ၊ ကဲ–မိမိနေရာကို ပြန်ပေတော့”ဟု ခွင့်လွှတ်လေ၏။

နတ်သမီးသည် ရှင်ရသေ့ ခွင့်လွှတ်သဖြင့် သိကြားမင်း ပို့ထားသော ရွှေဗိမာန်မျက်နှာကျက်၊ ရွှေကော်ဇောအခင်းများဖြင့် အိညက်သော ရွှေပလ္လင်ပေါ်မှာ ထိုင်လျက် အထက်နတ်ပြည်သို့ ပြန်လေသတည်း။

သိကြားမင်းသည် အလမ္ဗုသာ ပြန်ရောက်၍ ကျိုးကြောင်း စုံလင် သိကြားရသောအခါ စိုးရိမ်မှုကင်းပျောက်၍ “ရှင်မ အလမ္ဗုသာ၊ သင်လိုရာဆုကို တောင်းပေတော့”ဟု ခွင့်ပြုလေ၏။ နတ်သမီးက “အရှင်သိကြားမင်း၊ ကျွန်တော်မ အလိုရှိသော ဆုသည်ကား နောင်အခါများမှာ သီလရှိသူကို ဖျက်စီးရသော မာယာရှင် မဖြစ်ရပါလိုကြောင်း ဆုမြတ်ဖြစ်ပါသည်။ ကျေးဇူးတင်လှပါသည်”ဟု သူ့ဆန္ဒ ဆုမြတ်ကို ထုတ်ဖော်ပြကြား တောင်းခံလေတော့သတည်း။

ဂေါတမရှင်တော်ဘုရား ပွင့်တော်မူသောအခါ–

၁။ ဣလ္လသိသိဂ်ရှင်ရသေ့သည် ဘုရားသာသနာတော်မှာ ငြိမ်းငွေ့သော ရဟန်းတစ်ပါး။

၂။ အလမ္ဗုသာနတ်သမီးသည် ထိုရဟန်းအား နှောင့်ယှက်ဖြားယောင်းနေသော မယားဟောင်း။

၃။ ဣလ္လသိသိဂ်ရှင်ရသေ့၏ ဖခင်ရသေ့ကြီးကား ယခု ဂေါတမမြတ်စွာဘုရားပင်တည်း။

(အလမ္ဗုသာဇာတ်)

* * *

ရွှေတံတားစာပေ

# ကိသာဂေါတမီ၊ အရှင်မထေရီ

ဂေါတမဘုရားလက်ထက်တော်မှ ကိသာဂေါတမီ သူဌေး သမီးလေးသည် ဥစ္စာပစ္စည်း ပျက်လျှောပြီး ဆင်းရဲသွားသဖြင့် စိတ်ဓာတ်ကျဆင်းကာ သာဝတ္ထိပြည်ထဲမှာ လျှောက်သွားနေသတဲ့။ ထိုအရပ်မှာပင် သူ့လိုပဲ ဣဋ္ဌေလေးဆယ် ကြွယ်ဝတဲ့ သူဌေးကြီး တစ်ယောက်ဟာ မြေမှာ မြှုပ်ထားတဲ့ ဥစ္စာတွေ မီးသွေးခဲ ဖြစ်ကုန်လို့ ဆင်းရဲနေပြီး မီးသွေး ရောင်းစားနေရတာကို တွေ့လိုက်ရတယ်။ သူဌေးကြီးရဲ့ ရောင်းရင်းတစ်ယောက်က မင်းဆိုင်မှာ "မီးသွေး ရောင်းပါ"လို့ လာဝယ်ရင် ဝယ်သူကို ဘာမှ ပြန်မပြောလိုက်နှင့်၊ နောက်တစ်ယောက်က သူဌေးကြီး ရွှေရောင်းနေလားလို့ လာမေးရင် မင်းက "အေး၊ မင်းလက်ခံပါ၊ ရော့–ရွှေတွေ"လို့ ပြောပြီး သူ့ လက်ထဲကို မီးသွေးခဲတွေ ထည့်ပေးလိုက်၊ မင်းရဲ့ရွှေတွေ ပြန်ဖြစ်လာ လိမ့်မယ်။ ကျုပ် အခုပြောသလိုသာ လုပ်ပါ"လို့ ပြောသတဲ့။

ကိသာဂေါတမီလဲ သူဌေးအိမ်ရှေ့ရောက်လို့ သူဌေးကြီးကိုလဲ မြင်ရရော "သူဌေးကြီးက ရွှေတွေ ရောင်းတာကိုး"လို့ စပြီး နှုတ်ဆက်တော့ သူဌေးကြီးက "ရော့–အဲဒီရွှေကို လက်ခံယူပါ"လို့ ပြောပြီး ကိသာဂေါတမီကို မီးသွေးခဲတွေ ဆုပ်ထည့်ပေးသတဲ့။

ကိသာဂေါတမီရဲ့ လက်ထဲမှာ မီးသွေးတွေဟာ ရွှေတွေချည်း ဖြစ်လာတော့တာပဲ။ သူဌေးကြီးလဲ ရွှေကုဋေလေးဆယ် သူဌေးကြီး ပြန်ဖြစ်သွားပြီး ကိသာဂေါတမီကို သူ့ရဲ့သားနှင့် လက်ဆက်ပေးစား လိုက်တယ်။ ဆင်းရဲလို့ စိတ်ဓာတ်ကျလာတဲ့ ကိသာဂေါတမီဟာ သူဌေးချွေးမအဖြစ်နှင့် ပျော်ပျော်ရွှင်ရွှင် နေနေရတာပေါ့။

ဒီလိုနှင့် အချိန်တော်တော်ရလာတဲ့အခါ သားဦးလေး တစ်ယောက် မွေးလာတယ်။ ချမ်းသာကြွယ်ဝတော့ လိုလေသေးမရှိ ကျွေးမွေးပြုစုလာလိုက်တာ၊ သားကလေးဟာ တစ်တုန်းတစ်ခဲကြီး ဆိုပါတော့။ ပြေးလွှားဆော့ကစားပြီး စကားတတ်စအရွယ် တီတီ တာတာ ချစ်စရာလေးတွေ ပြောတတ်လာတယ်။ အဘိုးအဘွားနှင့် ကိသာဂေါတမီတို့ကလဲ တစ်ယောက်ထဲ သားလေးမို့ သားရွှေဥ မျက်ရှုကြေးမုံ ဆိုသလိုပဲ၊ မျက်စိပြတ်မခံနိုင်အောင်ကို ချစ်နေကြရ တာပေါ့။

ဒါပေမယ့် သားရွှေဥ မျက်ရှုကြေးမုံလေးဟာ သက်ဆိုး မရှည်ရှာဘူး။ တစ်နေ့မှာ သေဆုံးသွားရှာတယ်။ သားကလေးလဲ သေဆုံးရော၊ ထုံးစံအတိုင်း မြေမြှုပ်သဂြိုဟ်ဖို့ စီမံကြတဲ့အခါမှာ ကိသာဂေါတမီဟာ လူးလိမ့်ငိုကြွေးနေရာက ထလာပြီး ကလေး အလောင်းကို ယူပြီး ချီပြေးတော့တာပဲ။ ပရိဒေဝမီး လောင်မြိုက်ခံရ တာဟာ ရူးသွားသလိုပါပဲ။ သူဟာ ကလေးသေကို ပွေ့ချီပြီး လမ်းတကာလမ်း လျှောက်ပြေးနေသတဲ့။

သာဝတ္ထိပြည်ထဲမှာ လျှောက်လာနေတဲ့ လူတစ်ယောက်က ကိသာဂေါတမီကို မြင်ရတော့ သနားလွန်းလို့ "အင်း–ပရိဒေဝမီး လောင်နေတာကို၊ မြတ်စွာဘုရားဆီ ခေါ်သွားပြီး ငြိမ်းအောင် ကြံရတော့မှာပဲ"လို့ တွေးပြီး "ချစ်နှမ၊ ကလေးကို ဆေးကုချင်ရင်၊

လာ လိုက်ခဲ့၊ ဗုဒ္ဓမြတ်စွာဘုရား ရှိတယ်”လို့ ပြောပြီး အပုသည်လေးကို ခေါ်သွားရတာပေါ့။ မြတ်စွာဘုရား ရှေ့ရောက်ရင်ပဲ ကိသာဂေါတမီက ဦးနိမ်ချ၊ ကန်တော့ပြီး “အရှင်မြတ်ဘုရား၊ တပည့်တော်မရဲ့ သားလေးကို ပြန်ရှင်လာအောင် ကုသပေးတော်မူပါ”လို့ ငိုယိုပြီး ကလေးကို ပြရှာတယ်။ မြတ်စွာဘုရားက “ကောင်းပြီ၊ ချစ်သမီး ဂေါတမီ၊ သားကလေး ရှင်လိုတာဖြင့် ကလေးကို ပိုက်ချီပြီး သာဝတ္ထိပြည်မှာ လူမသေဘူးတဲ့ အိမ်က မုံညင်းစေ့ တစ်လက်မ ရှာယူခဲ့” လို့ မိန့်တော်မူလိုက်သတဲ့။

မြတ်စွာဘုရားက “ကိသာဂေါတမီသည် ပဒုမုတ္တရာ ဘုရားရှင် ရှေ့တော်တွင် မထင်ရှားသော အမျိုးသမီးအဖြစ်ဖြင့် ကန်တော့ပူဇော်နေခိုက် ပံသုကူသင်္ကန်းအဟောင်းအနွမ်းကို ဝတ်ဆင်ထားသော ရဟန်းမတစ်ဦးအား တေဒဂ်အရာ ချီးမြှင့်သည်ကို မြင်ရသဖြင့် သူလည်း ဤရဟန်းအရှင်မကဲ့သို့ “နောင်အခါ၌ တေဒဂ်ဘွဲ့ရ ရဟန္တာအရှင်မ ဖြစ်ရပါလို၏”လို့ ဆုပန်ဆင်ခဲ့၏။ ပဒုမုတ္တရာဘုရားကလည်း “ချစ်သမီးသည် နောင်အခါ သက်တမ်းတစ်ရာ ရှည်သောကာလ၊ ဂေါတမဗုဒ္ဓ ပွင့်တော်မူရာ၌ ထိုကဲ့သို့ပင် တေဒဂ်ရ ရဟန်းအရှင်မ ဖြစ်ပေလိမ့်မည်”ဟု ဗျာဒိတ်တော် ပေးခဲ့တော်မူသည်။

ဤဘဒ္ဒကမ္ဘာ၌ ကဿပဘုရားရှင် ပွင့်တော်မူသောအခါ၌ ထိုဗျာဒိတ်ရှင် ရဟန်းမသည် ကိကီမင်းကြီး၏ သမီးတော်ခုနစ်ဖော် အနက် ငါးယောက်မြောက် သမီးတော်ဖြစ်လာပြီး ဖခင်မင်းကြီးထံ သမီးတော်တို့က ရဟန်းပြုရန် ခွင့်တောင်းရာ ခွင့်မရ ရဟန်းမပြုကြရသဖြင့် ထိုကာလအနှစ် နှစ်သောင်း သက်တမ်းမှာ အပျိုစင်ဘဝဖြင့် “ကောမာရိဗြဟ္မစရိယအကျင့်”ကို ကျင့်သုံးခဲ့ဖူးသည်။ ထိုဘဝမှနေ၍ သံသရာတစ်လျှောက် လူ့ပြည်နတ်ပြည်တို့မှာ ကျင်လည်ခဲ့ရပြီး၍ ယခု ဂေါတမဗုဒ္ဓပွင့်တော်မူရာတွင် ကိသာဂေါတမီ သူဌေးသမီးအဖြစ်

ရောက်ရှိလာသူ ဖြစ်လေ၏။ မြတ်စွာဘုရားသည် ကိသာဂေါတမီ၏ အတိတ်ကံနှင့် ဇာတဒဂ်, ရဟန္တာအရှင်မ ဗျာဒိတ်တော်ရခဲ့သူ ဖြစ်ကြောင်း" သိတော်မူသဖြင့် သူ့အား တရားသိစေရန် သားသေကို ရှင်ကြောင်း ဆေးကောင်းအရှာထွက်စေလိုက်ခြင်းသာ ဖြစ်ပေ၏။

ကိသာဂေါတမီသည် သားအလောင်းကို ပိုက်လျက် သာဝတ္ထိပြည်ထဲမှာ လူမသေသော အိမ်မှ မုံညင်းစေ့တစ်လက်မစာ ရှာသောအခါ လူမသေဖူးသော အိမ်ဟူ၍ မရှိ၊ လူသေခဲ့ဖူးသော အိမ်များကိုသာ တွေ့ရ၍ သားသေကို ဆေးကုစရာမရှိ၊ မိမိသာလျှင် မဟုတ်၊ သားသေ၊ လင်သေ၊ ဆွေမျိုးမိဘများ သေကြရသော လူ့ဘဝကို တွေ့ရ သိရသောအခါ မမြဲသော အနိစ္စကို မြင်ယောင်လာကာ ရင်ခွင်မှာ ပိုက်ထားသော သားအလောင်းကို စွန့်ပစ်ကာ မြတ်စွာဘုရားထံမှောက်သို့ ဝင်ရောက်ခဲ့လေ၏။ ထိုအချိန်မှာ မိုးချုပ်နေဝင်ချိန် ရောက်နေလေပြီ။

သူက မြတ်စွာဘုရားအား "အရှင်ဘုရား၊ တပည့်တော် တစ်မြို့လုံး နှံ့ခဲ့ပါပြီ။ လူမသေသော အိမ်ဟူ၍ မရှိ၊ ရှင်သူထက် သေသူက များပါသည်"ဟု လျှောက်ကြားလေ၏။ ထိုအခါမှ မြတ်စွာဘုရားက "ချစ်သမီး ဂေါတမီ၊ သင်၏ သားသာ သေသည် မဟုတ်။ သတ္တဝါမှန်သမျှသည် တစ်နေ့တွင် သေကြရမည်သာတည်း။ မွေးဖွားလာခြင်းသည် သေဆုံးရခြင်းအတွက်သာ ဖြစ်သည်။ ဖြစ်လျှင် ပျက်မြဲ ဓမ္မတာပင်။ ရေအလျဉ်သည် အာရုံငါးပါးတို့ဖြင့် ပျော်ပါးနေကြသော လူနှင့် သတ္တဝါအပေါင်းတို့အား အချိန်အခါမရွေး အဟုန်ပြင်းစွာဖြင့် တိုက်စားသွားစေသကဲ့သို့၊ နေ့ရက်အခါ ကာလမရှိ၊ သေခြင်းတရားက စိုးမိုးလျက် အစဉ်သာ ရှိနေသည်။ မမြဲသော အနိစ္စတရားသာလျှင်တည်း"ဟု တရားတော် ဟောကြားတော်မူရာ ကိသာဂေါတမီ

သည် တရားတော်၌ သက်ဝင်ကာ ပရိဒေဝမီးအရှိန်များ ကင်းကွာလျက် သောတာပတ္တိဖိုလ်၌ တည်နေလေတော့သည်။

မြတ်စွာဘုရား၏ တရားတော်ကို နာကြားနေကြကုန်သော အခြားသော သူတို့သည်လည်း ထိုခဏမျှပင် သောတာပတ္တိဖိုလ် စွဲတည်ကြလေ၏။

ကိသာဂေါတမီသည် တရား၏ အေးချမ်းသော အရိပ်တွင် ခိုလှုံလိုသော ဆန္ဒပြင်းပြစွာဖြင့် "အရှင်ဘုရား၊ တပည့်တော်မအား ရဟန်းပြုခွင့်ပေးပါ"ဟု ခွင့်တောင်းရာ မြတ်စွာဘုရားက သူ့အား ဘိက္ခုနီမကျောင်းသို့ လွှတ်ပို့ပြီး ရဟန်းပြုစေတော်မူ၏။ ကိသာ ဂေါတမီထေရီဟု ထင်ရှား၏။

တစ်နေ့တွင် ဥပုသ်အိမ် သိမ်အပြင်၌ ဆီမီးထွန်းသည့် အလှည့်ကျရောက်လာ၍ ဆီမီးများ ထွန်းညှိပြီး မီးညွန့်များ တက်ရာမှ ကျလျက် မမြဲသော အနေကို အာရုံပြုရင်း ဝိပဿနာတရား အားထုတ်နေစဉ် ဖြစ်ပြီးလျှင် ပျက်ရမြဲ ဓမ္မသဘောကို ဆင်ခြင်မိခိုက် မြတ်စွာဘုရားရှင်သည် ဂန္ဓာကုဋီတိုက်ခန်းမှ ရောင်ခြည်တော်ကို လွှတ်ကာ "ချစ်သမီး ဂေါတမီ၊ သတ္တဝါမှန်သမျှ၊ ဖြစ်ဲ့လျှင် ပျက်ကြ မြဲ အမှန်ပင်၊ ဤဖြစ်ပျက်၊ ဖြစ်ပျက်ဟူသော သဘောတို့မှ ကင်းရာ နိဗ္ဗာန်ချမ်းသာသည်သာလျှင် ဒုက္ခတို့၏ ကင်းငြိမ်းရာ အမှန်ပင် သေခြင်းကင်းသော နိဗ္ဗာန်ကို မမြင်နိုင်ဘဲ မဂ်ဉာဏ်မရဘဲ အနှစ်တစ်ရာ အသက်ရှင်နေရငြားလည်း၊ မချမ်းသာ မမြတ်ချေ။ သေခြင်းကင်းသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရရှိသောသူအဖြစ်ဖြင့် တစ်ရက်သော နေရခြင်းသည် မြတ်လှစွာ၏"ဟု ဟောတော်မူသော် တရားကို သိ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိလာကာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်၌ တည်ကာ ရဟန္တာအရှင်မြတ် ဖြစ်တော်မူလေ၏။ အာသဝေါကုန်ခန်း၍ ရဟန္တာအရှင်မ ဖြစ်တော် မူသောအခါ

တစ်နေ့၌ မြတ်စွာဘုရားက ပရိသတ်အလယ်၌ "ချစ်သမီး ဂေါတမီသည် ဟောင်းနွမ်းသော ပံသုကူသင်္ကန်းကို ဆင်မြန်းရာ၌ ဘိက္ခုနီအများတို့ထက် သာလွန်ပေသည်၊ ထို့ကြောင့် သူ့အား "လူခစီဝရ ဓတဒဂ်" ဘွဲ့ထူးပေးတော်မူရပေသည်ဟု မိန့်တော်မူလေ၏။

ရှေးဘဝများစွာက ကောင်းမှုများစွာ ကျင့်ကြံအားထုတ်ခဲ့ရသော ပါရမီအကျိုးအားကြောင့် နောက်ဆုံးကာလတွင် သားသေရသော်လည်း ကိသာဂေါတမီအတွက် မြတ်သောတရား သိမြင်ကာရှေးက ဆုတောင်းကောင်းမှု ပြည့်စုံရသော "လူခစီဝရ ဓတဒဂ်ရရဟန္တာထေရီအရှင်မ ဖြစ်လာရခြင်းသည် မြတ်စွာဘုရား၏ သာသနာတော်အတွက် မွန်မြတ်သော သိမှတ်ဖွယ်ရာ တရားထူးသာလျှင် ဖြစ်ပေတော့သည်။

**(ဓမ္မပဒဝတ္ထုတော်)**

❋ ❋ ❋

# အရှင်မခေမာ

ဒီနေ့အဖို့ အမေကိုယ်တိုင် မီးဖိုဆောင်ဝင်၍ ချက်ရ ပြုတ်ရသည်။ ဈေးက ပြန်လာပြီးနောက် တစ်ချက်ကလေးမှ မနားရ၊ ငယ်လာသော ဟင်းလျာမယ်များကို တစ်မယ်ပြီးတစ်မယ် အဆင်ပြေအောင် ကြက်သွန်နွှာတာကစပြီး အစစ ပြင်ဆင်ချက်ပြုတ်နေရသည်။

သမီးသုံးယောက် ခင်ကြီး၊ ခင်လတ်၊ ခင်ငယ်တို့ ဒီနေ့မှာ "အေရိုးဗစ်" သင်တန်းတက်ဖို့ သွားကြသည်။ မိသားစုငါးယောက်စာအတွက် မနက်စာ ညစာ၊ အပြီး ချက်ရသည်မှာ တိုလီမိုလီအလုပ်တွေကလည်း များသဖြင့် မပြီးနိုင် ဖြစ်နေတော့သည်။

မိန်းမပျိုအဖော်တွေနှင့် စုရပ်လုပ်ပြီးမှ သွားကြသဖြင့် အိမ်မှအစောကြီး ထွက်လာကြသည်။ ချက်ပြုတ်နေရင်းမှာပင် "အေးလေ--သူတို့ခေတ်နှင့် သူတို့ဆိုတော့လဲ သူများလုပ်ရင် လုပ်ချင်ကြမှာပဲ။ အပျိုလေးတွေ ဆိုတော့လဲ လှချင်တာပဲပေါ့"ဟု အမိ၏ သည်းခံနိုင်ရည်ရှိသော မေတ္တာပေါ်နေလျက် ရှိသည်။

မနက်စာ ထမင်းစားပွဲပြင်ပြီး သူတို့အဖေအတွက် ကျွေးမွေးပြီးသောအခါမှ ညီအစ်မသုံးယောက် ပြန်ရောက်ကြသည်။ ပေါ့ပါး

ရှင်လန်းစွာ စကားတွေ ဆူညံဆူညံ ပြောလာကြသည်ကို ကြည့်ပြီ
အမေက မီးဖိုဆောင်ထဲမှာ ချက်ခဲ့ပြုတ်ခဲ့ရသော အမောတွေ ပြေ
တော့သည်။

"ဟဲ့--နင်တို့ ထမင်းစားရင် ကြောင်အိမ်ထဲမှာ ခပ်ထားတ
ကို စားကြ၊ အိုးထဲက ဟင်းတွေက ညစာဖို့၊ နေမြင့်လှပြီ၊ စားင
တော့လေ"ဟု အမေက ပြောတော့မှ ရေမိုးချိုး၊ အလှတွေ ကိုယ်စီပြင်ပြီ
တစ်ခန်းလုံး မွှေးကြိုင်စွာဖြင့် ထမင်းစားပွဲမှာ ပြင်ဆင်ကူးခပ်က
စားကြသည်။

သမီးအငယ် ခင်ငယ်ကို အမေက "ရုပ်တေး"ဟု ခေါ်နေကျ
"ဒါနှင့် သမီးတို့သင်တဲ့ အေရိုးဗစ်ဆိုတာ ဘာလုပ်တာလဲ၊ ကျန်းမ
အောင်လား၊ အားရှိအောင်လား၊ အလှပြင်ဖို့ လုပ်တာလား"ဟ
မေးရာ သမီးရုပ်တေးက "အို-အမေကလဲ ရှေးကျလိုက်တာ
လှအောင်လို့ လုပ်ရတာ အမေရေ့၊ အေရိုးဗစ်လုပ်ရတာ သိပ်ဇိမ်ရှိတာ
အမေတစ်ခါလောက် လာကြည့်ပါလား၊ သမီးတို့အားလုံး ကိုယ်ပေ
အင်္ကျီ ဘောင်းဘီဝတ်ပြီး ကိုယ်ကာယလှပအောင် ဆရာက သင်ပေးဝ
အတိုင်း လိုက်လုပ်ကြရတာ၊ ဒါမှ ဘော်ဒီရှိတ် ကောင်းမှာ အမေရဲ့"ဟ
ထမင်းပလုပ်ပလောင်းစားရင်း ပြန်ပြောသည်။ "ဘောဒီရှိတ်ဆိုတ
ဘာလဲဟဲ့၊ အတွင်းခံ ဘော်လီအင်္ကျီကို တိုင်းတာလား" ဟ
အမေက မေးရာ သမီးခင်လတ်က "အဲဒီဘော်လီ မဟုတ်ဘူ
အမေရဲ့၊ ဘော်ဒီဆိုတာက ကိုယ်ကာယပုံစံလေး အချိုးကျက
လှလာအောင် လုပ်တာပါ။ ဒါမှ လှတစ်မျက်နှာ၊ ယဉ်တစ်ကိုယ်လုံ
ဖြစ်ရမှာပေါ့ အမေကလဲ၊ ခုခေတ်မှာ သမီးတို့ ဘော်လီမှ မဝတ်ကြ
တော့တာ၊ ဘရာစီယာပဲ ဝတ်တာ သိသားနှင့်"ဟု ရှင်းပြနေသည်၊

အခုလဲ ငါ့သမီးတွေ လှသားပါပဲအေ၊ နဂိုရှိကြတာပဲ

နဂိုင်းထွက်တဲ့ သမီးတွေပါ၊ ထမင်းစားနှောက်ကျတာ အဆာလွန်ပြီး ရောဂါရနေကြပါဦးမယ်၊ တစ်ခါတစ်လေမှ သွားလဲ မဖြစ်ဘူးလား"ဟု အမေက အကြံပြုသည်။ သမီးလတ်က ခပ်အေးအေးပင် "သင်တန်း ပြီးဆုံးအောင်တော့ တက်ကြရမှာပဲ အမေရယ်၊ သူငယ်ချင်းတွေလဲဒီလိုပဲ တက်နေကြတာပဲ၊ အဆာလဲ မလွန်ပါဘူး၊ ရောဂါရမှာလဲ မပူပါနှင့်၊ ဒီလို အေရိုးဗစ်တက်မှသာ မိန်းမတို့အလှ ခါး, တင်, ရင်, ပေါင်တံ စတဲ့ အလှတွေရမှာ အမေရဲ့၊ မကြာခင် သင်တန်းလဲ ပြီးတော့မှာပါ"ဟု ရှင်းပြသည်။

အမေသည် အိမ်ရှေ့ဧည့်ခန်းတွင် ခဏထိုင်ကာ အပန်းဖြေရင်း ခေတ်ကာလအလျောက် မိန်းမအလှကို ပြုပြင်ဖို့ သင်ကြားပေးသော အေရိုးဗစ်အကြောင်းကို စဉ်းစားနေမိသည်။ **"ခါး, တင်, ရင်, ပေါင်တံ"** အလှလို့ ဆိုပါကလား၊ ခုခေတ်မှာ မိန်းမတို့အတွက် ရှေးပညာရှိများ သတ်မှတ်ထားတဲ့ ကောင်းခြင်းငါးဖြာ ရှိနေတယ်ဆိုတာ သူတို့ သိမှ မသိဘဲလေ။ ဒါကြောင့် လှသည်ထက်လှအောင် လေ့ကျင့်ခန်းတွေ အမျိုးမျိုးကို ဆရာက သင်ပြပေးတဲ့ဆီမှာ သူတို့ ချဉ်းကပ် သင်ယူကြတာပဲ ဖြစ်မှာပေါ့။ သမီးငယ် ရုပ်တေးက အရပ်ကလေး နည်းနည်းပုတော့ လေ့ကျင့်ခန်းလုပ်ဖို့ သင့်တာပေါ့။ "ဣတ္ထိယရုပ်၊ ခန့်၊ မိန်းမတို့၏ ဥစ္စာသည် အဆင်း" ရယ်လို့ လောကနီတိဆရာက ပြဆိုထားတာလဲ ရှိသားပဲ။ မိန်းမဆိုတာ ဘယ်မိန်းမမှ မလှချင်တာ မရှိဘူး။ ဟိုဘက်တိုက်က ရုံးဝန်ထောက် ကတော် သန်းသန်းစုတောင်မှ ကလေးသုံးယောက်အမေ ဖြစ်တာ တောင် အရွယ်တင်အောင်လို့ အိမ်မှာပဲ သူတတ်သမျှ သူ့ဟာသူ လေ့ကျင့်တယ်လေ။ ညစာကို ဝအောင် မစားဘူး။ ညအိပ်ရင် မှောက်အိပ်လေ့ရှိတယ်၊ ဗိုက်ခေါက်ထွက်မှာစိုးလို့တဲ့၊ ဗိုက်ကလေး

ရုပ်နေမှ တဘီဝတ်လို့လဲ လှတယ်၊ ရင်ရော၊ တင်ရောပေါ်တယ်လို့ ဆိုတာပဲ။ အင်--သူ့ဟာနှင့်သူတော့လဲ ဟုတ်လို့ပဲ၊ မိန်းမက ဆင်ပြင်ဝတ်စားပြီး ထွက်လာရင် အပျိုရုပ်အတိုင်းပဲလေ။ သူက လှကို လှချင်လို့လား၊ ဒါမှမဟုတ် မလှရင်၊ အလှမပြင်ဘဲနေရင် အချင်းချင်း ငြိုးငွေ့သွားမှာ စိုးလို့ပဲလား၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ အလှမပျက်ဖို့ ထမင်းလျှော့စားရတာကတော့ မဟန်ပါဘူးဟယ်"ဟု တွေးနေမိသည်။

မီးဖိုဆောင်မှ ပန်းကန်ခွက်ယောက် သိမ်းဆည်းနေသံများ ကြားရပြီးနောက် သမီးများ အိမ်ရှေ့ကို ထွက်လာကြသည်။

"ကိုယ်လက်လှုပ်ရှားလို့ ထင်ပါရဲ့၊ ထမင်းစားလို့ မြိန် လိုက်တာ၊ မနည်း ထယူရတယ်"ဟု သမီးခင်ကြီးက ပြောလေသည်။ အမေက "မြိန်မှာပေါ့အေ့၊ အဆာလဲ လွန်နေတာကို၊ သမီးတို့ခေတ်ကျ မှပဲ၊ ကိုယ်ကာယအလှဖြစ်ဖို့ လေ့ကျင့်ခန်း လုပ်နေကြတာ။ ဒါဖြင့် ပိုက်ဆံမတတ်နိုင်တဲ့ လူဆိုရင် မလှရတော့ဘူးပေါ့၊ ဟုတ်လား"ဟု အမေက မေးသည်။ ရုပ်တေးက "ပိုက်ဆံမရှိလဲ လှအောင်တော့ လုပ်နေကြတာပဲ၊ လှအောင်လို့၊ ရင်အတုတွေ၊ တင်အတုတွေ၊ ဆံပင်အတုတွေ လုပ်နေကြတာ၊ ငွေတော့ ကုန်တာပေါ့ အမေရဲ့ ၊ မလှလို့လဲ ဘယ်ကောင်းပါ့မလဲ"ဟု ပြန်ပြောရာ အမေက "မိန်းမတို့ရဲ့ ဥစ္စာဟာ အဆင်း"လို့ ဆိုတာသိပ်မှန်တာပဲ။ အဆင်းဆိုတာမှာ ကောင်းခြင်းငါးဖြာ ပြည့်စုံရင် ပိုကောင်းတာပေါ့။ သမီးတို့က စာမှ မဖတ်ကြတာ၊ ငါ့သမီးတွေ ကိုယ့်ကိုယ်ကို ပြန်ကြည့်ပေါ့၊ အဲဒီ အဆင်းကောင်းခြင်း ငါးဖြာဆိုတာဟာ–

၁။ အသားအရေပြည့်ဖြိုးခြင်း။

၂။ အရေအဆင်း ချောမွေ့ခြင်း။

၃။ အရိုးအဆစ်ပြေပြစ်ခြင်း၊

၄။ ဆံပင်ကောင်းခြင်း၊

၅။ အရွယ်၏ နုပျိုခြင်း၊ အရွယ်တင်ခြင်း

ရယ်လို့ ငါးပါးရှိတယ်။ အဲဒီငါးမျိုးပြည့်စုံရင် မိန်းမချော မိန်းမလှပဲပေါ့ကွဲ့။ ဘုရားလက်ထက်က ကျောင်းအစ်မကြီး ဝိသာခါ ဟာ တစ်ဆယ့်ခြောက် နှစ်သမီးအရွယ်မှာ ရေသဘင်ပွဲ ဆင်နွှဲတုန်း မိုးကလဲ ရွာချလိုက်တော့ တစ်ကိုယ်လုံး စိုရွှဲပြီး ကိုယ်လုံးပေါ် အလှ ပေါ်လာတယ်။ ကောင်းခြင်းငါးဖြာလဲ ပြည့်စုံတယ်။ ဒါပေမယ့် သာဝတ္ထိပြည်က မိဂါရဆိုတဲ့ သူဌေးက သူ့သားအတွက် သတို့သမီး ရှာရာမှာ ရွှေပန်းခိုင်လုပ်ပြီး ကောင်းခြင်းငါးဖြာ ပြည့်စုံတဲ့ သတို့သမီး ရှာစေသတဲ့။ သူဌေးရဲ့ လူယုံတော်များက ရေထဲက တက်လာတဲ့ အပျိုလေး ဝိသာခါကို မြင်ရလို့ ဒီမိန်းကလေးဟာဖြင့် ကောင်းခြင်း ငါးဖြာ ပြည့်စုံပုံပဲ။ တစ်ခုပဲ ကျန်တော့တယ်လို့ တွေးပြီး ဝိသာခါကို စပြီး နှုတ်ဆက်လိုက်တယ်။ ဝိသာခါကလဲ ပြုံးရယ်ပြီး ပြန်နှုတ်ဆက် တော့ သူ့ရဲ့ ညီညာတောက်ပတဲ့ သွားကလေးတွေ ပေါ်လာတာကို မြင်ရတာပေါ့။ ဒီတော့မှ သူဌေးရဲ့ လူယုံတော်တို့က အကျိုးအကြောင်း တွေ ရှင်းပြပြီး ခွင့်တောင်းတော့ ဝိသာခါကလဲ မိဂါရသူဌေးရဲ့ သားကို ကြင်ဘက်အဖြစ်ရွေးဖို့ သဘောတူပြီး သူတို့ပေးတဲ့ မင်္ဂလာ ရွှေပန်းခိုင်ကို လက်ခံယူလိုက်သတဲ့။ အဲဒီ ဝိသာခါ တစ်ဆယ့်ခြောက်နှစ် ရှိတဲ့ သူဌေးသမီးဟာ သူ့ရဲ့ အလှငါးပါးကြောင့် ကောသလမင်းကြီး ကိုယ်တိုင် ရှေ့ဆောင်ပြီး သူ့မိဘတွေဆီမှာ သမီးတောင်း လာရသတဲ့။ မိန်းမတို့ရဲ့ ဥစ္စာဟာ အဆင်းဆိုတာ မှန်တာပေါ့၊ သမီးတို့လဲ အေရိုးဗစ်သာ လုပ်နေကြတာ၊ သွားလှအောင်လဲ ပြုပြင်ကြဦး၊ သွားကို အထူးဂရုစိုက်ကြ၊ "သွားကလေးက ပုလဲသွယ်" ဆိုတဲ့ သီချင်း ကြားဖူးကြတယ် မဟုတ်လား။

ဤကဲ့သို့ အမေနှင့် သမီးများသည် ညီအစ်မများပမာ တန်းတူရည်တူ ပြောဆိုနေလေ့ ရှိသည်။

အမေက ဆက်ပြီး “ဒါပေမယ့်လို့အေ၊ ကိုယ့်အလှ ဘယ်လောက်ပဲ လှလှ၊ မာနတော့ မကြီးကြနှင့်၊ လူမုန်းခံရတတ်တယ်၊ အလှကို မြတ်နိုးတဲ့ ယောကျ်ားနှင့်တွေ့ရင် ကံကောင်းပါရဲ့။ အလှကို မမြတ်နိုးဘဲ ဟန်ဆောင်ပြီး မာနကို ချိုးတတ်တဲ့ ယောကျ်ားနှင့်တွေ့ရင် တစ်သက်တာ ဆင်းရဲရတတ်တယ်၊ ပထမတော့ ဒူးထောက်ပြီး တောင်းဆိုတယ်၊ နောက် ရလာတဲ့အခါကျတော့ ချနင်းခံရတတ်တယ်၊ အလှကို တကယ်မြတ်နိုးပြီး ယုယကြင်နာတဲ့ ယောကျ်ားကောင်း ယောကျ်ားမြတ်၊ ကြည်ညိုစရာ ကောင်းတာကို စာတွေထဲမှာ တွေ့ရတော့ အားရစရာ ကောင်းလာတယ်--ဟု စကားတန်းရှည်ကြီး ပြောနေလေရာ ရုပ်တေးက “အမေကလဲ၊ အလှပြင်တာနှင့်ပဲ ယောကျ်ားအကြောင်းတွေ ပြောနေတာပဲ၊ ဘာဆိုင်လို့လဲ အမေရဲ့.”ဟု ဖြတ်မေးသည်။

အမေက “ဟဲ့--မိန်းမကို တကယ်မြတ်နိုးတဲ့ ယောကျ်ားမျိုး ကို ငါ့သမီးအလှလေးတွေ ရစေချင်လို့ ပြောနေမိတာပါ၊ အမေကတော့ စာတွေ ဖတ်ရတော့ မိန်းမလှလေးတွေအတွက် မြတ်နိုးယုယ၊ ချစ်ခင်ကြင်နာတဲ့ လင်သားကောင်း ရစေချင်တဲ့ ဆန္ဒ ရှိလို့ပါကွယ်၊ မိန်းမကို လှလွန်းလို့ ချစ်ရုံမျှမက ဘဝသံသရာမှာ တစ်လောကလုံး ချမ်းသာစေချင်တဲ့ လင်ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ဆိုတာ ဘုရားရှင်လက်ထက်မှာမှ ရှိခဲ့တာ၊ သမီးတို့ နားထောင်ကြ၊ သမီးတို့က စာဖတ်ဖျင်းကြတော့ အမေက သိပ်ပြောချင်တာ၊ ပုံပြင်မဟုတ်ဘူးနော်၊ ဘုရားလက်ထက်အခါက တကယ့်ဖြစ်ရပ်။ သမီးတို့လို လှတာမျိုး ဘယ်ဟုတ်ပါ့မလဲ၊ အဆ ရာထောင်မက ပိုပြီးလှတဲ့ လှအောင်ပဲ

လုပ်နေတဲ့ အလှရဲ့ မာနရှင်၊ ခေမာမိဖုရားကြီးဆိုတာ ရှိခဲ့ဖူးတယ်”

“မိဖုရားဆိုတော့လဲ လှအောင် လုပ်နေမှာပေါ့ အမေရယ်၊ ဒါ မဆန်းပါဘူး”ဟု ခင်လတ်က ဝင်ပြောသည်။

အမေက လှအောင်လုပ်လို့ချည်း လှနေတာ မဟုတ်ဘူးကွဲ့။ သူဟာ “မေဘရဏီလို၊ ငွေပန်းချီတောင် လက်မှိုင်ကျရသကိုး”ဆိုတဲ့ သီချင်းလို တကယ့်ပင်ကိုယ် အလှရှင်ပဲ။ လှရတာနှင့်လဲ မကျေနပ်နေဘူး၊ သူ့မှာ အလှပြင်ပေးဖို့ ခြွေရံတော်တွေကလဲ အလှည့်ကျစောင့်ကြရတယ်၊ နံ့သာရေကိုမှ ချိုးတာ၊ နံ့သာနံ့ ထုံနေတဲ့ အဝတ်နှင့်မှ ကိုယ်ရေသုတ်တာ၊ ကော်ဇောပေါ်မှာ နင်းရလို့ ခြေဖဝါးတော်လေးတွေကလဲ နုလို့၊ ခြေသဲလေးတွေကို တစ်ချောင်းစီ တိုက်ချွတ်ပြီး သူကြိုက်ရာ ဆေးရောင်ချယ်ပေးရတယ်၊ ဝတ်လဲတော်ဆိုလဲ သူ့ဟာသူ ဘယ်ယူဝတ်ပါ့မလဲ၊ နံ့သာတော် တစ်ကိုယ်လုံးလိမ်းပြီး ယပ်ခတ်ပေးသူက ခပ်ရတယ်၊ ရံရွေဖော်တွေကတော့ ခေမာမိဖုရားကြီးရဲ့ အတွင်းအပြင် အလှတွေကို နေ့စဉ် တွေ့မြင်နေရတာပဲ။ သားသမီး မမွေးတော့လဲ သူ့မှာ မိမွေးတိုင်း အလှမပျက်ဘူးလေ။ အဲဒီခေတ်က အရေးဇစ်ဆိုတာ ကြားမှ မကြားဘူးတာပဲ။

“အဲဒီလို ခြွေရံတွေနှင့် နေချင်လိုက်တာ အမေရယ်” ရုပ်တေးက လိုချင်ဆန္ဒ ဖြစ်လာ၍ အမေ့ကို ပူဆာသလို ပြောရာ အစ်မခင်ကြီးက “ငါ့ညီမက ရှင်ဘုရင်ကတော် စော်နံနေပြီ၊ အလှပြင်၊ ဆက်သာပြင်”ဟု ရယ်မော၍ ဝင်ပြောသည်။ အမေက ဆက်လက်ပြီး “အေး--ရှင်ဘုရင်က တော်ဖြစ်ရင်တော့ အလှတွေ ပြင်ပြီး မာနမကြီးနှင့်၊ ချစ်မြတ်နိုးတဲ့ ရှင်ဘုရင်နှင့်တွေ့ရင် ကောင်းတာပေါ့၊ အမေဆိုလိုတာက အလှရှိရင် မာနမရှိကြစေ ချင်တာပါပဲ”

ခုန အမေပြောနေတဲ့ ခေမာမိဖုရားကြီးရဲ့ အကြောင်း ဆက်ပြောပါဦးအမေ၊ မာနကြီးပြီး ဘာဖြစ်သွားတာလဲဟု သမီးအကြီး ခင်ကြီးက စိတ်ဝင်စားကာ မေးလေ၏။

အမေက အဲဒီ အလှမာနရှင် ခေမာမိဖုရားဟာ နယ်နယ်ရရ တော့ မဟုတ်ဘူး၊ ကမ္ဘာအဆက်ဆက်မှာ ပွင့်တော်မူခဲ့တဲ့ ဘုရား ငါးဆူကို ဖူးတွေ့ပြီး ဗျာဒိတ်ရခဲ့တဲ့ မဟာပညာ ဧတဒဂ်ရ ရဟန္တာ အရှင်မကြီး ဖြစ်လာမည့်သူပဲ။ ဘဝသံသရာ တစ်လျှောက်လုံး ကျင်လည်ခဲ့ရာမှ တစ်ခါမျှ နိမ့်ကျတဲ့ ဘဝနှင့် မဆင်းရဲဖူးဘူး။

ပဒုမုတ္တရာဘုရားရှင် လက်ထက်မှာ စပြီး လယ်သူမလေးဘဝနှင့် ဆံပင်ကို ဖြတ်လှူပြီး မဟာပညာဧတဒဂ်ဆုကို ပန်ခဲ့တာ ဘုရားရှင်ကလဲ "ဒကာတော်မ အလိုရှိတဲ့ ဆုဟာ နောင်ဂေါတမဘုရားလက်ထက်မှာမှ ရပါလိမ့်မယ်"ရယ်လို့ ဗျာဒိတ်တော်ပေးခဲ့တယ်။ သူဟာ တောင်းခဲ့တဲ့ ဆု ပြည့်ချင်လွန်းလို့ နောင်ဖြစ်လေရာ ဘဝတွေမှာ ကောင်းမှုတွေ ပြုနေတာပဲ။

နောက် ဝိပဿီမြတ်စွာဘုရား လက်ထပ်တော်ကျတော့လဲ ကောင်းမှုကုသိုလ်တွေ အဆက်မပြတ် ပြုတဲ့အပြင် ရဟန်းမဘဝကို ခံယူခဲ့ပြန်သတဲ့။

နောက်သံသရာ ဘဝများစွာလည်ရင်းနှင့်ပဲ ကောဏဂုံ ဘုရားလက်ထက်မှာ ကြုံရပြန်ရော။ အဲဒီဘဝမှာတော့ ညီအစ်မ သုံးယောက်အနက် အကြီးဆုံးအဖြစ်နှင့် ဘုရားသာသနာတော် အကျိုး ကို တော်တော်လှူဒါန်းဆောင်ရွက်ခဲ့ရတယ်။ အဲဒီဘဝကနေပြီး ဘဝများစွာ ဆက်ခဲ့ရာမှာ တစ်ခါမျှ မဆင်းရဲခဲ့ဖူးဘူး။ နတ်ပြည်မှာ ဖြစ်ရင် နတ်မိဖုရား၊ လူ့ပြည်မှာဖြစ်ရင် ဘုရင်မိဖုရား၊ သူဌေးကတော် စသည်ဖြင့် အဆင့်မြင့်မြင့် ဘဝတွေမှာ ဖြစ်ရပြီး ကုသိုလ်မှုတွေလဲ

အမျိုးမျိုး ဆောင်ရွက်ခဲ့ရတယ်၊ ဘဝအဆက်ဆက် သံသရာလည်ခဲ့ပြီး ကဿပဘုရားလက်ထက်တော်မှာ ဘုရားရှင်ကို ဖူးခွင့်ကြုံရပြန်တယ်။ အဲဒီမှာ ညီအစ်မခုနစ်ယောက်အနက် သူက အကြီးဆုံးပေါ့၊ ဘုရားဆီမှာ ရဟန်းပြုချင်လွန်းလို့ ညီအစ်မတွေက မိဘဆီမှာ ခွင့်တောင်းကြတယ်။ ခွင့်မရဘူး။ ဒါပေမယ့် အဲဒီ ကဿပဘုရားလက်ထက်မှာ အသက် နှစ်သောင်းရှည်တဲ့ခေတ်ပေါ့။ ညီအစ်မခုနစ်ယောက်လုံးဟာ ရဟန်းပြု ခွင့် မရတော့ ရဟန်းမပြုရပေမယ့် ယောက်ျားမယူကြဘဲ ဗြဟ္မစရိယ အကျင့်မြတ်ကို ကျင့်သုံးပြီး ကုသိုလ်တွေသာ ပြုနေခဲ့ကြတာပါပဲ။ အနှစ် နှစ်သောင်း ကာလပတ်လုံး ရာဂတဏှာကင်းစွာ မွန်မြတ်တဲ့ အကျင့်ကို ကျင့်နိုင်ခဲ့တယ်။

အဲဒီကမှ ဘဝများစွာ ဆက်လက်ကျင်လည်ပြီး ဂေါတမ မြတ်စွာ ဘုရားပွင့်တော်မူတဲ့အခါမှာ မဋ္ဌိမဒေသ သာဂလပြည်၊ မဒ္ဒရာဇ်မင်းကြီးရဲ့ သမီးတော် လာဖြစ်ရတယ်။ မင်းသမီးလေးကို ဖွားစဉ်အခါမှာ သာဂလပြည်သူပြည်သားတို့မှာ စွဲကပ်နေတဲ့ ရောဂါ မှန်သမျှ ပျောက်ကင်းကုန်ကြသတဲ့။ ဒါကြောင့် မင်းသမီးလေးကို “ခေမာ”လို့ အမည်မှည့်သတဲ့။

မင်းသမီး ခေမာဟာ အရွယ်ရောက်လာတော့ ကောင်းခြင်း ငါးဖြာ ပြည့်စုံပြီး မယှဉ်သာအောင် ရုပ်အဆင်း လှပလွန်းလို့ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းနှင့် ဆောင်နှင်းပြီး အဂ္ဂမဟေသီ မိဖုရားကြီး ဖြစ်တော်မူသွားတယ်။

အဲဒီအခါမှာ ဂေါတမမြတ်စွာဘုရားဟာ ရာဇဂြိုဟ်ပြည်ကို ကြွတော်မူလာပြီး သုံးလေးဝါတိုင်အောင် သီတင်းသုံးနေတော်မူသတဲ့။ အဲဒီ သုံးလေးဝါအတွင်းမှာ မြတ်စွာဘုရားက လူနတ်ဗြဟ္မာတို့ကို အဆင်းရုပရဲ့ အပြစ်ရှိတာကို တရားဟောလေ့ ရှိသတဲ့။

အဲဒီသတင်းကို ခေမာမိဖုရားကြီး ကြားသိတော်မူတဲ့အခါ ရုပ်အဆင်း လှပလို့ မာနတက်နေတဲ့အတွက် ငါသွားရင် ဘုရားက ငါ့အဆင်းကို အပြစ်ဆိုပြီး တရားဟောဦးမှာပဲ၊ ဒါကြောင့် မသွားဘူးဆိုပြီး ဘုရင်ကိုယ်တော်တိုင် ဝေဠုဝန်ကျောင်းတော်ကို သွားပေမယ့် ခေမာမိဖုရားကြီးက မာနမာန်အရှိန်နှင့် တစ်ခါမျှ လိုက်မသွားဘူး၊ ဒီလိုပဲ ဘုရင်တစ်ပါးတည်းသာ ဘုရားရှင်ဆီ သွားနေရတော့ ဗိမ္ဗိသာရမင်းကြီးက ငါကိုယ်တော်တစ်ယောက်တည်း သွားနေလို့တော့ မသင့်လေဘူး၊ တောင်ညာစံမဟေသီ မိဖုရားခေါင်ကြီး မပါဘဲ သွားနေတာဟာ အမြင်အားဖြင့် မတင့်တယ်ဘူး၊ လာခဲ့ဖို့ မင်းမိန့်ချရမယ်ဆိုရင်လဲ မကောင်းပါဘူးလို့ ခေမာမိဖုရားကြီး ဝေဠုဝန်ကျောင်းသို့ လိုက်လာဖို့ရာ ကြံစည်စိတ်ကူးနေရတာပေါ့။ နောက်တော့မှ မင်းကြီးက ဝေဠုပန်ဥယျာဉ်ရဲ့ အလှကို ချီးကျူး ;တဲ့ တေးသီချင်းကို စာရေးတော်တို့ဆီမှာ ရေးခိုင်းပြီး ဂီတနှင့် တွဲဖက်ကာ နေ့စဉ် သီဆိုဖျော်ဖြေခိုင်းထားတယ်။

ခေမာမိဖုရားကြီးလဲ ဖျော်ဖြေတဲ့ တေးဂီတတွေထဲမှာ အင်မတန် လှပသာယာတဲ့ ဝေဠုဝန်ရဲ့ ရုပ်ပုံကို စိတ်ထဲမှာ မြင်ယောင်လာတယ်။ အရင်ကလဲ သွားဖူးခဲ့ပါရဲ့၊ အခုဘုရားရှင်ရောက်လာကာမှ ငါမသွားပဲ နေရတာ၊ ခုဆိုပိုပြီး သာယာနေပါကလား၊ ဝေဠုဝန် ဥယျာဉ်ကို သွားရတော့မှာပဲ။ ဘုရားဆွမ်းခံကြွချိန်လောက် မနက်စောစောမှာ သွားမှပဲ"လို့ စိတ်အကြံနှင့် နောက်တစ်နေ့မနက်မှာ မိဖုရားကြီး တစ်ပါးတဲ ခြွေရံမောင်းမတွေနှင့် ပြင်ဆင်ကြတယ်။

ဒါကို ဗိမ္ဗိသာရမင်းကြီးကသိတော့ အစောင့်အကြပ်တွေကို မှာလိုက်တယ်။ မိဖုရားကြီးဟာ ဥယျာဉ်ထဲမှာ လျှောက်ပြီး ကြည်နူး ပျော်ပါးနေပေမယ့် မြတ်စွာဘုရားရဲ့ ကျောင်းတော်ကို ဝင်မှ ဖြစ်မယ်။

---

မဝင်ဘဲ ပြန်လာရင်တော့ မင်းပြစ်ဒဏ်သင့်ရလိမ့်မယ်”လို့ မှာလိုက်သတဲ့။

“မိဖုရားကြီးက ဥယျာဉ်ထဲရောက်မှတော့ ဝင်မှာပေါ့၊ ဘာဖြစ်လို့ ဒီလို မှာရတာလဲ အမေရယ်”ဟု သမီးလတ် ခင်လတ်က မေးသည်။

အဲဒီလို မှာလိုက်တာက မင်းရဲ့ ပရိယာယ်ပဲပေါ့ သမီးရဲ့၊ ဘုရားရှိတဲ့ ဂန္ဓာကုဋိကို မဝင်ဘဲ ပြန်လာမှာစိုးလို့ ဝင်ဖြစ်အောင် မှာရတာပါ။ ခေမာမိဖုရားကို အင်မတန်မှ မြတ်နိုးတော်မူတာပဲ။ ဘယ်မှာ အပြစ်ပေးနိုင်ပါ့မလဲကွယ်။

အဲ--မှာလိုက်တဲ့ အတိုင်းပဲ ခေမာမိဖုရားကြီးဟာ ဥယျာဉ်တော်မှာ လှည့်လည်ပျော်ပါးပြီး ရွှေနန်းတော်ကို ပြန်တော့မယ်လုပ်တော့ ရံရွေဖော်အစောင့်အကြပ်တို့က “အရှင်မိဖုရားကြီး၊ မြတ်စွာဘုရားရှိရာ ဂန္ဓကုဋိကိုလဲ ဝင်ကြည့်ပါဦး၊ ဒါမှလဲ လျှောက်လည်ရတာ ပြည့်စုံတော့မှာပေါ့၊ ဝင်မကြည့်ဘဲ ပြန်ရင်တော့ အရှင်မင်းကြီးက အမျက်တော်ရှပါလိမ့်မယ်”လို့ ပြောကြသတဲ့။

ဒါကြောင့် ခေမာမိဖုရားကြီးဟာ “မဟာဂန္ဓကုဋိထဲမှာ ဘုရားရှိဦးမှာ မဟုတ်ဘူး၊ ငါဝင်ကြည့်ရမှာပေါ့”လို့ စဉ်းစားပြီး ကျောင်းတော်ထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ မြတ်စွာဘုရားရှင် ထိုင်နေတော် မူတာကို ဖူးတွေ့ရတယ်။ ဘုရားရဲ့ ရှေ့မှာလဲ အတုမရှိ နုနယ်လှပတဲ့ မိန်းမပျိုလှလှလေးတစ်ယောက်က ဘုရားရှင်ကို သားမြီးယပ်နှင့် ခတ်ပေးနေတာ တွေ့ရတယ်။ အဲဒီလို တွေ့ရတော့ ခေမာမိဖုရားဟာ အံ့အားသင့်ပြီး “တယ်လဲ ချောလှပါကလား၊ နုနယ်လှပါကလား၊ ငါ့ထက် အဆများစွာ သာအောင်ကို လှနေတာပဲ” လို့ သူ့ရင်ထဲမှာ တွေးမိတာနှင့် သူ့ကိုယ်သူ လောကမှာ ငါသာလျှင်

အလှဆုံးဆိုတဲ့ မာနဟာ တစ်ခါတည်း လျှော့ကျပျောက်ကွယ်သွား ရသတဲ့။

"ဘုရားရှင်က ဖန်ဆင်းထားတာ ဆိုတော့လဲ သိပ်လှမှာ ပေါ့နော်၊ အမေ"ဟု ခင်လတ်က ပြောရာ အမေက "အေးပေါ့၊ အဲဒါလောက်လှတဲ့ မိန်းကလေးဟာ ခေမာမိဖုရားရဲ့ မျက်စိရှေ့မှာ ကြည့်လို့မဝနိုင် ဖြစ်နေတုန်းမှာပဲ၊ အဲဒီမိန်းမချောလေးဟာ ကြည့်ရင်း ကြည့်ရင်း ရင့်ရော်အိုမင်းလာပြီး မကျန်းမာတဲ့ အဘွားအိုကြီး သဏ္ဍာန်နှင့် အမောဖောက်လာပြီး သေဆုံးသွားရှာတာကို မြင်တွေ့ရ တော့တယ်။

ခေမာမိဖုရားကြီးဟာ နဂိုက ဗျာဒိတ်ရ ပါရမီရှင်ကြီးလဲ ဖြစ်တာမို့၊ "သြော်--ခတ်လေးပါး စုဝေးပြီး ဖြစ်ရတဲ့ ခန္ဓာဟာ ဒီလိုပါပဲကလား"ရယ်လို့ ချက်ချင်းမှာပဲ ဓမ္မသံဝေဂစိတ် ဖြစ်ပေါ်လာ သတဲ့။

အဲဒီအခါမှာ မြတ်စွာဘုရားက မာနခွာကျတာ သိတော်မူလို့ မဟာနိဒါန သုတ္တန်တရားတော်ကို ဟောကြားတော်မူတယ်။ ခေမာ မိဖုရားဟာ အတိတ်က ကဿပဘုရားရှင် လက်ထက်တော်က ဗြဟ္မစရိယအကျင့်နှင့် နှစ်ပေါင်းနှစ်သောင်း နေခဲ့ပြီး ဘုရားရှင် ဟောတော်မူတဲ့ မဟာနိဒါန သုတ္တန်ကို နာယူလို့ အားမရနိုင်ဘဲ နှုတ်လွတ်ကျက်ပြီး ရွတ်ဆိုလေ့ ရှိခဲ့တော့ ခု ဂေါတမဘုရားရှင်က မဟာနိဒါန သုတ္တန်ကိုလဲ ဟောတော်မူလိုက်ရော ဘဝအဆက်ဆက်က အခြေခံအရ တစ်ထိုင်တည်းမှာ ဝတ်ကြောင်ဝတ်လျက်နှင့်ပင် ရဟန္တာ အရှင်မ ဖြစ်တော်မူသတဲ့။

"ရဟန္တာဖြစ်တာကလဲ မြန်လိုက်တာ အမေရယ်" သမီးကြီး ခင်ကြီးက အံ့သြစွာ ပြောရာ "တာကပဒုမုတ္တရ ဘုရားရှင်လက်ထကမှာ

ဗျာဒိတ်ရခဲ့ပြီးတဲ့နောက် သူနောက်ထပ်ဖူးတွေ့ရတဲ့ ဘုရားရှင်များဆီမှာလဲ အနှစ်နှစ်သောင်း သက်တမ်းကာလကြီးမှာ ဗြဟ္မစရိယကျင့်သုံးပြီး၊ မဟာနိဒါသုတ္တန်ဒေသနာတော်ကို နှုတ်တက်အရ ကျက်ပြီး လူတွေကို တဆင့်ဟောပြခဲ့ဖူးတဲ့ ကုသိုလ်ကြောင့် နောက်ဆုံးဖူးတွေ့ရတဲ့ ဂေါတမရှင်တော်ဘုရားထံမှာ ကျတော့ ဖြည့်ခဲ့တဲ့ ပါရမီတွေက ရင့်ကျက်ပြီးဖြစ်လို့ တစ်နေ့ထဲမှာပဲ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရသွားတာပေါ့။

ခေမာမိဖုရားကြီးဟာ အရင်က သူ့ရဲ့ အလှမာနကြောင့် မြတ်စွာဘုရားအပေါ်မှာ အလှကို အပြစ်ရှာပြီး တရားဟောတာကို မကျေနပ်လို့ ဝေဠုဝန်ကို မလာနိုင်ခဲ့တာကို မြတ်စွာဘုရားထံမှာ ရှိခိုးကန်တော့ပြီး "အရှင်ဘုရား တပည့်တော် မလာရောက်ခဲ့ရတာကို ခွင့်လွှတ်ပါဘုရား၊ အလှကို ခုံမင်တဲ့ အမိုက်မဖြစ်ခဲ့ရပါတယ်ဘုရား" လို့ ဝန်ခံပြီး တောင်းပန်တယ်။ မြတ်စွာဘုရားကတော့ ခွင့်လွှတ်ပြီးသားပဲပေါ့။

ခေမာမိဖုရားကြီးဟာ လူဝတ်ကြောင်နှင့်ပင် ရဟန္တာအရှင်မ ဖြစ်ခဲ့တော့ရာ ထိုနေ့မှာ ရဟန်းဝတ်သော်ဂတ်၊ မဝတ်ပါက ပရိနိဗ္ဗာန်ပြုရအံ့လို့ ဆင်ခြင်သိရှိလေတော့ ချက်ချင်းပင် ရွှေနန်းတော်သို့ ပြန်ပြီး ဗိမ္ဗိသာရမင်းကြီးကို "အသင်မင်းကြီး၊ ဝေဠုဝန်ကျောင်းတော်ရှိ မြတ်စွာဘုရားထံမှာ တရားနာခဲ့ရတာ၊ အသင်မင်းကြီးလို မဟုတ်ပါဘုရား၊ ယခုပင် အရဟတ္တဖိုလ် ရခဲ့ပြီဖြစ်လို့ ရဟန်းပြုခွင့် ပေးတော်မူပါလို့ ခွင့်တောင်းလေတော့တယ်။

ဗိမ္ဗိသာရမင်းကြီးကလည်း ခေမာမိဖုရားကို မြင်လိုက်တာနှင့်ပင် သိရှိပြီးဖြစ်လို့ သူ့အား ရတနာရွှေထမ်းစင်ထက် တင်ကာ လက်စုံယှက်ပြီး ဘုရားကျောင်းတော်သို့ ချက်ချင်းပို့လေသတဲ့။

---

ရွှေတံတားစာပေ

ခမ်းနားစွာ ရဟန်းပြုပွဲမှာ ဘိက္ခုနီတစ်ထောင်ရှေ့တွင် ဖြစ်လို့ ကြည်ညိုစရာကြီးပေါ့ကွယ်။ နောက်မကြာခင်မှာပဲ "ခေမာထေရီ အရှင်မကြီးဟာ ပညာအရာမှာ သူတကာထက် သာလွန်လေဘော့ မြတ်စွာဘုရားက ပရိသတ်အလယ်မှာ ခေမာထေရီ"ကို မဟာပညာ ဧတဒဂ်ဘွဲ့ထူး ချီးမြှင့်တော်မူသတဲ့။

(ဓမ္မပဒဝတ္ထုတော်)

* * *

ရွှေတံတားစာပေ

# စကားပြောလာမထောင်ရ

လူ့လောက၌ နာမကျန်းဖြစ်သူတို့အား ရောဂါမှ သက်သာစေရေး၊ သေဘေးမှ ကင်းလွတ်စေရေးတို့အတွက် ဆေးကုသဖို့ရာ ဆေးဆရာလောင်းတို့သည် နှစ်ရှည်လများစွာ ဆေးပညာအတတ်ကို သင်ယူကြရသည်။ ဆေးဆရာ ဖြစ်ပြီဆိုပါက တစ်စုံတစ်ယောက်သောသူကို ဆေးကုရာ၌ မှန်မြတ်သော စေတနာအရင်းခံထားရှိနိုင်ရပေမည်။ ထိုလူနာသည် ရန်သူဖြစ်စေ၊ လူဆိုးလူယုတ်မာပင် ဖြစ်စေ၊ မိမိအား ကျေးဇူးကန်းသူပင် ဖြစ်စေကာမူ မိမိ၏ စေတနာက ထိုသူ၏ ရောဂါသက်သာဖို့ရာ မေတ္တာရှေ့ရှုရန်သာ ရှိပေသည်။ လူနာထံမှ ကျေးဇူးတင်ခံရခြင်း၊ ကုသခ ရယူရခြင်းတို့ မရှိသည့်တိုင်အောင် မိမိ၏ ကုရာ စေတနာမှန်သည် မပျက်စေကောင်း၊ စေတနာသုံးတန်အရည် ဆေးဆရာတို့၏ မေတ္တာသမာဓိခိုင်မြဲဖို့သာ ရှိပါသည်။ သို့မှသာ လောကသံသရာအကျိုးငှာ မြတ်သော ကုသိုလ်ရှင် ဆေးဆရာ ဖြစ်ရပေလိမ့်မည်။

ထိုအကြောင်းကို ဖတ်ရှုမိရာမှ တစ်ချိန်သောအခါက ဆေးဆရာကြီးတစ်ယောက်၏ ကုသမှုအစွမ်းထက်ပုံနှင့် စေတနာမေတ္တာသမာဓိ မခိုင်မြဲပုံတို့ ယှဉ်တွဲနေသောကြောင့် ဘဝသံသရာတွင် အကျိုးပေးမှု မအောင်မြင်ရသည်ကို တွေးလာမိလေသည်။

---

**ရွှေတံကားစာပေ**

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်မှ ဆေးဆရာတစ်ယောက်သည် ရွာကြီးရွာငယ်အနှံ့လှည့်၍ ဆေးကုသရာ မျက်စိအလင်းမရ အားနည်းလှသော ဒုက္ခသည်မိန်းမတစ်ယောက်ကို တွေ့ရလေ၏။ ဆေးဆရာက "မင်းမျက်စိမြင်လာအောင် ငါဆေးကုပေးမယ်၊ ကုသခ ဘယ်လောက်ပေးနိုင်သလဲ"ဟု မေးလေ၏။ မျက်စိအလင်းမရသော ထိုမိန်းမက "ကျွန်မ မျက်စိမြင်အောင်သာ ကုပါဆရာ၊ ဆေးကုခအဖြစ် ကြေးငွေ မဟုတ်ပါ။ ကျွန်မတို့ မိသားစုအားလုံး ဆရာ့ထံမှာ ကျွန်အဖြစ် လုပ်ကျွေးပါ့မယ်"ဟု ကတိပြုလေ၏။

ဆရာ၏ ဆေးသည် အစွမ်းထက်သဖြင့် မျက်စိကို မျက်စဉ်းတစ်ခါခပ်ရုံဖြင့် ပြန်မြင်လာ၏။ ထိုမိန်းမသည် ကျေးဇူးမှန်းမသိ၊ မျက်စိမြင်လာပါက မိသားစုများ ဆေးဆရာ့ထံမှ ကျွန်ခံရတော့မည်ကို ကြောက်သဖြင့် ဆရာ့အား "ကျွန်မရဲ့ မျက်စိမမြင်ရသေးပါ" ဟု လိမ်၍ ပြော၏။ ဆေးဆရာက သူ့ဆေးအကြောင်းကို သိပြီးဖြစ်၍ ထိုမိန်းမသည် မျက်စိမြင်ပါလျက်နှင့် မိသားစုကျွန်ခံဖို့ ကြောက်သဖြင့် လိမ်ပြောမှန်း သိရရာ ထိုမိန်းမအပေါ်မှာ မကျေနပ်သောစိတ်ဖြစ်လာပြီးလျှင် နောက်ထပ်လိမ်းဆေးတစ်မျိုး ပေးလိုက်လေ၏။ ထိုဆေးကား ခပ်လိုက်လျှင် မျက်စိကွယ်သွားသော ဆေးပင်။ ထိုမိန်းမကို မေတ္တာစေတနာမသန့်သော ဆေးဆရာက မျက်စိကွယ်အောင် ပြန်လုပ်လိုက်သည့် မကောင်းကျိုးမှာ သူ့အတွက် သံသရာခရီးသည် တစ်ယောက်အဖြစ် ဒုက္ခနှင့်သာ ရင်ဆိုင်ရစမြဲပင်။ သူသည် ဘဝများစွာမှာ ကျင်လည်ခဲ့ရပြီးနောက် ဂေါတမမြတ်စွာဘုရားပွင့်တော်မူခိုက်တွင် လူ့ဘဝကို ရရှိလာပြန်သည်။

သာဝတ္ထိပြည်ကြီးတွင် ချမ်းသာကြွယ်ဝသော သူကြွယ်ကြီးမဟာသုဝဏ္ဏ ရှိလေ၏။ ပစ္စည်းကြွယ်ဝသော်လည်း သားသမီး

မရသဖြင့် သစ်ပင်ကြီးတစ်ပင်ရှိ ရက္ခစိုးထံမှာ ပူဇော်ပသ၍ သား ဆုတောင်းရလေ၏။

သားကြီးနှင့် သားငယ်နှစ်ယောက် ဖွားမြင်လာရာ သစ်ပင်မှာ ဆုတောင်း၍ရသောကြောင့် သားအကြီးကို 'မဟာပါလ' သားအငယ်ကို 'စူဠပါလ'' ဟု အမည်ပေး၏။ ထိုသူကြွယ်မိဘနှစ်ပါး သေလွန်ကြသောအခါ ရှိသမျှဉစ္စာ စည်းစိမ်တို့ကို ညီအစ်ကို နှစ်ယောက်ခွဲယူကာ စံစားကြလေ၏။ နောင်ကြီးမဟာပါလသည် မြတ်စွာဘုရားကျောင်းတော်သို့ သွားလေ့ရှိရာမှ တစ်နေ့တွင် သူ့အား ရဟန်းပြုပေးပါရန် မြတ်စွာဘုရားထံ ခွင့်ပန်၏။ ဘုရားရှင်က "သင်ခွင့်တောင်း ရမည့်သူရှိက ခွင့်တောင်းပါဦး"ဟု ပြန်ကြားသဖြင့် ညီ စူဠပါလထံ၌ ရဟန်းပြုခွင့် တောင်းရလေ၏။

ညီဖြစ်သူက "ယခုနေပါဦး၊ အသက်ကြီးမှ ရဟန်းပြုပါ"ဟု ပြောရာ မဟာပါလက "ငါ့ညီ၊ အိုမှ ရဟန်းပြုလျှင် တရားအားထုတ်ဖို့ မလွယ်ဘူး၊ ဒါကြောင့် အစ်ကိုပိုင်သမျှ ပစ္စည်းဉစ္စာတွေကို ငါ့ညီ အပိုင်ယူလိုက်ပါ။ ယခုပဲ ရဟန်းပြုမှ ဖြစ်မယ်"ဟု ပြောရာ ညီငယ်က "ကောင်းပါပြီအစ်ကို" ဟု သဘောမတူဘဲ ခွင့်ပြုလိုက်ရာလေ၏။

ရဟန်းပြုပြီးသော မဟာပါလသည် မြတ်စွာဘုရားထံကမ္မဋ္ဌာန်းတရားကို နာယူ၏။ ဘုရားရှင်ကလည်း အရဟတ္တဖိုလ်သို့ ရောက်နိုင်သည်အထိ သင်ပြတော်မူသည်။

မဟာပါလရဟန်းသည် သူနှင့်သဘောတူညီရာ ရဟန်းခြောက်ကျိပ်တို့နှင့်အတူ ယူဇနာတစ်ရာ့နှစ်ဆယ်ကွာသော ရွာကြီးတစ်ရွာကို ဆွမ်းခံရွာအဖြစ် အမှီပြုလျက် တောကျောင်းနေကာ သီတင်းသုံးကြလေ၏။

---

ရွှေတံတားစာပေ

ဝါကပ်တော့မည့်နေ့တွင် မဟာပါလမထေရ်သည် အဖော်ရဟန်းတို့ကိုခေါ်၍ ဝါတွင်းသုံးလပတ်လုံး မမေ့မလျော့ဘဲ ကျင့်ကြံနိုင်ရန်အတွက် "ငါသည် ဝါတွင်းသုံးလပတ်လုံး မမေ့မလျော့ ကျင့်ကြံနိုင်ဖို့ လှုံ့ဝလဲလျောင်းခြင်း မပြုဘဲ တရားအားထုတ်အံ့"ဟု မိန့်ဆိုတော်မူ၏။ မဟာပါလသည် ထိုကဲ့သို့ပင် အဓိဋ္ဌာန်ပြု၍ ကျင့်ကြံအားထုတ်လေ၏။ လှုံ့ဝလဲလျောင်း အိပ်စက်ခြင်းမပြုဘဲ အားထုတ်တော်မူလေရာ ဝါဆိုလကျော်၍ ဝါခေါင်လထဲ ရောက်လာလျှင် မျက်စိနာရောဂါ ဖြစ်လာလေ၏။ မျက်စိနှစ်လုံးမှ မျက်ရည်တို့သည် အိုးပေါက်မှ ကျဆင်းကဲ့သို့ တွေတွေကျနေ၏။ အဖော်ရဟန်းတို့လည်း မဟာပါလကို မပင့်ဆောင်တော့ဘဲ ဆွမ်းခံကြွရာမှ ပညာစွမ်းသော မျက်စိကုဆရာကြီးကို ပြောပြကြလေရာ ဆရာကြီးက ဆေးဆီကိုချက်ပြီးလျှင် ရဟန်းတို့အား "ဟောဒီ ဆေးဆီကို အရှင်တို့ ရဟန်းရဲ့ နှာခေါင်းပေါက်မှ သွန်းချပေးပါ။ ကေန်မုချ ပျောက်စေရမယ်"ဟု ပြောပြီး ပေးလိုက်လေ၏။ မဟာပါလမထေရ်သည် ထိုဆေးဆီကို ထိုင်လျက်ပင် နှာခေါင်းမှ လောင်းချလေ၏။

နောက်တစ်နေ့တွင် မျက်စိနာမသက်သာသော်လည်း ဆွမ်းခံကြွ၏။ ဆေးဆရာကြီးက "အရှင်ဘုရား၊ မျက်စိနာ သက်သာပါရဲ့လား"ဟု မေးရာ မထေရ်က "နာမြဲနာလျက်ပါပဲ"ဟု ဖြေ၏။ ဆရာကြီးက "တပည့်တော်ရဲ့ ဆေးဆီကို မထည့်လို့လားဘုရား"ဟု မေးရာ "ထည့်တာပေါ့ ဒကာ"ဟု ဖြေ၏။ ဆရာကြီးက "တပည့်တော်ရဲ့ မျက်စိဆေးဟာ တစ်ကြိမ်ထဲ ထည့်ရုံနှင့် သက်သာပါတယ်။ အရှင်ဘုရားက ဆေးကို နှာခေါင်းမှထိုင်လျက်ထည့်တာလား၊ လှဲလျက်ထည့်တာလား"ဟု လျှောက်မေးပြန်သောအခါ မဟာပါလမထေရ်က ဆိတ်ဆိတ်နေပြီး ဆွမ်းခံဆက်၍ ကြွသွားတော်မူ၏။

ဆေးဆရာသည် ကျောင်းသို့သွား၍ ကြည့်လေသော် မထေရ်၏ အိပ်ရာကို မတွေ့ရသောကြောင့် "အရှင်ဘုရား၊ တပည့်တော်ရဲ့ ဆေးကို နှာခေါင်းမှ ထိုင်ကာသွင်းတာလား၊ လျောင်းကာသွင်းတာလား" ဟု မေးမြန်းရာ မဟာပါလမထေရ်က ဘာမျှ ပြန်မဖြေ ဆိတ်ဆိတ်သာ နေနေ၏။ ဒကာ ဆရာကြီးက ဆက်၍ "အရှင်ဘုရား–ရဟန်းတရားဆိုတာ ကိုယ်ကို မျှတစေလို၍သာ လုပ်သင့်ပါတယ်။ ဆေးကိုလဲ လျောင်းပြီးမှ ထည့်တော်မူပါ"ဟု တောင်းပန်လေ၏။ ထိုအခါ မထေရ်က "ဒါယကာ သင်ပြန်တော့၊ ငါတိုင်ပင်ရဦးမယ်"ဟု ပြောကာ ဒကာကို ပြန်စေ၏။

မဟာပါလမထေရ်သည် ဆေးဆရာ ပြန်သွားပြီးနောက် တစ်ပါးတည်း စဉ်းစား၏။ "ငါကား မသိနိုင်သော သံသရာဘဝ အဆက်ဆက်က မျက်စိကန်းရသော ဘဝသည် အတန်တန်ပင် ရှိပေမည်။ ယခုဝါတွင်းသုံးလမှာ မအိပ်ဘဲ တရားကိုသာ အားထုတ်ဖို့ရာ အဓိဋ္ဌာန် ပြုခဲ့သည်။ ဤအဓိဋ္ဌာန်ကို ဖျက်ပြီး မျက်စိကို စောင့်ရှောက်ရမည်လား၊ သို့မဟုတ်ပဲ ဘုရားသာသနာတော်ကို စောင့်ရှောက်ရမှာလား၊ ကိုယ့်ရဲ့အသက်ကိုပင် ဘုရားရှင်ထံလှူပြီး တရားအားထုတ်ခဲ့သည့် အဓိဋ္ဌာန်ပျက်အောင် လဲလျောင်းခြင်း မပြုနိုင်"ဟု ဆုံးဖြတ်လိုက်လေ၏။

နောက်နေ့တွင် ဆေးဆရာရောက်လာပြီး "အရှင်ဘုရား၊ ဆေးဆီကို အိပ်လျက်ထည့်ပြီးပါပလား"ဟု မေးရာ မထေရ်က ဆိတ်ဆိတ်သာနေနေ၏။ ထိုအခါ ဆေးဆရာက "အရှင်ဘုရား နောက်ထပ် ဆေးဆီချက်၍ မလှူတော့ပါ။ မည်သူက မေးမေး အရှင်ဘုရားမျက်စိကို တပည့်တော် ကုတယ်ရယ်လို့ မပြောပါနှင့်ဘုရား"ဟု လျှောက်ကာ မှာထားခဲ့လေ၏။

မထေရ်သည်မ "ငါ့ကို ဆေးဆရာက လက်လျှော့သွားပြီ၊ ငါ့အသက်သေလိုက သေစေ၊ ငါရဲ့ တရားကိုသာ မပျက်အားထုတ်ရမှာပဲ"ဟု အဓိဋ္ဌာန်မပျက် ဆက်လက်၍ အားထုတ်တော်မူလေရာ ထိုညမှာပင် မထေရ်၏ မျက်စိနှလုံး အလင်းရောင် ကွယ်ရှရှာတော့သည်။ ထိုခဏမှာပင် ကိလေသာတို့လည်း ကင်းစင်ကုန်၏။ ကိလေသာကင်းစင်ပြီး သုက္ခဝိပဿကရဟန္တာဖြစ်၍ ကျောင်းတွင်းသို့ ဝင်တော်မူနေလေ၏။

ဆွမ်းခံချိန်ရောက်သောအခါ အဖော်ရဟန်းတို့သည် မဟာပါလမထေရ်အား ဆွမ်းခံကြွဖို့ အကြောင်းကြား လာကြလေ၏။ မထေရ်က "ငါ့ရှင်တို့၊ ညက ငါ့မျက်စိအစုံ ပေါက်ကွဲပျက်စီးခဲ့ပြီ။ ဆွမ်းခံမလိုက်နိုင်တော့ပါ"ဟု ပြန်ပြောလေ၏။ ရဟန်းတို့ သိကြသောအခါ စိတ်မကောင်းခြင်း ကြီးစွာဖြင့် "အရှင်ဘုရားကို တပည့်တော်တို့ ဆွမ်းခံကျွေးပါ့မယ်၊ ဝတ်ကြီးဝတ်ငယ်လဲ ပြုပါ့မယ်"ဟု ပြောကြလေ၏။ ရွာထဲမှ ဒကာ၊ ဒကာမတို့ကလည်း ထိုသတင်းကို ကြားလျှင် ကြားခြင်း ဆွမ်းအုပ်များ လာပို့ကြလေ၏။ ထိုအခါမှစ၍ မထေရ်မြတ်အား "စက္ခုပါလမထေရ်"ဟု အမည်တွင်လေ၏။ စက္ခုပါလမထေရ်သည် အဖော်ရဟန်းခြောက်ကျိပ်တို့အား ဟောပြောဆုံးမ တရားပြတော်မူရာ သိတင်းကျွတ်လ၊ ပဝါရဏာနေ့မတိုင်မီ အာသဝေါကုန်ခမ်း၍ ရဟန္တာ ဖြစ်ကုန်ကြလေ၏။

ရှင်ရဟန်းခြောက်ကျိပ်တို့သည် သာဝတ္ထိပြည် မြတ်စွာဘုရားထံ အဖူးမြော်သွားကြရန် ပြောလာကြရာ အများမှာ ငါ့အတွက် နှောင့်နှေးမည်။ စူဠပါလ သူကြွယ်ထံသာ အကြောင်းကြားပေးကြပါ" ဟု ပြောသဖြင့် ညီဖြစ်သူ စူဠပါလသူကြွယ်က တူဖြစ်သူ 'ပါလိတ' အား သာမဏေပြုစေပြီး မထေရ်ထံ အမြန်စေလွှတ်လိုက်၏။

စက္ခုပါလမထေရ်သည် ပါလိတသာမဏေ၏ တောင်ဝှေးစွန်းကို ကိုင်လျက် တောလမ်းခရီးမှ လိုက်ပါလာခဲ့ရာ အဝေးဆီမှ မိန်းမ သီချင်းသံသာသာ သီဆိုနေသည်ကို ကြားရလေ၏။ ပါလိတသာမဏေ သည် မထေရ်ထံ 'တပိုတပါး သွားပါရစေ' ဟု ခွင့်တောင်းကာ ထွက်ခွာသွားလေ၏။ သီချင်းသံကိုလည်း မကြားရတော့ချေ။ မထေရ်သည် ပါလိတသာမဏေတော့ ပျက်စီးပေပြီဟု သိနေစဉ် သာမဏေရောက်လာပြီး "အရှင်ဘုရား၊ ခရီးဆက်ကြပါစို့"ဟု ပြောရာ မထေရ်က "သင် ငါ့ကို မထိနှင့်၊ သင်သီလ ပျက်ခဲ့ပြီ"ဟု ပြန်ပြော ကာ အနားမကပ်စေတော့။ ပါလိတလည်း ချက်ချင်းပင် လူဝတ်လဲကာ "တပည့်တော် လူဖြစ်ပါပြီ၊ ကြွကြပါစို့"ဟု ပြောသော်လည်း မထေရ်က "သင့်လူယုတ်မာ၊ သွားတော့ ငါ့ကိုထားခဲ့"ဟု ပြောသဖြင့် ပါလိတ ထွက်ပြေးသွားလေတော့သည်။ တောထဲမှာ ဘေးအန္တရာယ် များလှသဖြင့် နတ်ပြည်မှ သိကြားမင်းသည် မြကျောက်ဖျာပူနွေးလာ၍ လူ့ပြည်သို့ ကြည့်ရာ စက္ခုပါလ မထေရ်အား မြင်၍ ချက်ချင်းပင် ခရီးသည် လူယောင်ဆောင်ပြီး ပင့်ခေါ်သွားလေရာ မကြာမီ သာဝတ္ထိပြည်သို့ ရောက်လေ၏။ အမြန်ရောက်ရသဖြင့် မထေရ်က ဤလူကား နတ်သိကြား ဖြစ်တန်ရာသည်ဟု ဆင်ခြင်မိလေ၏။ စူဠပါလညီကား မျက်မမြင်မထေရ်ကို ခြေမှဖက်ကာ ငိုကြွေးနေပြီး တူနှစ်ယောက်တို့အား ရှင်သာမဏေပြုစေပြီး အလုပ်အကျွေး ပေးထား လေ၏။

တစ်နေ့သ၌ ဓနပုဒ်ရွာငယ်မှလူများ ဗုဒ္ဓရှင်တော်ကို ဖူးမြော် ရန် ထွက်လာကြလေ၏။ မိုးသည်းစွာ ရွာသဖြင့် မနက်စောစောမှ သွားကြမည်ဟု ဆိုင်းလိုက်ကြသည်။ သန်းခေါင်ယံမှာ မိုးစဲသွား၏။ စက္ခုပါလမထေရ်ကား ညမှာ ကမ္မဋ္ဌာန်းအားထုတ်ပြီး မနက်စောစောမှာ

စကြံလျှောက်နေ၏။ စကြံလမ်းတွင် အတောင်ကြွေ၍ သေနေကြသော ပိုးဖလံတို့ကျနေရာတွင် မထေရ်စကြံလျှောက်နေသည်ကို မြင်ကြရသဖြင့် ဇနပုဒ်မှ လူများ၊ ရဟန်းများက စက္ခုပါလ မထေရ်သည် စကြံလမ်းမှာ ပိုးဖလံတွေကို နင်းကာ စကြံကြွနေတာ အသက်တွေ သေကြရပြီ”ဟု ကဲ့ရဲ့ကြလေ၏။ ကဲ့ရဲ့၍မျှ အားမရကြ၍ ဘုရားထံ လျှောက်ကြားကြ၏။ မြတ်စွာဘုရားက ကဲ့ရဲ့သူတို့အား “စက္ခုပါလ မထေရ် သတ်တာကို သင်တို့ မြင်ရသလား”ဟု မေးတော်မူရာ ဇနပုဒ်မှ လူများက “ဒီလိုတော့ မမြင်ပါဘုရား”ဟု ဖြေလေ၏။ “အဲဒီလိုပဲ၊ စက္ခုပါလမထေရ်ဟာ မျက်စိမမြင်ရလို့ သူလဲ သင်တို့လိုပဲ ပိုးကောင်တွေကို မမြင်ရဘူး။ အပြစ်လုပ်တာ မဟုတ်ပေ”လို့ ပြောကြားတော်မူ၏။

မြတ်စွာဘုရားရှင်က “စက္ခုပါလ မထေရ်ဟာ ရှေးနှစဉ် ဘဝက ဆေးဆရာဘဝနှင့် ကရုဏာမေတ္တာကင်းမဲ့စွာ မျက်မမြင် လူနာကို ကန်းအောင်လုပ်ခဲ့ဖူးတဲ့ ဝဋ်ကြွေးကြောင့် ယခုနောက်ဆုံး ဘဝအထိ ထိုဆိုးဝါးတဲ့ ကံသုံးပါးကြောင့် ခံစားနေရတော်မူတာ ဖြစ်တယ်။ “ကာယ၊ ဝစီ၊ မနော စတဲ့ ကံသုံးပါးဖြင့် မကောင်းမှု ပြုခဲ့သူတို့ဟာ လှည်းရှေ့မှာ သွားနေတဲ့ နွားရဲ့ ခြေရာကွက်မှာ လှည်းဘီးရာက တစ်ဖါတည်း လိုက်ထင်သလိုပဲ။ ဆင်းရဲဒုက္ခ အပေါင်းဟာ ထိုသူရဲ့ နောက်မှာ ဘဝမပြတ် လိုက်နေစမြဲပဲဆိုတာ သိမှတ်ကြဖို့ပဲ”ဟု ဟောကြားတော်မူလေသတည်း။

(ဓမ္မပဒဝတ္ထုတော်)

* * *

---

ရွှေတံတားစာပေ

# ဥပါသကာ မဟာခဋ္ဋိက

ကုသိုလ်ကောင်းမှုပြုသူသည်
ယခုဘဝ၌လည်း ဝမ်းမြောက်ရ၏။
တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။
မိမိ၏ စင်ကြယ်သော ကုသိုလ်ကံ၏
ပြည့်စုံခြင်းကို မြင်ရသောအခါ
အထူးပင် ဝမ်းမြောက်ရပေ၏။

(မြတ်စွာဗုဒ္ဓ ဟောပြတော်မူရာ ဒေသနာတော်)

မောင်နမ တစ်ဆယ့်လေးယောက်ရှိသည့်အနက် သမီးအငယ်ဆုံးကလေးသည် တရှုံက်ငင်ငင် ငိုယိုနေလေ၏။ အစ်မတို့က "ဒီလောက်လဲ မငိုပါနှင့် ညီမလေးရယ်၊ တို့အဖေ သေချင်မှ သေမှာပါ၊ မငိုနှင့်နော်။ အဖေကြားသွားရင် စိတ်ထိခိုက်နေပါ့မယ်၊ တိတ်ပါကွယ်၊ တိတ်ပါ"ဟု ခပ်တိုးတိုး ချော့မော့ပြောဆိုနေသော်လည်း အစ်မဖြစ်သူမှာလည်း ရင်ထဲတွင် သောကမီး လှိုက်ဆူကာ မျက်နှာမသာမယာ ဖြစ်နေရှာလေ၏။ မောင်နမ တစ်ဆယ့်လေးယောက်တို့၏ မွေးဖခင်အိုကြီးမှာ ဇရာ၏ ဖိစီးခြင်း၊ ဗျာဓိ၏ ဖိစီးခြင်းတို့ကြောင့် အားအင်ဆုတ်ယုတ်ပြီးဘဝကို လက်လျှော့နေရသည်သာ ဖြစ်နေလေ

၏။ ထိုသူအိုသူနာဖြစ်သူကား သာဝတ္ထိပြည်မှာ လူသိရှင်သိ နာမည်ရှိနေသော မဟာဓမ္မိက ဥပါသကာကြီးတစ်ယောက် ဖြစ်လေ၏။ ဘုရားတရားတော်မှာ သက်ဝင်ယုံကြည်လွန်း၍ အားထုတ်ကျင့်ကြံရာ သူကဲ့သို့သော တရားရှင်ဦးရေ ငါးရာတို့အား အုပ်ချုပ်ရသူ ဖြစ်လေ၏။ မဟာဓမ္မိက ဥပါသကာ၏ လက်အောက်ရှိ တရားအားထုတ်သူ ငါးရာတို့မှာလည်း တစ်ယောက်လျှင် တပည့်ငါးရာစီ တရားအားထုတ် ကျင့်ကြံနေကြသူများ ရှိနေလေ၏။

သူအိုကြီး မဟာဓမ္မိကတွင် သားခုနစ်ယောက်၊ သမီးခုနစ်ယောက်ဖွားခဲ့တာ ဖခင်က ဘုရား၊ တရား၊ သံဃာ့အာရုံများ သက်ဝင်ယုံကြည်သည့်အလျောက် သားသမီးများနှင့် သူတို့၏ မိခင်ကလည်း မဟာဓမ္မိကကဲ့သို့ပင် သရဏဂုံတည်ကာ အကျင့်မြတ်ရှိကြသူများ ဖြစ်သဖြင့် မဟာဓမ္မိက၏ သံဃာနှင့် ပတ်သက်ရာ အလှူဒါန ပြုကြရာတွင် ဖခင်ကဲ့သို့ပင် ပါဝင်ကူညီကာ ကုသိုလ်မှု ပြုကြလေ၏။

သားသမီးတို့သည် ဖခင်အို၏ ဝေဒနာခံစားမှုကို သနားကရုဏာကြီးစွာဖြင့် ဝိုင်းဝန်းပြုစုလျက် ရှိကြသည်။ ဖိုးဓမ္မိကမှာ တရားရှင်ကြီးတစ်ယောက်ဖြစ်သဖြင့် မိမိကိုယ်ကို တရားဖြင့် ဆင်ခြင်ကာ ဝေဒနာ ခံစားနေရာတွင် မိမိအတွက် လူ့လောကမှ နောက်ဆုံးထွက်ခွာရတော့မည့်အဖြစ်ကို ဆင်ခြင်လျက်သာ ရှိနေရှာသည်။ ဇရာမှ ဗျာဓိမရဏာသို့ မသွေမလွဲ ရောက်ရတော့မည် ဖြစ်သည်ကို သိရသောအခါ သူလှူနေကျ သံဃာ့ဝေယျာဝစ္စများကို အာရုံယူပြီး သံဃာများကို ကန်တော့ဖူးမြော်လိုသည်နှင့်အတူ တရားတော်နာယူရန် စိတ်ဆန္ဒပေါ်လာလေတော့သည်။

"သားတို့၊ သမီးတို့ အဖေသံဃာတော်များ-ကို ကန်တော့

ချင်တယ်၊ တရားလဲ နာချင်တယ်၊ မြတ်စွာဘုရားကျောင်းတော်က သံဃာတော်ငါးပါး ပင့်ပေးကွယ်”ဟု ပြောလေ၏။ သားမီးတို့ကလည်း ဖခင်အို၏ နာမကျန်းနေသည့် အသံယဲ့ယဲ့ကို ကြားကြရသောအခါ ဘုရားရှင်ကျောင်းတော်သို့ အမြန်သွား၍ သံဃာတော်ငါးပါး ကို ပင့်လာကြသည်။ သံဃာငါးပါး ကြွရောက်လာသောအခါ ဖိုးခမ္မိက၏ ညှိုးနွမ်းနေသော မျက်နှာမှာ ကြည်လင်သွားတာ လဲလျောင်းနေရာမှ သံဃာများရှိရာသို့ လက်ယှက်ကန်တော့ပြီးလျှင် “အရှင်ဘုရားတို့၊ တပည့်တော်အား သနားသဖြင့် တရားချီးမြှင့်တော်မူကြပါ၊ တပည့်တော် သတိပဋ္ဌာန်သုတ္တန်ကို နာကြားချင်ပါတယ်”ဟု လျှောက်ကြားလေ၏။

သံဃာတော်တို့သည် သတိပဋ္ဌာန်သုတ္တန်တရားကို ဟောကြားတော်မူကြရာ ဖိုးခမ္မိကသည် အိပ်ရာထက်တွင် လဲလျောင်းကာ မျက်စိကို စုံမှိတ်လျက် နာယူနေလေ၏။ သူသည် တရားနာနေရင်း စိတ်ကြည်လင်သန့်ရှင်းကာ ကြည်နူးပီတိ ဖြစ်နေစဉ် သူ့စိတ်အာရုံထဲ၌ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားကြီး ခြောက်စင်း လာနေသည်ကို မြင်နေရလေ၏။ နတ်ရထားကြီးပေါ်မှာ ရထားမှူးတို့က “ဖိုးခမ္မိက၊ လာပါ၊ လာပါ၊ ဒီရထားပေါ်ကို တက်ပါ”ဟု အလုအယက် ဖိတ်ခေါ်နေကြသည်။ ဖိုးခမ္မိက,ကလည်း တစ်ဖက်သောနားက သတိပဋ္ဌာန်တရားသံ၊ တစ်ဖက်သောနားက နတ်ရထားမှူးတို့ ခေါ်ကြသံတို့ ရောယှက်နေသဖြင့် တရားနာမပျက်ဘဲ ဆုံးအောင် နာယူချင်သောကြောင့် နတ်ရထားမှူးတို့အား “ခဏဆိုင်းပါဦး၊ ခဏဆိုင်းထားပါဦး”ဟု အသံထွက်၍ ပြောလိုက်လေ၏။

သားသမီးတို့သည် “ဖခင်အိုကြီး ကံကုန်ကာနီးမှာ တရားနာရင်း စိတ်ဖောက်ပြန်လာလေပြီ”ဟု တွေးထင်ကြကာ ဝမ်းနည်း

ပူဆွေးကုန်ကြတော့သည်။ သံဃာများသည် ဖိုးခမ္မိက၏ "ခဏရပ်ထား ပါဦး"ဟု ပြောသည်ကို "တရားဟော ရပ်ထားပါဦး;"ဟု ပြောသည်ဟု မှတ်ထင်ကြသဖြင့် တရားတော်ကို ရပ်ဆိုင်းပြီးနောက် ခဏကြာသော အခါ ကျောင်းတော်သို့ ပြန်ကြွသွားကြလေသတည်း။

ယောဂီကြီး ဖိုးခမ္မိကသည် တရားသံကို မကြားရသောအခါ သားသမီးတို့အား "ဘယ့်နှယ်လဲဟဲ့၊ တရားဟောသံလဲ မကြားရတော့ ပါကလား၊ သံဃာတော်များကော"ဟု မေးလေ၏။ သားသမီးတို့က အဖေအို ဂယောင်ချောက်ချား ပြောနေသည်ဟုပင် ထင်မြဲထင်ကြ၍ "အဖေက တရားဟောနေတုန်း ခဏရပ်ပါဦး၊ ရပ်ပါဦး"လို့ ပြော လိုက်တော့ သံဃာတော်များ ပြန်ကြွသွားကြပြီ။ အဖေမသိလိုက်ဘူး မဟုတ်လား"ဟု မေးကြလေ၏။

ဖိုးခမ္မိကက "အဲဒီလို ပြောတာ သံဃာတော်တွေကို ပြောတာမဟုတ်ဘူးဟဲ့၊ ငါ့ကို နတ်ပြည်ခြောက်ထပ်က နတ်ရထား ခြောက်စင်း စောင့်နေတာကို မြင်ရလို့ ပြောလိုက်တာ၊ တရားကို ဆုံးအောင်တောင် မနာလိုက်ရဘူး"ဟု ပြန်ပြောရာ သားသမီးတို့က မယုံသလို ယုံသလို ဖြစ်နေကြသည်ကို အဖေအို သိလေ၏။

"ငါပြောတာ နင်တို့မယုံကြဘူးလား၊ ငါ့အာရုံထဲမှာရော၊ ကောင်းကင်ပေါ်မှာတော့ နတ်ရထားခြောက်စင်း လာကြိုနေတာ မြင်နေရတယ်။ ကဲ--နင်တို့ယုံအောင် ငါပြမယ်။ နတ်ပြည် ခြောက် ထပ်မှာ ဘယ်ပြည်ဟာ အကောင်းဆုံးလဲ"ဟု မေးလေ၏။ သားသမီး တို့က ယုံကြည်လာကြပြီး "တုသိတာနတ်ပြည်ကတော့ အကောင်း ဆုံး ပါပဲ"ဟု ဖြေကြရာ အဖေအိုက "ကဲ--ဒါဖြင့် ပန်းခွေတစ်ခွေ ယူခဲ့ကြ၊ အိမ်အပြင်ဘက်ထွက်ပြီး ကောင်းကင်ကိုမော့ပြီး ပန်းခွေကို ပစ်တင်လိုက်၊ နှုတ်ကလည်း 'တုသိတာနတ်ပြည်ကလာတဲ့ ရထားမှာ

ဤပန်းခွေ တည်ပါစေလော့”လို့ အဓိဋ္ဌာန်ပြုကြ၊ နတ်ရထား ခြောက်စင်း လာကြိုနေကြတာ အဖေမြင်နေရတယ်”ဟု ပြောသဖြင့် သားသမီးတို့လည်း အိမ်ပြင်သို့ ထွက်ပြီးလျှင် သူတို့ဖခင်မှာသည့် အတိုင်း “တုသိတာနတ်ပြည်က လာတဲ့ နတ်ရထား ရှိတာဖြင့် ဒီပန်းခွေဟာ ရထားဦးမှာ တွဲလဲဆွဲငြိနေပါစေသား”ဟု နှုတ်မှ အဓိဋ္ဌာန်ပြုကာ ကောင်းကင်သို့ ပစ်တင်လိုက်သောအခါ ပန်းကုံးသည် ကောင်းကင်အမြင့်ပေါ်သို့ ပျံတက်သွားပြီးနောက် တွဲလဲချိတ်သကဲ့သို့ ရပ်နားနေလေတော့သည်။ ဤတွင်မှ ဖခင်အို၏ စကားကို ယုံကြည် လှစွာဖြင့် ဝမ်းသာနေကြလေ၏။ သားသမီးတို့သည် အဘိုးအိုဖိုးခမ္မိက ထံ ပြန်ပြေးသွားကြပြီးနောက် “အဖေပြောတာ သိပ်မှန်တာပါပဲ။ ပစ်တင်လိုက်တဲ့ ပန်းခွေဟာ ပြန်မကျဘဲ ကောင်းကင်မှာရှိတဲ့ တုသိတာနတ်ရထားမှာ ချိတ်မိနေတယ်၊ အဲဒါဟာ အဖေ့ကို လာကြို တာလားဟင်”ဟု ယုံကြည်စွာဖြင့် မေးလေတော့သည်။

အဘိုးအို ဖိုးခမ္မိက,က သားသမီးတို့အား “အဲဒါပဲ၊ မင်းတို့သိကြရင် အဖေမှာစရာရှိတာတွေ မှာခဲ့မယ်၊ အဖေ့မှာတော့ တုသိတာနတ်ပြည်က လာကြိုလို့ လိုက်သွားရတော့မှာပဲ။ အဖေမရှိတဲ့ နောက်မှာ မင်းတို့အားလုံးဟာ အဖေရှိစဉ်ကလိုပဲ ဆက်လက်ပြီး ကုသိုလ်မှုတွေကို အသက်ထက်ဆုံး လှူကြ၊ တန်းကြ၊ တရားရှုကြ လော့”ဟု မှာကြားပြီးနောက် ငြိမ်သက်စွာပင် ဓိဝိန်ချုပ်လေ၏။

သားသမီးအားလုံးတို့သည် သီလ၊ ဒါန၊ ကုသိုလ်အကျိုး ပေးကြောင့် မျက်မြင်ဒိဋ္ဌလောကတွင်ပင် အသက်ရှည်စွာ နေလိုက် ရခြင်း၊ တရားအားထုတ်နိုင်ခြင်း၊ နောက်ဆုံးအချိန်၌ တရားနာရင်း

မတွေ့မဝေသေရခြင်း၊ ကောင်းရာသုဂတိသို့ လားရခြင်း စသည်တို့ကို သိရှိကြကာ ဖခင်အို ဖိုးခမ္မိကဏ်၏ ရုပ်အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ကြလေ၏။

နောင်တမလွန်ဘဝသို့ ကူးပြောင်းခဲ့ရသည့် ဥပါသကာ မဟာခမ္မိကသည်ကား တုသိတာနတ်ပြည်၌ သုံးဂါဝုတ်ရှိသော ခန္ဓာကိုယ်ဖြင့် နတ်သမီးတစ်ထောင် ခြံရံလျက် ယူဇနာ၁၂နှစ်ရာငါးဆယ် ရှိသော ရတနာခုနစ်ပါး စီခြယ်တည်ဆောက်သည့် ဗိမာန်ကြီး၌ စံစားနေရလေသတည်း။

(ဓမ္မပဒ ဝတ္ထုတော်)

❀ ❀ ❀

---

ရွှေတံတားစာပေ

# ရသေ့မြတ်နှစ်ပါး

ရှေးလွန်လေပြီးသောအခါ အနှစ်သုံးသောင်း သက်တမ်းရှည်ကာလ၌ ဂန္ဓာရတိုင်းတွင် ဂန္ဓရာဇ်ရှင် အုပ်စိုးနေ၏။ ဝေဒေဟတိုင်းမှာလည်း ဝေဒေဟဘုရင် အုပ်ချုပ်စိုးစံနေ၏။ တရားနှင့်အညီ တိုင်းပြည်အုပ်ချုပ်လျက်ရှိသော ထိုမင်းနှစ်ပါးသည် တစ်ယောက်နှင့်တစ်ယောက် မမြင်ဘူးကြသော်လည်း စိတ်တွင်းက ခင်မင်လေးစားလျက် ရှိနေကြလေ၏။

လသာသော ညတစ်ည၌ ကြည်လင်တောက်ပနေသော လမင်းကြီးကို ငပုတ်ဖမ်း၍ ကြည်လင်သောအရောင် ညှိုးနွမ်းသွားသည်ကို မြင်ရသဖြင့် ဂန္ဓာရဘုရင်သည် သတိသံဝေဂစိတ် ဖြစ်ပေါ်လာကာ "ငါသည် တစ်နေ့နေ့မှာ ခုလို ချမ်းသာတဲ့ စည်းစိမ်ကို စွန့်လွှတ်ရမှာ အမှန်ပဲ။ သူများကို ဆုံးမနေရုံဖြင့် မပြီး၊ ငါ့ကိုယ်ကို ငါဆုံးမမှပဲ သင့်မည်"ဟု တွေးဆလျက် တိုင်းပြည်နှင့် နန်းစည်းစိမ်ကို အမတ်တို့အား လွှဲအပ်ပြီးနောက် ရသေ့ရဟန်းပြုကာ တောထွက်တော်မူလေ၏။ ဂန္ဓာရရှင်ရသေ့သည် ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် ဟိမဝန္တာမှာ သီတင်းသုံး နေထိုင်နေလေ၏။

ဝေဒေဟမင်းသည် ထိုသတင်းကို လှည်းကုန်သည်များထံမှ

ကြားသိလိုက်ရသောအခါ "ငါလည်း ဂန္ဓာရရှင်ရသေ့ကဲ့သို့ပင် ရသေ့ ရဟန်းပြုတော့အံ့ဟု အကြံပြုပြီးနောက် တိုင်းပြည်ကို စွန့်ခဲ့ပြီး ဟိမဝန္တာသို့ ဝင်ခဲ့လေ၏။ ဟိမဝန္တာတွင် ဂန္ဓာရရှင်ရသေ့နှင့် ဝေဒေဟအမည်ခံ ရှင်ရသေ့နှစ်ပါးတို့သည် လငပုပ်ဖမ်းသည်မှ စ၍ တရားသံဝေဂ ဖြစ်ပေါ်ကြရသည့်အတိုင်း အတူနေလျက် တရားယှူ ကျင့်သုံးကာ အေးချမ်းစွာ နေထိုင်ကြလေ၏။

တစ်နေ့သောအခါတွင် ရသေ့နှစ်ပါးတို့သည် ဟိမဝန္တာမှ ဆင်း၍ ရွာငယ်တစ်ရွာသို့ ဆွမ်းခံကြွကြလေ၏။ ရွာသူရွာသားတို့သည် ရသေ့နှစ်ပါးကို ဆွမ်းလောင်းလှူကြပြီးလျှင် ကြည်ညိုသဒ္ဓါ ထက်သန်ကြသဖြင့် ရွာအနီး၌ ကျောင်းဆောက်ပြီး ပင့်ဖိတ်ကာ ကိုးကွယ်ထားကြလေ၏။ ပစ္စည်းလေးပါးဖြင့်လည်း ပြည့်စုံအောင် လှူကြ တန်းကြလေ၏။ တစ်နေ့သောအခါ ဒါယကာတို့မှ လှူသော ဆွမ်းမှ ဆား အနည်းငယ်ကျန်သဖြင့် ဝေဒေဟရသေ့က ထိုဆားကျန်ကို ဖက်တလေးနှင့်ထုပ်ကာ ကျောင်း၏ ခေါင်မိုးမှာ ထိုးထားလိုက်လေ၏။ နောက်တစ်နေ့တွင် ဆွမ်းပြင်ရာ၌ ခေါင်မိုးမှ ဆားထုပ်ကို ယူပြီး ဆွမ်းဟင်းခွက်မှာ ဆားခပ်လေ၏။

ထိုသို့ ဆားခပ်လိုက်သည်ကို ဂန္ဓာရရှင်ရသေ့က မြင်လိုက်ရာ "ငါ့ရှင်ဝေဒေဟ၊ ကနေ့ဆွမ်းမှာ ဆားမှမပါဘဲနှင့် ဘယ်က ဆားနှင့်ခပ်သလဲ"ဟု ဝေဒေဟရသေ့ကို မေးလေ၏။ ဝေဒေဟရသေ့ကလည်း "တခြားမှ မဟုတ်ပါ၊ ရထားတဲ့ ဆားကို သိမ်းထားရာက ယူခပ်ထားပါ"ဟု ဖြေလေ၏။ ထိုအခါ ဂန္ဓာရရှင်ရသေ့က မနှစ်မြို့က်သဖြင့် "အို--ဝေဒေဟရသေ့၊ သင်ဟာ ပြည့်စုံကြွယ်ဝသော ရွာကြီးပေါင်း သောင်းခြောက်ထောင်နှင့် ရတနာရွှေငွေ၊ ဆန်ရေစပါး ဝတ်စားတန်ဆာများကို သိုလှောင်ထားသည့် ကျီကျဘဏ္ဍာများကို

စွန့်ခွာပြီးမှ ယခုဘာမဟုတ်သည့် ဆားကလေးကို မက်မက်မောမောကာ သိမ်းဆည်းထားလေသကိုး”ဟု ကဲ့ရဲ့ ပြစ်တင်ကာ ဆိုဆုံးမလေ၏။

ဝေဒေဟရသေ့ကလည်း သည်းမခံနိုင်ဘဲ ပြန်၍ “ဆရာရှင်ရသေ့၊ ဆရာကိုယ်တိုင်မှာ သူတစ်ပါးကို မဆုံးမလိုတော့ဘဲ မိမိကိုယ်ကိုမိမိ ဆုံးမပြီး ဂန္ဓာရတိုင်းကြီး တစ်တိုင်းလုံးကို စွန့်ခွာခဲ့ပါလျက် ယခုအဘယ်ကြောင့် ကျွန်ုပ်ကို ဆုံးမနေရပါသလဲ”ဟု ပြန်မေးလေ၏။

ဂန္ဓာရဆရာရသေ့ကလည်း “အို--ဝေဒေဟရသေ့၊ ငါက တရားသဘောကိုသာ ပြောဆိုတာပဲ၊ တရားသဘောနှင့် ဖီလာတဲ့အလုပ်ကို ငါမနှစ်သက်၊ တရားသဘောအရ ပြောဆိုရခြင်းမှာ ငါ့အဖို့ မကောင်းမှုပြုရာ မရောက်ပါ”ဟု ပြန်၍ ပြောလေ၏။

ဝေဒေဟရသေ့ကလည်း “ဆရာရှင်ရသေ့၊ အကြောင်းတစ်ခုခုကြောင့် သူတစ်ပါးအား စိတ်ဆိုးလာစေ၏။ အကယ်၍ အကျိုးများသည့်တိုင်အောင်ထိ မကျေနပ်စေ၊ စိတ်ဆိုးစေသည့် စကားကို ပညာရှိတို မပြောမဆိုတတ်ကြပါ”ဟု ပြန်ပြောလေ၏။

ဂန္ဓာရရှင်ရသေ့ကလည်း “ဝေဒေဟရသေ့၊ အဆုံးအမခံရသူက စိတ်ဆိုးသည်ဖြစ်စေ၊ စိတ်မဆိုးသည်ဖြစ်စေ၊ ဖွဲကဲ့သို့ လွင့်သွားသည်ဖြစ်စေ၊ တရားသဖြင့် ပြောရသော ငါ့အဖို့ မကောင်းမှုပြုရာ မရောက်ပါ။ ဝေဒေဟရသေ့၊ ဤသတ္တဝါမှာ ဉာဏ်ပညာလည်း မရှိ။ ပညာရှိအဆုံးအမကို ခံရပြီး ကောင်းစွာကျင့်ဆောင်မှုလည်း မရှိပါက ဤသူသည် တောထဲက ကျွဲကန်းကဲ့သို့ လမ်းမှားသို့သာ ရောက်ရလေတော့မည်။ ဆရာသမားတို့၏ အဆုံးအမ အသင်အကြား ရရှိသူတို့သည် စည်းကမ်းဥပဒေ ဝိနည်းတို့ကို သိပြီး သင်ကြားပြီးဖြစ်၍ မတိမ်းမစောင်း ကျင့်နိုင်ကြသည်” ဟု ဂန္ဓာရရှင်ရသေ့က အိုးလုပ်သော

အိုးထိန်းသည်က အိုးကောင်းကို ရနိုင်ရန် အိုးကိုသာ နာနာပုတ်ရသည်ကဲ့သို့ ထပ်ခါတလဲလဲ ဆုံးမနေပြန်လေ၏။

ဝေဒေဟတပည့်ရသေ့သည် ဂန္ဓာရရသေ့၏ အမျိုးမျိုးပြောပြ ဆိုဆုံးမနေသော တရားသဘောကို နားလည်ကြည်ညိုလာလေ၏။ ဝေဒေဟရသေ့လည်း သူ့အမှားကို သူမြင်လာ၍ ဆရာရှင်ရသေ့အား ကြည်ညိုလှစွာဖြင့် "ဆရာရှင်ရသေ့၊ ယနေ့မှစ၍ ကျွန်ုပ်အား ဆုံးမသင့်ရာရှိက ဆိုဆုံးမပါ အကြိမ်ကြိမ်အထပ်ထပ် ဆိုဆုံးမပါ။ ကျွန်ုပ်မှာ သည်းမခံတတ်သော သဘောရှိ၍ ဆရာ့အား ပြန်လည်ပြောဆိုမိခြင်းအတွက် ထိုအဖြစ်ကို သည်းခံပါ"ဟု ရှိခိုးကန်တော့ကာ တောင်းပန်လေ၏။

ဂန္ဓာရရှင်ရသေ့နှင့် ဝေဒေဟရသေ့နှစ်ပါးသည် လူ့ရပ်ရွာမှ ခွာ၍ ဟိမဝန္တာသို့ ပြန်ရောက်ကြသောအခါ ဂန္ဓာရရှင်ရသေ့က ဝေဒေဟရသေ့အား ကသိုဏ်းပရိကံကို သင်ကြားပြသပေးလေ၏။ ကျင့်ကြံအားထုတ်ခြင်းဖြင့် အဘိညာဉ်သမာသမတ်ကို ရရှိစေ၏။ ရှင်ရသေ့နှစ်ပါးတို့သည် သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားကြရလေသတည်း။

(ဂေါတမဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဝေဒေဟရသေ့သည် အရှင်အာနန္ဒ ဖြစ်လာ၏။ ဂန္ဓာရရှင်ရသေ့သည် ဂေါတမဗုဒ္ဓမြတ်စွာဘုရား ဖြစ်တော်မူလာလေ၏။ ။)

(ဂန္ဓာရဇာတ်)

❋ ❋ ❋

---

ရွှေတံတားစာပေ

# ပုရောဟိတ်သုသိမ

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း စိုးစံလေ၏။ မင်း၏ မိဖုရားကြီးမှာ တစ်နေ့သ၌ သားတော်တစ်ပါး ဖွားမြင်လာလေ၏။ ရုပ်ရည်အဆင်း သန့်စင်ချောမောလှ၍ ဗြဟ္မဒတ္တသတို့သားဟု အမည်ပေးတော်မူ၏။

ထိုနေ့မှာပင် ဗြဟ္မဒတ်မင်းကြီး၏ ပညာရှိ ပုရောဟိတ်ဇနီး၌ သားတစ်ယောက် ဖွားမြင်၏။ သားငယ်မှာလည်း ရုပ်ရည်အဆင်း အလွန်လှပချောမွေ့လေ၏။ ထိုပုရောဟိတ်၏ သားကို သုသိမသတို့သားဟု အမည်မှည့်လေ၏။ ကလေးငယ်နှစ်ယောက်မှာ တစ်နေ့တည်း ဖွားမြင်၍ ရုပ်ရည်အဆင်းမှာလည်း သူတကာတို့ထက် လက္ခဏာအင်္ဂါ ကောင်းမွန်လှသောကြောင့် ဗြဟ္မဒတ်မင်းကြီးသည် ပုရောဟိတ်၏ သားငယ်သုသိမသတို့သားကို ယူ၍ နို့ထိန်းတို့ဖြင့် သားတော်ကဲ့သို့ မွေးမြူပြုစုစေ၏။ သားတော်၏ ဖွားဘက်တော်ဖြစ်၍ အထူးဂရုစိုက် မွေးမြူထား၏။

သူငယ်နှစ်ယောက်တို့ အရွယ်ရလာသောအခါ တက္ကသိုလ်သို့ အတူသွားကာ ပညာသင်ယူစေ၏။ ပညာရသောအခါမှာလည်း အတူပြန်စေ၍ သားတော်ဗြဟ္မဒတ္တမင်းသားအား အိမ်ရှေ့မင်းအရာ

ချီးမြှင့်လေ၏။ ဗြဟ္မဒတ္တအိမ်ရှေ့မင်းသားကလည်း သူ၏ ဖွားဘက်တော် သုသိမအား မူကကဲ့သို့ပင် အတူနေ အတူစားကာ ရင်းနှီးစွာ နေထိုင်ကြလေ၏။

ကာလအတန်ငယ် ကြာရှိလာသောအခါ ခမည်းတော် ဗြဟ္မဒတ်မင်းကြီး ကံကုန်တော်မူသဖြင့် ဗြဟ္မဒတ္တအိမ်ရှေ့မင်း နန်းတက်ကာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရလေ၏။ ဗြဟ္မဒတ္တမင်း ဖြစ်သောအခါ၌ သူ၏ ဖွားဘက်တော်သုသိမအား သူ၏ ပုရောဟိတ် အရာ ခေါ်ယူခန့်ထားလေ၏။ အတူမွေး၊ အတူနေ၊ အတူပညာသင်ကာ ကြီးပြင်းလာကြရသော မင်းနှင့် ပုရောဟိတ် သုသိမတို့မှာ တိုင်းပြည် အုပ်ချုပ်ကြရာ၌ အခက်အခဲမရှိ အလွန်အဆင်ပြေနေ၏။

တစ်နေ့သ၌ ဗြဟ္မဒတ္တမင်းနှင့် သုသိမပုရောဟိတ်တို့သည် မြို့တော်ကို တန်ဆာဆင်စေပြီး မင်္ဂလာဆင်တော်ကို စီးကာ တိုင်းခန်း လှည့်လည်တော်မူ၏။ မယ်တော်မိဖုရားကြီးသည် တိုင်းခန်းလှည့်လည် လာသော သားတော်နှင့် ပုရောဟိတ်တို့ကို လေသာဆောင်ပြတင်းမှ ရှုကြည့်တော်မူ၏။ မင်္ဂလာဆင်တော်ပေါ်မှာ အတူတကွ စီးနင်းလိုက်ပါ လာသော သားတော်ဗြဟ္မဒတ္တမင်းနှင့် ဖွားဘက်တော် ပုရောဟိတ် သုသိမတို့ကို မြင်တော်မူရာ မင်းနှင့် ပုရောဟိတ်တို့မှာ သူမတူအောင် တင့်တယ်သော ရုပ်ရည်အဆင်း ရှိသည်ကို မြင်ရသဖြင့် သုသိမ ပုရောဟိတ်အပေါ်မှာ မဖြစ်စဖူး ထူးကဲသော တဏှာလေမသံယောဇဉ် ကြိုး တစ်နွယ်မိလာလေ၏။ မိဖုရားကြီးမှာ သုသိမ၏ ရုပ်အဆင်း ကိုသာ ရင်ထဲမှာ တပ်မက်နေ၍ မစားနိုင်၊ မအိပ်နိုင် စွဲလမ်းကာ စက်ရာဆောင်ခန်းမှာပင် စိတ်ဝေဒနာ ခံစားနေရှာလေ၏။

ဗြဟ္မဒတ္တမင်းသည် မယ်တော်မိဖုရားကြီး နာမကျန်းဖြစ်ရာ အဆောင်တော်သို့ လာရောက် သတင်းမေးလေရာ မယ်တော်က

ကျိုးကြောင်းရှိသမျှကို ဖွင့်ဟ၍ မပြောဘဲ ဆိတ်ဆိတ်နေတော်မူ၏။ သားတော် မင်းဗြဟ္မဒတ္တက သူ၏ မိဖုရား ချွေးမတော်အား အကျိုးအကြောင်းသိရန် မေးမြန်းဖို့ စေလွှတ်ရာ ချွေးမတော်က ပြုစုနှိပ်ပေးရင်း ညင်သာစွာ မေးမြန်းလေ၏။ ထိုအခါမှ မယ်တော်ကြီးက မရှက်မကြောက်နိုင်ဘဲ "သားတော်ဘုရင်၏ ပုရောဟိတ်သုသိမကို မြင်ကတည်းက စွဲလမ်းသောစိတ်ဖြင့် မစားချင်၊ မအိပ်ချင် ပြင်းပြသော စိတ်ဝေဒနာ ခံစားနေရကြောင်း၊ ရုပ်ရည်ချောမောလှပသော ပုရောဟိတ် သုသိမနှင့်သာ အတူမပေါင်းသင်းရလျှင် အသက်ပင် သေရစေတော့" ဟု ပြောကြားလေ၏။

ဗြဟ္မဒတ္တဘုရင်သည် မယ်တော်မိဖုရားကြီး၏ ဖြစ်အင်ကို ကြားသိတော်မူသောအခါ မယ်တော်အား အပြစ်မမြင်နိုင်၊ သနားကြင်နာစိတ်ကြီးစွာဖြင့် မယ်တော်၏ ဝေဒနာပျောက်ကင်းကာ အသက်ချမ်းသာရဖို့ စဉ်းစားတော်မူ၏။

ဗြဟ္မဒတ္တမင်းကြီးသည် ချက်ချင်းပင် သူ၏ ပုရောဟိတ် သုသိမကို ခေါ်ပြီး မယ်တော်၏ ဝေဒနာဖြစ်အင်ကို ဖွင့်ဟပြောကြားလေ၏။ ပြောကြားပြီးနောက် ပုရောဟိတ်အား "ငါ့ညီ သုသိမ၊ မယ်တော်၏ အသက်ကိုကယ်ပါ၊ ငါ့ထီးနန်းမှာ မင်းစိုးစံပြီး မယ်တော်ကို သိမ်းပိုက်ပါ၊ ငါက အိမ်ရှေ့မင်းအဖြစ် ခံယူမယ်"ဟု ထီးနန်းအပ်လေ၏။

ပုရောဟိတ်သုသိမကား မင်းကြီးစကားကို ကြားရသော် "လက်မခံပါရစေနှင့်အရှင်၊ မသင့်တော်ပါ"ဟု ငြင်းဆို၏။ မင်းကြီးက "ဒါဟာ မြတ်သောအလုပ်ပါ ပုရောဟိတ်၊ မယ်တော်၏ စိတ်ဝေဒနာနှင့် အသက်ကို ကယ်ရတာပါ၊ မငြင်းပါနှင့်"ဟု ထပ်မံ၍ ပြောတော့မှ သုသိမသည် ထီးနန်းကို သိမ်းပိုက်ကာ မယ်တော်ကြီးအား မိဖုရားအရာ တင်မြှောက်လိုက်ရလေ၏။

---

ရှေ့တံတားစာပေ

နိက္ခမစိတ် ပြင်းပြသော ပုရောဟိတ်သုသိမသည် ထီးနန်းမှာ မပျော်ပိုက်၊ မိဖုရားကြီးနှင့်လည်း မပျော်မွေ့ဘဲ တစ်ပါးတည်းသာ နေလေ့ရှိရာ မိဖုရားကြီးမှာ သုသိမကို ချစ်ခင်မြတ်နိုးလှသဖြင့် တစ်နေ့မှာ စဉ်းစား၏။

"မင်းမြတ်ကား အရွယ်နုပျို၏။ ငါကား ဆံဖြူလာပြီ၊ မင်းမြတ်ကို နုပျိုသည်ဟု မထင်ရအောင် ကြံဆောင်မှ ဖြစ်တော့မည်"ဟု တွေးကာ လည်ဆယ်လိုစိတ်ဖြင့် "ရှင်မင်းမြတ်၊ ဆံတော်များ ဖြူလေမလား၊ ရှာ၍ နှုတ်ပေးပါမည်"ဟု ပြောပြီး သူ့ခေါင်းမှ ဆံပင်ဖြူတစ်ပင်ကို နှုတ်ကာ မင်းမြတ်အားပြ၍ "အရှင့်မှာ ဆံပင်ဖြူ ရှိနေပါပြီ၊ ကြည့်တော်မူပါ"ဟု သူ့ဆံပင်ဖြူကို ပြလိုက်လေ၏။

သုသိမ ဘုရင်ကလည်း တကယ်ပင် သူ့ဆံပင်ဖြူဟု ထင်ကာ တရားသံဝေစိတ်၊ နိက္ခမစိတ် ပြင်းပြတော်မူလာ၏။

သုသိမဘုရင်သည် လက်ဝါးပေါ်တွင် တင်ထားသော ဆံဖြူ တစ်ပင်ကို စေ့စေ့ကြည့်လျက် "ရှင်မ၊ ငါကား အိုမင်းလာပြီ၊ လောကရှိ ကာမဂုဏ်ချမ်းသာကို စွန့်မှပင် ဖြစ်တော့မည်၊ နုပျိုရွယ်လှ ဘဝမှ အိုစပြုလာချေပြီ"ဟု မိန့်တော်မူရာ မိဖုရားကြီးမှာ သူနှင့်အတူ အရွယ်ချင်းတူမျှ စိတ်ရှိလာအောင် လည်ဆယ်ရကျိုး မနပ်တော့ ပါကလားဟု သိသဖြင့် "အို--အရှင်မင်းမြတ်၊ တကယ်တော့ ဒီ ဆံဖြူဟာ ကျွန်မရဲ့ ဆံဖြူပါ၊ အရှင့်ကို ဆံဖြူထင်ရအောင် လည်ဆယ်ပြသလိုက်ရခြင်းသာပါ။ အရှင်မင်းမြတ်၊ အရှင်ကား သက်ရွယ်နုပျိုပါသေးသည်၊ နန်းစည်းစိမ်ခံစားဖို့ရာ အချိန်တွေတောင် ကြာပါသေးသည်၊ ထီးနန်းစည်းစိမ်ကို ကျွန်တော်မနှင့်အတူ အသက် ထက်ဆုံး စံစားပါ၊ ဘယ်အခါမျှ တောမထွက်ပါနှင့်၊ ဘယ်အခါမှ ရဟန်းမပြုလိုက်ပါနှင့်"ဟု သာယာညင်းပြောင်းစွာ တောင်းပန်ပြောဆို လေ၏။

---

ခွေတံတားစာပေ

သုသီမဘုရင်ကား "အို--ရှင်မ မိဖုရားကြီး၊ နံပျိုသော ခန္ဓာသည် အိုမင်းပျက်စီးရမှာ မုချတည်း၊ ငါသည် တစ်ကိုယ်လုံး ပြေပြစ်သော အဆင်းရှိသော ကိုယ်နှင့်ကောင်းသော ခါးရှိသော မိန်းမပျိုကို မြင်ရ၏။ လေပြေလေညှင်းတိုက်ခတ်၍ လှုပ်ရှားသော သန္တာမည်းကဲ့သို့ ရှိနေသော ထိုမိန်းမပျိုသည် ယောကျ်ားတို့အား ကိလေသာအစွမ်းဖြင့် ဖြားယောင်းသကဲ့သို့ ဖြစ်ချေ၏။ နောက်အခါ အသက်ရှစ်ဆယ်၊ကိုးဆယ်အရွယ် ရှိလာလေသော ထိုမိန်းမကို တောင်ဝှေးလက်စွဲကာ တုန်ရီတုန်လှုပ် ကုန်းကွသော ကိုယ်ဖြင့် သွားနေသည်ကို မြင်ရ၏။ နံပျိုအဆင်း ကွယ်ပျောက်ကာ အိုမင်း ခြင်းသာလျှင်ရှိရာ ဓမ္မတာဟု ငါမြင်ရ၏။

အို--ရှင်မ မိဖုရား၊ ငါသည် အိပ်ရာထက်မှာ ထိုကဲ့သို့ ဓမ္မတာသဘောတရားကို ဆောင်နေသည့် မိန်းမတို့ ခန္ဓာကိုယ်ကို ငါအမြဲ မြင်နေရ၏။ ငါသည် ကာမဂုဏ်စည်းစိမ်ကို တကယ်ပင် မမက်မောတော့ပါ။ ခန္ဓာ၏ အပြစ်တို့ကိုသာလျှင် အမြဲရှုမြင်လျက် ရှိနေရပေ၏။ ထိုအပြင်ကောင်းသော ရှုမြင်ရခြင်းဖြင့် ထီးနန်းစည်းစိမ် ဟူသော အိမ်၌လည်း မမွေ့လျော် မပျော်ပိုက်တော့ပါ။ ယနေ့မှစ၍ မြတ်သော ကောင်းသော အကျင့်တို့ကို ကျင့်ကြံအားထုတ်ရတော့ မည်သာပင်။ မိမိမွေ့လျော်ရာ အိမ်သည်လည်း တုတ်ချည်ရစ်ပတ် ထားသော အနှောင်အဖွဲ့သာပင်။ ထိုကာမဂုဏ်အာရုံ အနှောင်အဖွဲ့မှ ပညာရှိတို့သည် လွတ်အောင် ရုန်းကြကုန်၏။ အရာရာကို စွန့်ပယ်ပြီး မငဲ့မကွက်ဘဲ သွားကြကုန်၏။ ငါသည်လည်း ထို့အတူပင် နိက္ခမအမှုဖြင့် စွန့်ပယ်တော့မည်"ဟု မိန့်ကြားပြီးနောက် ဗြဟ္မဒတ္တ အိမ်ရှေ့မင်းကို ခေါ်၍ ထီးနန်းကို ပြန်လည်အပ်နှင်းလေ၏။ သင့်မြတ်သော တရားကိုလည်း ဟောကြားပြလေ၏။

---

ရွှေတံတားစာပေ

ပုရောဟိတ်သုသိမ၏ ဆွေမျိုးတို့သည် ခွဲခွာရတော့မည်ဖြစ်၍ လာရောက်ငိုကြွေးကြကုန်၏။ ပုရောဟိတ်သုသိမကား အရာရာသော လောကချမ်းသာကို စွန့်ပစ်ခဲ့ပြီးနောက် ရသေ့ရဟန်းပြုကာ ဟိမဝန္တာသို့ ဝင်တော်မူခဲ့၏။ ဟိမဝန္တာ၌ ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် မယုတ်မလျော့သော ဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါမှာ ဗြဟ္မာ့ပြည်သို့ လားရလေသတည်း။

နောင်သောအခါ ဂေါတမဘုရားရှင်ပွင့်တော်မူရာ စိတ်လှုပ်ရှား ဖောက်ပြန်ခဲ့သော မိဖုရားကြီးသည် ရာဟုလာမယ်တော် ယသော်ဓရာ။ မယ်တော်ကို စောင့်ရှောက်ခဲ့သော ဗြဟ္မဒတ်မင်းသည် ညီတော်အာနန္ဒာ။ ပုရောဟိတ်သုသိမမင်းကြီးသည် ဂေါတမရှင်တော် မြတ်ဘုရား ဖြစ်တော်မူလာလေ၏။

(သုသီမဇာတ်)

* * *

# အဘိဓာတ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံလျက် ရှိလေ၏။ ကာသိကရွာ၌ ကောင်းစွာ အသက်မွေးနေသော မိသားစုတစ်စု ရှိလေ၏။ အမိဖြစ်သူသည် သားအဖကို စွန့်ကာ ကွယ်လွန်ခဲ့ရာ သားဖြစ်သူက အမိ၏ နေရာတွင် တာဝန်ယူကာ အဖကို ပြုစုလုပ်ကျွေးနေ၏။ ဖခင်က သားအား 'ငါ့သား၊ သဝိဋ္ဌက မင်းဟာ အမိနေရာမှာလဲ အိမ်မှုကိစ္စများ လုပ်ရ၊ အဖေ့ကိုလဲ ပြုစုရနှင့် ပင်ပန်းလှတယ်၊ ငါ့သားအိမ်ထောင်ပြုလိုက်ပါ။ အိမ်အတွက် ငါ့သား အဖော်ရတာပေါ့'ဟု နားချပြောဆိုလေ၏။ သားက 'ကျွန်တော် အိမ်ထောင်မပြုချင်ဘူး အဖေ'ဟု ငြင်းဆို၏။ ဖခင်သည် သားက ငြင်းဆိုသော်လည်း မကြာခင်မှာ သင့်တော်ရာ ရွာသူတစ်ယောက်နှင့် သားကို လက်ဆက်ပေးစားလိုက်လေ၏။

သားအဖနှစ်ယောက်တွင် ချွေးမ ရောက်လာသော်အခါ ကောင်းစွာ ပြုစုခံရသောကြောင့် စိတ်အေးချမ်းသာရှိကြရလေ၏။ သားကလေးတစ်ယောက် ဖွားမြင်၍ အသက် ခုနစ်နှစ်သားအရွယ်ပင် ရောက်ရှိလာခဲ့လေ၏။ ချွေးမသည် ရှေးကကဲ့သို့ မဟုတ်တော့။ သက်ရွယ်အိုမင်းလာပြီဖြစ်သော ယောက္ခမကြီးအား မပြုစု မလုပ်ကျွေး

လို၍ လင်ဖြစ်သူ သဝိဋ္ဌအား ကုန်းချော့ပြောဆိုလာလေ၏။ မယားက လင်အား အခါမလပ် 'အရှင်၊ ဖခင်အိုကား၊ အမြဲပင် ကျွန်မကို ခိုက်ရန် ပြုနေပါသည်၊ အိုလည်း အိုနေပါပြီ၊ အဖနှင့် အတူမနေနိုင်တော့ပါ၊ ဒါကြောင့် အဖကို မကြာခင်မှာ သတ်ပစ်ပေးပါ၊ ရွာထဲမှာ သူအပ်နှံထားတဲ့ ပစ္စည်းတွေလဲ ရှိကြောင်း သိရတယ်၊ ဘယ်မှာ အပ်ထားသလဲဆိုတာကို မေးပြီးမှ သတ်ပါ' ဟု ပြောလေ၏။ သဝိဋ္ဌက,က 'ရှင်မ ငါ လူမသတ်တတ်ပါ၊ ဘယ်လိုလုပ် သတ်ရမှာလဲ' ဟု မေးရာ မယားက 'အို--လူသတ်ရတာ မခက်ပါဘူး၊ အဘိုးအိုကို အပ်နှံထားတဲ့ ပစ္စည်းများ ရှိရာကို လိုက်ပြပေးပါ၊ အဖေလဲ အိုပြီမို့ အဖေမရှိရင် ဒီပစ္စည်းတွေ ဆုံးပါးမှာ စိုးလို့ပါ' လို့ ပြောပြီး သူ့ကို လှည်းနှင့်တင်ပြီး ခေါ်သွားပါ၊ သုသာန်ကို ခေါ်သွားပါ၊ ဟိုရောက်ရင် ပေါက်တူးအနှောင့်နှင့် ထုသတ်ပြီး တွင်းတူးပြီး မြှုပ်ထားခဲ့ပေါ့'ဟု အကြံပေးလေ၏။

ထိုကဲ့သို့ လင်မယားနှစ်ယောက် တိုင်ပင်နေကြသည်ကို သားငယ်က အကွယ်မှ နားထောင်ကြားသိထားလေ၏။ နောက်မနက်မှာ သဝိဋ္ဌကသည် လှည်းကိုပြင်နေ၏။ အဖကို သွားခေါ်နေစဉ် သားငယ်သည် လှည်းပေါ်မှာ အရင်တက်ထိုင်နေလေ၏။ သားငယ်၏ စိတ်ထဲ၌ 'ငါ့အမေဟာ တယ်ပြီး ယုတ်မာပါကလား၊ ငါ့အဘိုးလဲ သေရမယ်၊ ငါ့အဖေမှာလဲ ပိတုဃာတက ကံထိုက်တော့မယ်၊ ငါ့အမေကို ငါဆုံးမမှပဲ ဖြစ်တော့မယ်'ဟု ဉာဏ်အမြင်ဖြင့် စဉ်းစားနေလေ၏။

သဝိဋ္ဌကသည် သူ့အဖေအိုကို ခေါ်လာသောအခါ သားငယ်ရှိနေသော်လည်း မနှင်နိုင်ဘဲ လှည်းကို သုသာန်သို့သာ မောင်းလာခဲ့လေ၏။ သုသာန်ရောက်သောအခါ မြေးအဘိုးတို့အား တစ်နေရာမှာ

ထားခဲ့ပြီး ချုံအကွယ်မှာ တွင်းတူးနေလေ၏။ သားငယ်လည်း ဖခင်တူးယက်နေရာသို့ လိုက်သွားပြီးလျှင် 'အဖေ ဒီနေရာတွေမှာ သထွေး၃၊ ကညင်၃၊ မျောက်၃နှင့် ပိန်း၃တို့ ရှိတာမှ မဟုတ်တာဘဲ၊ ဘာဖြစ်လို့ မြေကို တူးနေရတာလဲ'ဟု မေးလေ၏။ သဝိဋ္ဌက,က 'သားငယ် မင်းရဲ့ အဘိုးဟာ အိုလဲ အိုပြီ၊ ရောဂါလဲ ဖိစီးလာပြီ၊ ဒီလိုဆင်းရဲခံနေရတာကို ငါမကြည့်လိုလို့ သေတာကမှ ကောင်းသေးတယ်လို့ စဉ်းစားမိလို့ သတ်ဖို့ ခေါ်လာတာပဲ'ဟု ပြန်ပြောလေ၏။

သားငယ်က ဖခင်အား 'အဖေ အဘိုးကို အဖေရဲ့ မွေးသဖခင်ဖြစ်လို့ လုပ်ကျွေးပြုစုဖို့သာ ရှိပါတယ်၊ ခုလို သတ်ပစ်မယ်ဆိုရင် အဖေဟာ ပိတုဃာတက ကံထိုက်ပြီး ငရဲပြည်ကို သွားရတော့မှာပဲ၊ ဒီလိုသာ အဖေကို သတ်ကြစတမ်းဆိုရင် သားကလဲ အဖေ လုပ်သလို လုပ်ရတော့မှာပေါ့'ဟု ပြောကာ သူ့အဖေ လက်ထဲမှ ပေါက်တူးကို ဆွဲယူပြီး ဘေးနားမှာ တွင်းတစ်တွင်း တူးယက်နေလေ၏။ သဝိဋ္ဌကလည်း 'ဟဲ့––ငါ့သား ဒါဘာလုပ်ဖို့ တူးတာလဲ'ဟု မေးရာ သားငယ်က 'ကျွန်တော်လဲ အဖေ့လိုပဲပေါ့၊ အဖေ့ကို သတ်ပြီး တွင်းထဲမှာ မြှုပ်ရမှာပေါ့'ဟု ပြောရာ သူ့အဖေက 'ငါ့သား မိုက်လှချည့်လား'ဟု ပြောလေ၏။

သားငယ်က 'အဖေဟာ'အဘိုးကိုလဲ သတ်ဖို့ လုပ်တယ်၊ ပိတုဃာတကကံကို မကြောက်ဘူး၊ အခု ကျွန်တော့်ကိုလဲ မဆုံးမဘူး၊ အဖေစဉ်းစားကြည့်စမ်းပါ။ မိဖတို့ကို အိုမင်းတဲ့အထိ လုပ်ကျွေးပြုစုတဲ့ သားသမီးဟာ သေရင် နတ်ပြည်ရောက်ရယ်၊ မိဘကို မလုပ်ကျွေးဘဲ သတ်ရင်တော့ ငရဲပြည်ရောက်ရမှာပဲ၊ အခု ကျွန်တော်က အဖေ့ကို သတ်မယ်လို့ လုပ်ပြပြီး သတိရအောင် ပြောပြရတာပါ၊ ကျွန်တော် ငရဲပြည်အရောက် မခံနိုင်ပါဘူး၊ ပိတုဃာတကကံကို မဖြစ်စေရပါဘူး၊

အဖေစဉ်းစားပါ'ဟု ပြောပြလေရာ သူ့အဖေက 'အစက အဖေဟာ မင်းရဲ့ အဘိုးကို သတ်ဖို့ မဟုတ်ပါဘူး၊ မင်းအမေက သတ်ခိုင်းလို့ ခုလို ကြံစည်ပြုလုပ်ရတာပါ'ဟု ဖွင့်ဟ၍ ပြောလေ၏။

သားငယ်က 'အဖေရယ်--အမေဟာ သားရဲ့ မွေးသမိခင်ပါပဲ၊ ဒါပေမယ့် အမေဟာ စိတ်ယုတ်မာရှိသူပါ၊ အဖေက သူ့စကားကို နားထောင်ပြီး ခုလို ဒုက္ခကြီးစွာ ရအောင်လုပ်တာ ဘာကောင်းပါ့မလဲ၊ အဖေ့မိန်းမကို ဆုံးမပါ၊ အိမ်က နှင်ချလိုက်ပါ၊ ဒါမှ အမေလဲ သတိတရားရပြီး စိတ်ကောင်းရှိလာမှာပါ'ဟု အကြံပေးလေရာ သဝိဋ္ဌကလည်း သားငယ်၏ တရားစကားများတွင် သဘောပေါက်လာပြီး အဖအိုကို မသတ်တော့ဘဲ လှည်းဖြင့် မြေးအဘိုးသုံးယောက် အိမ်ပြန်လာခဲ့ကြလေ၏။

အိမ်တွင် ချွေးမသည် ယောက္ခမကြီးသေပြီဟု ပျော်ရွှင်နေကာ ဟင်းလျာကောင်းချက်၍ ပျော်ပျော်စားကြမည်ဟု ပြင်ဆင်နေစဉ် မြေးအဘိုးသုံးယောက် ပြန်လာသည်ကို မြင်ရသောအခါ ဒေါသထွက်ကာ 'ဟဲ့--နင်တို့ ဘာလို့ ပြန်လာကြတာလဲ၊ ငါပြောတာလဲ ပြောသလို မလုပ်ဘူး' ဟု အော်ဟစ်ပြောဆိုလေရာ သဝိဋ္ဌက,က 'ဟဲ့-မိန်းမယုတ်၊ နင်ဟာ ငါ့အဖေကို သေအောင်သတ်ခိုင်းတယ်၊ ငါ့ကို ကံကြီးထိုက်အောင် လုပ်တယ်၊ နင် ငါ့အိမ်မှာမနေနှင့်၊ ခုပဲ ဆင်းသွားတော့'ဟု ပြောကာ ရိုက်ပုတ်နှင်ချလိုက်ရာ မိန်းမလည်း ကြောက်လန့်စွာဖြင့် ရွာထဲက ဆွေမျိုးများဆီသို့ ထွက်ပြေးသွားရလေ၏။

သားငယ်သည် ဖခင်အား 'အဖေ အခုလို အမေအိမ်က ဆင်းသွားရပေမယ့် မိုက်မဲတဲ့ စိတ်ပျော်မယ် မဟုတ်ပါ။ နောက်ထပ် တစ်ကြိမ် ဆုံးမပါဦး၊ အမေဟာ မွေး :သမိခင်အရင်းပါ၊ အင်မတန်

မိုက်မဲ ယုတ်မာလွန်းလို့ အဖေက ပြုပြင်ပေးဖို့ ပြောရတာပါ။ အဖေက နက်ဖြန်ကာ ရွာထဲက သတင်းလွှင့်ပါ၊ 'ငါ့မှာ မိုက်မဲတဲ့ မယား မရှိတော့ဘူး၊ ခုပဲ နောက်အိမ်ထောင်ပြုဖို့ သမီးတောင်းသွား ရတော့မယ်'လို့ ပြောပြီး လှည်းယာဉ်ကို လှအောင်ဆင်ပြီး လယ်တော မှာ တစ်နေ့လုံး သွားနေပါ၊ ညမိုးချုပ်မှ ပြန်လာပါ' ဟု ပြောကာ အကြံပေးလေ၏။

သဝိဋ္ဌကလည်း ရွာထဲမှာ သတင်းလွှင့်ပြီးနောက် လှည်းယာဉ် မောင်းနှင်ကာ အိမ်မှ ထွက်ခွာသွားလေ၏။ ရွာထဲက လူအချို့က 'သဝိဋ္ဌကတော့ နောက်အိမ်ထောင်ပြုတော့မယ်၊ မိန်းမတောင်းဖို ထွက်သွားလေရဲ့'ဟု ပြောဆိုနေကြသည်ကို မိုက်မဲသော မိန်းမက ကြားရသော်စိတ်ထဲမှာ ကြောက်လန့်စိုးရိမ်ကာ သူ့အိမ်ဆီသို့ သွားကာ သားငယ်ကို ခေါ်ပြီးလျှင် 'သားရယ်၊ မင်းအဖေ နောက်အိမ်ထောင် ပြုရင်တော့ အမေ့မှာ အားကိုးရာ မဲ့တော့မယ်၊ ငါ့သားကိုသာ အားကိုးပါတယ်၊ မင်းအဖေကို ရှေးကလိုပဲ အမေပြုစုပါ့မယ်၊ မင်းရဲ့ အဘိုးကိုလဲ ဘုရားလိုပဲ ရိုသေလုပ်ကျွေးပါ့မယ်၊ အမေလဲ ခု သတိတရား ရလာပါပြီ၊ အကုသိုလ်ကို သိရပါပြီ၊ ဒီကို ပြန်လာ ရဖို့ မင်းအဖေကို တောင်းပန်ပေးပါ'ဟု ပြောလာလေ၏။

သားငယ်သည် သူ့အမေ နောင်တတရားရပြီး မမိုက်မဲတော့ပြီ ဟု သိရသဖြင့် ဝမ်းသာနေလေ၏။

ညမိုးချုပ်၍ သူ့အဖေ လယ်တောမှ ပြန်ရောက်လာသော အခါ သားငယ်က 'အဖေ--အမေက လာပြောသွားတယ်၊ နောက်အိမ်ထောင်လဲ မပြုပါနှင့်၊ သူလဲ မမိုက်တော့ပါဘူး၊ အဘိုးကိုရော အဖေ့ကိုရော ဘုရားလို ကိုးကွယ်ပြီး ရှေးကလိုပဲ ပြုစုလုပ်ကျွေးပါတော့ မယ်တဲ့။ အိမ်ကို ပြန်လာဖို့လဲ အဖေ့ကို တောင်းပန်ပေးပါလို့

မှာသွားတယ်၊ အမေ သတိတရားရပြီထင်ပါတယ် အဖေရယ်. လာပါစေတော့'ဟု ပြောလေ၏။

သဝိဋ္ဌကလည်း သားပညာရှိကလေးကြောင့် 'အမိမိုက် လိမ္မာလာပါပေါ့ကလား'ဟု ရင်ထဲမှာ ဝမ်းသာပြီး 'ဒီလိုဆိုရင် ကောင်းတာပေါ့ သားငယ်ရယ်၊ နက်ဖြန်ကာ မင်းအမေရှိရာကို သွားခေါ်ပေတော့'ဟု ခွင့်ပြုလိုက်လေ၏။ နောက်အခါ၌ မယားမိုက် သည် သတိတရား ရလာသဖြင့် မိသားစုရှေးကလို စိတ်ချမ်းမြေ့စွာ နေထိုင်ကြပြီး သေလွန်သောအခါ နတ်ပြည်သို့ လားကြရလေ၏။

နောင်အခါ ဂေါတမရှင်တော်ဘုရား ပွင့်တော်မူရာတွင် သတ္တဝါများအား တရားအမြိုက်ဆေး တိုက်ကျွေးပြီးနောက် ထိုအခါက ဖြစ်ခဲ့ရသော သားလိမ္မာသည် ယခုအခါ ငါဘုရားပင်တည်းဟု မိန့်ကြားတော်မူလေသတည်း။ ။

(တက္ကလဇာတ်)

* * *

# တက္ကပဏ္ဍိတရှင်ရသေ့နှင့် ဝိန်းမယုတ်

ဗြဟ္မဒတ်မင်းအုပ်ချုပ်သော ဗာရာဏသီပြည်၌ သူဌေးသမီး တစ်ယောက် ဒုဋ္ဌကုမာရီအမည်ရှိ၍ အလွန်မာနကြီးပြီး စိတ်လက် ခက်ထန်ကြမ်းတမ်း၏။ အာဃာတစိတ်ကြီး၍ ယုတ်မာ၏။ သူ့ အနားမှာ ရှိနေသော ခြွေရံသင်းပင်းတို့က သူ့အကြောင်းကို သိပြီးဖြစ်၍ မချစ်ခင်၊ မကြည်ညိုဘဲ မုန်းတီးရွံရှာကြ၏။ တာဝန်ရှိသမျှ လုပ်ကိုင် ပေးကြရသော်လည်း သူ့အပေါ်မှာ သံယောဇဉ်မရှိကြချေ။

တစ်နေ့သော ညနေချမ်းတွင် နောက်ပါအခြွေအရံတို့နှင့် မြစ်ကမ်းဆိပ်သို့ ရေချိုးဆင်းခဲ့လေ၏။ မိုးကလည်း သည်းထန်စွာ ရွာချရာမှ မိုးမှောင်ကြီး ကျလာပြီး လေပြင်းတိုက်ခတ်လာရာ အခြွေအရံအပေါင်းသည် ရေချိုးနေရာမှ ကမ်းပေါ်သို့ အပြေးအလွှား တက်သွားကြရလေ၏၊ သူတို့သခင်မကို မုန်းတီးနေကြသဖြင့် တွဲခေါ်ရမှာစိုး၍ မမြင်ဟန်ဆောင်ကာ ပြန်သွားကြကုန်၏။

ဒုဋ္ဌကုမာရီသည် ကယ်ပါ--ကယ်ပါ ဟု ဟစ်အော်ရင်း မြစ်ထဲမှာ မျောပါသွားလေ၏။ မြစ်၏ အောက်ဘက်ကမ်းခြေ၌

ရသေ့တစ်ပါး တရားအားထုတ်ကာ နေထိုင်လျက်ရှိရာ ထိုနေ့ညနေက မြစ်ထဲမှာ မျောပါလာသော မိန်းမတစ်ယောက်ကို မြင်လိုက်ရသဖြင့် မိမိ၏ အသက်ကို ပဓာနမထားဘဲ ရေစီးထဲတွင် ကူးခတ်ကာ ပင်ပန်းစွာ ကယ်တင်ခဲ့လေ၏။ ရှင်ရသေ့သည် ထိုမိန်းမကို ဂရုဏာစိတ်ဖြင့် ကျွေးမွေးပြုစုသဖြင့် နေကောင်းလာရာ နှစ်ရက်၊ သုံးရက်မျှကြာလျှင် အလိုရှိရာ သွားပေတော့ဟု ပြောလေ၏။

ဒုဋ္ဌမာရီက စဉ်းစား၏။ ဤနေရာမှ ထွက်သွားပါက တောလမ်းခရီးမှာ သစ်ကျားစသော ဘေးအန္တရာယ် ပေါ်လာ၏။ ငါ၏ အိမ်သို့လည်း မပြန်တတ်။ ထို့ကြောင့် ရှင်ရသေ့ထံမှာပင် ခိုလှုံမှ ဖြစ်တော့မည်ဟု ကြံစည်ကာ "နေလို့လဲ မကောင်းသေးပါဘူး၊ ရက်ခဏလောက်တော့ ဆက်နေပါရစေ"ဟု ခွင့်တောင်းလေ၏။ ရှင်ရသေ့ကလည်း သနားသဖြင့် ခွင့်ပြုထားလိုက်လေ၏။ ရှင်ရသေ့မှာ သစ်သီးသစ်ဥများ ရှာဖွေကျွေးမွေးထားရလေတော့သည်။

ဒုဋ္ဌကုမာရီသည် ရှင်ရသေ့ ရှာဖွေကျွေးမွေးသည်ကို စားသောက်ရင်း မိန်းမတို့၏ မာယာဖြင့် ဆွဲဆောင်လေ့ရှိရာ ရှင်ရသေ့မှာ တရားပျက်ကာ ရှာန်လျှောကျရလေတော့သည်။ ထိုအခါ၌ ဒုဋ္ဌကုမာရီနှင့် လက်ဆက်ကာ ထိုနေရာမှာပင် ကောင်းမွန်စွာ နေထိုင်ကြလေ၏။

တက္ကပဏ္ဍိတရသေ့လူထွက်မှာ တောတွင် ရှာဖွေကျွေးမွေးလာရာ ဒုဋ္ဌကုမာရီက တောရွာတစ်ရွာသို့ ပြောင်းရွှေ့နေဖို့ ပြောသဖြင့် ရွာလေးတစ်ရွာသို့ လင်မယားနှစ်ယောက် ပြောင်းရွှေ့နေထိုင်ကြလေ၏။ လူများ နေထိုင်ရာ ရွာဖြစ်သဖြင့် တက္ကပဏ္ဍိတသည် ဝမ်းရေးအတွက် နွားနို့ချဉ်တည်ကာ ရောင်းပြီး အသက်မွေးကြရလေ၏။

တစ်နေ့မှာ သူခိုးဓားပြများ ရွာလေးကို ရောက်လာပြီး

လုယက်တိုက်ခိုက်ကြသည်။ ရသမျှ ပစ္စည်းတွေကို ရွာသူရွာသား တို့အား ထမ်းပိုးရွက်သယ်စေပြီး ခေါ်သွားရာ ဒုဋ္ဌကုမာရီလည်း ပါသွားလေ၏။ ဓားပြစခန်းသို့ရောက်သော ရွာမှ လူများကို ပြန်လွှတ်သော်လည်း ရုပ်ရည်ရှိသော ဒုဋ္ဌကုမာရီကို ပြန်မလွှတ်ဘဲ သားမယားအဖြစ် ယူထားလိုက်လေ၏။ သူခိုးအကြီးအကဲ၏ မယားအဖြစ်နေရသဖြင့် ဒုဋ္ဌကုမာရီမှာ သူ့လင်ယောကျ်ားကို ပြန်မပေါင်းလိုတော့။ သူနှင့် ပြန်နေရလျှင် နွားနို့ချဉ် ရောင်းစားကာ ဆင်းရဲမှာပဲဟု တွေးကာ သူခိုးနှင့်ပင် ပျော်ပိုက်လျက် ရှိနေ၏။ တက္ကပဏ္ဍိတရသေ့ လူထွက်ကမူကား "ဒုဋ္ဌကုမာရီဟာ ငါ့ကို အလွန်ချစ်တာပဲ၊ တစ်နေ့နေ့မှာ သူထွက်ပြေးလာလိမ့်မယ်"ဟု မျှော်လင့်နေလေ၏။

သူ့မယားကမူကား လင်ဟောင်းကို သေစေလိုသဖြင့် သူခိုး လင်မသိအောင် တိတ်တိတ်မှာပြီး တဲထဲမှာ ခဏဖွက်ထားပြီး သေစေကြောင်း ကြံစည်နေလေ၏။ လင်သူခိုးကို မပြောခင် အရက်များ မူးအောင် တိုက်လေ၏။ အရက်တော်တော်မူးလာသောအခါ "အမောင်၊ ကျွန်မရဲ့ ယောကျ်ားရသေ့ လူထွက်ဟာ အခု ကျွန်မကို လာခေါ်တယ်၊ ကျွန်မက လိမ်ညာပြီး တဲအိုထဲမှာ ခဏထားပစ်ခဲ့တယ်၊ သူမရှိမှ အေးမယ်၊ သူ့ကို ဒီညမှာပဲ သတ်ပါ"ဟု တိုင်ပြောလေ၏။ လင်သူခိုးက စိတ်ဆိုးလျက် ဓားကိုဆွဲကာ ထွက်လာခဲ့လေ၏။ သူခိုးသည် တက္ကပဏ္ဍိတကို ရိုက်နှက်နေလေ၏။ မသတ်ခင် အားရအောင် ရိုက်တိုင်းမှာ တက္ကပဏ္ဍိတက ဒေါသလဲ ကြီးတယ်၊ ကျေးဇူးလဲကန်းတယ်၊ ရန်ညှိုးလဲထားတယ်၊ သိပ်ယုတ်မာတယ်"ဟုသာ အခါခါ ပြောနေလေ၏။

ထိုအခါ သူခိုးက "ဟေ့လူ၊ မင်းဘာတွေ ပြောနေတာလဲ၊

ငါ့ကို ရှင်းပြစမ်း”ဟု မေးလေ၏။ မေးသောအခါမှ တက္ကပဏ္ဍိတက ထိုမိန်းမကို ရေထဲမှာ အသက်စွန့်ပြီး ကယ်ဆယ်ခဲ့၍ သူ့သီလပျက်ကာ ရှာန်လျှော့ရကြောင်း၊ နွားနို့ချဉ်ရောင်းပြီး ကျွေးမွေးခဲ့ရကြောင်းတို့ကို အကြောင်းစုံပြန်ပြောပြလေ၏။

ထိုအခါ သူခိုးက စဉ်းစား၏။ “ဒီမိန်းမဟာ ပထမလင်ကို ပြစ်မှားပြီး ငါ့ဆီမှာနေပြီး လင်ဟောင်းကို သတ်ခိုင်းတယ်၊ ယုတ်မာတဲ့ မိန်းမကို ငါမပေါင်းအပ်ပေဘူး”ဟု တွေးမိသည့်အတိုင်း “ကဲ-- မင်းရဲ့ လင်ဟောင်းနှင့်လိုက်ခဲ့၊ တောကိုသွားကြမယ်”ဟု နှစ်ယောက် လုံးကို ခေါ်လာခဲ့လေ၏။

ဒုဋ္ဌကုမာရီသည် လင်နှစ်ယောက်နှင့် တောသို့ လိုက်လာခဲ့ လေ၏။ တောသို့ ရောက်သောအခါ သူခိုးက “ကဲ--မင်းရဲ့လင်ကို သတ်ချင်တာဖြင့် သူ့လက်နှစ်ဖက်ကို မြဲမြဲကိုင်ထားပေး၊ လည်ကို ဖြတ်သတ်ရမှာပဲ”ဟု စေခိုင်းရာ ဒုဋ္ဌကုမာရီက ရသေ့လူထွက် တက္ကပဏ္ဍိတ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ချုပ်ထားပေးလေ၏။ သူခိုးသည် ဓားကိုမြှောက်ကာ ဒုဋ္ဌကုမာရီ၏ လည်ပင်းကို ခုတ်ချ လိုက်လေတော့သည်။

မိန်းမယုတ် သေဆုံးသွားသောအခါ တက္ကပဏ္ဍိတက “ကျုပ် ရသေ့ရဟန်းပြုတော့မယ်”ဟု သူခိုးကို ပြောရာ သူခိုးကလည်း တရားသံဝေဂရကာ “ကျုပ်လဲ သင့်လိုပဲ ရသေ့ရဟန်းပြုမယ်၊ သင် နှင့်ပဲ လိုက်ခဲ့ပါရစေ”ဟု ပြောကာ နှစ်ယောက်အတူ ထွက်လာခဲ့ကြ လေ၏။ ရသေ့နှစ်ပါးသည် လူသူမနီးသော တောနက်ရာတွင် တရားအားထုတ်ရာ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ရရှိကြ၍ သေလွန်သောအခါ အထက်ဗြဟ္မာ့ပြည်သို့ ရောက်ကြလေသတည်း။

* * *

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မိန်းမကို စွဲလမ်းသဖြင့် ရဟန်းဘဝမှာ ငြီးငွေ့နေသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ အထက်ပါ တက္ကပဏ္ဍိတနှင့် မိန်းမယုတ်တို့အကြောင်းကို ဟောကြားတော်မူ၏။

"ရဟန်းတို့–မိန်းမဟူသည် ဒေါသကြီးတတ်၏။ သူ့ကျေးဇူးကို မသိ၊ ကုန်းတိုက်ကုန်းချောလဲ လုပ်တတ်၏။ အဆွေခင်ပွန်းကောင်းကိုလဲ ဖျက်ဆီးတတ်၏။ ထို့ကြောင့် မြတ်သော အကျင့်ကိုသာ ကျင့်ပါ၊ ရှာန်ချမ်းသာ၊ မဂ်ချမ်းသာကို မစွန့်လွှတ်ရလတ္တံ့"ဟု ဟောတော်မူရာ သာသနာတော်၌ ငြီးငွေ့နေသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေတော့သတည်း။

(တက္ကပဏ္ဍိတဇာတ်)

* * *

# အရှင်မ ဓမ္မဒိန္နာ

"အကြင်ပုဂ္ဂိုလ်အား အတိတ်ခန္ဓာ၌ လည်းကောင်း၊ အနာဂတ် ခန္ဓာ၌လည်းကောင်း၊ ပစ္စုပ္ပန်ခန္ဓာ၌လည်းကောင်း၊ ကြောင့်ကြမှုမရှိ၊ စွဲလမ်းမှု ကင်းသော မကောင်းမှုကို အကုန်ပယ်၍ စင်ကြယ်မြင့်မြတ် သောကြောင့် 'ဗြာဟ္မဏ'ဟု ဘုရားရှင်မိန့်တော်၏။

ဂေါတမရှင်တော်ဘုရား လက်ထက်တော်အခါက ရုပ်အဆင်း အလွန်လှပသော သူဌေးသမီး ဓမ္မဒိန္နာ ရှိလေ၏။ ရုပ်ရည်လှပသော ကြောင့် မဂဓတိုင်းရှိ သူဌေးသားအများက လက်ဆက်လိုကြောင်း ခွင့်တောင်းကြသည်။

ဗိမ္ဗိသာရမင်းကြီးမှာ ငယ်စဉ်က တက္ကသိုလ်မှာ အတူပညာ သင်ကြားခဲ့ရသော သူဌေးသား 'ဝိသာခ' ဟူ၍ရှိရာ မင်း၏မိတ်ဆွေ ဝိသာခနှင့် ဓမ္မဒိန္နာ အပျိုစင်အား မင်းကြီးကိုယ်တိုင်လက်ထပ် ပေးစားခဲ့သည်။ ရာဇဂြိုဟ်ပြည်မှာ သူဌေးအလွန်ပေါသည်။ ဗြာသို လပြည့် တစ်နေ့မှာ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ပထမဆုံး အကြိမ် ကြွတော်မူလာသည်။ ဝိသာခသူဌေးသည် မိတ်ဆွေ ဗိမ္ဗိသာရ မင်းနှင့်အတူ ဘုရားကျောင်းတော်သို့ မကြာခဏ သွားရောက် ဖူးမြော်ကာ တရားတော်နာကြားရာ မကြာမြင့်မီ သောတာပန် ဖြစ်ရလေသည်။

---

ရွှေတံတားစာပေ

ခမ္ဘဒိန္နာ ဇနီးသည်မှာ သူဌေးကတော်အဖြစ်ဖြင့် မိမိကိုယ်ကိုသာ အလှပြင်ကာ စည်းစိမ်ချမ်းသာမှု ခံစားနေရာ ဝိသာခသူဌေးက ဇနီးသည်အား ဘုရားကျောင်းတော်သို့ လိုက်ပါဖူးမြော်ရန် အတန်တန်ခေါ်ပါသော်လည်း မလိုက်ပေ။

ဝိသာခသူဌေးမှာ သောတာပန်မှစ၍ မြတ်စွာဘုရား တရားတော်ကို အဆင့်ဆင့်တက်ကာ ကြိုးစားအားထုတ်လေရာ တစ်ဆင့်ထက်တစ်ဆင့် ဉာဏ်အမြင် ပွင့်လင်းကာ အနာဂါမိဖိုလ်၌ တည်လေ၏။ ဝိသာခသူဌေးသည် တရားထူးသိမြင်ရ၍ အိမ်သို့ ပြန်လာရာ ယခင်ကကဲ့သို့ ပြုံးရွှင်လှသော အမူအရာမရှိ တည်ငြိမ်သော မျက်နှာဖြင့် ရောက်လာသည်။

ခမ္ဘဒိန္နာသည် ယဉ်ကျေးလိမ္မာသော အလှပိုင်ရှင် ဇနီးကောင်းပီသစွာ လင့်ဝတ္တရားကျေပွန်သည်။ ဝိသာခသူဌေးကို ချစ်ခင်ကြင်နာသည်။ ဝိသာခ ဘုရားကျောင်းသို့ သွားလျှင် အိမ်အပေါ်ထပ်ပြတင်းပေါက်မှနေ၍ လက်ပြကာ နှုတ်ဆက်သည်။ ဝိသာခကလည်း ထို့အတူပင် ပြန်လည်၍ နှုတ်ဆက်သွားသည်။ အိမ်သို့ပြန်ရောက်လာသောအခါတို့၌လည်း ထို့အတူပင်။ ညနေစာကို ဇနီးမောင်နှံလက်ဆုံစားကြသည်။ အချစ်အကြင် အမူအရာရှိသော ပေမတဏှာသည် စွဲမြဲခိုင်မာလှ၏။

ယနေ့မူကား အနာဂါမိဖိုလ်၌ တည်လာသော ဝိသာခသူဌေးသည် အရင်ကနှင့်မတူ ဇနီးသည်အား ပြုံး၍မပြဘဲ ခပ်တည်တည်ပင် ဖြစ်နေသည်။ ဝိသာခ၏ အမူအရာ တစ်မျိုးကြောင့် ခမ္ဘဒိန္နာ ကြောင့်ကြမိလေ၏။ 'မိမိအပေါ်မှာ ဘာများအလိုမကျပါလိမ့်၊ ထမင်းစားမှပဲ မေးရတော့မည်'ဟု ကြံစည်ကာ စားသောက်ဖွယ်များစီမံစေ၏။ ဝိသာခသူဌေးကမူ 'ထမင်းပွဲကို အနီးသို့ ယူလာပါစေ'

ဟု ပြောကာ တခြားစိ စားလေ၏။ ထိုအခါ ဓမ္မဒိန္နာက ပို၍ သိလိုစိတ် ဖြစ်ပေါ်လာကာ 'ဒီကနေ့ ဘာကြောင့် ထူးထူးခြားခြား ဖြစ်နေပါသလဲ'ဟု ဝိသာခအား စတင်၍ မေးလေ၏။

ဝိသာခ သူဌေးကမူ တည်ငြိမ်စွာဖြင့်ပင် "ဓမ္မာဒိန္နာ၊ ငါအခု အရင်ကလို မဟုတ်တော့ပြီ၊ တရားတော်မှာ ဆက်လက် အားထုတ်လာလို့ အနာဂါမိဖိုလ်ရခဲ့ပြီ၊ ဒါကြောင့် တို့နှစ်ယောက်ပိုင်တဲ့ ဥစ္စာပစ္စည်းတွေကို ငါမစုံမက်တော့ပြီ။ ဤစည်းစိမ်ဥစ္စာတို့ကို သင်ပဲ ခံစားစံစားပေတော့။ ငါနှင်းအပ်ခဲ့ပါပြီ"ဟု ပြန်ပြောလေ၏။

သူ့အပေါ်တွင် ဘာများ မကျေနပ်မှု ရှိနေပါလိမ့်ဟူသော အချစ်စိတ်ဖြင့် ကြောင့်ကြနေသူ ဓမ္မဒိန္နာမှာ ထိုစကားကို ကြား လိုက်ရသောအခါ မိန်းမသဘာဝ ဒေါသစိတ်ပြင်းစွာ ဖြစ်လာမိသည်။ ပြီးမှ မိမိ၏ ဒေါသကို ဖြေလျက် "ဝိသာခအရှင်၊ ဤမျှ ခံစား စံစားနေရသော ဥစ္စာစည်းစိမ်နှင့် မိမိမှာ အပုပ်ကောင်အနိစ္စမျှသာ ဖြစ်သည်။ ကျွန်မလည်း ထို့အတူ စွန့်ပစ်ရန်သာ ရှိသည်။ ကျွန်မကို ဘုရားရှင်ထံမှာ ရဟန်းမအဖြစ် ပြုခွင့်ပေးပါ"ဟု အခွင့်တောင်းလေ၏။

ဝိသာခသူဌေးသည် ဘုရားကျောင်းသို့ တစ်ခါမျှ မလိုက်ပါဘဲ နေသူက ယခုလို ခွင့်တောင်းလာသောအခါ အံ့သြစွာ ဝမ်းသာစွာဖြင့် "ရှင်မ အလိုရှိရာပြုပါ၊ ခွင့်ပြုပါတယ်"ဟု အခွင့်ပေးလိုက်လေ တော့သည်။

ဝိသာကသူဌေးသည် စိတ်နှလုံး ကြည်နူးစွာဖြင့် မိတ်ဆွေ ဗိမ္ဗိသာရမင်းကြီးအား ထိုအကြောင်းကို ပြောကြားလေ၏။ ဗိမ္ဗိသာရ မင်းကြီးကလည်း ဝမ်းသာစွာပင် "ဒါဖြင့် ဓမ္မဒိန္နာကို ဘုရားကျောင်းကို ပို့ဖို့ ကျင်းပရမယ်"ဟု မင်းပရိသတ်ခြံရံလျက် ဓမ္မဒိန္နာရဟန်းပြုပွဲကြီးကို ကျင်းပပေးလေ၏။ ရာဇဂြိုဟ်တစ်မြို့လုံးရှိ လူများက ဓမ္မဒိန္နာ၏

အလှရူပါရုံကို တစ်ခါမျှ မမြင်ဖူးကြသူများ ရှိကြ၍ ရဟန်းပြုပွဲကို ထွက်ကြည့်ကြသည်။ ဗိမ္ဗိသာရမင်းကြီးနှင့် ဝိသာကသူဌေးတို့က ရှေ့မှ ခေါင်းဆောင်လျက် ရတနာခုနစ်ပါးတို့ဖြင့် စီခြယ်ထားသော ထမ်းစင်ပေါ်မှာ ဘိက္ခုနီလောင်း ခမ္မဒိန္နာကို တင်ဆောင်၍ မြတ်စွာ ဘုရားကျောင်းတော်သို့ စီတန်းကာ သွားကြရလေရာ လမ်းဘေးနှစ်ဖက် ထွက်၍ကြည့်ကြသော လူများထဲမှ မိန်းကလေး မိန်းမပျိုတို့သည် ရုပ်အဆင်းလှပသော ဘိက္ခုနီမလောင်း ခမ္မဒိန္နာကို ကြည်ညိုအားကျ သဖြင့် သူတို့လည်း ရဟန်းပြုဖို့ ဆုံးဖြတ်ကာ ဝင်ရောက်လာကြသည်။ ခမ္မဒိန္နာ ရဟန်းပြုကြောင်းသည် မဇ္ဈိမတစ်နိုင်ငံလုံး ကျော်ကြားသဖြင့် လာရောက်ဖူးမြော်ကြသူများမှာ ဘိက္ခုနီမကျောင်းတွင် ဝင်လာမစဲပေ။ လှူဖွယ်ပစ္စည်းများမှာလည်း ဘိက္ခုနီ တစ်ကျောင်းလုံး သုံး၍ မကုန် နိုင်အောင် များပြားနေတော့သည်။

ဤကဲ့သို့ ခမ္မဒိန္နာဘိက္ခုနီကို ကြည်ညို၍ ကျောင်းတွင် လူစည်ကားနေသောကြောင့် ခမ္မဒိန္နာသည် တရားအားထုတ်ဖို့ရာ ဆိတ်ငြိမ်ရာ တောအရပ်သို့ ပြောင်းရွှေ့ကာ အားထုတ်လိုပါကြောင်းကို ဥပဇ္ဈာယ်ဆရာကြီးတို့ထံ ခွင့်တောင်းရာ သူတို့ကလည်း သဘောတူရုံမျှ မကဘဲ ကျောင်းရှိ ဘိက္ခုနီအချို့ပါ လိုက်ပါ၍ တောရွာတစ်ရွာ ဆိတ်ငြိမ်ရာအရပ်မှာ မြတ်သောတရားကို မနားတမ်း အားထုတ်ကြလေ တော့သည်။

ခမ္မဒိန္နာအရှင်မသည် ရှေးဘဝ ပဒုမုတ္တရဘုရားထံတော်တွင် ဗျာဒိတ်ခံယူခဲ့ရာမှစ၍ သံသရာတစ်လျှောက် မြင့်မြတ်စွာ ပါရမီ ဖြည့်ဆည်းခဲ့ရသောကြောင့် မကြာမြင့်မီမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန္တာမအဖြစ် ရရှိတော်မူလေ၏။ ရဟန္တာမ အဖြစ်သို့ ရောက်ပြီးသောအခါ မြတ်စွာဘုရား ခြေတော်ရင်းသို့

ပြန်ပြီး သာသနာပြုအဲ့ဟု ဥပဇ္ဈာယ်ဆရာကြီးတို့အား တိုင်ပင်လျက် ဘိက္ခုနီအားလုံးပင် ရာဇဂြိုဟ်ပြည်သို့ ပြန်လာခဲ့ကြသည်။

ထိုအကြောင်းကို ကြားသိသော ဝိသာခသူဌေးကြီးသည် ဘိက္ခုနီကျောင်းသို့ ရောက်လာပြီးလျှင် တည်ကြည်သော ဓမ္မဒိန္နာ ထေရီမကို ဖူးမြင်ရသဖြင့် အနာဂါမိန်နှင့်ဆိုင်သော ပြဿနာကို မေးရာ ဝိသာခသူဌေးက ဖြေဆိုနိုင်လေ၏။ ထို့နောက် မဂ်ပုစ္ဆာ ဖိုလ်ပုစ္ဆာတို့ကို မေးမြန်းသောအခါ အနာဂါမိမျှသာ ရှိသေးသော ဝိသာကသူဌေးက မဖြေဆိုနိုင်ချေ။ ဓမ္မဒိန္နာသည် ဝိသာခသူဌေးကြီးကို စူဠဝေဒလ္လသုတ္တန်ကြီးကို ဟောကြားတော်မူလေသည်။ ဟောတော်မူပြီး နောက် "ဝိသာခသူဌေး၊ ဤတရားကို နှစ်သက်ခြင်း မရှိသေးပါက မြတ်စွာဘုရားထံ လျှောက်ကြားပါချေ"ဟု မိန့်ကြားလိုက်လေ၏။

ဝိသာခသူဌေးသည်လည်း မြတ်စွာဘုရားထံ ဝင်ရောက်ကာ ဓမ္မဒိန္နာ ဟောကြားလိုက်သည့် သုတ္တန်တရားတော်အကြောင်းကို လျှောက်ကြားရာ မြတ်စွာဘုရားက "ဒါယကာဝိသာခ၊ ထိုတရားကို ငါ့ဘုရားထံမှာ မေးမြန်းပါက ငါဘုရားကလည်း ဓမ္မဒိန္နာကဲ့သို့ပင် ဟောတော်မူမည်"ဟု မိန့်ကြားတော်မူလိုက်လေသည်။ "ဒါယကာ ဝိသာခ၊ ဓမ္မဒိန္နာထေရီသည် များမြတ်သော ပညာရှိ၏"ဟု ချီးကျူး တော်မူလေ၏။

ဓမ္မဒိန္နာအရှင်မသည် ရာဇဂြိုဟ်ပြည် ဘိက္ခုနီ ကျောင်းတိုက် ကြီးတွင် သီတင်းသုံးနေစဉ်အခါ ပရိသတ်တို့အား အမြဲ တရား ဟောကြားတော်မူသည်။ တရားနာကြရသော ငယ်ရွယ်သူ မိန်းမပျို ကလေးများပင် တရားတော်မှာ သက်ဝင်ယုံကြည်ကာ ခွင့်ပန်ကြားပြီး ရဟန်းဘောင်သို့ ဝင်လာကြသည်မှာ မရေမတွက်နိုင်အောင် များပြား လှပေသည်။ ဘိက္ခုနီ သာသနာတော်မှာ အရေအတွက် တိုးပွားစည်ပင် လာတော့သည်။

---

ရွှေတံတားစာပေ

သူဌေးမဘဝမှ ရဟန်းဖြစ်လာ၍ တစ်ကြောင်း၊ တရားဟော ကောင်း၍တစ်ကြောင်း ကြည်ညိုသူများပြားလှသဖြင့် လှူဒါန်းကြရာ ပစ္စည်းများမှာ ဘိက္ခုနီတစ်ကျောင်းလုံး သုံး၍ မကုန်နိုင်တော့ပေ။ မည်သို့ပင် လာဘ်လာဘ ရရှိပါစေ၊ ဘိက္ခုနီတို့အား ဆွမ်းခမဝတ် မပျက်ကြစေဘဲ နေ့စဉ် ဆွမ်းခံတော် မူကြရသည်။ ဓမ္မဒိန္နာ အရှင်မ ကိုယ်တိုင်လည်း ဆွမ်းခံကြွတော်မူသည်။ သို့သော် လူ့ဘဝကနေခဲ့ ဖူးသော လမ်းသို့ ကြွတော်မမူဘဲ ကွင်း၍ ရှောင်၏။ ဝိသာခ သူဌေးကြီးမှာ ဓမ္မဒိန္နာထေရီကို ကြည်ညိုလှသဖြင့် ကြွလာစေချင်၍ မျှော်၏။ ဓမ္မဒိန္နာကြွတော်မမူခြင်းမှာ ပုထုဇဉ်လူသားတို့ဘာဝ ထင်ရာမြင်ရာ ပြောဆိုပြီး ငရဲကျကြရတော့မည်ကို သနားသောစိတ်ဖြင့် မကြွခြင်းသာ ဖြစ်သည်။

တစ်နေ့မှာ ဝိသာခသူဌေးကြီးသည် ဓမ္မဒိန္နာအရှင်မထံ လာရောက်ဖူးမြော်၏။

ဓမ္မဒိန္နာ အရှင်မက တရားဟောကြားတော်မူသည်။ တရား ဟော ပြီးဆုံးသော် ဓမ္မဒိန္နာက "ဒါယကာသူဌေးကြီး၊ ပြန်လေတော့"ဟု မိန့်တော်မူလေ၏။ တစ်နေ့မှာလည်း ဝိသာခသူဌေးက ဓမ္မဒိန္နာထံ ဝင်ရောက်ပြီး "ထေရီအရှင်မ၊ အရပ်တကာမှာ ဆွမ်းမခံပါနှင့်၊ အိမ်မှာ ဆွမ်းခံပါ၊ သို့မဟုတ် ကျောင်းသို့ အပို့လွှတ်ပါမည်"ဟု လျှောက်ကြားရာ ဓမ္မဒိန္နာက "ဒါယကာကြီး၊ နောက်ကို မလျှောက် ထားပါနှင့်တော့"ဟု တားမြစ်လိုက်လေ၏။ ဆက်လက်၍ ဓမ္မဒိန္နာ အရှင်မက "ဒါယကာသူဌေးကြီး၊ အရှင်မထံမှာ တရားနာမလာပါနှင့်၊ တရားနာလိုပါက ဘုရားရှင်ထံသွားပါ၊ လူဝတ်ကြောင်နှင့် ရဟန်းဘဝ ခြားနားနေပြီမို့ ပတ်ဝန်းကျင်မှ အမြင်မတော်ဟု ထင်ကြပါက ငရဲကျကြပါလိမ့်မည်။ ဒါယကာကြီးမှာလည်း အနာဂါမ်မျှသာ

ရှိနေသေးသည်။ ကျေနပ်မနေဘဲ ဆက်ပြီး ကြိုးစားပါ။ ရဟန္တာ မဖြစ်သမျှ ဘုံဘဝနှင့် ကင်းမည်မဟုတ်ပါ၊ ဒါယကာကြီး သန္တာန်မှာလည်း ကိလေသာကျန်ရှိနေသေးသည်။ ကိလေသာ အညစ်အကြေး မစင်ပါက ရှုံ့ဖွယ်သာ ရှိပါသည်။ ယနေ့မှစ၍ ဒါယကာကြီး မလာပါနှင့်၊ အသွားအလာ ဆင်ခြင်ပါ”ဟု ဟောကြားဆုံးမလိုက်ရာ ဝိသာခသူဌေးမှာ ရှိသေစွာ ကန်တော့ပြီး ပြန်သွားရလေတော့သည်။

မိန်းမသားပင် ဖြစ်သော်လည်း ဓမ္မဒိန္နာသည် ပါရမီတော်အရှိန် သတ္တိရှိ၊ ဖွဲ့ကောင်း၊ မွန်မြတ်လှစွာသော သီလဂုဏ်တို့ကြောင့် ထူးခြားသော ထေရီရှင်မအဖြစ် ရရှိတော်မူသည်။

ထို့ကြောင့် မြတ်စွာဘုရားက ဓမ္မဒိန္နာသည် တရားဟောကြားတော်မူရာတွင် သူတကာထက် သာလွန်ထူးကဲမွန်မြတ်လှသောကြောင့် ဓမ္မကထိက ဧတဒဂ်ဘွဲ့ ဂုဏ်တော်ဖြင့် ချီးကျူးတော်မူရလေတော့သည်။ ။

(ဓမ္မပဒဝတ္ထုတော်)

* * *

# မဟာအဿရောဟ

တစ်ရံရောအခါက ဗာရာဏသီပြည်၌ သီလ၊ သမာဓိ၊ သိက္ခာနှင့် ပြည့်စုံသော ဘုရင်တစ်ပါး အုပ်စိုးနေလေ၏။ ထိုမင်းသည် သီလရှိရုံမျှမက အလှူဒါန ပေးလှူတတ်၏။ ထိုမင်းသည် ဘုရားအလောင်းပင်တည်း။

တစ်ချိန်သောအခါ၌ ဗာရာဏသီပြည် နယ်စပ်၌ သူပုန်သူကန်တို့ ထကြွသောင်းကျန်းလာသဖြင့် မင်းကြီးကိုယ်တော်တိုင် စစ်ဦးချီလျက် နှိမ်နင်းရန် ထွက်တော်မူခဲ့လေ၏။ တစ်ဖက်က တိုင်းပြည်ကို နှောင့်ယှက်နေသူများက အနိုင်ရသော် ဗာရာဏသီမင်းက စစ်ရေးနိမ့်လာသောကြောင့် တပ်တစ်တပ်လုံး နောက်ဆုတ်ခဲ့ကြရာ မင်းကြီးသည် တစ်ကိုယ်တော်တည်း နောက်ပါနောက်လိုက်မပါတော့ဘဲ ရွာကလေးတစ်ရွာသို့ ရောက်ရှိသွားလေ၏။

ထိုရွာကလေးမှာ ရိုးသားစွာ အသက်မွေးနေထိုင်သော လင်စုံမယား အိမ်တစ်အိမ်သို့ ဝင်၍ "ခေတ္တ တည်းခိုပါရစေ"ဟု ခွင့်တောင်း၏။ ရွာသားသည် မြင်းညိုကြီးကို စီးကာ ဝင်ရောက်လာသော ခရီးသည်အား ဆီးကြိုခွင့်ပြုပြီးလျှင် ထိုသူ၏ ရုပ်ရည်ကို

မြင်ရသည်နှင့်ပင် ရှိသေလေးစား ချစ်ခင်ဖွယ် အဆင်းရှိသူ ဖြစ်၍ ခြေဆေးရေဖြင့် ခြေကို ဆေးပေးပြီး အိမ်ထဲသို့ ခေါ်ဝင်သွား၏။ သူ၏ အိမ်ရှင်မအားလည်း ပြုဖွယ်ရှိရာ ဧည့်ဝတ်ကိုပြုစေပြီး စားသောက်ဖွယ်ရာများ ထပ်မံချက်ပြုတ်စေ၏။

ဘုရင်ဧည့်သည်ကြီးမှာ သူတို့ချက်ပြုတ်စီမံနေခိုက် သူ၏ မြင်းညိုကြီးကို ကုန်းနှီးတန်ဆာများ ချွတ်ကာ ရေကန်မှာ ရေတိုက် နေလေ၏။

ချက်ပြုတ်ပြီးသောအခါ စားဖွယ်သောက်ဖွယ်များ စုံလင်အောင် စားပွဲပြင်ပြီး မင်းကြီးအတွက် နေရာထိုင်ခင်း ကောင်းစွာခင်းပြီး "ဧည့်သည်ကြီး၊ ထမင်းစားကြွပါ"ဟု လေးစားစွာ ဖိတ်ခေါ်ကြ၏။ မင်းကြီးကလည်း သူ့အား မည်သူမည်ဝါဟု မသိဘဲနှင့် အိမ်ရှင်ဝတ္တရား ကျေပွန်လှသည့်အတွက် ရင်ထဲက ကျေးဇူးတင်၍ နေလေ၏။

ထိုရွာကလေးမှာ ရန်သူများကတစ်ဖက်၊ မင်းကြီး၏ စစ်တပ်ကတစ်ဖက် ဖြစ်နေသောကြောင့် တစ်ရွာလုံး ထိတ်လန့်ကာ အိမ်များကို တံခါးပိတ်ထားပြီး လူများ တောထဲသို့ ထွက်ပြေးတိမ်းရှောင်နေကြလေ၏။ ထိုရွာသား လင်မယားအိမ်ကသာ မောပန်းနွမ်းလျလာသော ထိုခရီးသည်အား ရန်သူလော၊ စစ်တပ်ကလောဟု မသိဘဲ ကရုဏာမေတ္တာစိတ်ဖြင့် လက်ခံပြုစုနေကြခြင်း ဖြစ်လေ၏။

စားသောက်ပြီးသောအခါ ဧည့်သည်ကြီးအတွက် အိပ်ရာ ကောင်းစွာ ခင်းပေးပြီး အိမ်ရှင်ရွာသားက သိလို၍ "ဒါနဲ့ ဧည့်သည်ကြီးနာမည် ဘယ်လိုခေါ်ပါသလဲ"မေးရာ မင်းကြီးက အမှန်ကို ဖွင့်ဟ၍ မပြောဘဲ "ကျုပ်ရဲ့နာမည်က မဟာအသဲရောဟ" လို့ ခေါ်ပါတယ်။ အမိဗွာယ်ကတော့ "မြင်းစီးခရီးသည်ပေါ့ဗျာ"ဟု

ပြန်ဖြေပြီး ပင်ပန်းလာသည့်အလျောက် အိပ်ပျော်သွားလေ၏။

မင်းကြီးသည် မထင်မရှားပင် ထိုအိမ်ကလေးမှာ သုံးရက်မျှ နားနေပြီး တိုင်းပြည်သို့ သတင်းနားစွင့်လျက် ရှိနေ၏။ အိမ်ရှင်တို့ ကလည်း ငြိုငြင်ခြင်း မရှိကြဘဲ နေ့စဉ်ပင် ကောင်းမွန်ချမ်းသာစွာ နေဖို့ပြောပြီး ပြုစုကြ၍ မြင်းညိုကြီးအားလည်း ရေချိုးပေး၊ အစာများ ကျွေးပေးကြလေ၏။

သုံးရက်မြောက်နေ့တွင် "မဟာအဿရောဟ" ဧည့်သည် ကြီးက "ကျုပ်ခရီးဆက်တော့မှာမို့ ပြန်ဦးမယ်၊ ဗာရာဏသီပြည်မှာ နေပါတယ်၊ ကျုပ်ဆီလဲ လာလည်ကြပါဦး၊ တောင်ဘက်က မြို့တံခါး အဝက တံခါးမှူးကိုသာ မေးပါ၊ ကျုပ်ရဲ့အိမ်က ဗာရာဏသီမြို့လယ် မှာပါ၊ လာသာ လာခဲ့ကြပါနော်"ဟု နှုတ်ဆက်မှာထားပြန်လာခဲ့ရာ ဗာရာဏသီပြည်အဝမှာ အစောင့်တပ်တို့ဖြင့် ခြံရံကာ နန်းတော်သို့ ပြန်ကြွသွားတော်မူလေ၏။

မင်းကြီးသည် သူဒုက္ခရောက်စဉ်က မငြိုမငြင်ဘဲ လေးစား ချစ်ခင်စွာ သုံးရက်လုံးလုံး ပြုစုလိုက်သော တောရွာသား လင်မယား အား လာနိုးနိုးဖြင့် မျှော်လင့်နေ၏။ အကြောင်းကား သူတို့၏ ပြုကျေးဇူးကို ဆပ်လိုခြင်းပင်တည်း။ ထို့ကြောင့် တောင်ဘက် တံခါးမှူးအား တိတ်တဆိတ် "မဟာအဿရောဟ" နာမည်လာမေးသူ ရှိလျှင် ငါ့ဆီကို တစ်ပါတည်း ခေါ်လာခဲ့"ဟု မှာထားလေ၏။

ရက်အတန်ကြာ၍ ရွာသားလင်မယား အလည်မလာသော အခါ မင်းကြီးက ထိုရွာကလေးအပေါ်မှာ အခွန်အကောက် တိုးမြှင့်၍ ကောက်စေ၏။ ရွာရှိလူများသည် မင်းမိန့်ဖြစ်၍ မပြောဝံ့ကြ။ သို့ရာတွင် ဗာရာဏသီပြည်ထဲမှာနေသော "မဟာအဿရောဟ"

ဟူသော မိတ်ဆွေရှိသူ ရှာသားအား "အခွန်အကောက်လျှော့စေဖို့ ခင်ဗျားရဲ့ မိတ်ဆွေညှော်သည် "မဟာအဿရောဟ"ဆီကို သွားပြီး တိုင်ပင်ပါ"ဟု လာပြောကြလေ၏။

ရွာ၏ အရေးကိစ္စဖြစ်သဖြင့် ရှာသားလည်း မိတ်ဆွေရှိရာ ဗာရာဏသီသို့ သွားရန် သူတို့ရက်လုပ်သော အင်္ကျီပုဆိုးများ၊ ပုဝါများနှင့် စားသောက်ဖွယ်ရာများ ပြုလုပ်စီရင်ပြီး ဗာရာဏသီသို့ ထွက်လာကာ တောင်တံခါးမှူးထံ ဝင်၍ "မဟာအဿရောဟ" အိမ်ကို ပို့ပေးပါ၊ ကျုပ်တို့ရဲ့ မိတ်ဆွေပါ"ဟု ခွင့်တောင်းလေ၏။ တောင်တံခါးမှူးကလည်း မင်းကြီးမှာထားသည့်အတိုင်း ဗာရာဏသီ မင်းကြီး ရှေ့တော်သို့ ပို့ပေးလေ၏။

မင်းကြီးသည် ကျေးဇူးပြုဖူးသော ရှာသားကို တွေ့ရသောအခါ ဝမ်းသာအားရ ဆီးကြိုပြီး သူ၏ မိဖုရားကြီးနှင့်အတူ ရှာသားယူလာသော မုန့်များကို စားကြလေ၏။ ထို့အပြင် ယူလာသော တောက အထည် ပုဆိုး အင်္ကျီ ပုဝါတို့ကို ဆင်မြန်းကြလေ၏။ ရှာသားအား သလွန်ပေါ်တွင် ထိုင်စေပြီးလျှင် အမတ်ကြီးတစ်ယောက် အားခေါ်၍ "ဒီညှော်သည်ကို ခေါ်သွားပြီး ဆံမုတ်ဆိတ်ရိတ်သိမ်း ပြုပြင် ဘုရင့်ဝတ်လဲတော်များ ဆင်ယင်စေ"ဟု ပြောကာ အမတ်ကြီးနှင့် ထည့်လိုက်လေ၏။

အမတ်ကြီးသည် ရှာသားကို မင်းဝတ်တန်ဆာ အပြည့်အစုံ ဆင်ယင်ပြီးနောက် မင်းကြီးထံ ခေါ်လာခဲ့ရာ မင်းကြီးသည် ရှာသားအား သူနှင့်အတူ ရာဇပလ္လင်ပေါ်မှာ အတူထိုင်စေ၏။ မင်းကြီးက ထီးဖြူ တော်ကို အလယ်မှာ တစ်ဝက်မျှဉ်းသားပြီး "ဒီရှာသားကို ကျုပ်ရဲ့

တိုင်းပြည်တစ်ဝက် ခွဲ၍ပေးသည်။ ထိုအကြောင်းကို တိုင်းပြည်မှာ စည်တီးပြီး ကြေညာစေ”ဟု အမိန့်တော်ချလေ၏။

မှူးကြီးမတ်ကြီးတို့လည်း အကြောင်းခြင်းရာကို ဘာမျှ မသိကြဘဲ မင်းကြီးစေခိုင်းသမျှ တိုင်းပြည်တွင် စည်တီး၍ ကြေညာကြရလေ၏။ မင်းကြီးသည် တောမှာ ကျန်ခဲ့သော ရှာသား၏ မယားနှင့် သားသမီးတို့အတွက် အိမ်များ ဆောက်စေပြီး နန်းတော်သို့ ခေါ်ယူပြီး ချီးမြှင့်ထားလေ၏။

မင်းကြီးနှင့် ရှာသားတို့ တိုင်းပြည်ကို တစ်ဝက်စီမျှကာ အုပ်စိုးကြသောအခါ မကျေနပ်သော မှူးမတ်တို့က ဘုရင့်သားတော် အိမ်ရှေ့မင်းထံ ချဉ်းကပ်၍ မကျေနပ်ကြောင်း ပြောပြလေသောအခါ သားတော်အိမ်ရှေ့မင်းက မင်းကြီးထံ ခစား၍ “ဤသို့ တိုင်းပြည် တစ်ဝက်ကို စိုးစံခြင်းမှာ အစဉ်အလာမဟုတ်ပါ၊ မပြုလုပ်စေချင်ပါ”ဟု ကန့်ကွက်လေ၏။ ထိုအခါမှ မင်းကြီးက “သားတော်၊ ငါစစ်ရှုံး၍ ထွက်ပြေးခဲ့ရစဉ်အခါက သူ့အိမ်မှာ အမည်မသိ • လူတစ်ယောက် အနေဖြင့် ခိုနားခဲ့ရတယ်။ ငါ့ကို သူတို့က မသိဘဲနှင့် မငြိုမငြင် လိုသလို ပြည့်စုံအောင် ပြုစုရှာကြတယ်။ သူ့ကျေးဇူးကြောင့်ငါ့အသက် မသေခဲ့၊ ခုလို နန်းကိုပြန်ပြီး ဘုရင်လုပ်နိုင်တယ်။ သူ့ကျေးဇူးကို ဆပ်သင့်လို့ ဆပ်မှတာပဲ သားတော်၊ ပေးသင့်သူကို ပေးသောသူတို့မှာ ဘေးရန်ဖြစ်လာသော် ကူညီမည့်သူ တွေ့ရတတ် တယ်၊ ပေးသင့်သူကို မပေးက မိမိမှာ ဘေးကြုံလာရင် ကူမည့်သူ မတွေ့။ ပျက်စီးရပေမည်။ ကောက်ကျစ်စဉ်းလဲသူတို့အား ကျေးဇူးပြုက အချီးအနှီးသာတည်း။ မွန်မြတ်သော စေတနာရှိသူတို့အား ပြုအပ်သော ကျေးဇူးသည်

အကျိုးများ၏။

"လောက၌ သူတစ်ထူးပြုနိုင်ခဲသော ကျေးဇူးကို ပြုသော သူသည် နောင်ကာလ၌ ထိုသူက မိမိအား ကျေးဇူးတုံ့ပြန်သည်ဖြစ်စေ၊ မတုံ့ပြန်သည်ဖြစ်စေ စင်စစ်အမှန် အပူဇော်ခံထိုက်သူသာ ဖြစ်ပေ၏"

သားတော်နှင့်တကွသော မှူးမတ်အပေါင်းသည် အမှန်တရား ကို နားလည်ကြပြီးသော် မကျေနပ်ခြင်း မရှိကြတော့ချေ။

နောင်အခါ၌ မစ္ဆန္ဒ ရဇ်ရှာသားသည် ညီတော်အရှင်အာနန္ဒာ၊ ဟာရာကာသိ ပြည့်ရှင်မင်းသည် ဂေါတမဗုဒ္ဓမြတ်စွာ ဖြစ်တော်မူလေ၏။

(မဟာအဿာရောဟဇာတ်)

* * *

ရွှေတံတားစာပေ

# ပြည်ဖွဲ့ တန်ဆာ သီရိမာ

"တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ကာယ, ဝစီ, မနောချို၍ အလီလီ ကန်တော့ပါ၏" ဟူ၍ အနန္တော အနန္တ ငါးပါး အစပြု၍ သက်ကြီးဝါကြီး ရှိသေလေးစား ဂါရဝပြုသင့်သူများ အား ကန်တော့ကြသည့် သုစရိုက်ကုသိုလ်ကောင်းမှု ပြုကြသည်များကို တွေ့ရ၊ ကြားရ၊ မြင်ကြရမည်သာ ဖြစ်ပေသည်။

ကာယ,ဝစီ, မနောချို၍ အလီလီ ပြုလုပ်ကြသည့် သုစရိုက် ကုသိုလ်ကောင်းမှု၏ ဆန့်ကျင်ဘက်ဖြစ်သော သည်ဘက်၌ ကာယ, ဝစီ,မနောချိုလျက် အလီလီ ပြုကြသော ဒုစရိုက်အကုသိုလ် မကောင်းမှု များ ရှိနေသည်ကို တွေ့ရ၊ မြင်ရ၊ ကြားရသည်တို့လည်း ရှိနေပေသည်။

သုစရိုက်၊ ဒုစရိုက်အမှုများ ဖြစ်ပေါ်ပြုလုပ်ကြသည်များ၌ မနောသည် အတွင်းသန္တာန်၌ ဖြစ်ပေါ်သည်ဖြစ်၍ မမြင်နိုင်၊ မကြားနိုင်ကြရချေ။ ကာယနှင့် ဝစီအမှုများကို ပြုလုပ်ကြရာ၌မူ မြင်ရ၊ ကြားရအောင် ပြင်ပသန္တာန်က ဖော်ပြသဖြင့် သိသာနေပေသည်။ ကာယနှင့် ဝစီတွင် သုစရိုက်ဖြစ်စေ၊ ဒုစရိုက်ဖြစ်စေ ဝစီဖြင့် ဖော်ပြခြင်းက ပိုမို၍ ထင်ရှားများပြားပေသည်။ မိမိဝန်းကျင်၌

မမြင်ရသော်ငြားလည်း ကြားရသည်များက လွဲသာ မရှောင်သာသည့် အမှုဖြစ်လေသည်။

အထူးသဖြင့် ဝစီဒုစရိုက်အမှုများကို လူနေရပ်ကွက်များ၌ ပို၍ ကြားသိနိုင်ပေသည်။ လူစည်ကားသော ရပ်ကွက်များ၌ လူစုသည့်အလျောက် မိမိတို့၏ ဘာသာရေးကို မလေးစားသောသူများသည် ဝစီဒုစရိုက်ကို တမင်သော်လည်းကောင်း၊ အမှုမဲ့ အမှတ်မဲ့သော်လည်းကောင်း လွယ်လွယ်နှင့် ပြုလုပ်ပြောဆိုတတ်သည်ကို မြင်တွေ့ကြားသိနိုင်ပေသည်။ မိသားစုထဲတွင်သော်လည်းကောင်း၊ တစ်အိမ်မှ တစ်အိမ်သို့သော်လည်းကောင်း၊ တစ်ရပ်တည်းနေသူ တစ်အိမ်တည်းနေသူ အချင်းချင်း၊ အတင်းအဖျင်း ပြောကြ၊ ရန်ခိုက်ဒေါသဖြစ်ကြရာ၌ မကြားဝံ့ မနာသာ ကြမ်းတမ်းရိုင်းပြသော ဒုစရိုက်အသံများသည် သာယာသော လူ့လောကအတွက် စက်ဆုတ်ဖွယ်ရာပင် ဖြစ်ပေသည်။

ထိုထက်ပို၍ စက်ဆုတ်ဖွယ် ဆိုးရွားသည်မှာ အနန္တော အနန္တ ငါးပါး ကို မခန့်လေးစား မထေမဲ့မြင်ပြုခြင်း၊ ရိုင်းပျစွာ တော်လှန်ပြစ်မှားခြင်းမျိုးပင် ပြစ်လေသည်။

သက်ကြီးရွယ်အိုများ မိမိအတွက် ကျေးဇူးသိတတ်ရမည့် ကျေးဇူးရှင် ပုဂ္ဂိုလ်များထက် အနန္တော အနန္တ ငါးပါးတွင် အကျုံးဝင်သည့် ဆရာ၊ မိဘတို့အား မရိုသေ၊ မလေးစားဘဲ ရွယ်တူချင်း ဆက်ဆံသကဲ့သို့ ပြုမူပြောဆိုပါက မိမိက ဘာမျှ ဂရုမထားဘဲ အမှုမဲ့၊ အမှတ်မဲ့ ပြုမူသည်ပင် ဖြစ်ငြားလည်း ဒုစရိုက်အမှုဖြစ်နေသောကြောင့် တန်ပြန်ရောက်လာမည့် အကုသိုလ်ငရဲနှင့် ဝင်္ကြေးက ခွင့်လွှတ်လိမ့်မည် မဟုတ်ချေ။ 'သတိမမူလျှင် ဂူမမြင်' ဆိုသည်ကဲ့သို့ပင်။

---

**ရွှေတံတားစာပေ**

ထိုကဲ့သို့သော အမှတ်မဲ့ ပြုမှုပြောဆိုလိုက်သည့် ဝစီကံ အကျိုးပေးကြောင့် ဘဝများစွာ သံသရာ၌ ကျင်လည်ရသောအခါ ကြုံလေရာဘဝတိုင်းမှာ ထိုဝစီဒုစရိုက်အကျိုးပေးက အရိပ်ပမာ လိုက်လံညှဉ်းဆဲတတ်သော တကယ့်ဝတ္ထု သာဓကများ ရှိနေပေသည်။ ဝတ္ထုပေါင်းများစွာက ရှိနေသည့်အနက် ဗုဒ္ဓမြတ်စွာ လက်ထက်တော်က တွေ့ကြုံခံစားခဲ့ကြရသည့် ဝတ္ထုသာဓကအချို့ကို အမှတ်တရ အောက်မေ့ဖွယ်ရာရှိကြောင်း တင်ပြလိုပေသည်။

သီရိမာသည် ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါက ရာဇဂြိုဟ် ပြည်ကြီး၌ ပြည်၏တန်ဆာ အလှသရဖူတစ်ယောက် ဖြစ်လေ၏။ ရုပ်အဆင်းလှပ၍ ပြည်၏တန်ဆာ အတတ်ပညာမှု ကျွမ်းကျင်လိမ္မာသူ ဖြစ်ရကား သူ့ကို ရယူလိုသူများ တစ်နေ့လျှင် အသပြာတစ်ထောင်ကျ ပေးဆက်ကြရသည်။

တစ်နေ့သ၌ နန္ဒသူဌေးကတော် ဥတ္တရာက ဥပုသ်ဝင်လို၍ သူ့ကိုယ်စားလာနေဖို့ သီရိမာကို တစ်ဆယ့်ငါးရက်စာ အသပြာ တစ်သောင်း ငါးထောင်ဖြင့် ငှားရမ်းသည်။ ဘုရားကျောင်းသို့ သွားကာ တရားနာ၊ ဆွမ်းဝတ်ပြုချိန်၊ တစ်နေ့၌ ဥတ္တရာဘုရား ဆွမ်းကပ်ရန်အတွက် ကြော်လှော်ချက်ပြုတ်ဖို့ စီမံနေခိုက် သီရိမာသည် ဥတ္တရာ၏ သူဌေးကတော်နေရာကို အရယူလိုသဖြင့် သီရိမာက ဥတ္တရာအား ဆီပူခွက်ဖြင့် လောင်းပက်ရန် ပြေးလာသည်။ တရားရှင် ဥတ္တရာကမူ သီရိမာရှိ၍သာ သူယခုလို လွတ်လပ်စွာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်မှုများကို ပြုလုပ်နိုင်ပေသည်ဟု ကျေးဇူးတင်သည့် စိတ်ဖြင့် သူ့ထံ ပြေးလာသော သီရိမာအား မေတ္တာစိတ် ပို့လွှတ်နေလေရာ သီရိမာလောင်းပက်လိုက်သော ဆီပူသည် စမ်းရေပမာ အေးမြစွာ ဥတ္တရာကို ထိမှန်လေတော့သည်။

---

သို့ရာတွင် သီရိမာ၏ ရိုင်းပျစော်ကားခြင်းကို မြင်ရသော ဥတ္တရာ၏ အခြွေအရံ အလုပ်အကျွေးများက သီရိမာအား ဝိုင်းကာ ရိုက်နှက်ကြလေရာ မေတ္တာဓာတ် ကြီးမားသော ဥတ္တရာက သီရိမာကို ဆွဲယူကယ်တင်ကာ ရရှိသော ဒဏ်ရာဒဏ်ချက်များကို ဆေးဝါး ထည့်ကာ ကိုယ်တိုင်ကုသပေးလေ၏။ သီရိမာသည် ဥတ္တရာ၏ နေရာကို လုယူရန် ရည်မှန်းချက်များ ပျောက်ကွယ်သွားပြီး သူ့ အပေါ်မှာ အပြစ်မယူ မေတ္တာစိတ်ဖြင့်သာ ကောင်းစွာ ပြုစုယုယ လိုက်သဖြင့် သူ့အပြစ်ကိုသူ နောင်တရကာ ဥတ္တရာအားထိုင်၍ ကန်တော့ပြီး သူ့အပြစ်မှ ခွင့်လွှတ်ရန် တောင်းပန်သည်။

ဥတ္တရာက နဂိုက ခွင့်လွှတ်ပြီး ဖြစ်သော်လည်း သီရိမာ အတွက် အကျိုးဆက်ပြုလိုသဖြင့် 'မြတ်ဘုရားဗုဒ္ဓက ခွင့်လွှတ်မှသာ ငါက ခွင့်လွှတ်နိုင်မည်'ဟု ပြောရာ သီရိမာသည် ဘုရားရှင်အား ဆွမ်း၊ ခဲဖွယ်တို့ဖြင့် ကန်တော့သည်။ မြတ်စွာဘုရားက သီရိမာအား တရားတော် ဟောကြား၍ သီရိမာသည် တရားတော်၌ စိတ်ဝင်စားကာ ထိုတစ်ထိုင်တည်းမှာပင် သောတာပတ္တိမဂ် အဆင့်ရရှိလိုက်လေ၏။

သီရိမာသည် ထိုနေ့မှစ၍ ရတနာသုံးပါးတွင် သက်ဝင် ကြည်ညိုပြီး ဒါနသီလအမှုပြုလျက်ရှိရာ အသက်ရှည်စွာ မနေရရှာ။ ငယ်ရွယ်သောဘဝမှာပင် ကွယ်လွန်ရရှာလေသည်။ ရုပ်အဆင်းမှာ သူတကာနှင့် မတူလှပလွန်းသူတစ်ယောက် တစ်နေ့တာအတွက် အသပြာတစ်ထောင်ပေးဆောင်မှ ရနိုင်သော ပြည်ကြီးတန်ဆာ သီရိမာ၏ ရုပ်ကလာပ်ကို ဗုဒ္ဓမြတ်စွာက ရဟန်းရှင်လူအပေါင်းအား ကြည့်ရှုစေသည်။ မမြဲသောတရားကို ရှုစေသည်။ သီရိမာမှုကား သူတကာကဲ့သို့ အရှင်သခင်၊ သားသမီး၊ အိုးအိမ်အခြေအနေတို့ဖြင့် လူ့ဘဝတွင် သန့်ရှင်းခိုင်ခံ့စွာ မနေရဘဲ လူတကာနှင့် အမြဲတမ်း

အကြိုက်လိုက်ကာ မာယာပရိယာယ်ဆောင်နေရသည့် အနိမ့်ဆုံး၊ အယုတ်ဆုံး မိန်းမဘဝမှ အနားယူသွားရပြီသာ ဖြစ်ပေသည်။ သီရိမာသည် သူတကာနှင့် မတူအောင် ရုပ်အဆင်းလှပသော်လည်း အယုတ်နိမ့်ဆုံး ပြည့်တန်ဆာဘဝကို ရရှိသည်မှာ အတိတ်က ဝစီကံ ဒုစရိုက်ဝင့်ကြွေးလိုက်လာခြင်း ဖြစ်လေသည်။

ရှေးလွန်လေပြီးသော အတိတ်တစ်ဘဝက သီရိမာဖြစ်လာမည့် မိန်းမငယ်တစ်ယောက်သည် အဖော်များနှင့် စေတီကြီးတစ်ဆူရှိရာသို့ ဘုရားဖူးရောက်လာကြသည်။ စေတီရင်ပြင်တွင် ပတ်လည်လှည့်ကာ ဘုရားဖူးရင်း အညစ်အကြေးကပ်နေသည်ကို မြင်ရသောအခါ ဘုရားရင်ပြင် သန့်ရှင်းစေရန်အတွက် မိမိခြုံလာသော တစ်ဘက်မြိတ်ဖြင့် သုတ်သင်လိုက်သည်။ အညစ်အကြေးကို သုတ်သင်လိုက်ရင်း နှုတ်မှ မကျေနပ်သံဖြင့် 'ကြည့်ကြစမ်းပါဦး၊ ဘုရားရင်ပြင်တော်ပေါ်မှာ ဘယ်ပြည့်တန်ဆာမ တံတွေးထွေးသွားတယ် မသိပါဘူး' ဟု ပြောလိုက်လေသည်။ အမှန်မှာ ထိုအညစ်အကြေးသည် ဘုရားဖူးကြွရောက်လာသော ရဟန္တာအရှင်မကြီးတစ်ပါး၏ နှာချေလိုက်ရာမှ ကျခဲ့ရခြင်းသာ ဖြစ်လေသည်။ မိန်းမငယ်က သေချာစွာ မသိဘဲ ပြောလိုက်သည်ပင် ဖြစ်စေကာမူ အရိယာ အရှင်မကြီးကို ပြစ်မှားပြောဆိုလိုက်မိခြင်းသာ ဖြစ်သဖြင့် နောင်ကြုံကြိုက်ရာ ဘဝများ၌ ဘုရားရင်ပြင်ကို သန့်စေရန် မိမိ၏ ခြုံတစ်ဘက်ဖြင့် သုတ်သင်ပေးခဲ့ခြင်း၊ သုစရိုက်ကြောင့် ရုပ်ဆင်းရူပကာမှာ သူမတူအောင် လှပခြင်းအကျိုးကို ရရှိခဲ့လေသည်။ နှုတ်မစောင့်စည်းဘဲ ရိုင်းပျစွာ ပြောဆိုလိုက်သော ဝစီကံ ဒုစရိုက်၏ ဆိုးကျိုးကား ရုပ်လှပြီး အယုတ်နိမ့်ဆုံး မိန်းမဘဝ၊ ပြည့်တန်ဆာ ဖြစ်လာရခြင်း အကြောင်းပေတည်း။

ကာယ၊ ဝစီ၊ မနောချိုကြရာတွင် ဝစီကံမှု ဒုစရိုက်သည်

လူတို့မှာ ပြုမိရာ အလွယ်ဆုံးကိစ္စ ဖြစ်နေပေသည်။ အမှုမဲ့ အမှတ်မဲ့ပင် ဖြစ်စေ တမင်ပြုလုပ်သည်ပင် ဖြစ်စေ သူတစ်ပါးအား မကောင်းပြောလိုက်သည့် ဒုစရိုက်အကုသိုလ်ပင် ဖြစ်ကြောင်း သတိမမူမိသူများ ရှိသလို၊ သတိမမူဘဲ ပေါ့ပေါ့မြင်၊ ပေါ့ပေါ့ပြောလေ့ ရှိနေတတ်ကြသည်မှာ သာမန်လူတို့၏ ဓမ္မတာပင် ဖြစ်ပေသည်။ ဝစီဒုစရိုက် မဖြစ်ရအောင် သတိမရှိပါက နောင်ဖြစ်လေရာ သံသရာ တစ်လျှောက်တွင် 'ဘယ်သူမပြု မိမိမှု' သာလျှင် ဖြစ်ရပေလိမ့်မည်။

(ဓမ္မပဒ၊ ဇရာဝဂ်၊ နှစ်ခုမြောက်ဝတ္ထုတော်)

❋ ❋ ❋

# သားတော်မြတ် သောမနဿ

ရှေးလွန်လေပြီးသောအခါက ကုရုတိုင်း၊ ဥတ္တရပဉ္စာလ မြို့ဝယ် ရေဏုဘုရင် မင်းပြုလျက် ရှိ၏။ ထိုအချိန်ကာလမှာ မဟာရက္ခိတရှင်ရသေ့သည် ရသေ့ငါးရာ ခြံရံလျက် ဟိမဝန္တာအရပ်၌ ကြာမြင့်စွာ နေလျက် ရှိလေ၏။

တစ်နေ့သ၌ မဟာရက္ခိတရသေ့သည် ရသေ့ငါးရာ ခြံရံလျက် ချဉ်ဆားရရန် အလို့ငှာ ဟိမဝန္တာမှ ထွက်၍ ဒေသစာရီ လှည့်လည်လေသော် ဥတ္တရပဉ္စာလမြို့ရှိ ဥယျာဉ်တော်သို့ ရောက်၍ တစ်ညတာမျှ တည်းခို၏။ နံနက်မိုးလင်းသောအခါ မြို့တွင်းသို့ ဆွမ်းခံဝင်ရာ၌ မင်းအိမ်တံခါးဝသို့ ရောက်လေ၏။ မင်းကြီးသည် ရှင်ရသေ့တို့၏ တည်ငြိမ်သော ဣန္ဒြေကို ဖူးမြင်လိုက်ရသောအခါ သဒ္ဓါကြည်ညိုလှသဖြင့် နန်းတော်ပြသာဒ်ဆောင်သို့ ပင့်ကာ ဆွမ်းလုပ်ကျွေးလေ၏။ မင်းကြီးက ရှင်ရသေ့တို့အား ဤနန်းတော်ဥယျာဉ်မှာ မိုးလပတ်လုံး သီတင်းသုံးတော် မူကြပါ”ဟု ပင့်ရာ ရသေ့တို့က ကောင်းပါပြီဟု လက်ခံလိုက်ကြလေ၏။

ရသေ့ငါးရာတို့သည် ပရိက္ခရာစုံလင်စွာ အလှူခံကြ၍ နေ့စဉ်ပင် နန်းတော်သို့ သွား၍ ဆွမ်းစားကြရလေ၏။ ရေဏုဘုရင်မှာ

သားတော်သမီးတော် မထွန်းကားဘဲ သွေ့ခြောက်၍ နန်းဆက် မရှိသည်ကို ရသေ့တို့ တွေ့ရှိရလေ၏။

မိုးလကုန်လွန်သောအခါ မဟာရက္ခိတ ရှင်ရသေ့က မင်းကြီးအား "ယခုအခါ ဟိမဝန္တာမှာ သာယာနေပေပြီ။ ရသေ့တို့ ပြန်လိုကြပြီ"ဟု ခွင့်တောင်းပြီး တစ်နေ့သော နံနက်မှာ နန်းတော်မှ ထွက်ခွာလာခဲ့ကြလေ၏။ လမ်းခရီးမှာ နေပူ၍ အရိပ်ခိုနားရန် သစ်ပင်အုပ်ကြီးအောက်သို့ ဝင်ရောက်ကြစဉ် ရသေ့တို့က "ရေဇာ မင်းကြီးမှာ မျိုးနွယ်ဆက် သားသမီး မရရှာဘူး၊ ရရင် ကောင်းလေစွ"ဟု အချင်းချင်း ပြောဆိုနေကြရာ မဟာရက္ခိတ ရသေ့ကြီးက မင်းကြီးမှာ မျိုးဆက်နွယ် သားရနိုင်၊ မရနိုင် ဆင်ခြင်လေသော် သားရမည်ကို မြင်သဖြင့် "ရှင်ရသေ့တို့၊ မစိုးရိမ်ကြနှင့်၊ နက်ဖြန်မနက်မှာ နတ်ပြည်မှ နတ်သားတစ်ပါး စုတေပြီး မိဖုရားကြီးဝမ်းမှာ ပဋိသန္ဓေတည်နေလိမ့်မည် မုချ"ဟု ပြောပြလေ၏။

ရသေ့အပေါင်းတွင် ကောက်ကျစ်စဉ်းလဲစိတ် ရှိသော ရသေ့တစ်ပါး ပါရှိနေ၏။ ထိုရသေ့က ရသေ့ကြီး၏ စကားကို ကြားရသော် အကြံအစည်တစ်ခုဖြင့် နေမကောင်းဟန်ပြုကာ လဲလျောင်းနေလေ၏။ ခရီးဆက်မည်ပြု၍ ရသေ့တို့က သူ့အား "ငါ့ရှင်ရသေ့၊ သွားကြစို့၊ သပါလော့"ဟု ခေါ်ရာ သူက "ငါ နေမကောင်း၊ ဖြစ်လာလို့ ခဏနားမယ်၊ သွားနှင့်ကြတော့၊ နောက်မှပဲ လိုက်ခဲ့တော့မည်"ဟု ပြောရာ မဟာတရက္ခိတ ရသေ့ကြီးက သူ၏ အကြံကို သိသဖြင့် "သူမလိုက်လဲ သားခဲ့ပါ၊ တို့အားလုံး ခရီးဆက်ကြမယ်"ဟု ပြောပြီး ခရီးဆက်ခဲ့ကြလေ၏။

ရသေ့စဉ်းလဲသည် အိပ်နေရာမှထကာ ပဉ္စာလမြို့သို့ ပြန်သွား၍ ဘုရင့်ထံ ဝင်လေ၏။

---

**ရှေ့တံတားစာပေ**

ဘုရင်က "အရှင်ရသေ့၊ ရသေ့များ ချမ်းသာစွာ ရှိကြပါရဲ့လား၊ အဘယ်ကြောင့် မြန်မြန်ပြန်လာခဲ့ရပါသလဲ"ဟု မေးလေ၏။ ရသေ့စဉ်းလဲက "ပြည့်ရှင်မင်းကြီး၊ ကိစ္စရှိလို့ ကျုပ်ပြန်လာခဲ့တာပဲ။ လမ်းခရီးမှာ ကျုပ်က ဒိဗ္ဗစက္ခုနှင့် ကြည့်လိုက်ရာမှာ မင်းကြီးရဲ့ သုမေ္မာမိဖုရားကြီးမှာ နက်ဖြန်ခါ နတ်ပြည်မှ နတ်သားတစ်ပါး စုတေ၍ ပဋိသန္ဓေ တည်နေပါလိမ့်မယ်၊ ဒီအကြောင်းကို ပြောပြချင်လို့ ပြန်လာတာပါ၊ ကဲ-ကျုပ်ပြန်တော့မယ်"ဟု ပြန်မည့်ဟန် ပြုကာ ပြောပြလေသော် မင်းကြီးက "အရှင်ရသေ့၊ ပြန်မကြွပါနှင့်တော့၊ ဥယျာဉ်ကျောင်းတော်မှာပဲ နေပါ၊ ရှင်ရသေ့ကို ကိုးကွယ်ပါရစေ"ဟု ပြောပြီး ပင့်တားလိုက်လေ၏။ မင်းဥယျာဉ်တော်မှာ ကျောင်းဆောက်စေပြီး "ဒိဗ္ဗစက္ခုရှင်ရသေ့"ဟု အမည်တွင်ကာ ကျော်စောနေလေ၏။

မိုးသောက်ယံအခါ၌ နတ်သားတစ်ပါးသည် စုတေ၍ သုမေ္မာမိဖုရားကြီးဝမ်းမှာ ပဋိသန္ဓေတည်လာ၏။ ကိုးလလွယ်၍ ဆယ်လလွန်သော် ရုပ်အဆင်း တင့်တယ်သော သားငယ်ကို ဖွားမြင်လာ၏။ ဆယ်လလွန်၍ ဖွားမြင်သောကြောင့် သူ့ကို "သောမနဿ" သတို့သားဟု အမည်ပေးလေ၏။

ဒိဗ္ဗစက္ခုအမည်ခံ ရသေ့ကား နန်းတော်ဥယျာဉ်ထဲမှာ ဟင်းစားပင်များ စိုက်ပျိုးကာ ဈေးသည်တို့အား ရောင်းချလျက် ရငွေတို့ကို စုဆောင်းရင်း မအပ်မရာ အလုပ်ဖြင့် နေနေလေ၏။

သောမနဿမင်းသားငယ် ခုနစ်နှစ်သားအရွယ်သို့ ရောက်လာသောအခါ မစ္စန္တရဇ်မှာ ပုန်ကန်ထကြွလာကြသဖြင့် မင်းကြီးကိုယ်တော်တိုင် နှိမ်နင်းဖို့ သွားရမည် ဖြစ်လာသည်။ မသွားမီ မင်းကြီးက သားတော်အား "သားတော်၊ ဖခင်သူပုန်ရန်ကို နှိမ်နင်းဖို့ သွားရမယ်၊ ဖခင်မရှိရင် ရှင်ရသေ့ကို ဖခင်ကိုယ်စား လုပ်ကျွေးပြုစုပါ"

ဟု မှာကြားပြီးနောက် စစ်သည်ဗိုလ်ပါတို့နှင့် စစ်တိုက်ထွက်ခွာသွားလေ၏။

မကြာမီ မင်းကြီး ပြန်မရောက်မီ တစ်နေ့၌ မင်းသားသောမနဿသည် ရှင်ရသေ့အား ဖူးမြင်လိုသဖြင့် ဥယျာဉ်ကျောင်းသို့ ဝင်ခဲ့လေ၏။ ဒိဗ္ဗစက္ခုအမည်ခံ ရသေ့သည် မည်းနက်သော သင်္ကန်းဝတ်ရုံလျက် လက်နှစ်ဖက်တွင် ရေအိုးနှစ်လုံးကို ကိုင်ကာ ဟင်းရွက်ပျိုးပင်များတွင် ရေလောင်းနေသည်ကို တွေ့မြင်ရလေ၏။ မင်းသားသည် သီလမရှိဘဲ မအပ်မရာသော အလုပ်ကို လုပ်နေသော ရသေ့စဉ်းလဲကို မြင်ရသော် မဖူးမြော်တော့ဘဲ "အလို၊ ရှင်ရသေ့က ဟင်းရွက်သည်သူကြွယ် လုပ်နေပါကလား ကျုပ်ပြန်တော့မယ်" ဟု ပြောပြီး ပြန်ထွက်လာခဲ့လေ၏။ ရသေ့စဉ်းလဲမှာ မင်းသားက ပြက်ရယ်ပြုသွားသည်ကို မခံနိုင်ဘဲ "ဒီမင်းသားဟာတော့ ငါ့ရဲ့ရန်သူပေပဲ၊ သူ့ကို စောစောက ဖျက်ဆီးပစ်မှပဲ တော်ရော့မယ်"ဟု ကြံစည်နေလေ၏။

သူပုန်စစ်ပြေငြိမ်းပြီး မင်းကြီး ပြန်ရောက်လာကြောင်းကို သတင်းကြားရသောအခါ ရသေ့စဉ်းလဲသည် ရေအိုးကို ခွဲပြီး ရေများ စိုရွှဲစေ၍ သူ့ကိုယ်မှာလည်း ဆီ၊ နနွင်းများ လိမ်းကျံပြီး ကုတင်ညောင်စောင်းမှာ ခေါင်းမြီးခြုံကာ လဲလျောင်းနေလေ၏။

စစ်ပြေငြိမ်း၍ မင်းကြီးသည် သူကိုးကွယ်သော ရှင်ရသေ့ကို တွေ့လိုဖူးလိုသဖြင့် ဥယျာဉ်ကျောင်းဆီသို့ ရောက်လာခဲ့ရာ မကျန်းမမာသလို ဖြစ်နေသော ရသေ့စဉ်းလဲကို မြင်လိုက်ရသောအခါ စိုးရိမ်စိတ်များ ဖြစ်ပေါ်လျက် ခြေဆုပ်လက်နယ် ပြုစုကာ "အရှင်ရသေ့၊ ဘယ်သူများလာပြီး ညှဉ်းဆဲပါသလဲ၊ ဆီ၊ နနွင်းတွေ လိမ်းကျံပြီး

လဲနေရလောက်အောင် ဘယ်သူ့မိဘတို့က လာညှဉ်းဆဲကြပါသလဲ၊ ပြောပါ၊ ပြောပါ”ဟု ပျာပျာသလဲ မေးလေ၏။

ရသေ့စဉ်းလဲက မသက်မသာလေဟန်ဖြင့် “သင်မင်းကြီးကို ပြောပြရတော့မယ်၊ တခြားလူ မဟုတ်ပါဘူး၊ မင်းသား သောမနဿ လာပြီး ကျုပ်ကို ရိုက်နှက်ညှဉ်းဆဲသွားပါတယ်”ဟု ကုန်းချောစကား ပြောကြားလေ၏။ မင်းကြီးသည် ရသေ့စဉ်းလဲ၏ ကုန်းချောစကားကို ယုံကြည်လျက် ဒေါသအမျက် ပြင်းစွာထွက်ကာ သားတော်အပေါ်မှာ စိတ်ဆိုးလာသဖြင့် “အမတ်တို့၊ သံလျက်စွဲ တံခါးစောင့်တို့၊ အမြန်လာကြကုန်၊ ခိုးသူသတ် အာဏာသားတို့သည် နန်းထဲက ငါ၏ သားတော် သောမနဿ မင်းသား၏ ခေါင်းကိုဖြတ်ပြီး ငါ့ထံ ဆက်သစေ”ဟု အဆောတလျင် စေခိုင်းမိန့်ကြားလေ၏။ ထိုအမိန့်ဖြင့် ခိုးသူသတ် အာဏာသားတို့သည် သောမနဿမင်းသားထံ အမြန် ဝင်ပြီး “အရှင်မင်းသား၊ အရှင့်ဖခင် မင်းကြီးက မင်းသားအား သတ်စေဟု အမိန့်ချပါပြီ”ဟု ပြောကြားကြလေ၏။

သောမနဿ မင်းသားက “အချင်းတို့၊ ငါ့ကို မသတ်ခင် အသက်ရှိစဉ်မှာ ငါ့ခမည်းတော်ကို ဖူးမြင်လိုပါသည်။ ခဏပို့ပေးကြပါ”ဟု တောင်းပန်ရာ မင်းချင်းတို့က မင်းသားငယ်အား မင်းကြီးထံ ခေါ်ယူသွားလေ၏။ မင်းကြီးထံမှောက်ရောက်လျှင် မင်းသားက “ခမည်းတော်ဘုရား၊ သားတော်မှာ ဘာအပြစ်ရှိလို့ သတ်စေမိန့်ကြား လိုက်ပါသလဲ”ဟု မေးရာ မင်းကြီးက–

“သားတော်ကား ဘဝဂ်ဘုံက နိမ့်လှသေး၏။ သင့်အပြစ်မှာ ပို၍ နိမ့်လေစွ၊ ငါ့ဆရာ ဒိဗ္ဗစက္ခု ရှင်ရသေ့သည် အကျင့်သီလနှင့် ပြည့်စုံပါလျက် မအပ်မရာ၊ ဘာကြောင့် ဟင်းရွက်သူကြွယ်ဟု စွပ်စွဲ သနည်း”ဟု ပြောပြလေ၏။

သောမနဿမင်းသားက "ခမည်းတော် အရှင်မင်းကြီး၊ ဤရသေ့ကား ထူးထူးခြားခြား စိုက်ပျိုး၍ ထားသော ထန်းပင်ငယ်၊ အမြစ်၊ အဥတို့ ရှိပါသည်။ အမြဲ စုဆောင်းထားရှိဟန်၏။ ဟင်းရွက် ဟင်းသီးများကိုလည်း မြို့လေးမျက်နှာသို့ ဖြန့်ဖြူးရောင်းချနေပါ၏။ ယုံတော်မမူပါက ကျောင်းတွင်းမှာ ရှာကြည့်ပါ။ မြို့လေးမျက်နှာမှာ စစ်ဆေးကြည့်တော်မူပါ။ ရသေ့တို့နှင့် မအပ်မရာသော အလုပ်ကို လုပ်နေပါသောကြောင့် သူ့အား ဟင်းရွက်သူကြွယ်ဟု ပြောဆိုရပါသည်"ဟု ပြောပြလေ၏။

မင်းကြီးသည် အရပ်လေးမျက်နှာ၌ စစ်ဆေးစေသော် ရသေ့၏ ဖောက်သည်ဟင်းရွက်သည်များက ဟုတ်မှန်ကြောင်း ပြောဆိုကြလေ၏။ မင်းသား၏ လူယုံတော်များကလည်း ရသေ့၏ ကျောင်းတွင်းသို့ ဝင်ရောက်ရှာဖွေရာ စုဆောင်းသိမ်းဆည်းထားသော ငွေထုပ်ကြီးကို ရရှိကြလေ၏။ မင်းကြီးက သားတော်မှာ အပြစ်မရှိဟု ခွင့်လွှတ်ပြီးသောအခါ မင်းသားငယ်က "ဤမျှ အဆင်ခြင် မရှိဘဲ မိုက်မဲလှသော သူ့ထံပါးမှာ မနေလို၊ တောထွက်တော့အံ့"ဟု ကြံစည်ကာ ဝိုင်းအုံရောက်လာကြသော လူစုလူဝေး ပစ္စန္တရာဇ်သားတို့အား လက်အုပ်ချီလျက် "အချင်းတို့၊ အဆင်ခြင်စိတ် မရှိဘဲနှင့် အပြစ်မရှိသော ငါ့အား သူတစ်ပါးစကားကို ယုံကြည်ကာ သတ်စေ အမိန့်ပေးခဲ့သော သတ်စေခဲ့သော ဤဖခမည်းတော်ထံမှာ မနေလိုတော့"ဟု ကြေညာပြီးလျှင် "ခမည်းတော်မင်းကြီး၊ သားတော်အား တောထွက်ခွင့်ပြုပါ"ဟု ခွင့်တောင်းလေ၏။

မင်းကြီးက "ချစ်သား၊ ရဟန်းအဖြစ်ကား ဆင်းရဲလှ၏။ မင်းစည်းစိမ်ကို ခံစားရန် မင်းပြုပါ"ဟု ပြောလေရာ မင်းသားက "ခမည်းတော်၊ သားတော်မှာ နတ်တို့ပြည်၌ နတ်သမီးများစွာ

ခြံရံလျက် နတ်စည်းစိမ်ကို ခံစားခဲ့ပြီ။ စည်ပင်ပွားများသော ဝါးပင်ကို နှုတ်ယူဖို့ ခိုင်မြဲသကဲ့သို့ ပွားများသော တဏှာအမြစ်ကို နှုတ်ယူရန် ခက်ခဲလှပါသည်။ သူတစ်ပါး ပြောစကားကို မဆင်မခြင် ယုံကြည်သော ဖခမည်းတော်ထံမှာ မနေလိုတော့ပါ၊ မတားမြစ်ပါနှင့်”ဟု ပြန်ပြောလေ၏။

မင်းကြီးကား သားတော်ကို သူပြော၍ မရနိုင်တော့။ သူ့မယ်တော်အား ပြောကြားတောင်းပန်ခိုင်းရတော့မည်ဟု ကြံစည်ကာ မယ်တော်သုစမ္မာ မိဖုရားကြီးအား တောင်းပန်တားမြစ်စေ၏။

မယ်တော်မိဖုရားကြီးကမူ သားတော်အား “ချစ်သားသောမနဿ၊ ဆွမ်းဝတ်ပြုခြင်းဖြင့် အသက်မွေးသော ရဟန်းအဖြစ်ကို ခံယူပါလော့၊ သတ္တဝါခပ်သိမ်း၌ မကဲ့ရဲ့အပ်၊ အပြစ်ဒဏ်မချအပ်သော နိဗ္ဗာန်သို့ ချဉ်းကပ်ပါလော့”ဟု ပြောဆိုတိုက်တွန်းလေ၏။

မင်းကြီးသည် အံ့အားသင့်လျက် “သုစမ္မာမိဖုရားကြီး၊ သင်သည် ဆင်းရဲနေသော ငါ့အား ပို၍ ဆင်းရဲအောင် ပြုဘိသည်။ ရဟန်းပြုခြင်းကို အားပေးဘိသည်”ဟု ပြောရာ မိဖုရားကြီးက “အသင်မင်းကြီး၊ ဘုရားအစရှိသော သူတော်မြတ်တို့သည် ကိလေသာမှ လွတ်ကင်းရာသို့ သွားကြလေပြီ၊ ထိုကဲ့သို့ ကိလေသာမှ လွတ်ကင်းရအောင် သွားသော သားအား မတားမြစ်ဝံ့ပါ”ဟု ပြန်ကြားလေ၏။

မင်းကြီးက “သုစမ္မာမိဖုရားကြီး၊ သင်ကား များစွာသော အကြောင်းတွေကို သိမြင်ကြံဆနိုင်ကြသော ပုဂ္ဂိုလ်မြတ်တို့၏ စကားကို ကြားနာရ၍ စိုးရိမ်ခြင်း ကင်းဘိ၏”ဟု ချီးကျူးလေ၏။

ထို့နောက် သောမနဿမင်းသားသည် ခမည်းတော်မယ်တော်အား ရှိခိုးကန်တော့ပြီးလျှင် ဟိမဝန္တာသို့ ရှေ့ရှုထွက်ခွာသွားရာ လူအပေါင်းက ဝန်းရံကာ လိုက်ပို့ကြကုန်၏။ လိုက်ပို့သော လူအပေါင်း

တို့ ပြန်လာကြသောအခါ၌ လူအသွင်ဖန်ဆင်းထားသော နတ်တို့က တောင်ခုနစ်လုံးကို လွန်စေ၍ ဟိမဝန္တာသို့ ရောက်အောင် ဆောင်ယူ ပို့သကြလေ၏။

မင်းသားရသေ့ငယ် တစ်ဆယ့်ခြောက်နှစ်သား အရွယ်တိုင်အောင် နတ်တို့သည် မယ်တော်၊ ခမည်းတော်တို့ထံမှာကဲ့သို့ လုပ်ကျွေး ပြုစုကြလေ၏။

ဒိဗ္ဗစက္ခုအမည်ခံ ရသေ့စဉ်းလဲကို လူအပေါင်းက 'ထုထောင်း ရိုက်နှက်ကြသဖြင့် အသက်ဆုံးရှုံးရလေတော့သည်။

သောမနဿ ရှင်ရသေ့သည် ဟိမဝန္တာတွင် တရားအားထုတ်ကာ ဈာန်အဘိညာဉ်ကို ရလျက် သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားရလေသတည်း။

ဂေါတမရှင်တော်ဘုရား ပွင့်တော်မူသောအခါ၌ ဒိဗ္ဗစက္ခု ရသေ့စဉ်းလဲသည် ဒေဝဒတ်ဖြစ်လာ၏။ သုမေဓာမိဖုရားကြီးသည် မဟာမာယာဒေဝီ၊ မဟာရက္ခိတရှင်ရသေ့သည် အရှင်သာရိပုတ္တရာ မထေရ်၊ သောမနဿမင်းသားသည် ဂေါတမမြတ်စွာဘုရားရှင် ဖြစ်တော်မူလာ၏။

**(သောမနဿဇာတ်)**

* * *

**ရွှေတံတားစာပေ**

# ဟာရိတာစ ရသေ့မြတ်

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း စိုးစံတော်မူစဉ် ရွာငယ်တစ်ရွာ၌ ကုဋေရှစ်ဆယ်မျှ ကြွယ်ဝသော အမျိုးတွင် သားတစ်ယောက်ဖွားမြင်လာ၏။ ထိုသားငယ်မှာ အသားအရည် ရွှေအဆင်းကဲ့သို့ ဝါဝင်းလှပနေသောကြောင့် သူ့အား 'ဟာရိတစ' ဟူ၍အမည်မှည့်ကြလေ၏။

ဟာရိတစ အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားစေပြီးလျှင် ပစ္စည်းဥစ္စာတို့ ဖြစ်ထွန်းစေ၏။ အချိန်တန်သောအခါ ဟာရိတစ၏ နှစ်ပါးသော မိဘတို့ ကွယ်လွန်ကြလေ၏။ မိဘတို့ ကွယ်လွန်သောအခါ ရှာဖွေစုဆောင်းထားသော များစွာသော ဥစ္စာပစ္စည်းပုံကြီးကိုကြည့်ကာ ဟာရိတစ သံဝေဂစိတ်ဖြစ်ပေါ်လာလေ၏။ 'ဤမျှ များပြားသော ပစ္စည်းတို့ကို ရှာဖွေခဲ့သော ငါ့မိဘတို့ကား မရှိကြတော့။ ပစ္စည်းရှင်တို့ မရှိသဖြင့် ဤဥစ္စာတို့သာ ကျန်ခဲ့သည်။ ငါသည်လည်း မိဘတို့ကဲ့သို့ ဤပစ္စည်းတို့ကို ထားခဲ့ပြီး သေမင်း၏ ခံတွင်း၌ မှုန့်မှုန့်ညက်ညက်ကြေမျှ သေဆုံးရမည် ဧကန်ပင်'ဟု သေရမည့်ဘေးကို ထိတ်လန့်သည့် သံဝေဂဖြစ်ပေါ်လာ၍

ရှိရှိသမျှသော ဥစ္စာပစ္စည်းတို့ကို ပေးလှူစွန့်ကြဲပြီးလျှင် လူသူမနီးရာ ဟိမဝန္တာတောသို့ဝင်ကာ ရသေ့ရဟန်းပြုတော့လေ၏။ ဟာရိတစ ရှင်ရသေ့သည် သံဝေဂစိတ်ဖြင့် မရပ်မနား တရားအားထုတ်လေရာ ခုနစ်ရက်မျှသာ ကြာသည်။ ဈာန်အဘိညာဉ်ကို ရရှိလေ၏၊

တစ်နေ့သ၌ ဟာရိတစ ရှင်ရသေ့သည် ချဉ်ဆားအလိုရှိသဖြင့် ဆွမ်းခံရန် ဟိမဝန္တာမှထွက်၍ ဒေသစာရီ ကြွချီလေသော် ဗာရာဏသီ ပြည်သို့ ရောက်လေ၏။ နံနက်ချိန်ဆွမ်းခံဝင်ရင်း မင်းအိမ်တံခါးဝသို့ ရောက်ရှိလာ၏။ ဗြဟ္မဒတ်မင်းကြီးသည် ရင့်ကျက်သော ဣန္ဒြေရှင် ရသေ့မြတ်ကို မြင်ရသောအခါ အလွန်ကြည်ညိုသဖြင့် နန်းပြာသာဒ် ပေါ်သို့ ပင့်ဆောင်ကာ ဆွမ်းကပ်လှူလေ၏။ ဆွမ်းကပ်ပြီးသော ရှင်ရသေ့အား ကြည်ညိုသဒ္ဓါပွားလှ၍ 'ဥယျာဉ်တော်မှာ သီတင်း သုံးတော်မူပါ၊ နန်းဆောင်သို့ နေ့စဉ်ဆွမ်းစားအလှူခံကြွတော်မူပါ' ဟု ပင့်လျှောက်ရာ ရှင်ရသေ့က လက်ခံ၍ မင်းဥယျာဉ်တော်မှာ နေထိုင် သီတင်းသုံး၏။ မနက်စဉ် နန်းတော်ဆောင် မင်းကြီးဆွမ်းကပ်ရာသို့ ကြွ၍ ဆွမ်းစား၏။

မင်းကြီးသည် ရှင်ရသေ့ကို ကိုးကွယ်လို၍ ဥယျာဉ်တော်မှာ ကျောင်းဆောက်လှူကာ သီတင်းသုံးနေစေ၏။ ဤသို့ဖြင့် မင်းကြီးက ကြည်ညိုသဒ္ဓါပွားကာ ကိုးကွယ်လာခဲ့ရာ တစ်ဆယ့်နှစ်နှစ် ကြာရှိ လာလေ၏။

တစ်နေ့သ၌ ပစ္စန္တရစ်၌ ခိုးသူတို့ ထကြွပျက်ဆီးလာကြ သောကြောင့် မင်းကြီးကိုယ်တိုင်နှိမ်နင်းရန် ထွက်ကြွတော်မူရလေ၏။ မကြွမီ ဟာရိတစရှင်ရသေ့အား သူကဲ့သို့ ဆွမ်းလုပ်ကျွေးလှူဒါန်းရန် မိဖုရားကြီးအား မှာကြားခဲ့လေ၏။ မိဖုရားကြီးကလည်း မင်းကြီး

မှာခဲ့သည့်အတိုင်းပင် နန်းတော်သို့ နေ့စဉ်ကြွရောက်လာသော ရှင်ရသေ့အား မင်းကြီး၏ကိုယ်စား ကိုယ်တိုင်ဆွမ်းကပ်၏။

တစ်နေ့မှာ မိဖုရားကြီးသည် ဆွမ်းခဲဖွယ် ဘောဇဉ်များ လုပ်ကိုင်စီမံပြီးနောက် နံ့သာရေချိုးပြီး ဝတ်လဲတော်ဆင်မြန်းကာ ရှင်ရသေ့ကို စောင့်ရင်း ပြတင်းအနီး သလွန်တော်ပေါ်မှာ လဲလျောင်း နေလေ၏။ မကြာခင်မှာပင် ကောင်းကင်မှ ရှင်ရသေ့ချာန်ဖြင့် ကြွလာသံကို ကြားရသဖြင့် သလွန်တော်မှာ လဲလျောင်းရာမှ ထလေ၏။ မိဖုရားကြီး၏ နူးညံ့ပျော့ပျောင်းသော ခါးဝတ်လျှာသည် ထလိုက်ရာမှာ ပြေလျှောကျသွားလေ၏။ ထိုအဖြစ်ကို ကောင်းကင်မှ ချာန်ဖြင့် ကြွလာသော ရှင်ရသေ့က မြင်လိုက်လေရာ ဝိသဘာဂ ရူပါရုံနှင့် စက္ခုပသာဒ ပေါင်းစပ်မိတော့ကာ ကိလေသာစိတ်တို့သည် ကြုတ်မှာ ထည့်ထားသော မြွေဟောက်ဆိုးကဲ့သို့ ထကြွလာလေ တော့၏။ ထိုကိလေသာစိတ် ပြင်းထန်လာရကား ရှင်ရသေ့မှာ ချာန်ကွယ်ပျောက်သွားရပြီးနောက် သူ့စိတ်ကို သူသတိမထိန်းနိုင် တော့ဘဲ မိဖုရားကြီးအား လက်ဖြင့် ဆွဲယူကာ တင်းထိမ်ဝန်းရံ ကာထားရာ၌ မိဖုရားကြီးနှင့် ရှင်ရသေ့တို့ မှားယွင်းကြလေတော့သည်။

ထိုသို့ ရှင်ရသေ့နှင့် မိဖုရားကြီးတို့ မှားယွင်းဖြစ်ပျက် ကြကြောင်းကို ဗာရာဏသီတစ်မြို့လုံး ပျံ့နှံ့သိရှိကြကုန်၏။ မှူးမတ် အပေါင်းတို့ကလည်း အတွင်းကျကျ သိရှိကြသဖြင့် မင်းကြီးပြန်ရောက် လာသောအခါ မင်းကြီးထံ ဖြစ်ပျက်သမျှအကြောင်းကို လျှောက်လွှာဖြင့် တင်ဆက်ကြလေ၏။ မင်းကြီးကမူကား ရှင်ရသေ့ကို ကြည်ညို လွန်းသဖြင့် မယုံကြည်နိုင်ချေ။ ပစ္စန္တရစ်ကိုသာ ငြိမ်းအေးအောင် ဆက်လက်နှိမ်နင်းပြီးမှ လက်ယာရစ်လှည့်ကာ မြို့တော်သို့ ဝင်ခဲ့

လေ၏။ ပြီးတော့မှ နန်းဆောင်သို့ ဝင်ရောက်ကာ ထိုကိစ္စမှန်၊ မမှန် မေးမြန်းတော်မူလေ၏။ မိဖုရားကြီးလည်း ဖုံးကွယ်ခြင်းမပြု။ ထိုကိစ္စမှာ ဟုတ်မှန်ပါကြောင်း ဝန်ခံလေ၏။ သို့ရာတွင် မင်းကြီးက ယုံတော်မမူဘဲ ရှင်ရသေ့အား မေးတော့မည်ဟု ဥယျာဉ်တော်ကျောင်းသခ်မ်းရှိရာသို့ သွားလေ၏။

မင်းကြီးက မေးသောအခါ ရှင်ရသေ့က စဉ်းစား၏။ 'ငါကား သစ္စာကို အရင်းပြု၍ မင်းကြီးမေးသည့်စကားကို မှန်ကန်စွာ ဖြေတော့အံ့၊ သစ္စာကင်းသူသည် ဗောဓိပင်ရင်း၌ နေရသော်ငြား ဘုရားမဖြစ်နိုင်။ ထို့ကြောင့် ငါ၏အဖြစ်ကို မှန်စွာဆိုအံ့'ဟု ဆင်ခြင်သည့်အတိုင်းပင် "သင်မင်းကြီး၊ ငါကား သင်ကြားရသည့်အတိုင်း ဟုတ်မှန်ပေ၏။ မိုက်မဲစေတတ်သော ကာမဂုဏ်၌ မက်မောမိ၍ ခရီးမှားခဲ့ပေပြီ'ဟု ဖြေကြားလေ၏။

ရှင်ရသေ့၏ ဝန်ခံသောစကားကို ကြားသိရသော် မင်းကြီးက 'ရှင်ရသေ့--ဖြစ်ပေါ်လာသော ရာဂစိတ်ကို အဘယ်ကြောင့် ပညာဖြင့် မဖျောက်နိုင်သနည်း။ ဤကဲ့သို့ ကောင်းသော အကျိုးစီးပွားကို ဆောင်တတ်သော ပညာသည် ဘာအကျိုးရှိတော့မည်နည်း'ဟု လျှောက်ထားရာ ရှင်ရသေ့က 'မြတ်သောမင်းကြီး၊ လောက၌ ရာဂ၊ ဒေါသ၊ မဒ၊ မောဟဟူသော လေးပါးသော တရားတို့သည် အလွန်ပြင်းထန်၏။ ထိုလေးပါးသော တရားကို ပညာဉာဏ်ဖြင့် ထောက်တည်ရာ မရနိုင်'ဟု ပညာဉာဏ်က မထိန်းနိုင်ကြောင်းကို ပြောပြလေ၏။ ထို့နောက် ရှင်ရသေ့က 'မြတ်သောမင်းကြီး၊ ယုတ်မာသဖြင့် တင့်တယ်သော အာရုံဟူ၍ ထင်မှားမှတ်ယူအပ်သော ရာဂနှင့်စပ်သော ဝိတက်တို့သည် တရားကျေးဇူးတို့၌ မွေ့လျော်သော ပညာရှိတို့အား

ညှဉ်းဆဲကုန်၏’ဟု ပြောလေ၏။ တစ်ဖန်မင်းကြီးသည် ရှင်ရသေ့၏ ရာဂစသော အယုတ်တရားတို့ကို ပယ်သောပညာဉာဏ်ကို ချီးမွမ်းလိုသဖြင့် ‘မြတ်သောရှင်ရသေ့၊ အရှင်၏ကိုယ်မှ ဖြစ်ပေါ်လာသော အဆင်းကို ဖျက်ဆီးတတ်သော ရာဂတရားကို အရှင်ရသေ့ ဖယ်ပါလေတော့၊ အရှင်အား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ၊ အရှင်ကို များစွာသော လူအံပေါင်းက ပညာရှိဟု သမုတ်ကြပါ၏”ဟူ၍ ရာဂကိုပယ်ရန် သတိပေးလျှောက်ထားပြန်၏။

ရှင်ရသေ့က ‘မြတ်သောမင်းကြီး၊ ကန်းအောင် ပြုတတ်သဖြင့် ဆင်းရဲခြင်းများစွာရှိ၍ အဆိပ်ပြန့်သော ဤကာမဂုဏ်တို့ကို စွန့်ပယ်ပါတော့အံ့၊ ထိုကာမဂုဏ်တို့၏ ‘မသင့်မတင့် နှလုံးသွင်းခြင်းတည်းဟူသော အရင်းအမြစ်ကိုလည်း ရှာဖွေပါတော့အံ့၊ အနှောင်အဖွဲ့ဖြစ်သော ဤရာဂတရားတို့ကို ဖြတ်ပယ်ပါတော့အံ့’ဟု ဝန်ခံလေ၏။

ဟာရိတစရှင်ရသေ့သည် ဗြဟ္မဒတ်မင်းကြီးအား ဆက်လက်၍ ‘မင်းကြီး--ငါ့အား ခွင့်ပြုပါလော့’ဟု ခွင့်တောင်းကာ ကျောင်းတွင်းသို့ဝင်ကာ ကသိုဏ်းဝန်းကို ကြည့်ရှုစီးဖြန်းလျက် ပျောက်လေပြီးသော ဈာန်အဘိညာဉ်ကို တစ်ဖန်ပြန်ရစေပြီးလျှင် ကျောင်းပြင်သို့ထွက်ပြီး ကောင်းကင်မှာ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် –

‘မြတ်သော ရှင်မင်းကြီး၊ ငါသည် မနေအပ်သောအရပ်မှာ နေမိသောကြောင့် လူတို့၏ အလယ်၌ ကဲ့ရဲ့ခံရ၏။ သင်မင်းကြီးတို့သည် မမေ့မလျော့သော ကုသိုလ်ကောင်းမှုကို ပြုလုပ်အားထုတ်ကြကုန်လော့။ ငါမူကား မိန်းမတို့နှင့် မနီးသော တောအုပ်သို့ သွားတော့မည်’ဟု ပြောဆိုပြီးလျှင် မင်းကြီး ငိုကြွေးနေစဉ် ဟိဝမန္တာသို့

ဝင်၍ မယုတ်သောရျာန်ရှိလျက် သေလွန်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ လားရလေ၏။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ ဟာရာဏသီ ဗြဟ္မဒတ်မင်းကြီးသည် အရှင်အာနန္ဒာ၊ ဟရိတစရသေ့မြတ်သည် ဂေါတမမြတ်စွာဘုရား ဖြစ်တော်မူလာ၏။

**(ဟရိတစဇာတ်တော်)**

❀ ❀ ❀

# ချွေးမအာလိမ္မာ ဝိသာခါ

လူ့လောကကြီး၌ လူသားတို့ ဓမ္မတာအရ သားသမီး ပွားစီးကြရာ၌ မိမိ၏ မွေးသမိခင်နှင့် ဖခင်ကို 'မိဘ'ဟူ၍ အတိုချည်း ခေါ်ဆိုကြသည်။ သား၏ ဇနီးနှင့် မိခင်နှင့်ဖခင်၊ သမီး၏ခင်ပွန်း၏ မိခင်နှင့်ဖခင်ကို မိဘသဖွယ် ဆက်စပ်လာသဖြင့် 'ယောက္ခမမိဘ'ဟု ခေါ်ဆိုကြသည်။ မိဘနှစ်ဖက်မှာ ဆင်ခြင်၍ ကြည့်ပါက နှစ်ဖက်စလုံး အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘများသာ ဖြစ်ကြကုန်သည်။ နှစ်ဖက်သော လူကြီးမိဘ အုပ်ထိန်းသူတို့မှာ သားသမီး၊ သမက်၊ ချွေးမတို့နှင့် အယူအဆချင်း တူချင်မှ တူမည်။ ရှေးကသိုလ်ဆုံစည်းသဖြင့်သာ သမီးနှင့်သားကို ဇနီးနှင့်ခင်ပွန်းအဖြစ် ကြုံဆုံဖန်တီး ပေးလိုက်ကြရခြင်းသာ ဖြစ်သည်။

မိဘတို့သည် သားသမီးအပေါ်တွင်ရှိသော မေတ္တာရေစင်ဖြင့် သွန်းလောင်းကာ တစ်သက်တာ အေးချမ်းနေမှုကို ပြုမြဲပင်။ ယောက္ခမမိဘတို့အဖြစ် ခံယူရရှိကြသော သူတို့မှာ သမက်နှင့် ချွေးမအပေါ်မှာ မိဘအရင်းကဲ့သို့ ကောင်းကြသူများ ရှိသကဲ့သို့ မိဘရင်းချာကဲ့သို့ မကောင်းနိုင်ဘဲ သဘောတစ်မျိုး ထားရှိသူများလည်း ရှိချင်ရှိနိုင်စေမည်။ မည်သို့ပင်ဖြစ်စေ မိဘလည်းမိဘ၊ ယောက္ခမမိဘသည်လည်း မိဘ

ဟုပင် သားသမီးနှင့် သမက် ချွေးမတို့က အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ခံယူထားသော သင့်သလို၊ တော်သလို အကုသိုလ်မှု ကင်းစွာ ဆက်ဆံနေထိုင်သင့်ကြပေသည်။

ဤသို့သော လူမှုရေး အခက်အခဲအဖြစ် ယောက္ခမမိဘနှင့် တွေ့ကြုံရာ၌ အခက်အခဲကို ဖြေရှင်းကာ မိဘသဖွယ် ယောက္ခမကို ကောင်းကျိုးပြုသဖြင့် သူ့အား စံပြုကာ ကျင့်သုံးနိုင်ကြရန် ဖြစ်ရပ်မှန် တစ်ခု ရှိနေခဲ့ဖူးသည်။

ထိုဖြစ်ရပ်ကား မြတ်စွာဘုရားလက်ထက်တော်အခါကပင် ရှိခဲ့သည်။ သူကား ရာဇဂြိုဟ်ပြည်ရှိ ခေဏ္ဍကသူဌေးကြီး၏ မြေး၊ ဓနဥ္စယသူဌေး၏ သမီး၊ ဝိသာခါအမည်ရသော မိန်းမပျိုပင် ဖြစ်သည်။ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ် အပျိုငယ်မကလေး ဝိသာခါသည် နဖူးစာ ကံဆုံချိန် ရောက်လာခဲ့သည်။

သာဝတ္ထိပြည်ရှိ မိဂါရသူဌေးကြီးတွင် သားတစ်ယောက် ပုဏ္ဏဝဍ္ဎနဟူ၍ ရှိသည်။ သားအရွယ်ရောက်လာသော် မိဂါရသူဌေးက သားအား အိမ်ထောင်ပြုရန် ဆွေးနွေး၏။ သားဖြစ်သူက အိမ်ထောင် မပြုလိုပါ၍ ပြန်ကြား၏။ ဖခင်သူဌေးက "ချစ်သား အိမ်ထောင်မပြုဘဲ နေပါက ဖခင်တို့မှာ မျိုးဆက်မထွန်းကား ဖြစ်တော့မည်၊ သို့အတွက် အိမ်ထောင်ပြုဖြစ်အောင်တော့ ပြုပါ"ဟု ပြောရာ သားဖြစ်သူက "ဒါဖြင့် သားက ဘယ်လိုအမျိုးသမီးနှင့် လက်ဆက်ရမှာလဲ"ဟု ပြန်မေးလေ၏။ ဖခင်က "မိန်းမတို့မှာ ကောင်းခြင်းငါးဖြာ ပြည့်စုံတာ ရှိတယ်။ ၁။ ဆံပင်၏ ကောင်းခြင်း၊ ၂။ အသား၏ ကောင်းခြင်း၊ ၃။ အရိုး၏ ကောင်းခြင်း၊ ၄။ အရေ၏ ကောင်းခြင်း၊ ၅။ အရွယ်၏ ကောင်းခြင်းဆိုတာ ရှိတယ်ဟု အကျယ်တဝင့် ရှင်းပြသောအခါ သားပုဏ္ဏဝဍ္ဎနက သဘောတူလိုက်လေ၏။

---

မိဂါရသူဌေးနှင့် သူဌေးကတော်တို့သည် သား၏ လိုအင်ဆန္ဒအတိုင်း ဥစ္စာပစ္စည်းများစွာနှင့်တကွ အဖိုးတစ်သိန်းထိုက်တန်သော ရွှေပန်းခိုင်ကို သတို့သမီးဆင်မြန်းရန် လိမ္မာ၍ ကျွမ်းကျင်သော ပုဏ္ဏားရှစ်ယောက်တို့ လက်သို့ အပ်ပြီးလျှင် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးရှာဖွေရန် အရပ်ရပ်သို့ စေလွှတ်လိုက်လေ၏။ ပုဏ္ဏားရှစ်ယောက်တို့သည် မြို့ကြီးပြကြီးများသို့ လှည့်လည်ကာ ရှာပြီးနောက် သာကေတမြို့သို့ ဆိုက်ရောက်ကြလေ၏။ ထိုကာလ၌ သာကေတမြို့ရှိ အမျိုးသမီးတို့သည် မြစ်ဆိပ်သို့ ခြေကျင်လျှောက်လာ၍ ရေချိုးကြမည်။ အမျိုးသားတို့ကလည်း ထိုနေ့မှာ ပန်းကုံးများချ၍ သတို့သမီး ရွေးချယ်ကြမည်ဖြစ်ရာ မိဂါရသူဌေးကြီး၏ ပုဏ္ဏားရှစ်ဦးတို့သည် မြစ်ဆိပ်နားရှိ ဇရပ်တစ်ခုတွင်ထိုင်ကာ စောင့်ကြည့်နေကြလေ၏။

သူဌေးသမီး ဝိသာခါလည်း သူများနည်းတူပင် အခြွေအရံများနှင့် ရေချိုးရန် မြစ်ဆိပ်သို့ ခြေလျင်ပင် လျှောက်လာခဲ့လေ၏။ ထိုအခိုက် မိုးသည်းထန်စွာ ရွာချလာလေ၏။ အခြွေအရံ မိန်းမတို့သည် မိုးရွာသဖြင့် မြစ်ဆိပ်မှ ကပျာကယာ ပြေးလွှားပြန်တက်လာကြလေ၏။ ဝိသာခါမှာမူကား ခါတိုင်းကဲ့သို့ပင် ခြေလှမ်းမှန်မှန်ဖြင့် လိုက်လာခဲ့ရာ သူ့တစ်ကိုယ်လုံးမှာ မိုးရေများ စိုရွှဲကုန်လေ၏။ ပုဏ္ဏားရှစ်ယောက်တို့သည် ဝိသာခါ၏ လှပသော ရုပ်အဆင်းကို မြင်ရသော်လည်း အရိုး၏ ကောင်းခြင်းကို သိဖို့လိုသေးသည်ဟု တွေးကာ "သူများတွေ ပြေးကြ လွှားကြနှင့် မိုးရေထဲက ရှောင်သွားကြပေမယ့် ကျုပ်တို့ညီမက ဘာဖြစ်လို့ မိုးအစိုခံပြီး ဖြည်းဖြည်းပဲ လျှောက်လာနေရတာပါလဲ"ဟု မေးကြလေ၏။ ထိုအခါ ဝိသာခါက "မိတ်ဆွေတို့ သိရအောင် ပြောပြရမှာပေါ့။ လောကမှာ မပြေးကောင်းတဲ့၊ ပြေးရင် မတင့်တယ်

တဲ့သူ လေးဦးရှိပါတယ်။ ၁။ မင်းမြောက်တန်ဆာ ဆင်ထားတဲ့ ဘုရင်ဟာ ပြေးလွှားသွားလို့ မတင့်တယ်ပါ။ ၂။ တန်ဆာဆင်ယင်ထားတဲ့ မင်္ဂလာဆင်တော်ဟာလဲ ပြေးလို့ မတင့်တယ်ပါ။ ၃။ ရဟန်းတော်ရှင်မြတ်များမှာလဲ ပြေးလို့ မတင့်တယ်ပါ။ ၄။ မိန်းမသား တို့မှာလဲ ပြေးလွှားသွားလို့ မတင့်တယ်ပါ။ ဒါကြောင့် မပြေးတာပါ”ဟု ပြုံးရွှင်စွာ ပြန်ပြောရာ ပုလဲကဲ့သို့ ညီညာလှပသော သွားကလေးများကို မြင်ကြသဖြင့် အရိုး၏ ကောင်းခြင်းဖြင့် ပြည့်စုံသူဖြစ်သည်။ ရွှေပန်းခိုင်ကို အပ်ရမည်ဟု ဆုံးဖြတ်ကြကာ ဝိသာခါအား ရွှေပန်းခိုင်ကို ပေးအပ်ကြလေသည်။

ထိုအခါ ဝိသာခါက “မိတ်ဆွေတို့ ဘယ်မြို့ကပါလဲ၊ ရွှေပန်းခိုင်က ဘယ်သူ့ပစ္စည်းပါလဲ” ဟု မေးရာ ပုဏ္ဏားတို့က ‘သာဝတ္ထိပြည် သာကေတမြို့ မိဂါရသူဌေးကြီး သားအတွက် သတို့သမီး ရှာဖို့ ရွှေပန်းခိုင်လုပ်ပြီး စေလွှတ်လိုက်ခြင်းပါ။ သားဖြစ်သူရဲ့ အမည်က ‘ပုဏ္ဏဝမုန’ အမည်ရှိပါတယ်”ဟု ပြေကြားကြလေ၏။ ဝိသာခါက စဉ်းစားဆင်ခြင်ပြီးသော် အမျိုးချင်းတူပေတာပဲဟု ယူဆကာ ပေးအပ်သော ရွှေပန်းခိုင်ကို လက်ခံလိုက်လေ၏။ လက်ခံပြီးနောက် ဖခင်မနဥ္စယ သူဌေးကြီးထံသို့ လူလွှတ်ကာ အကြောင်းကြားလိုက်လေ၏။ သာဝတ္ထိပြည် ကောသလမင်းကြီး၏ သဘောတူခွင့်ပြုချက်အရ သာကေတမြို့ကို တည်ခဲ့သူ မနဥ္စယသူဌေးကြီးသည် သူနှင့်တန်းတူ ကြွယ်ဝသောသူ မဟုတ်သော မိဂါရသူဌေးသားကို သမီးဝိသာခါ လက်ခံလိုက်သည်ကို လိုက်လျောကာ ဆင်၊ မြင်း၊ ရထားများကို စေလွှတ်ရာ ဝိသာခါလည်း ပုဏ္ဏားရှစ်ယောက်တို့နှင့် အတူ မနဥ္စသဌေးဖခင်ထံသို့ ပြန်လာခဲ့လေ၏။ မိဂါရသူဌေး၏ ပုဏ္ဏားတို့ကလည်း ဝိသာခါနှင့်တွေ့ကာ မနဥ္စယသူဌေးက ကောင်းစွာ

လက်ခံလိုက်ကြောင်းကို ပြောပြသရှိရသောအခါ မိဂါရသူဌေးသည် သမီးတောင်းဆိုရန်အတွက် ကောသလမင်းကြီးထံ လျင်မြန်စွာ ပန်ကြားခွင့်တောင်းလေ၏။

ကောသလမင်းကြီးက သာဝတ္ထိပြည်အတွက် မြို့သစ်တည်ပေးသော ဓနဥ္စယသူဌေး၏ သမီးဖြစ်သဖြင့် မင်းကြီးကိုယ်တိုင်လိုက်ပါပြီး တောင်းရမ်းပေးမည်ဟု အမိန့်ရှိလိုက်ရာ မိဂါရသူဌေးက ဓနဥ္စယသူဌေးထံ ကောသလမင်းကြီး လိုက်ပါ၍ မင်္ဂလာကိစ္စကို ချီးမြှင့်မည့် အကြောင်းကြားလိုက်လေ၏။

မိဂါရသူဌေးနှင့် ကောသလမင်းကြီးတို့သည် ဓနဥ္စယသူဌေးထံ ရောက်၍ သုံးရက်မျှ ကြာသော် မင်္ဂလာကိစ္စ ပြုလုပ်ပြီးလျှင် ပြန်ကြရန် ပြောဆိုကြလေ၏။ မိဂါရသူဌေးက အလွန်ရနိုင်ခဲသော မဟာလ္လတာ အဆင်တန်ဆာကို သတို့သမီးအတွက် အပ်နှင်းထားရာ လေးလကြာမျှ ပြီးပါမည်။ သို့ဖြစ်ပါ၍ လေးလကြာမျှ စောင့်ဆိုင်းတော်မူပါ။ မိုးကျလာပြီဖြစ်၍ မိုးစချိန်မှပြန်လျှင် သင့်ပါလိမ့်မည်ဟု ကောသလမင်းကြီးအား လျှောက်ကြားရာ မင်းကြီးက သဘောတူကာ လေးလကြာမျှ စောင့်တော်မူ၏။

လေးလကြာ၌ ဝိသာခါအတွက် ကိုးကုဋေတန်သော မဟာလ္လတာတန်ဆာကို ဆင်မြန်းရသောအခါမှ မင်္ဂလာပွဲကို ကျင်းပလေ၏။

မင်္ဂလာပွဲပြီးစီး၍ ယောက္ခမမိဘတို့ထံ အပ်ခါနီးသောအခါ မိဂါရသူဌေးက သူဌေးရှစ်ဦးအား ဖိတ်ကြားပြီး သမီးငယ်အတွက် ပျိုရွယ်လှသူဖြစ်၍ မလိမ္မာပါက လိမ္မာအောင် ပြုပြင်စောင့်ရှောက်ကြပါ"ဟု အပ်နှင်းလေ၏။ ဝိသာခါအားလည်း ယောက္ခမ မိဘတို့အိမ်ရောက်လျှင် တာဝန်သိစွာ လိမ္မာစွာ နေတတ်ဖို့ အချက်ဆယ်ချက်

ပါရှိသော ဆုံးမစကားကို မှာကြားလိုက်တာ ထိုစကားကို မိဂါရသူဌေးက တစ်နေရာ,မဟာ ကိုယ်တိုင်ကြားသိလိုက်ရလေ၏။

ဝိသာခါလည်း ယောက္ခမမိဘတို့အိမ်တွင် လိမ္မာစွာ တာဝန်ကျေစွာ နေထိုင်ပြုစုလုပ်ကိုင်သည်။ သို့ရာတွင် မိဂါရသူဌေးမှာ ဗုဒ္ဓဘာသာဝင် မဟုတ်။ အစေလက တက္ကတွန်း (အဝတ်မဝတ်ဘဲ နေသူများ) မိစ္ဆာဒိဋ္ဌိများကို ကိုးကွယ်သူဖြစ်၏။ သူက အစေလက တက္ကတွန်းများကို ရဟန္တာဟု ခေါ်ကာ အိမ်မှာခေါ်၍ ဆွမ်းလုပ်ကျွေးသည်။ ဝိသာခါကမူကား အစေလကတို့ကို ရွံရှာစက်ဆုပ်စွာဖြင့် အိမ်ခန်းထဲက မထွက်ဘဲ နေလေ့ရှိသည်။

တစ်နေ့မှာ မြတ်စွာဘုရား၏ တပည့်သား ရဟန်းတော် တစ်ပါး အိမ်ရှေ့မှာ ဆွမ်းရပ်လာသည်။ မိဂါရသူဌေးသည် ယာဂု သောက်ဆဲအခါ မျက်နှာလွှဲ၍ မမြင်ဟန်ပြုလိုက်ရာ ဝိသာခါက ရဟန်းတော်အား လက်အုပ်ချီလျက် "တပည့်တော်မရဲ့ ယောက္ခမဟာ အစာဟောင်းကို စားသူဖြစ်၍ ကန်တော့ဆွမ်းပါဘုရား"ဟု လျှောက်ကြားရာ ရဟန်းတော်လည်း ရှေ့သို့ ဆက်လက်ကြွသွားတော်မူလေ၏။

မိဂါရလည်း အလွန်ဒေါသဖြစ်၍ ယာဂုပန်းကန်ကို ရွံရှာစွာဖြင့် လွှင့်ပစ်လိုက်ပြီး "ဝိသာခါ၊ မင်း ငါ့အိမ်မှာမနေနှင့်၊ ခုပဲ ဆင်းသွားတော့"ဟု လျင်မြန်စွာ နှင်ထုတ်လိုက်လေ၏။ ဝိသာခါကမူ တည်ငြိမ်စွာဖြင့် "အစာဟောင်းစာသူဆိုတာ ရွံစရာကောင်းတာကို မဆိုလိုပါ။ ရှေးကကံအတိုင်း ပြုလုပ်နေသူ"ဟု ဆိုလိုတာပါ။ ဖခင်က နှင်ထုတ်သော်လည်း သမီး မသွားနိုင်သေးပါ။ သမီးရဲ့ဖခင် ဓနဉ္စယသူဌေးကြီးက သမီးကို သူဌေးရှစ်ယောက်ရှေ့မှာ ကောင်းမွန်စွာ အပ်နှံပြီး ထည့်လိုက်တာပါ။ သူဌေးရှစ်ယောက်ကို အကြောင်း

ကြားရပါဦးမည်"ဟု ပြောပြီး သူဌေးရှစ်ဦးအား ဖိတ်ကြားပြီး ကိုးကြောင်းဖြစ်သမျှ ပြောဆိုပြလေ၏။

သူဌေးရှစ်ယောက်တို့ ရောက်လာကြသောအခါ သူတို့က ဒေါသကြီးနေဆဲ မိဂါရအား "ကျုပ်တို့သမီးမှာ ဘာအပြစ်ရှိလို့ နှင်ချရသလဲ"ဟု မေးရာ မိဂါရက "ကျုပ်လို ယောက္ခမမိဘကို ရိုင်းပျစွာ ပြောလို့ နှင်ချခြင်းပါ။ "အစာဟောင်းစားသူ"လို့ မိုက်ရိုင်းစွာ ပြောပါတယ်။ ဒါကြောင့် နှင်တာပါ"ဟု ပြောလေ၏။ ဝိသာခါက သူဌေးရှစ်ဦးအား ရှင်းပြရာ သူဌေးရှစ်ဦးက "ဝိသာခါပြောတာ ဟုတ်ပေတာပဲ။ သူ့မှာ အပြစ်မရှိပါဘူး"ဟု ရှင်းပြကြလေ၏။ မိဂါရကမူ ထိုစကားမလျှော့သေးဘဲ "ဒါဖြင့် တစ်ခုမေးရဦးမယ်၊ ကျုပ်တို့ဆီကို ထည့်လိုက်ခါနီးမှာ သူ့ဖခင်က သမီးကို စကားဆယ်ခွန်း ပြောတာ ကြားလိုက်တယ်၊ အဲဒါ ဘာတွေ မှာကြားထားတာလဲ"ဟု မေးပြန်လေ၏။

ထိုအခါ ချွေးမဝိသာခါက "ဪ--ဒါကတော့ ယောက္ခမ မိဘရဲ့ အိမ်မှာနေရင် - ၁။ အတွင်းက မီးကို အပြင်မထုတ်နှင့်။ ၂။ အပြင်ကမီးကို အတွင်းမသွင်းနှင့်။ ၃။ ပေးသောသူအားသာ ပေးပါ။ ၄။ မပေးသောသူအား မပေးနှင့်။ ၅။ ပေးသောသူကို ပေးသင့်၏။ မပေးသောသူကိုလည်း ပေးသင့်၏။ ၆။ ချမ်းသာစွာ နေပါ။ ၇။ ချမ်းသာစွာ စားပါ။ ၈။ ချမ်းသာစွာ အိပ်ပါ။ ၉။ မီးကို လုပ်ကျွေးပါ။ ၁၀။ အိမ်တွင်းနတ်ကို ရိုသေပါ ဆိုတဲ့ ဆုံးမ စကားတွေပါ" ဟု ထိုစကားဆယ်ခွန်း၏ အဓိပ္ပာယ်အကျယ်ကို ဝိသာခါက ရှင်းပြပြောဆိုရာ ယောက္ခမမိဂါရသူဌေးက သူမှားပါပြီဟု ဝန်ခံရလေ၏။

ဝိသာခါက "သမီးပြန်ရတော့မှာပါ၊ ပြန်ပါတော့မယ်"ဟု

နှုတ်ဆက်သောအခါ မိဂါရက "သမီးမပြန်နှင့်၊ နေမြဲတိုင်းနေပါ"ဟု ပြောလေ၏။ ဝိသာခါကမူ "ကျွန်မက ရတနာမြတ်သုံးပါးကို ကိုးကွယ်သူပါ။ ဘုရားနှင့်၊ တရားနှင့်၊ သံဃာနှင့် မကင်းကွာနိုင်ပါ။ ဒါကို ခွင့်ပြုမှသာ နေနိုင်ပါမည်"ဟုပြောရာ မိဂါရသူဌေး ယောက္ခမက "သမီးသဘောအတိုင်းပဲ ခွင့်ပြုပါတယ်"ဟု ခွင့်ပြုလိုက်လေ၏။

ထိုနေ့မှစ၍ ဝိသာခါသည် ငယ်ရွယ်သော မိန်းမပျိုပင်ဖြစ်လင့်ကစား သံဃာတော်များအား ပင့်ဖိတ်ကာ အိမ်မှာဆွမ်းလုပ်ကျွေးသည်။ ယောက္ခမမိဘဖြစ်သူတို့အား ဗုဒ္ဓဘာသာဖြင့် ယဉ်ကျေးအောင် ဆွဲဆောင်မှု ပြုလေတော့သည်။

တစ်နေ့မှာ ဝိသာခါက မြတ်စွာဘုရားကို ဆွမ်းစားပင့်သည်။ တရားတော်ကို နာကြားသည်။ ဝိသာခါက "အဖေ၊ ဘုရား၊ တရားတော်ကို နာကြားပါ"ဟု ပြောရာ "အိမ်တွင်းမှပဲ နာမည်"ဟု ပြောကာ ကန့်လန့်ကာထဲမှနေ၍ နာကြားလေ၏။ တရားတော်ပြီးဆုံးသောအခါ မိဂါရသူဌေးသည် ယုံမှားခြင်းကင်းစွာ ဗုဒ္ဓ၏ တရားတော်ကို ကြည်ညိုလျက် သောတာပတ္တိမဂ်ကို ရရှိလေတော့သည်။ မိဂါရသူဌေးသည် သောတာပန် ဖြစ်ရသောကြောင့် ချွေးမအလိမ္မာ ဝိသာခါအား ကန့်လန့်ကာထဲမှ ထွက်လာပြီး "ဝိသာခါသမီး၊ အဖေ့မှာ တရားမှန်ကို သိရပြီ၊ သမီးသာလျှင် ဖခင်၏အမေ ဖြစ်တော့သည်"ဟု ဝန်ခံရင်း ချီးမွမ်းလေ၏။ မြတ်စွာဘုရားထံသို့လည်း ချဉ်းကပ်လျက် "တပည့်တော် 'မိဂါရ'ပါ ဘုရား"ဟု နှစ်ကြိမ်တိုင်တိုင် ဘုရားခြေတော်မြတ်ကို ပွတ်တိုက်ကာ ကန်တော့လေ၏။

နောက်တစ်နေ့၌လည်း ဝိသာခါသည် မြတ်စွာဘုရားနှင့် သံဃာတော်တို့အား ပင့်၍ ဆွမ်းလုပ်ကျွေးကာ တရားနာလေရာ မိဂါရသူဌေးကတော်သည်လည်း တရားတော်မှာ ယုံမှားကင်းစွာ

သောတာပန် တည်လေတော့သည်။ မိဂါရသူဌေး၏ နေအိမ်မှာ ထိုနေ့ရက်မှစ၍ ဗုဒ္ဓသာသနာရောင် ထွန်းလင်းလာလေတော့သည်။ မိဂါရသူဌေးကလည်း ချွေးမအလိမ္မာ ဝိသာခါအား ကျေးဇူးတင်စွာဖြင့် အဖိုးတစ်သိန်းထိုက်သော "ဃာနမဋ္ဌက" အမည်ရှိ အဆင်တန်ဆာဖြင့် ဂုဏ်ပြုလေသတည်း။ "မိဂါရမာတာ" (မိဂါရမိခင်)ဟုလည်း အမည်ပေးလေသည်။ .

အသက်အရွယ်အားဖြင့် တစ်ဆယ့်ခြောက်နှစ်မျှသာ ရှိသေးသော မိန်းမပျိုကလေး ဝိသာခါ၏ ယောက္ခမမိဘကို အနွံအတာခံကာ ကျေးဇူးပြု၍ လူ့ဝတ္တရားကျေပုံကို စံပြုဖွယ်ရှိသဖြင့် ယခုခေတ်မှာ ယောက္ခမကို မိဘဟုပင် သဘောမထားဘဲ မရိုသေ၊ မလေးစား၊ သိမှတ်ခြင်း မပြုကြဘဲ အမြဲရန်ပြုရန် စိတ်ထားရှိတတ်ကြသူ အချို့သော လူငယ်နှင့် လူငယ်မတို့အား ပညာပေးသဘောဖြင့် သိစေလိုသောကြောင့် ဤမျှ ရှည်လျားသော ကျောင်းအစ်မကြီး ဝိသာခါ၏ ငယ်စဉ်က အဖြစ်ကို အတိုချုံး၍ ရေးသားတင်ပြရခြင်း ဖြစ်ပါသတည်း။

(ဓမ္မပဒ၊ ပုပ္ဖဝဂ်၊ ရှစ်ခုမြောက်ဝတ္ထု)

* * *

# သေနကအမတ်ပညာရှိ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဇနကမင်း စိုးစံလျက်ရှိစဉ် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ သေနက သတို့သားဟု အမည်မှည့်၏။ သေနကလုလင်သည် တက္ကသိုလ်ပြည်မှ ပညာပြည့်စုံပြီး ပြန်လာသောအခါ ဇနကပြည့်ရှင်ထံ အခစားဝင်လေ ၏။ မင်းကြီးသည် သေနကလုလင်ကို အမတ်ရာထူးနှင့် စည်းစိမ် ချမ်းသာ ပေးအပ်လိုက်လေ၏။

သေနကပညာရှိအမတ်သည် မင်းကြီးအား ကျိုးကြောင်း ပြောပြ ဆုံးမတတ်၏။ သာယာချိုပြောင်းစွာ ပြောပြတတ်သော မဓုရကထိကလည်း ဖြစ်၏။ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသော ကမ္မပထတို့၌ တည်စေသဖြင့် ဘုရားပွင့်သောအခါကဲ့သို့ ဖြစ်နေလေ၏။ လဆန်းရက်၊ လဆုတ်ရက်တို့တွင် မင်းကြီးနှင့်တကွ တိုင်းသူပြည်သားတို့ စုဝေးစေပြီး ရတနာပလ္လင်ထက်မှာ ထိုင်ကာ တရားဓမ္မ ဟောကြားလေ့ ရှိ၏။

ဗာရာဏသီပြည်အနီးရှိ ပုဏ္ဏားရွာ တစ်ရွာမှာ ပုဏ္ဏားအိုနှင့် အသက်အရွယ်ငယ်သော ပုဏ္ဏေးမ လင်မယား နေထိုင်၏။ ပုဏ္ဏေးမ ငယ်သည် ရာဂရမ္မက်ကြီးသဖြင့် အခြားသူတစ်ယောက်နှင့် ဖောက်ပြန်

နေ၏။ ပုဏ္ဏေးမသည် လွတ်လပ်စွာ ဖောက်ပြန်နေချင်သောကြောင့် လင်အိုပုဏ္ဏားကြီးအား မျက်နှာမသာမယာဟန်ပြုလျက် သူ့အတွက် ကျွန်ယောကျ်ားနှင့် ကျွန်မိန်းမတစ်ယောက်စီ လိုချင်ကြောင်း ပူဆာ၏။ ပုဏ္ဏားအိုက 'ငါ့မှာ အသပြာမရှိ၍ မတတ်နိုင်'ဟု ပြန်ပြောရာ သူက 'အသပြာရှာဖို့ ခရီးထွက်ပေါ့၊ လမ်းခရီးမှာ နေနားစားသောက်ဖို့ ရိက္ခာထုပ်လဲ ထည့်ပေးလိုက်မယ်'ဟု ပြောကာ လွယ်အိတ်ထဲမှာ ရိက္ခာထုပ်ထည့်ပြီး အသင့်ပြင်ဆင်ပေး၏။ ပုဏ္ဏားအိုလည်း ထိုရိက္ခာအိတ်ကို လွယ်လျက် ခရီးထွက်လာခဲ့လေ၏။

ပုဏ္ဏားအိုသည် လမ်းခရီးမှာ အပန်းဖြေစားသောက်ရန် ရေရှိရာရှာသော် ရေအိုင်ငယ်ကို တွေ့ရသဖြင့် ထိုအနီးရှိ သစ်ပင်ရိပ်မှာ ဝင်ကာ နားရင်း ရိက္ခာထုပ်ကို ဖွင့်ကာ စားလေ၏။ စားပြီးလျှင် လွယ်အိတ်ကို ချထားခဲ့ပြီးနောက် ရေအိုင်ရှိရာသို့ ဆေးကြော၊ ရေသောက်ရန် ထလာခဲ့၏။

ထိုခဏမှာ မြွေဟောက်တစ်ကောင် ရောက်လာပြီးလျှင် ပုဏ္ဏားအို၏ လွယ်အိတ်ထဲမှာ ဝင်ကာ မုန့်စားပြီး ခွေနေလေ၏။ ပုဏ္ဏားအိုလည်း ရေသောက်၊ သန့်စင်ပြီး ချထားသော လွယ်အိတ်ကို ကောက်လွယ်လျက် ခရီးဆက်ခဲ့လေ၏။ ထွက်ခဲ့ရာတွင် လမ်းခရီးရှိ သစ်ပင်ကြီးတစ်ပင်မှ ရုက္ခစိုးက 'ပုဏ္ဏားအိုကြီး ခရီးလမ်းကြားတွင် နေပါမူ သင်ပုဏ္ဏားကြီး သေရလတ္တံ့။ ယနေ့ အိမ်အရောက်ပြန်မူ သင့်မယား သေရလတ္တံ့'ဟု ပြောဆိုပြီးလျှင် ကွယ်ပျောက်သွားလေ၏။

ပုဏ္ဏားကြီးသည် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာ မည်သူ့ကိုမျှ မမြင်ရသဖြင့် ထိတ်လန့်လာပြီး ငိုယိုကာ ရှေ့ခရီးကို ဆက်လက်ထွက်လာရာ ဗာရာဏသီမြို့တံခါးဝသို့ ရောက်လေ၏။ မြို့ထဲမှာ ဥပုသ်နေ့ ဖြစ်၍ သေနကပညာရှိ တရားဟောကြားနေလေရာ

သွားလာနေကြသူများကို မြင်ရ၍ ပုဏ္ဏားကြီး သိရှိရလေ၏။ ပုဏ္ဏားကြီးက ပညာရှိ သုခမိန်ထံမှာ ငါကြားရတဲ့အကြောင်းကို မေးတော့မည်၊ ပညာရှိကတော့ သိမှာအမှန်ပဲ--ဟု တွေးကာ တရားပလ္လင်နားမှာ အိတ်ကိုထားပြီး ငိုယိုနေလေ၏။ သေနက အမတ်သည် ပုဏ္ဏားကြီး၏ ဒုက္ခဆင်းရဲကို မြင်ရသော် တရားပြမည့် အကြံဖြင့် 'အသင်ပုဏ္ဏားကြီး၊ ဘယ့်အတွက် ဤမျှ ဆင်းရဲစွာ ငိုကြွေးနေရတာလဲ၊ ဒီကို ဘယ်အတွက် ရောက်လာတာပါလဲ'ဟု မေးလေ၏။

ပုဏ္ဏားကြီးက 'လမ်းခရီးမှာ ရက္ခစိုးက ကျွန်ုပ်အား ယနေ့ သင်အိမ်ပြန်လျှင် သင့်မယားသေမည်၊ မပြန်ဘဲ လမ်းခရီးမှာနေလျှင် အသင်သေမည်ဟု ပြောလိုက်ပါသည်။ ထိုစကားအဓိပ္ပာယ်ကို မသိ၍ ကြောက်လန့်ငိုယိုရပါသည်အရှင်'ဟု ပြောလေ၏။ သေနကသုခမိန်က ပုဏ္ဏားကြီးပြောစကားကို လေးလေးနက်နက် စဉ်းစားရင်း ထမ်းထား သော အိတ်ကို မြင်လိုက်ရသောအခါ စဉ်းစားနေရာမှ အသိဝင် ဉာဏ်အမြင်ပေါက်လာသဖြင့် "အို--ပုဏ္ဏားကြီး၊ သင်လမ်းခရီးမှာ အိတ်ကိုဖွင့်ခဲ့သလား၊ အိတ်ကို ပြန်မပိတ်ခဲ့ဖူးလား'ဟု မေးရာ ပုဏ္ဏားကြီး၊က 'ကျွန်ုပ်လမ်းခရီးမှာ ရေအိုင်အနီး သစ်ပင်ကြီးအောက်မှာ မုန့်စားခဲ့ပါတယ်။ စားပြီးအိတ်ကို ထမ်းပြီး ထွက်ခဲ့ပါတယ်'ဟု ဖြေလေရာ ပညာရှိက 'ကဲ--ပုဏ္ဏားကြီး၊ သင့်အိတ်ထဲမှာ မြွေ တစ်ကောင် ဝင်နေတယ်၊ ဒီမြွေကို အခုပဲ နှင်ပေတော့'ဟု ပြော လိုက်လေ၏။

ပုဏ္ဏားကြီးသည် အိတ်ကို လူသူနှင့် ဝေးရာသို့ ယူသွားပြီး လှံတံဖြင့် အိတ်ကို ပစ်ချကာ ဖွင့်ရာ မြွေဟောက်လျှောထွက်လာသည်ကို မျက်မြင်သိရှိလေ၏။ ပုဏ္ဏားကြီးကား ဤမျှ ဉာဏ်ပညာ ကြီးမားသော

သူကို ဘုရင်မင်းကြီးအနားမှာ ရထားတော်မူသည်။ ကောင်းလှပေစွဟု နှုတ်မှ ပြောကြားပြီး ဇနကမင်းအား ဦးခိုက်ကန်တော့၏။ တစ်ဖန် သေနကသုခမိန်အားလည်း သူ့အိတ်ထဲမှာ ပါလာသော အသပြာ ခုနစ်ရာကို ရှေ့မှာ ချပြီးလျှင် 'အရှင်သုခမိန်၊ ကျွန်ုပ်၏ အသက်နှင့် ကျွန်ုပ်၏ မယားအသက်ကို အရှင်ကယ်လိုက်ပေသည်၊ ကျေးဇူးဆပ် ပါရစေ၊ ယူပါ'ဟု ပြောကာ ပေး၏။

သုခမိန်က 'ပုဏ္ဏားကြီး၊ ကျွန်ုပ် မယူလို၊ ပြန်ယူသွားပါ၊ သင့်ကို ဘယ်သူက ငွေရှာခိုင်းသလဲ'ဟု မေးရာ 'ကျွန်ုပ်၏ မယားက ရှာခိုင်းတာပါ' ဟု ဖြေ၏။ သုခမိန်က 'သင့်မယားက ငယ်သေးသလား'ဟု မေးသော် ပုဏ္ဏားကြီးက 'အလွန်နုပျိုငယ်ရွယ် ပါသေးသည်'ဟု ဖြေရာ သေနကသုခမိန်က 'ပုဏ္ဏားကြီး၊ သင့်ကို ငွေရှာဖို့ ခရီးထွက်ခိုင်းသည်မှာ မရိုးသားချေ၊ သင်မရှိလျှင် နောက် လင်ငယ်နှင့် ပျော်ပါးနေလို၍ သင့်ကို အဝေးသို့ စေလွှတ်ခြင်းသာ ဖြစ်သည်။ ယခု သင့်အား အသပြာသုံးရာပေးမည်၊ ယခု ငွေခုနစ်ရာ နှင့်ပေါင်း အသပြာတစ်ထောင်ကို သင်ယူပြီးပြန်တော့။ သင့်မယား မသိစေနှင့်။ တစ်နေရာရာမှာ ဝှက်ထားခဲ့ပြီးမှ ပြန်ပါ'ဟု မှာလိုက် လေ၏။

ပုဏ္ဏားကြီးသည် အသပြာတစ်ထောင်ထုပ်ကို ယူကာ ပြန်ခဲ့ ပြီးလျှင် မြို့ပြင်ရှိ သစ်ပင်ခြေရင်းမှာ မြှုပ်ထားခဲ့ပြီးမှ အိမ်ဆီသို့ ပြန်ခဲ့ရာ မိုးချုပ်နေလေပြီ။

ပုဏ္ဏေးမသည် လင်ငယ်နှင့် အိမ်ထဲမှာ ရှိနေ၏။ ပုဏ္ဏားကြီး က ခေါ်လိုက်သောအခါ ထွန်းထားသော မီးတိုင်ကို မှုတ်ငြိမ်းလိုက်ပြီး လင်ငယ်ကို ထွက်စေပြီးမှ တံခါးဖွင့်ပေးလိုက်လေ၏။ ပုဏ္ဏေးမက ခရီးရောက်မဆိုက်ပင် 'ငွေရှာတာ ရခဲ့ရဲ့လား'ဟု မေးရာ ပုဏ္ဏားကြီးက

'အေး--ရခဲ့ပါတယ်'ဟု ပြောမိရာ 'ဘယ်မှာပါလာလို့လဲ၊ ဘယ်မှာ ထားပစ်ခဲ့သလဲ'ဟု ထပ်မေးရာ ပုဏ္ဏားကြီးက အသပြာမြှုပ်ထားသည့် နေရာကို ပြောပြလိုက်လေ၏။ ပုဏ္ဏေးမလည်း စောင့်နေသော လင်ငယ်အား ပြောပြလိုက်လေ၏။

မနက်လင်းသောအခါ ပုဏ္ဏားကြီးသည် သူမြှုပ်ထားသော သစ်ပင်ရင်းမှာ တူးကြည့်ရာ အသပြာထုပ် မရှိတော့ကြောင်း သိရသဖြင့် အိမ်သို့ မပြန်တော့ဘဲ သေနက သုခမိန်ထံသို့ ပြန်သွားကာ အဖြစ်အပျက်ကို ပြောပြလေ၏။ ပညာရှိအမတ်က ပုဏ္ဏားကြီးကို အပြစ်မဆိုဘဲ နောက်ထပ်အကြံပေးပြန်လေ၏။ 'ပုဏ္ဏားကြီး၊ သင့်မှာ ဆရာရှိသလား၊ သင့်မယားမှာကော ဆရာရှိသလား'ဟု မေး၏။ ပုဏ္ဏားကြီးက 'နှစ်ယောက်လုံးမှာ ရှိကြပါတယ်' ဟု ဖြေ၏။ 'ကဲ-ရှိတာဖြင့် ကျုပ်က ရိက္ခာတွေ ပေးလိုက်မယ်၊ အိမ်ရောက်ရင် ထမင်းခုနစ်ရက် ဆက်ကျွေးဖို့ ဆရာခုနစ်ယောက် နှစ်ဖက်စလုံးကို ဖိတ်ကျွေးပါ။ နောက်ရက်တွေမှာ တစ်ယောက်စီ မလာဖို့ ပြောထားပါ။ နောက်ဆုံးစ်တရက်မှာ ဆရာနှစ်ယောက်တည်း ကျန်လိမ့်မယ်။ သူတို့ဟာ နေ့စဉ်လာသူထဲက ဖြစ်လိမ့်မယ်။ ကျုပ်ဆီကို သင့်မယားဘက်က နောက်ဆုံးရက်အထိ လာစားတဲ့ ပုဏ္ဏားကို ခေါ်ခဲ့တော့'ဟု ပြောပြီးနောက် ပုဏ္ဏားကြီးအား ခေါ်ဆောင်ခဲ့စေ၏။ ပညာရှိက ထိုပုဏ္ဏားအား 'အသပြာငွေထုပ်ကို သင်တူးယူသလား'ဟု မေးရာ 'မယူပါ' ဟု လိမ်ပြော၏။ သုခမိန်က 'ငါဟာ ပညာရှိဆိုတာ သင် မသိဘူးလား၊ မှန်ရာကိုပြော'ဟု မေးတော့မှ 'တူးယူမိပါကြောင်း'ကို ဝန်ခံ၏။

သုခမိန်က ပုဏ္ဏားကြီးအား 'ပုဏ္ဏားကြီး၊ သင့်မယားကို ပေါင်းသင်းလိုပါသလား'ဟု မေးရာ ပုဏ္ဏားကြီးက 'ပေါင်းသင်းလိုပါ

သည်' ဟုသာ ဖြေလေ၏။ သေနကပညာရှိသည် ပုဏ္ဏားကြီးအား ခိုးသူထံမှ ပြန်ရသော အသပြာထောင်ထုပ်ကို ပေးအပ်ကာ ဖောက်ပြန် လွန်ကျူးသော မိန်းမယုတ်ကိုလည်း နောက်ထပ်မဖောက်ပြန်ဖို မင်းအာဏာဖြင့် ဆုံးမပြီးလျှင် ပုဏ္ဏားကြီးအား သူ့အနားမှာပင် နေစေသည်။

သူခိုးဖြစ်သော အသပြာ တူးယူသူအားလည်း အပြစ်ဒဏ် ပေးစေဖို့ မင်းမိန့်ဖြင့် အပြစ်ချခံစေလိုက်လေသတည်း။ ။

နောင်သောအခါ ပုဏ္ဏားကြီးသည် အရှင်အာနန္ဒာ။

ရက္ခစိုးနတ်သည် ရှင်သာရိပုတ္တရာ။

တရားနာသော ပရိသတ်သည် ဘုရားပရိသတ်။

သေနကပညာရှိအမတ်ကား ဂေါတမမြတ်စွာဘုရား ဖြစ်တော်မူလေ၏။

(သတ္တုဘသတဇာတ်)

❀ ❀ ❀

---

ရွှတ်တားစာပေ

# မဟာဓမ္မပါလ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း အုပ်စိုးစဉ် ကာသိတိုင်း၌ 'ဓမ္မပါလ' အမည်ဖြင့် ရွာကလေးတစ်ရွာ ရှိခဲ့လေ၏။ ထိုရွာတစ်ရွာလုံးသည် ပေးလှူသော ဒါနကို ပြုကြ၏။ ဆောက်တည်ကျင့်သုံးရာ ငါးပါးသောသီလမြဲကြ၏။ ရှစ်ပါးသီလ ဥပုသ်လည်း ဆောင်ကြ၏။

မဟာဓမ္မပါလအမည်ရှိသော ပုဏ္ဏားကြီးမှာ သားတစ်ယောက် ဖွားမြင်လာလေ၏။ သားငယ် အရွယ်ရလာသောအခါ တက္ကသိုလ်ပြည်သို့ ပညာသင်ရန် စေလွှတ်လိုက်လေ၏။ လူငယ်သည် ပညာသင်ယူရာတွင် တော်သဖြင့် ဆရာကြီး၏ တပည့်ငါးရာတွင် အကြီးအကဲ ဖြစ်ရလေသည်။

တစ်နေ့သောအခါတွင် ဆရာကြီး၏ သားအကြီးဆုံးသည် ကွယ်လွန်သေဆုံးသွားလေ၏။ ဆရာကြီး၏ တပည့်ငါးရာတို့သည် ဝမ်းနည်းစွာဖြင့် ငိုကြွေးကြလေ၏။ သူတို့၏ အကြီးအကဲဖြစ်သူ မောင်ဓမ္မပါလ လူငယ်ကား မငိုကြွေး၊ မတုန်လှုပ်ဘဲ ရှိနေလေ၏၊ သူက "အသက်ငယ်ငယ်နှင့် သေရတယ်ဆိုတာ မဟုတ်သေးပါဘူး၊ ကျွန်တော်တို့ရဲ့ ဆွေစဉ်မျိုးဆက်မှာ ဒီလိုအသက်ငယ်ငယ်နှင့် သေဆုံးတာ မရှိပါဘူး"ဟု တည်ငြိမ်စွာ ပြောလေ၏။ "အသက်ကြီးမှ

သေကြရတာပါပဲ”ဟုလည်း ပြောရာ ဆရာကြီးက အံ့ဩစွာဖြင့် တပည့်ဖြစ်သူ ဓမ္မပါလကို ခေါ်၍ မေးရာ ဤအတိုင်း အမှန်ပါပဲဟုသာ ဖြေဆိုလေ၏။

ဆရာကြီးက မယုံကြည်။ သို့သော် တည်ကြည်သော တပည့်ဖြစ်သူက ပြောသဖြင့် ဟုတ်လို့သာ ဖြစ်မှာပဲလေဟု တွေးပြန်လေ၏။ ဆရာကြီးသည် တပည့်၏ ပြောစကားကို လက်တွေ့စုံစမ်းရန် အကြံဖြင့် ဆိတ်ရိုးများကို လွယ်အိတ်မှာ ထည့်ကာ သူ့တပည့်နေရာ ဓမ္မပါလရွာသို့ ထွက်လာခဲ့လေ၏။

ဒိသာပါမောက္ခဆရာကြီးသည် ဓမ္မပါလရွာရှိ မဟာဓမ္မပါလ ပုဏ္ဏားကြီးအိမ်သို့ ရောက်သောအခါ ဆရာကြီးဖြစ်ကြောင်း ပြောပြသဖြင့် အိမ်သားအားလုံးက ကောင်းစွာ ဧည့်ခံပြုစုကြလေ၏။ ဒိသာပါမောက္ခကြီးက သူ့မှာ ပါလာသော အရိုးအိတ်ကို ချပြီးနောက် “တပည့်လေး ဓမ္မပါလ အနိစ္စရောက်ရှာပြီ၊ အကြောင်းကြားဖို့ ရောက်လာတာပါ”ဟု ပြောလေ၏။ မဟာဓမ္မပါလ ပုဏ္ဏားကြီးနှင့် သားချင်းတို့က ဘာမျှမတုန်လှုပ်ကြဘဲ ပုဏ္ဏားကြီးက “ကျုပ်တို့သား မသေနိုင်ပါဘူး၊ အိုမှပဲ သေမှာပါ”ဟု မယုံသလို ပြောရာ ဆရာကြီးက “ဟောဒီမှာ မီးသင်္ဂြိုဟ်တဲ့ အရိုးတွေ ပါလာတာပဲ၊ အမှန်ပဲ သေရှာပါပြီ”ဟု ပြောရာ ပုဏ္ဏားကြီးက “ဆရာကြီးက ဘယ်လိုပဲ ပြောပြော ကျုပ်တို့သား မသေပါဘူး၊ ခု–ဟိုမှာ ရှိနေသားပဲ။ ကျုပ်တို့ရဲ့ ဓမ္မပါလရွာမှာ ငယ်ရွယ်သူသေတယ်လို့ မရှိပါဘူး၊ အရွယ်ကုန်မှပဲ သေကြတယ်၊ တစ်ရွာလုံးရှိ လူတွေဟာ ဒီလိုပါပဲ၊ အသက်ရှည်ကြတယ်၊ မမှန်တာကို မယုံပါဘူး” ဟု ပြန်ပြောလေ၏။

ဆရာကြီးက “ပုဏ္ဏားကြီးပြောတာ ကြားရလို့ ကျုပ်လဲ အမှန်ကို သိရပါပြီ၊ တပည့်လေး ဓမ္မပါလ ရှိနေပါတယ်၊ ကျုပ်ရဲ့

သားအကြီးသေဆုံးတာကို သူက မငိုဘဲ၊ သူတို့ရွာမှာ ဒါမျိုးကြား တောင်မှ မကြားဖူးပါဘူး”လို့ ပြောတာကို မယုံလို့ ကျုပ်ကိုယ်တိုင် စုံစမ်းဖို့ ထွက်လာခဲ့တာပါ။ ဘာကြောင့် ခုလို တစ်ရွာလုံး အသက် ရှည်ရှည် နေနေကြရတယ်ဆိုတာ ပြောပြပါဦး”ဟု တောင်းပန်လေ၏။

မဟာဓမ္မပါလ ပုဏ္ဏားကြီးက “ကျုပ်တို့မှာ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ငယ်ခိုက်မှာ သေရိုးမရှိခဲ့ပါဘူး၊ ယနေ့ထိ ဒီလိုပါပဲ၊ အဲဒါ ဘာကြောင့်ပါလဲဆိုတော့ ကျုပ်တို့မှာ နေ့စဉ်ငါးပါးသီလကို ကလေးအရွယ်ကစပြီး စောင့်ထိန်းတယ်၊ မမှန်တဲ့စကားကို မပြောကြဘူး၊ ဒါတင်မဟုတ်သေးပါဘူး၊ သူယုတ်က ဟောတဲ့တရား ကိုလဲ နာတာပဲ။ သူမြတ်က ဟောတဲ့တရားကိုလဲ နာတာပဲ။ သူယုတ်ရဲ့ တရားကိုတော့ ကျုပ်တို့ မနာယူ မကျင့်သုံးကြဘူး။ သူမြတ်ဟောတဲ့ တရားကိုတော့ နာယူကျင့်သုံးပြီး ဆောက်တည်ကြ တယ်။ အာလုံးသော ပျို့ရွယ်သူတို့မှာလဲ ဒီအတိုင်းပဲ ကျင့်သုံးကြတာမို့ အသက်ရှည်ကြတာပဲ”

“နောက်တစ်ခုကတော့ ကျုပ်တို့မှာ ဒါနလဲ မပြတ် ပြုလုပ်ကြတယ်၊ ပစ္စေကဗုဒ္ဓါတို့ကိုလည်းကောင်း၊ အရိယာသံဃာကို လည်းကောင်း၊ ခရီးသွား အာဂန္တုပုဂ္ဂိုလ်ကိုလည်းကောင်း၊ သီချင်းဆိုပြီး တောင်းစားတဲ့ လူတို့ကိုလည်းကောင်း၊ ရိုးရိုးတောင်းစားတဲ့ လူတို့ကို လည်းကောင်း၊ ဆင်းရဲတဲ့ လူတို့ကိုလည်းကောင်း ဝလင်အောင် ကျွေးလှူဒါန်းလေ့ ရှိကြတယ်။ အဲဒီလို ဒါနတွေ ပြုပြီးပြန်တော့လဲ မလှူခင်ကတည်းက လှူလိုတဲ့စိတ်၊ လှူဆဲမှာ သဒ္ဓါကြည်လင်တဲ့စိတ်၊ လှူပြီး ပြန်တော့လဲ ငါ့ပစ္စည်းတွေ ကုန်ပါပေါ့လားရယ်လို့ နှမြောတဲ့ စိတ်မျိုး လုံးဝမပေါ်လာဘဲ လှူလိုက်ရတာကိုပဲ ဝမ်းသာပြီး ပီတိ ဖြစ်နေတတ်ကြတယ်။ ပုဗ္ဗ, မုဉ္စ၊ ပရ စေတနာသုံးတန် ပြည့်စုံအောင်

လျှတတ်ကြတာမို့ လူကလေး လူရွယ်တို့မှာ သေရိုးမရှိကြ၊ အရွယ်ကုန်မှသာ သေကြရတယ်”

“နောက်တစ်ခုကတော့ ကျုပ်တို့ရွာရှိ မိန်းမတို့ဟာ အကျင့်မြတ်ကြတယ်။ သူတို့က မွေးလာတဲ့ သားသမီးတို့ဟာ ဉာဏ်ပညာထက်မြက်ကြတယ်၊ ကိစ္စအဝဝကို ဆောင်ရွက်နိုင်စွမ်းလဲ ရှိကြတယ်၊ သီလဂုဏ်လဲ ရှိကြတယ်၊ ဒါတွေကြောင့် သူတို့ဟာ ငယ်ငယ်ဘဝမှာပဲ မသေကြတာပါပဲ”

ဒိသာပါမောက္ခဆရာကြီးက “ကျုပ်ခုလိုလာပြီး စုံစမ်းရတာ သိပ်အကျိုးရှိတာပါပဲ။ တပည့်လေး ဓမ္မပါလဟာလဲ ခုဆို ကျောင်းသားငါးရာရဲ့ ဦးဆောင်ထိန်းကြပ်ရလောက်အောင် ပညာတော်လို့ တပည့်ငါးရာ ရှိနေတယ်။ ပုဏ္ဏားကြီး ပြောတာတွေ မှတ်သားရအောင် ရှိသေးရင် ဆက်ပြီး ပြောပါဦး”ဟု တောင်းပန်လေ၏။

ပုဏ္ဏားကြီးက “ကျုပ်တို့အမျိုးမှာ ကျွန်ယောကျာ်း၊ ကျွန်မိန်းမ၊ မှီခိုနေသူ၊ အလုပ်အကျွေး ပြုနေသူတို့ အားလုံးဟာလဲ တမလွန်ဆင်းရဲကို ကြောက်ကြလို့ ကုသိုလ်တရားဆယ်ပါးကို ကျင့်ဆောင်ကြတယ်၊ ဒါကြောင့် ပျိုရွယ်ချိန်မှာ သူတို့လဲ မသေကြပါဘူး။ ကျုပ်တို့ရဲ့သား ဓမ္မပါလဟာလဲ ဘယ်လိုမှ မသေနိုင်ဘူးဆိုတာ သိပါတယ်။ တရားသဖြင့် ကျင့်ကြံနေထိုင်သူကို တရားက စောင့်ရှောက်ပါတယ်။ အပါယ်လေးဘုံကို မလားနိုင်ပါ။

ဥပမာ–မိုးရွာတဲ့အခါမှာ ကြီးစွာသော ထီးကို မိုးဆောင်းထားသူအား မိုးရေ မစိုသကဲ့သို့ တရားကို ကျင့်သုံးနေထိုင်သူတို့အား တရားက ပြန်၍ စောင့်ရှောက်တဲ့သဘောပါပဲ။ အမှန်စင်စစ် တရားကို စောင့်ထိန်းရတဲ့ အကျိုးအာနိသင်ဟာ အဲဒါတွေပါပဲ။ ဒါကြောင့် ကျုပ်တို့ တစ်ရွာလုံး ငယ်ငယ်နှင့် သေရိုးမရှိပါဘူး။ ကျုပ်ရဲ့သား

ဓမ္မပါလဟာလဲ အဲဒီလိုပဲမို့ မသေကြောင်း သိလို့ ပြောတာပါ”ဟု ပြောလေ၏။

ဒီသာပါမောက္ခ ဆရာကြီးသည် မဟာဓမ္မပါလ ပုဏ္ဏားကြီး အား "ကျုပ်က တပည့်ပြောတာ မယုံလို့ ထွက်လာခဲ့တာပဲ၊ ခုလိုဆိုတော့ ကျုပ်အတွက်ရော လူမယားအတွက်ရော အကျိုးရှိတဲ့ မှတ်သားကျင့်သုံးစရာတွေ ကြားသိရတာမို့ ဒီတရားတွေကို ကူးယူ သွားပါရစေ”ဟု ပြောကာ ပေရွက်တွင် မဟာဓမ္မပါလ ပုဏ္ဏားကြီး ပြောသမျှ အားလုံးကို သေချာစွာ မှတ်သားကူးယူသွားလေသတည်း။

(မဟာဓမ္မပါလဇာတ်တော်)

❋ ❋ ❋

# သုံးဘဝစံ မနောကံ

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် အခါက ဖြစ်ပေ၏။ သောရေယျမြို့၊ ခနသေဋ္ဌိ သူဌေးကြီး၏သား သောရေယျသည် သူငယ်ချင်းများနှင့်အတူ ရေချိုးရန် လှည်းယာဉ် စီးလျက် မြစ်ဆိပ်သို့ လာခဲ့ကြလေ၏။

ထိုအခါ၌ အရှင်မဟာကစ္စည်းမထေရ်မြတ်သည် ဆွမ်းခံကြွ ခါနီးမှာ မြစ်ဆိပ်တွင် ရေချိုးတော်မူနေလေ၏။ မထေရ်မြတ်မှာ ရှေးက ဆုတောင်းပြည့်သဖြင့် အသားတော်မှာ ရွှေရောင်အဆင်းဖြင့် နူးညံ့ဝင်းဝါ လှပနေလေ၏။ ထိုသို့သော အသားအရေ၏ တင့်တယ် ခြင်းကို မြင်လိုက်ရသော သူဌေးသားသောရေယျသည် နှလုံးစိတ် တွင်းမှာ ဖြစ်လာသော ဆန္ဒဖြင့် "ဩော်–ဒီကိုယ်တော်ရဲ့ အသား အရေက လှလိုက်တာ၊ ဝင်းပနေတာပဲ၊ ငါ့ကြင်ယာမှာလည်း ဒီလိုပဲ လှနေရင် ကောင်းမှာပဲ၊ ငါ့ကြင်ယာပဲ ဖြစ်ပါတော့" ဟု တောင့်တ လိုက်မိလေ၏။

မိမိ၏ ဇနီးမယား ဖြစ်စေလိုသော ထိုမနောစိတ်ကြောင့် အရှင်မြတ်အား ပြစ်မှားမိသည့် အပြစ်မှာ ချက်ချင်းပင် ကြမ္မာဒဏ်

ခံစားလာရလေ၏။ သောရေယျသည် ရေချိုးနေဆဲမှာပင် တစ်ကိုယ်လုံး ယားယံလာပြီး ယောက်ျားတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများ ချက်ချင်းပျောက်ကွယ်ပြီး မိန်းမတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြစ်လာလေတော့သည်။

အရှင်မြတ်အား ပြစ်မှားမိသော မနောကံကြောင့် သောရေယျသည် သူ၏ မိန်းမအဖြစ်ကို အရှက်ကြီးရှက်ကာ သူငယ်ချင်းများ မသိအောင် ချုံပုတ်များ ကွယ်ရာမှ တဖြည်းဖြည်း ဝေးရာသို့ ရောက်အောင်သွားပြီး ကုန်းပေါ်သို့တက်ကာ ထွက်ပြေးသွားလေ၏။ သူသည် မိန်းမအဖြစ်သာမက စိတ်ကပါ မိန်းမစိတ်ပေါက်လာသဖြင့် သူ့မှာပါလာသော ငွေစဖြင့် ထဘီ၊ အင်္ကျီများ ဝယ်ကာ ဝတ်ဆင်လေ၏။ မိန်းမ သောရေယျသည် သူ့ကို မည်သူကမျှ မသိတော့သဖြင့် အဝေးသို့ သွားတော့မည်ဟု ကြံစည်ကာ လှည်းလမ်းကြောင်းမှာ ခြေကျင်လျှောက်သွားနေလေ၏။ ထိုလမ်းပေါ်တွင် သူ့ရှေ့မှ တက္ကသိုလ်မြို့သို့ ကုန်ရောင်းသွားမည့် ကုန်သည်လှည်းများ တရွေ့ရွေ့ သွားနေကြလေ၏။

လှည်းပေါ်မှ လူတို့က လှည်းများနောက်မှာ တစ်ကောက်ကောက် လိုက်လာနေသော မိန်းမတစ်ယောက်ကို မြင်ကြရာ လှည်းတစ်စီးမှ လူက "အသင်မိန်းမ–ဘာကြောင့် လှည်းများနောက်က တကောက်ကောက် လိုက်လာနေတာလဲ" ဟု မေးရာ မိန်းမသောရေယျက "ငါ့ခရီး ငါသွားတာ မမေးနှင့်"ဟု ပြန်၍ အော်ပြောကာ လျှောက်မြဲလျှောက်ရင်း "သြော်–ငါ့မှာ ငါ့မယားနှင့် သားနှစ်ယောက် အိမ်မှာ ရှိခဲ့ကြတယ်၊ ငါပြန်မလာရင် ပူပင်ကြတော့မှာပဲ၊ ဒါပေမယ့်လေ အခု ငါက ယောက်ျားအသွင် မဟုတ်တော့ဘဲ မိန်းမဖြစ်နေတော့ သူတို့သိသွားရင် ရှက်ကြမှာပဲ၊ တစ်မြို့လုံးလဲ အုံးအုံးကျွက်ကျွက်နှင့်

ရှက်စရာ ဖြစ်တော့မှာပဲ၊ ငါ့အိမ်ကို ငါမပြန်တော့ဘူး၊ ရှေ့ဆက်ပြီး သွားမှပဲ ဖြစ်မယ်”ဟု ဆုံးဖြတ်ပြီး ဆက်လျှောက်လာရာ ခရီးလမ်းက ကြမ်းသဖြင့် သူ၏ နူးညံ့လှသော မိန်းမခြေဖဝါးနှစ်ဖက် အက်ကွဲကာ သွေးများ နီအောင် ကျလာတော့သည်။ မိန်းမ သောရေယျသည် ရှေ့ဆက်မလျှောက်နိုင်သဖြင့် လှည်းရှင်အား သူ့လက်စွပ်ကို ချွတ်ပေးပြီး တက္ကသိုလ်မြို့ရောက်အောင် ခေါ်ယူပို့ပေးပါဟု တောင်းပန်ကာ လှည်းပေါ်မှာ တက်လိုက်သွားလေ၏။

လှည်းကုန်သည်တို့သည် ရုပ်ရည်လှပသော ထိုမိန်းမအား တက္ကသိုလ်ပြည်သို့ ရောက်သောအခါ သူဌေးသားတစ်ယောက်နှင့် စေ့စပ်ကာ ပေးစားလိုက်လေ၏။

သောရေယျပြည်၌ကား သောရေယျ-ရေနစ်၍ သေရှာပြီ၊ အလောင်းပင် ရှာ၍ မရတော့သဖြင့် သူ့အတွက် ပြုရန်ရှိသော ကုသိုလ်များပြုပြီး အမျှဝေကြရတော့သည်။

တက္ကသိုလ်ပြည်မှ သူဌေးသားနှင့် ရနေသော မိန်းမ သောရေယျမှာ သားနှစ်ယောက်ပင် ရရှိနေပေပြီ။ မိန်းမဘဝမှာပင် ပျော်နေသော်လည်း သူ့အရင်ဘဝကို မမေ့ပေ။

တစ်နေ့သောအခါ သောရေယျပြည်မှ ရောက်လာသော လှည်းကုန်သည်တို့တွင် သူ သူဌေးသားဘဝက အတူရေချိုးခဲ့သော သူငယ်ချင်းပါလာသည်ကို တွေ့ရလေ၏။ သောရေယျမိန်းမသည် ထိုသူကို သူ့အိမ်သို့ ဖိတ်ခေါ်ကာ ကောင်းစွာ ကျွေးမွေးပြုစုလေ၏။ သူငယ်ကျင်းကမူ ထိုမိန်းမကို လုံးဝမသိဘဲ အံ့ဩနေလေ၏။

“သူ-ငါ့ကို ဘာကြောင့် ဒါလောက် ညွှဲခံပြုစုနေပါလိမ့်၊ ငါ သူ့ကို မေးကြည့်မှပဲ”ဟု တွေးကာ “သူဌေးမ-ကျွန်တော့်ကို မသိဘဲနှင့် ဘာကြောင့် ခုလို ညွှဲခံပြုစုပါသလဲ၊ ဘာအကြောင်းထူးများ

ရှိလို့ပါလဲ"ဟု ဖွင့်၍ မေးလေ၏။ ထိုအခါ သူဌေးမက ညော့်သည်အား "ရှင်–ကျွန်မကို မသိဘူးလား"ဟု မေးရာ မသိပါဘူးဟု ဖြေ၏။ သူဌေးမက "ရှင်–ကျွန်မကို မမှတ်မိတော့ဘူးပေါ့နော်၊ ဒါနှင့် သောရေယျ အခု ဘယ်မှာရှိနေသလဲ"ဟု မေးရာ ညော့်သည်က "ကျုပ်ရဲ့ သူငယ်ချင်း သူဌေးသား သောရေယျဟာ ရေနစ်ပြီး သေတာ အလောင်းတောင် ရှာလို့မရပါဘူး၊ ကြာပါပြီ"ဟု ပြန်ပြောပြလေ၏။ ထိုအခါ သူဌေးမက မျက်ရည်ကျကာ ငိုရှာလေ၏။ ငိုရင်းမှ "ရှင့် သူငယ်ချင်းဟာ တကယ်တော့ မသေပါဘူး၊ ရှင်နှင့် ရေချိုးနေရင်းက အရှင်မဟာကစ္စည်း ရေချိုးနေတာ မြင်ရတော့ ရွှေလိုဝါဝင်းတဲ့အသားကို သဘောကျပြီး ဒီရဟန်းရဲ့ အာသားလို ငါ့မယားမှာ ဝါဝင်းနေရင် ကောင်းမှာပဲ၊ ငါ့မယားပဲ ဖြစ်လိုက်ပါတော့ လို့ စိတ်ထဲက ပြစ်မှားမိလာတယ်၊ အဲဒီအဖြစ်ကြောင့် ရှင့်သူငယ်ချင်း ဟာ ကိုယ်တွေ ယားယံလာပြီး ယောက်ျားဘဝက ချက်ချင်းမိန်းမ ဖြစ်သွားရရှာတယ်၊ အဲဒါကြောင့် လူသိမှာရှက်လို့ ခု တက္ကသိုလ်ပြည်ကို မိန်းမဘဝနှင့် ရောက်လာပြီးတော့ ခုဒီအိမ်ကြီးက သူဌေးသားနှင့် အိမ်ထောင်ကျနေတာ၊ သားနှစ်ယောက်တောင် ရနေပါပြီ၊ ကျွန်မဟာ အရင်က ရှင့်ရဲ့သူငယ်ချင်း သောရေယျပါ"ဟု ပြောရင်း ငိုနေရှာလေ၏။

"ဩော်––ခင်ဗျားဟာ ဘဝပြောင်းခဲ့ရတဲ့ ကျုပ်ရဲ့ သူငယ်ချင်း သောရေယျပဲကို။ ဒါနှင့် ဒီလိုအပြစ်ခံစားရတာကို အရှင်မဟာကစ္စည်း ထံမှာ မတောင်းပန်လိုက်ဘူးလား"ဟု ညော့်သည်က မေးရာ သူဌေးမက "မတောင်းပန်လိုက်ရပါဘူး၊ ရှင်မဟာကစ္စည်းလဲ ဘယ်မှာ ရှိနေမှန်း မသိပါဘူး၊ ကျွန်မရဲ့ စိတ်နှင့် ပြစ်မှားမိတာကို တောင်းပန်ချင် လိုက်တာ" ဟု ပြောလေ၏။

ညော့်သည်က "အခု ဒီမြို့မှာ ရှင်မဟာကစ္စည်း ရှိနေတယ်၊

အိမ်မှာ ဆွမ်းပင့်ပြီး ကပ်ပါ၊ မှားမိတာကိုလဲ တောင်းပန်ပါ၊ ရှင်မဟာကစ္စည်းကို ကျုပ်ပင့်ပေးပါ့မယ်”ဟု ပြောလေ၏။

နောက်တစ်နေ့မှာ သူဌေးမသည် မွန်မြတ်သော ဆွမ်း၊ ခဲဖွယ်တို့ဖြင့် အရှင်မဟာကစ္စည်းကို ကပ်လှူလေ၏။ ဆွမ်းစားပြီးသော အခါ ညွှဲ့သည်က “အရှင်ဘုရား၊ အခု ဆွမ်းလှူတဲ့ ဒါယိကာမဟာ တပည့်တော်၏ မိတ်ဆွေပါဘုရား၊ အပြစ်ရှိတာကို သည်းခံတော်မူပါ” ဟု လျှောက်ထားလေ၏။

အရှင်မဟာကစ္စည်းက “ဘယ်အတွက် သည်းခံရမှာလဲ၊ လျှောက်ထားပါဦး”ဟု အမိန့်တော်ရှိလေရာ ညွှဲ့သည်က “တစ်ချိန် တုန်းက သူဟာ သောရေယျသူဌေးသားပါ၊ မြစ်ဆိပ်မှာ ရေချိုးရင်း အရှင်မြတ်ဘုရားကို မြင်ရလို့ စိတ်ဖြင့် ပြစ်မှားခဲ့မိပါတယ်၊ ချက်ချင်း မှာပဲ ခုလို မိန်းမဘဝ ရသွားခဲ့ပါတယ်၊ ဒီအတွက် သည်းခံပါဘုရား”ဟု ပြန်လည်ဖြေကြားလေသော “ငါသည်းခံပါတယ် ဒါယိကာမ၊ ထိုင်ရာမှ ထလော့” ဟု ဆို၍ သူဌေးမက ထ,လိုက်ရာ ချက်ချင်းမှာပင် မိန်းမရုပ်သွင်မှ ယောကျ်ားရုပ်သွင်သို့ ပြောင်းသွားလေ၏။ စိတ်မှာ လည်း ယောကျ်ားစိတ် ပြန်ဖြစ်လာလေတော့သည်။

ထိုကဲ့သို့ ယောကျ်ားစင်စစ် ဖြစ်ရသောအခါ သူဌေးမ၏ ယောကျ်ားက သောရေယျအား “မိတ်ဆွေယောကျ်ားဘဝနှင့်ပဲ ကျုပ်ဆီမှာ နေပါ၊ မိတ်ဆွေရဲ့ သားနှစ်ယောက်ကို မခွဲပါနှင့်”ဟု တောင်းပန်လေ၏။

သို့ရာတွင် သောရေယျ ယောကျ်ားက “မိတ်ဆွေ ကျုပ်ရဲ့ သားနှစ်ယောက်ကို မိတ်ဆွေပဲ တာဝန်ယူပြီး မွေးပေတော့၊ ကျုပ်မှာ ဘဝအလဲလဲဖြစ်ခဲ့ရတာမို့ ရဟန်းဘဝကို ခံယူရပါတော့မယ်”ဟု ပြောပြီး သူ၏ သားနှစ်ယောက်အား ချီကာပွေ့ကာ နမ်းရှုပ်ပြီးနောက် ထိုအိမ်မှ ထွက်ခွာလာခဲ့လေတော့သည်။

---

ရွှေတံတားစာပေ

သောရေယျသည် ထိုမှ ထွက်ခွာလာခဲ့ပြီးနောက် အရှင်မဟာကစ္စည်းမထေရ်မြတ်ထံတွင် ရဟန်းပြုပေးပါရန် ခွင့်ပန်ကာ ရဟန်းပြုလေ၏။ အရှင်မဟာကစ္စည်းလည်း ဒေသစာရီ လှည့်လည်ရာ နောက်တော်ပါးမှ တစ်ပါတည်းလိုက်ပါလာခဲ့ရာ သာဝတ္ထိပြည်သို့ ရောက်လေ၏။ ရဟန်းတော်၏ ဘွဲ့အမည်မှာလည်း "သောရေယျမထေရ်"ဟု တွင်လေ၏။

ဤကဲ့သို့သောရေယျမထေရ်၏ ဘဝအဖြစ်မှာ ယောကျ်ားဘဝမှ မိန်းမဘဝသို့ ရောက်ရကာ ထိုမိန်းမဘဝမှ တစ်ဖန် မူလယောကျ်ားသောရေယျ ဘဝကို ပြန်လည်ရရှိရကြောင်း သတင်းမှာ အနယ်နယ်အရပ်ရပ်မှာ ပြန့်ပွားကျော်ကြားနေလေ၏။ လူအချို့တို့သည် အံ့ဩစွာဖြင့် သောရေယျမထေရ်ထံ ချဉ်းကပ်ကာ "ဤသတင်း ဟုတ်မှန်ပါသလားဘုရား"ဟု မေးကြသောအခါ သောရေယျမထေရ်က "မှန်ပေ၏"ဟု ဖြေဆိုလေ၏။

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ရှိ ရဟန်းတို့ကလည်း ဤကဲ့သို့ပင် မေးလျှောက်ကြရာ သောရေယျမထေရ်က "မှန်ပေ၏"ဟု ဝန်ခံပြန်ကြားတော်မူ၏။ ထိုမှတစ်ဖန် ရဟန်းတို့က "ယောကျ်ားဘဝမှာ ရသော သားနှစ်ယောက်နှင့် မိန်းမဘဝမှာ ရသော သားနှစ်ယောက်တို့တွင် ဘယ်သားတို့ကို ပို၍ ချစ်ပါသလဲ"ဟု မေးကြပြန်ရာ မထေရ်က "မိန်းမဘဝတွင် လွယ်၍ မွေးရသော သားနှစ်ယောက်ကို ပို၍ ချစ်ပါသည်"ဟု ဖြေလေ၏။

သောရေယျမထေရ်လည်း ပရိသတ်တို့ကြားတွင် မနေလိုတော့။ လူသူကင်းဝေးရာ အရပ်မှာ နေလိုစိတ် ဖြစ်ပေါ်လာလေရာ မိမိ၏ ထိုဆန္ဒအတိုင်း လူသူကင်းဝေးရာအရပ်တွင် မိမိ၏ ခန္ဓာကိုယ်၌ ခယဝယ ကမ္မဋ္ဌာန်းကိုသာ အားထုတ်စီးဖြန်းလေရာ မျှားမကြာ

ခင်မှာပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကာ ရဟန္တာအရှင်မြတ် ဖြစ်တော်မူလေသတည်း။

ရဟန်းတို့က သောရေယျမထေရ်အား ဖြစ်ပျက်ခဲ့ရသော ဘဝပြောင်းရကြောင်းကို မေးကြရာတွင် မှန်ပေ၏ဟုပင် ဖြေကြား၏။ သားလေးယောက်ရှိခဲ့ရာတွင် "ဘယ်သားများကို ပို၍ ချစ်ပါသလဲ"ဟု မေးကြသောအခါ သောရေယျမထေရ်မြတ်က "ငါကား ယခုအခါ တစ်စုံတစ်ခုသော အာရုံ၌ ခုံမင်စွဲလမ်းခြင်း မရှိတော့ပြီ"ဟု ဖြေကြားတော်မူလေ၏။

ထိုအကြောင်းနှင့် ပတ်သက်၍ ရှင်တော်မြတ်ဘုရားက–

"အကြင် လူနတ် နိဗ္ဗာန် သုံးတန်တည်းဟူသော ချမ်းသာခြင်းကို အမိသည်လည်း မပြုနိုင်၊ အဘသည်လည်း မပြုနိုင်၊ ထိုအရာကို ကောင်းစွာ ဆောက်တည်အပ်သော မိမိ၏ ကိုယ်သာလျှင် တစ်ဆင့်ထက်တစ်ဆင့် မြင့်လာအောင် ပြုနိုင်စွမ်း၏"ဟု ဟောတော်မူလေသတည်း။ ။

(ဓမ္မပဒဝတ္ထု)

* * *

# ဘုရားအလောင်း၏ စေတနာ

ရှေးက ရာဇဂြိုဟ်ပြည်၌ မဂဓမင်း စိုးစံလေ၏။ ရာဇဂြိုဟ် သူဌေးကြီးသည် သားကို အိမ်ထောင်ပြုပေးရန် ဇနပုဒ်တစ်ရွာမှ သူဌေးလေးသမီးနှင့်တွေ့ကာ သားနှင့် လက်ဆက်ပေးစားလေ၏။ သူဌေးသားဇနီးမောင်နှံတို့သည် ကာလကြာမြင့်စွာ ပေါင်းသင်းလာသော်လည်း သားသမီးမရချေ။ ဖခင်သူဌေးကြီးက မြေးလိုချင်သည်။ သူ၏ ချွေးမသည် ကလေးမရသဖြင့် မကြည်ဖြူဘဲ ငြိုငြင်လာလေ၏။ ထိုသို့ ယောက္ခမသူဌေးကြီးက ငြိုငြင်မှန်း သိရသောအခါ လင်ယောကျ်ားမသိအောင် သူ့ကိုယ်သူ ကိုယ်ဝန်ဆောင်ပမာ ပြုပြင်ထားပြီး သူ၏ အထိန်း မိန်းမဖော်နှင့် တိုင်ပင်ထားလေ၏။ ထိုကိစ္စကို အထိန်းမိန်းမသာ သိသည်။ ရာဇဂြိုဟ်သူဌေးကြီးကမူ ဝမ်းသာနေ၏။ ကိုးလနီးလာသောအခါ ချွေးမက ယောက္ခမသူဌေးကြီးအား သူ၏ မိဘရပ်ထံ ပြန်၍ မီးဖွားပါရစေဟု ခွင့်တောင်းရာ ယောက္ခမက ဝမ်းသာစွာပင် ခွင့်ပြုလိုက်လေ၏။

သူဌေးချွေးမနှင့် အဖော်မိန်းမတို့သည် မိဘများရှိရာ ဇနပုဒ်ရွာငယ်သို့ တောလမ်းခရီးမှ ဖြတ်သန်း၍ သွားကြရာ လမ်းခရီးတွင် ကုန်သည်လှည်းများ စခန်းချခဲ့ကြသော စခန်းတစ်နေရာကို တွေ့ရ

သဖြင့် ထိုစခန်းမှာ ဝင်၍ အပန်းဖြေကြရလေ၏။ ချွေးမနှင့် သူ့အဖော်တို့သည် တပိုတပါး သွားရန် စခန်းနှင့် မနီးမဝေးလှသော ညောင်ပင်ကြီးရှိရာ ခြုံအကွယ်သို့ သွားကြလေသည်။ ထိုညောင်ပင်ကြီးအောက်ရှိ ခြုံပုတ်ထဲမှ အုံ့ညြဖွယ်ရာ မွေးကင်းစကလေးငယ်တစ်ယောက်ကို ချက်ကြိုးမဖြတ်သေးဘဲ စွန့်ပစ်ထားသည်ကို တွေ့ရလေ၏။

ကလေးငယ်မှာ ဖြူဖြူဖွေးဖွေး ဝဝဖြိုးဖြိုးကလေး ဖြစ်၏။ မွေးပြီးစ အညစ်အကြေးမှ မစင်သေးသည်ဖြစ်၍ ထွက်ခွာသွားကြသောလှည်းများမှ မိန်းမတစ်ယောက်က မွေးပစ်ခဲ့ခြင်း ဖြစ်မည်ဟု ထင်မှတ်မိကြလေ၏။

သူဌေးချွေးမလည်း ချစ်စဖွယ်ကလေးငယ်ကို အညစ်အကြေးမစင်ကြယ်ပေးဘဲ အနီးဖြင့် ထွေးလျက် ယောက္ခမအိမ်သို့ ပြန်လာခဲ့လေ၏။ ထိုကလေးမှာ ဘုရားအလောင်းကလေးငယ် ဖြစ်လေ၏။

ရာဇဂြိုဟ်သူဌေးကြီးည် ဝမ်းသာလှသဖြင့် သူ့ချွေးမကမွေးသော သားဟုပင် ထင်မှတ်ကာ နိဂြောဓသေတို့သားဟု အမည်မှည့်လေ၏။ ထို့ပြင် ရာဇဂြိုဟ်ပြည်မှာ ထိုမြေးနှင့် တစ်နေ့တည်းမွေးသော သူဌေးကလေးတစ်ဦး၏ သား 'သာခ' နှင့် အပ်ချုပ်သည်တစ်ယောက်၏သား 'ပေါဋ္ဋိက'တို့ကို သူ့မြေးနှင့်အတူ ကစားဖော်အဖြစ် မွေးမြူထားလေ၏။ ထိုကလေးသုံးယောက်သည် အတူတကွကြီးပြင်းလာကြရာ အရွယ်ရောက်သောအခါ အဘိုးဖြစ်သူ ရာဇဂြိုဟ်သူဌေးကြီးက မြေး နိဂြောဓနှင့် ကစားဖော်သာခကို တက္ကသိုလ်ကျောင်းသို့ ပို့၏။ ပေါဋ္ဋိကကိုမူ နိဂြောဓ၏ အဖော်အဖြစ် ထည့်လိုက်၏။

တက္ကသိုလ်သို့ ရောက်သောအခါ ဘုရားအလောင်းဖြစ်သော

နိဂြောဓနှင့် သာခတို့သာ ပညာသင်ကြားရာ အပ်ချုပ်သည်၏သား ပေါင်္ဂိကကို နိဂြောဓကတစ်ဆင့် ပညာသင်ပေးလေ၏။ ပညာစုံသော အခါ သူငယ်ချင်းသုံးယောက်တို့သည် မိမိတို့ ဌာနေသို့ ပြန်လာကြ ရလေ၏။ သူတို့သည် လမ်းခရီးနတ်ကွန်းတစ်ခုတွင် ဝင်၍ အိပ်စက်ကြရလေ၏။

ပေါင်္ဂိကသည် စောစောနိုး၍ ဘုရားအလောင်း နိဂြောဓအား နိုပ်ပေးနေစဉ် ကြက်နှစ်ကောင် ရန်ဖြစ်ကြသံကို ကြားလေ၏။ တစ်ကောင်နှင့်တစ်ကောင် ဂုဏ်တုဂုဏ်ပြိုင် ကြက်နှစ်ကောင် ပြောဆိုနေကြသည်ကို ပေါင်္ဂိက ကြားနေရသည်။ ပေါင်္ဂိကသည် မာဂဓဘာသာကို နားလည်၍ ကြက်ဖတစ်ကောင်၏ ပြောစကားကို နားစိုက်ထောင်လိုက်ရာ ထိုကြက်က "ငါ့ကို ဘာမှတ်သလဲ၊ ငါ့တစ်ကိုယ်လုံးဟာ သိပ်တန်ခိုးရှိတယ်၊ ငါ့ရဲ့ အဆီပိုင်းကိုစားရင် စားတဲ့လူဟာ မင်းဖြစ်မယ်၊ အသားပိုင်းကိုစားရင် စားတဲ့လူဟာ စစ်သူကြီးဖြစ်မယ်၊ အရိုးကို စားတဲ့လူကတော့ ဘဏ္ဍာစိုးဖြစ်မှာပဲ"ဟု ကြားသိရလေ၏။

ပေါင်္ဂိကသည် လူမသိအောင် ထိုကြက်ဖကို ဖမ်းပြီး မီးကင်လေ၏။ ကျက်သောအခါ၌ အဆီပိုင်းကို နိဂြောဓကို ကျွေး၏။ အသားပိုင်းကို သာခအား ကျွေး၏။ အရိုးတွေကို သူစား၏။ နောက်နေ့တွင် သူတို့သုံးယောက် ခရီးဆက်ခဲ့ကြရာ ဗာရာဏသီမင်း၏ ဥယျာဉ်ကိုမြင်၍ ဝင်နားကြလေ၏။ ဘုရားအလောင်း နိဂြောဓသည် ကျောက်ဖျာကြီးပေါ်မှာ အိပ်လေ၏။ သာခနှင့် ပေါင်္ဂိကတို့မှာ နိဂြောဓနှင့် မနီးမဝေးမှာ အိပ်ကြလေ၏။

ထိုနေ့ကား ဗာရာဏသီပြည့်ရှင်မင်း နတ်ရွာလားခဲ့သည့် ခုနစ်ရက်မြောက်နေ့ ဖြစ်လေ၏။ မင်းဆက်မျိုးနွယ်မရှိသဖြင့်

အမတ်ကြီးတို့က ဖုသာရထားလွှတ်ကာ မင်းလောင်းရှာရလေ၏။ ဖုသာရထားသည် မင်းဥယျာဉ်ထဲက ကျောက်ဖျာပေါ်မှာ အိပ်နေသော နိဂြောဓရှိရာမှာ ရပ်နားလေတော့သည်။ မှူးမတ်တို့က နိဂြောဓအား မင်းပြုရန် တောင်းပန်ကြသဖြင့် ဗာရာဏသီပြည်မှာ မင်းလုပ်ရလေ၏။ နန်းသိမ်းပွဲ ခံယူပြီးနောက် သာခကို စစ်သူကြီးအရာ ခန့်ထားလေ၏။ သာခသည် သူ့အား ပေါင်ဥ္စက,က မင်းဖြစ်မည့် ဆူသော ကြက်သားကို မကျွေးရကောင်းလားဟု ပေါင်ဥ္စကကို မကျေနပ် ဖြစ်နေ၏။

နိဂြောဓဘုရင်သည် မိဘနှစ်ပါးအား အောက်မေ့လှသောကြောင့် သာခအား ရာဇဂြိုဟ်မြို့ရှိ မိဘနှစ်ပါးအား ပင့်ဖို့ စေလွှတ်၏။ သာခက "မသွားလိုပါ၊ ပေါင်ဥ္စကကို လွှတ်ပါ"ဟု ငြင်းဆိုလေ၏။ ပေါင်ဥ္စကသည် ရာဇဂြိုဟ်မှ မင်း၏ မိဘများ၊ သာခ၏ မိဘများ၊ သူ၏ မိဘများကို ပင့်ခေါ်ရာ မိဘတို့က မိမိတို့မှာ အသက်အရွယ် အိမင်းပြီ ဖြစ်၍ မလိုက်လိုကြဟု ပြောသဖြင့် ပေါင်ဥ္စကသည် တစ်ယောက်တည်း ပြန်လာခဲ့ရလေ၏။

ဗာရာဏသီသို့ ရောက်သောအခါ ပေါင်ဥ္စကသည် ခရီးကလည်းပန်း၊ အဝတ်အစားကလည်း နွမ်းလျှစွာဖြင့် စစ်သူကြီး သာခထံမှာ နားနေမည်ဟု ကြံစည်ကာ ပြာသာဒ်တံခါးအစောင့်များအား "သူငယ်ချင်းပေါင်ဥ္စက လာတယ်လို့ ပြောပေးပါ" ဟု အကြောင်းကြားစေ၏။ ပေါင်ဥ္စကဟူသော နာမည်ကို ကြားကာမျှဖြင့် စစ်သူကြီးသာခသည် ဒေါသအမျက်ထွက်လာလေ၏။ "ဘယ်က သူငယ်ချင်းလဲ၊ ဒါအရူးပဲ၊ ကျွန်မရဲ့ သားပဲ၊ သင်းကိုဖမ်းပြီး လည်ကုတ်ကိုဆွဲ၊ တံတောင်နှင့်ထောင်းပြီး လွှတ်လိုက်ကြ"ဟု စေခိုင်းလေ၏။

ပေါင်ဥ္စကလည်း စဉ်းစား၏။ 'သာခသည် သူ့ကို

စစ်သူကြီးအရာ ငါပေးခဲ့သည်၊ ငါပင်မယူခဲ့ဘဲ ကျေးဇူးပြုခဲ့သည်၊ သူတစ်ပါးကျေးဇူးကို မသိတတ်သူပဲ'ဟု သိရပြီးနောက် ဘုရားအလောင်း နိဂြောဓ၏ မင်းအိမ်တံခါးဝသို့ သွားကာ ပေါင္ဂိက ပြန်ရောက်ပါပြီဟု အကြောင်းကြားစေ၏။

နိဂြောဓမင်းကလည်း ဝမ်းသာစွာ ကြိုဆိုလျက် စားသောက်ဖွယ်ရာများ စီမံခင်းကျင်းပြီး နှစ်ယောက်အတူတကွ စားသောက်ကြလေ၏။ မိဘများ မလာနိုင်ကြသော်လည်း မာကြောင်းသာကြောင်း အစစကို မေးမြန်းလေ၏။ ပြောဆိုနေကြလေ၏။ ထိုအခိုက်မှာ စစ်သူကြီးသာခလည်း မင်းအိမ်သို့ ရောက်လာလေ၏။ ပေါင္ဂိကသည် သာခရောက်လာသောအခါ သာခ၏ ရှေ့မှာပင် သူ့အား ကျွန်မသားဟု ဆိုကာ ထောင်းထုရိုက်နှက်လွှတ်လိုက်ကြောင်း တိုင်ကြားလေ၏။ ထို့နောက် သူကပင် ဆက်လက်၍ "မင်းမြတ် ပညာမရှိသော သူတစ်ပါးကျေးဇူးကို မသိတတ်သော၊ မိတ်ဆွေတို့၏ အကျိုးစီးပွားကို ပျက်စီးတတ်သော အရှင်မင်းမြတ်၏ စစ်သူကြီးသာခသည် သူယုတ်တို့ အကျင့်ကို ပြုခဲ့ပါသည်"ဟု လျှောက်ထားရာ ဘုရားအလောင်း နိဂြောဓမင်းက "အဆွေပေါင္ဂိက၊ ငါ့ကိုလည်းကောင်း၊ သာခကိုလည်းကောင်း ယခုစည်းစိမ်ပေးခဲ့သည်မှာ ငါယုံကြည်ပါ၏။ အမှန်ပါပင်။ မျိုးစေ့ကို မီးထဲပစ်ချလျှင် အပင်မပေါက်နိုင်သကဲ့သို့ ကျေးဇူးကို မသိတဘ်သော သူယုတ်မာ၌ ပြုခဲ့သော ကျေးဇူးမှာ အကျိုးမရောက် ပျောက်ကွယ်လေ၏။

သူ့ကျေးဇူးကို သိတတ်သော၊ မြတ်သော သီလအကျင့်ရှိသော သူအား ပြုအပ်သော ကျေးဇူးသည်ကား လယ်ယာမြေကောင်းမှာ စိုက်သောမျိုးစေ့သည် ရှင်သန်ကဲ့သို့ မပျောက်မပျက် တည်လေသည်။"

ဘုရားအလောင်း နိဂြောဓမင်းသည် သာခရှေ့တွင်

ဤစကားကိုပြောရာ သာခပြန်မပြောနိုင်ပေ။ မင်းကြီးနိဂြောဓသည် သူယုတ်မာသာခကို သတ်စေရန် အမိန့်ပေးလေ၏။ ပေါ်င္ဂိကသည် မင်းကြီးအား သည်းခံပါရန် တောင်းပန်၏။ သာခအား စစ်သူကြီး ရာထူးမှ ဖြုတ်ပြီး ပေါ်င္ဂိကကို ပေး၏။ ပေါ်င္ဂိကသည် မင်းကြီးအား "အရှင်မင်းကြီး ပေးသောရာထူးကို လက်မခံပါရစေနှင့်" ဟု ဆိုသောအခါ ပေါ်င္ဂိကအား ဘဏ္ဍာစိုးရာထူးဖြင့် ချီးမြှင့်လိုက်လေ သတည်း။

(ငါးရာ့ငါးဆယ်နိပါတ်တော်)

* * *

# ပန်းတော်ဆက်မောင်သုမန

ရာဇဂြိုဟ်ပြည်ကြီး၌ ဗိမ္ဗိသာရမင်းကြီး နန်းစံစဉ် ပန်းတော်ဆက်သရသူတစ်ယောက် ရှိလေ၏။

သူ့နာမည်မှာ "မောင်သုမန"။

မောင်သုမနသည် နန်းတော်သို့ ပန်းဆက်သရန် ပန်းခြင်းမှာ ပန်းအပြည့်ထည့်ပြီး လျှောက်လာစဉ် ဂေါတမရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံထွက်ကြွတော်မူလာလေ၏။ ပန်းတော်ဆက် မောင်သုမနသည် အဝေးဆီမှ ကြွတော်မူလာသော ဗုဒ္ဓရှင်တော်မြတ်ကို ဖူးတွေ့လိုက်ရသော် တစ်စုံတစ်ခု လှူလိုစိတ် ဖြစ်ပေါ်လာလေ၏။ သူ့ရင်ထဲမှာ "ငါ ဘာများ လှူရပါ့မလဲ၊ ဆွမ်းကွမ်းရယ်လို့လဲ မပါ၊ ဘယ်လိုဟာ သင့်တော်ပါ့မလဲ"ဟု စဉ်းစားခိုက်ခြင်းထဲမှ ပန်းများက ရနံ့တသင်းသင်း မွှေးပျံ့လာသဖြင့် "သြော်–ဒီမှာ ရှိနေသားပါပဲ၊ ဒီလောက်မွှေးတဲ့ လှတဲ့ပန်းတွေကို ဘုရားရှင်ထံ လှူရတော့မှာပဲ၊ ဒါပေမယ့်လေ ဘုရင့်နန်းတော်အတွက် ပျက်ကွက်ခဲ့ရင် ငါ့အသက် တော့ သေဒဏ်ချမှာ သေချာတယ်" ဟု တွေးမိကာ ကြောက်ရွံ့သလိုလို ဖြစ်နေရာမှ မြတ်စွာဘုရားကို ကြည်ညိုသော စိတ်စေတနာ ပြင်းပြလာသဖြင့် "အို–ဘုရားကို ဒီပန်းတွေ လှူလိုက်လို့ ဘုရင့်နန်းတော်

အတွက် ပျက်ကွက်တယ်ဆိုပြီး ငါ့အသက်ကို သတ်လိုက သတ်ပါစေတော့၊ ငါ့အသက်အသေခံပြီး ဘုရားကို ပန်းလှူမယ်"ဟု သဒ္ဓါစိတ်တက်ကြွလာကာ မြတ်စွာဘုရားရှိရာသို့ ပန်းခြင်းကို ချကာကန်တော့လေ၏။ ကန်တော့ပြီးသော် ပန်းနှစ်ဆုပ်ကိုယူ၍ ဘုရား၏လက်ဝဲဘက်သို့ ကြဲပက်လိုက်လေ၏။ ကြဲပက်လိုက်သော မြတ်လေးပန်းပွင့်များသည် မြေသို့ ပြန်မကျလာဘဲ တစ်ပွင့်နှင့်တစ်ပွင့်ဆက်ကာပန်းဆိုင်းနှစ်ခုဖြစ်ပြီး ဘုရား၏ ဝဲဘက်တွင် ဇာပဝါကဲ့သို့ တွဲလွဲကျကာတည်နေကြကုန်၏။ လက်ယာဘက်သိုလည်း ပန်းနှစ်ဆုပ် ကြဲပက်လိုက်ရာ ထိုကဲ့သို့ပင် ပန်းပွင့်များဆက်ကာ ဇာပဝါဆွဲချထားသည်ကဲ့သို့တည်နေလေ၏။ ထို့နောက် မြတ်စွာဘုရား၏ ခေါင်းပေါ်သို့ပန်းနှစ်ဆုပ်၊ ကျောပေါ်သို့ ပန်းနှစ်ဆုပ် ဆက်ကာ ဆက်ကာကြဲပက်လိုက်ရာ မြတ်စွာဘုရား၏ မျက်နှာစာမှအပ ခေါင်းထက်နှင့်ဘေးဘက်၊ ကျောဘက်တွင် ပန်းဇာပဝါ မျက်နှာကြက်ဖြစ်ကာတသင်းသင်း မွှေးကြိုင်နေလေး၏။

မြတ်စွာဘုရားသည် ရပ်နားတော်မမူဘဲ ဟိုအရပ်၊ ဒီအရပ်များသို့ လှည့်လည်၍ ဆွမ်းတော်ခံကြွရာ မောင်သုမန မြင်၍ထူးဆန်းလှသော ပန်းမျက်နှာကြက်ဖြင့် ကြွလာနေသည့် နောက်မှတကောက်ကောက် လိုက်ပါလာခဲ့ရာ ရာဇဂြိုဟ်တစ်မြို့လုံးမှာ ထိုကဲ့သို့ထူးဆန်းသောအပြစ်ကို ဖူးမြင်ကြရသဖြင့် လူအများ အုံးအုံးကျွက်ကျွက်ဖြစ်ကာ လှူဖွယ်ပစ္စည်းများဖြင့် အိမ်များမှ ထွက်ကာ လောင်းကြလှူကြလေ၏။ ထိုသတင်းသည် ဘုရင့်ရွှေနန်းတော်သို့ ရောက်သွားလေ၏။ မြတ်စွာဘုရားလည်း ကြွရောက်လာတော်မူလေ၏။

မောင်သုမနသည် စေတနာသဒ္ဓါစိတ်ပီတိဖြင့် ပန်းမပါသော

ခြင်းကို ပိုက်လျက် အိမ်ပြန်လာလေ၏။ သူ၏ မယားကမြင်သော် "ပန်းတွေလဲမပါ၊ အသပြာလဲမပါဘဲနှင့် ဘာဖြစ်လာရတာလဲ"ဟု မေးလေ၏။ မောင်သုမနက "ဒီနေ့ ဘုရင်ထံ ပန်းမဆက်ဘဲ မြတ်စွာဘုရားကို လှူလိုက်တယ်၊ ထူးထူးဆန်းဆန်းပဲ ပန်းရှစ်ဆယ်ဟာ ဘုရားရဲ့ ခေါင်းပေါ်မှာ ပန်းမျက်နှာကြက်ကြီးလိုပဲ တည်နေတယ်။ မြို့ထဲမှာ တအံ့တသြ ဖြစ်ပြီး လှူလိုက်ကြတာတွေဟာ အားကျစရာ ကောင်းလိုက်တာ"ဟု ပြန်ပြောလေ၏။

သူ့မယားက ထိတ်လန့်လာပြီး "အမယ်လေးတော်၊ ဘုရားပန်းလှူလိုက်တော့ ဘုရင့်နန်းတော်က အပြစ်ဒဏ်ခတ်လိမ့်မယ်၊ ဒီလို တာဝန်ပျက်ကွက်ရင် ကျုပ်တို့ရဲ့ မိသားစုတွေ ရာဇဝတ်သင့် မခံနိုင်ဘူး၊ မင်းကြီးထံမှာ တိုင်ကြားထားရမယ်၊ ကျုပ်တို့အပြစ်မပါဘူး နော်"ဟု ပြောပြောဆိုဆိုရွှေနန်းတော်ဆီသို့ ထွက်သွားလေ၏။ သုမန၏ မယားသည် ဘုရင့်ရှေ့တော်သို့ဝင်ပြီး "သုမန ပန်းတော်ဆက် ပျက်ကွက်ရာတွင် သူတို့မိသားစု မပါတဲ့အကြောင်း၊ ဘုရားရှင်မှာလည်း ရာဇဂြိုဟ်တစ်မြို့လုံးထွက်ပြီး လှူကြတာတွေဟာ ရတာ မနည်း အောင်ပါပဲ"ဟု ပြောပြရာ ဗိမ္ဗိသာရမင်းကြီးက မိုက်မဲသော မိန်းမ စကားကို ဂရုမစိုက်ဘဲ သူကိုယ်တော်တိုင်ထ၍ ဘုရားကျောင်းတော်သို့ ဝင်ခဲ့လေ၏။ မနက်က ဆွမ်းခံကြွတော်မူပြီး ရွှေနန်းတော်မှာ ခေတ္တ ဆွမ်းစားတော်မူစဉ်ကပင် မောင်သုမန၏ ပန်းမျက်နှာကြက်ကို မြင်ရခဲ့ရာ မင်းကြီးကိုယ်တိုင်မှာပင် သောတာပတ္တိမဂ်ရပြီးသူ ဖြစ်သဖြင့် သဒ္ဓါစိတ်များဖြင့် ပီတိဖြစ်ကာ ပန်းတော်ဆက် မောင်သုမနအပေါ်မှာ အပြစ်မမြင်ဘဲ လေးစားခင်မင်စိတ် ဖြစ်ပေါ်လာလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် ပန်းတော်ဆက် မောင်သုမနကို

ရှေ့တော်သို့ ဝင်စေ၏ ၊ ဘုရင်မင်းမြတ်က "မနက်က မြတ်စွာဘုရားကို ပန်းတွေလှူတာ မှန်သလား"ဟု မေးရာ မောင်သုမနက "မှန်လှပါဘုရား၊ အရှင်မင်းမြတ်အား ဆက်သဖို့ ပန်းတွေကို ယူလာရင်း မြတ်စွာဘုရား ဆွမ်းတော်ခံကြွလာလို့ ရှိတဲ့ ပန်းတွေ အကုန်ပဲ လှူလိုက်ပါတယ်။ နေ့စဉ်ပြုနေကျ တာဝန်ပျက်ကွက်လို့ အသက်ကို သေဒဏ်ခတ်မယ်ဆိုရင်လဲ သေဖို့အသင့်ပါဘုရား၊ ရောင်ခြည်တော် ခြောက်သွယ် လွှတ်တော်မူတာကို ဖူးမြော်ခွင့်၊ ပန်းတွေလှူနိုင်ခွင့် ရလိုက်တာကိုလပဲ သေပျော်လှပြီဘုရား"ဟု မတုန်မလှုပ်ပင် ပြန်၍ ပြောကြားလေ၏။

ဗိမ္ဗိသာရမင်းကြီးက "သုမန၊ သင်ဟာ သာမညလူ မဟုတ်တော့ဘူး။ မိမိရဲ့ အသက်ကိုပေးပြီး ပန်းတွေကိုလှူတဲ့ သဒ္ဓါစိတ်ကို ငါချီးကျူးတယ်၊ ယောကျာ်းလည်း ယောကျာ်းမြတ်တစ်ယောက်ပေပဲ"ဟု ချီးကျူးကာ သူ့အား အပြစ်မထားသည့်အပြင် ထိုက်သင့်သော်ဆုဟု ဆိုအပ်သော ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ သမီးကညာရှစ်ယောက်၊ ကျွန်မိန်းမရှစ်ယောက်၊ ကျွန်ယောကျာ်းရှစ်ယောက်အား အဖိုးတန်တန်ဆာများနှင့်တကွ အသပြာရှစ်ထောင်၊ ရွာကြီးရှစ်ရွာတို့ကို "အဋ္ဌကဆု" အဖြစ် ချီးမြှင့်တော်မူလေ၏။ မိမိ၏ အသက်ကိုစွန့်၍ မြတ်စွာဘုရားကို ကြည်ညိုသူကား ရှိတော့ရှိပေမည်။ အင်မတန်မှ ရှားပေမည်။

ညီတော် အရှင်အာနန္ဒာသည် သုမနပန်းတော်ဆက်၏ သဒ္ဓါစိတ်ကြောင့် ဒိဋ္ဌဓမ္မအကျိုးခံစားရခြင်းအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားက–

"အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်၍ လှူဒါန်းရသော

စေတနာရှင် မောင်သုမနသည် ယခုဘဝမှာသာ ဒိဋ္ဌဓမ္မအကျိုးကို ခံစားရသည် မဟုတ်သေး၊ နောက်ကမ္ဘာတစ်သိန်းတိုင်အောင် အပါယ်သို့ မကျရောက်တော့ဘဲ လူ့စည်းစိမ် နတ်စည်းစိမ်တို့ကို ခံစားကျင်လည်ကာ နောင်အခါ၌ သုမနဘွဲ့အမည်တော်ဖြင့် ရှင်ပစ္စေကဗုဒ္ဓါ ဖြစ်ပေလတ္တံ့"ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူလေသတည်း။

(ဓမ္မပဒဝတ္ထုတော်)

❀ ❀ ❀

# ရဟန္တာမြတ်ကို ပြစ်မှားခဲ့သူ

ကဿပဘုရားရှင် ပွင့်တော်မူစဉ်အခါက သူကြွယ်တစ်ယောက်သည် ရဟန်းတစ်ပါးကို ကြည်ညိုလှသဖြင့် ကျောင်းဆောက်လှူဒါန်းကာ သီတင်းသုံးနေစေ၏။ ထိုရဟန်းသည် ကမ္မဋ္ဌာန်းဘာဝနာတရား အားထုတ်မှုပြုလျက် သီတင်းသုံးနေထိုင်သည်။

တစ်နေ့တွင် ရဟန္တာရှင်မြတ်တစ်ပါးသည် သူကြွယ်အိမ်သို့ ကြွရောက်လာသည်။ သူကြွယ်က ကြည်ညိုလှစွာဖြင့် ဆွမ်းကပ်လှူပြီးနောက် မိမိလှူဒါန်းထားသည့်ကျောင်းတွင် သီတင်းသုံးနေထိုင်ရန် ပင့်ဖိတ်ပြီး ကျောင်းရှိရာသို့ ညွှန်လိုက်လေ၏။ ကျောင်းထိုင်မထေရ်အား ဒါယကာက ပို့လျှောက်လိုက်ကြောင်း ပြောပြသဖြင့် သိရလေ၏။ ညနေဘက်တွင် ကျောင်းဒါယကာသည် အာဂန္တုရဟန်းအတွက် အိပ်ရာ၊ ဖျာ၊ ခြင်ထောင် စသည်တို့ကို လာပို့ပေးလေ၏။ မနက်ဖြန်မနက်တွင်လည်း တပည့်တော်၏ နေအိမ်သို့ အရှင်နှစ်ပါး ဆွမ်းစားကြွကြပါဟု ပင့်ဖိတ်ခဲ့လေ၏။

ကျောင်းထိုင်မထေရ်၏ ရင်ထဲမှာ မနာလို ဝန်တိုစိတ်

ဖြစ်ပေါ်လာလေ၏။ ဤရဟန်းသာ ဒီကျောင်းမှာ နေရင်တော့ ကြာလျှင် ငါ့ဒါယကာဟာ သူ့ဒါယကာဖြစ်ပြီး ငါ့ကို ပစ်ပယ်တော့မှာပဲဟု စိုးရိမ်လာလေ၏။ ဤစိတ်ဖြင့် ကျိန်းစက်ပြီး နံနက်အရုဏ်တက်ခါနီးမှာ ညှော်သည်ရဟန်း မနိုးအောင် ကျောက်စည်ကို သက်ကယ်ရိုးနှင့် ခေါက်လေ၏။ အသံမကြားအောင် ခေါက်သဖြင့် အာဂန္တုရဟန်း မနိုးချေ။ မထေရ်ကမူ သင်္ကန်းကို ပြင်ဝတ်ပြီး ဆွမ်းစားထွက်ခဲ့လေ၏။ ကျိန်းစက်နေသော ရဟန္တာအရှင်မြတ်သည် ကျောင်းထိုင်ရဟန်း၏ ဝန်တိုစိတ်ကို သိထားသောကြောင့် သပိတ်ကို ပိုက်ကာ ကောင်းကင်ခရီးဖြင့် ဆွမ်းခံထွက်သွားတော်မူလေ၏။

ဆွမ်းဒါယကာသည် တစ်ပါးတည်းရောက်လာသော ရဟန်းအား အာဂန္တုရဟန်းကို မေးလေရာ "ဒီရဟန်းက အအိပ်ကြီးတယ်၊ ကျောက်စည်တီးတာလဲမဘူး၊ တံခါးဖွင့်တာလဲ မနိုး၊ အပျင်းကြီးတယ်၊ ဒါကြောင့် မစောင့်ဘဲ ကြွလာတာ"ဟု မုသားစကား ဆိုလိုက်လေ၏။

ဆွမ်းဒါယကာသည် ဆွမ်းလုပ်ကျွေးပြီးသောအခါ နို့ယာနာဆွမ်းကို သပိတ်မှာထည့်ပြီး ရဟန်းအား "အရှင်ဘုရား ပြန်ရောက်တော့ အာဂန္တုရဟန်းကို ကပ်ပေးပါ"ဟု ပေးအပ်လိုက်လေ၏။ ကျောင်းထိုင်ရဟန်းသည် လမ်းမှာ "အင်း--ဒီလိုကောင်းတဲ့ နို့ယာနာဆွမ်းကိုသာ စားရရင် ဒီရဟန်းတော့ ငါ့ကျောင်းက ခွာတော့မှာ မဟုတ်ဘူး၊ ဘာလုပ်ကျွေးမလဲ၊ သွန်ပစ်မယ်"ဟု တွေးပြီး နို့ယာနာဆွမ်းကို လမ်းဘေးမှာ သွန်ပစ်ခဲ့လေ၏။

ကျောင်းသို့ ရောက်သောအခါ အာဂန္တုရဟန်းတော်ကို မတွေ့ရသဖြင့် ထိုရဟန်းက "ကျောင်းမှာမရှိတော့သဖြင့် ဒီရဟန်းဟာ သာမန်မဖြစ်တန်ရာဘူး၊ ရဟန္တာပဲ ဖြစ်ရမယ်၊ ငါမှားပြီ"ဟု တွေးမိပြီး ကြီးစွာ စိတ်မကောင်း ဖြစ်ရလေ၏။

---

**ရှေ့တံတားစာလေ**

ထိုရဟန်းသည် သေသော် ငရဲမှာ ခံစားရတော့သည်။ နှစ်သိန်းပေါင်း များစွာကြာအောင်ပင် ငရဲကျခံရလေ၏။ ငရဲမှ တက်လာရသော် အနှစ်ငါးရာဘီလူးဘဝမှာ ဖြစ်ရလေ၏။ အစာရေစာ ဝအောင် မစားရ။ တစ်နေ့တစ်နေ့မှာ ကိုယ်ဝန်ဆောင်တို့၏ အညစ်အကြေးတွေကို ကောက်ရှာစားရ၏။ ထိုမှတစ်ဖန် ဘဝငါးရာ ခွေးဖြစ်ရလေ၏။ အစာရေစာဝအောင် တစ်ခါမျှ မစားရ၊ တစ်ကြိမ်တစ်လေမျှသာ အန်ဖတ်အစာကို ဝအောင်စားရလေသည်။

ထိုကဲ့သို့ ခွေးဘဝ ငါးရာ ဖြစ်ခဲ့ရပြီးနောက် ကာသိတိုင်း ရွာလေးတစ်ရွာရှိ သူဆင်းရဲမျိုး၌ လူဖြစ်ရ၍ "မိတ္တဝိန္ဒက"ဟု အမည်တွင်သည်။ သူ့ကို မွေးစအခါမှစ၍ မိဘတို့ ဆင်းရဲသည်ထက် ဆင်းရဲလာကြကာ ဝမ်းဝအောင်ပင် မစားကြရချေ။ သားမိတ္တဝိန္ဒက အရွယ်ရလာသောအခါ မိဘတို့က အိမ်မှ နှင်ထုတ်လိုက်ကြလေ၏။ သူသည် ခြေဦးတည့်ရာ လျှောက်သွားနေရင်း ဗာရာဏသီပြည်သို့ ရောက်သွားသည်။ ဗာရာဏသီတွင် ဘုရားအလောင်းသည် ဒိသာပါမောက္ခဆရာကြီး ဖြစ်နေသော မိတ္တဝိန္ဒကကို သနားသဖြင့် ပညာသင်ပေးသည်။ သို့ရာတွင် သူသည် ဆိုးတေပေနေသည်။ ပညာမသင်၊ ကျောင်းသားအချင်းချင်း ရန်ဖြစ်ကြကာ ဆရာမှာ လာဘ်လာဘနည်းလာလေတော့သည်။ မိတ္တဝိန္ဒကသည် ဆရာက ဆုံးမသည်ကို မနာခံဘဲ ကျောင်းမှ ထွက်ပြေးသွားရာ နယ်စွန်နယ်ဖျား၌ ဆင်းရဲသူမတစ်ယောက်နှင့် ညားကာ ကလေးနှစ်ယောက်ရသည်။ သူတို့ရွာသို့ ရောက်သောအခါ ရွာမှာ မီးခုနစ်ကြိမ်လောင်သည်၊ ကန်ကြီးခုနစ်ကြိမ် ကျိုးပေါက်သည်။ ထိုဒုက္ခများမှာ သူရောက်လာမှ ဖြစ်ပေါ်လာသဖြင့် သူ့ကြောင့်ဟု စွပ်စွဲကာ ရွာမှ နှင်ထုတ်လိုက်ကြတော့သည်။

---

သူသည် သားမယားများကို ခေါ်ကာ ထွက်လာခဲ့ရာ လမ်းခရီးတောထဲမှာ မိန်းမနှင့် ကလေးကို ဘီလူးစားခံရသဖြင့် သူတစ်ယောက်တည်း ထွက်ပြေးလာရာ "ဂမ္ဘီရ"ခေါ် သင်္ဘောဆိပ် ရွာသို့ ရောက်လေ၏။ သူသည် သင်္ဘောတစ်စင်းမှာ အလုပ်ရ၍ သင်္ဘောထွက်ရာသို့ လိုက်ပါခဲ့သည်။ သင်္ဘောသည် သမုဒ္ဒရာတွင် ရောက်၍ ခုနစ်ရက်မျှ ကြာရှိသောနေ့တွင် သင်္ဘောမှာ ထွက်၍ မရတော့။ ပင်လယ်ထဲမှာ ရပ်နေတော့သည်။ သင်္ဘောသူကြီးက "ဒီမှာ သူယုတ်မာပါလာလို့ပဲ ဖြစ်ရမယ်၊ မဲချပြီး ရွေးကြ"ဟု ပြောကာ မဲချကာ နှိုက်စေရာ မိတ္တဝိန္ဒကမှာ မဲခုနစ်ကြိမ်ကျလေ၏။ ထို့ကြောင့် ဝါးလုံးများကို စည်းကာ ထိုဝါးစည်းနှင့်အတူ သူ့ကို ရေမှာ ပစ်ချလိုက်ကြတော့သည်။ ထိုအခါမှ သင်္ဘောထွက်ခွာလို့ ရတော့သည်။

မိတ္တဝိန္ဒကသည် ဝါးစည်းကို ဖက်တွယ်လျက် ရှေ့သို့ မျောလိုက်သွားရာ ခုနစ်ရက်ကြာသော် ပင်လယ်ထဲမှာ ဖာလ်ဗိမာန်နှင့် နေနေသော နတ်ပြိတ္တာဖြစ်သော နတ်သမီးလေးယောက်နှင့် တွေ့၍ နေရလေ၏။ နတ်ပြိတ္တာတို့သည် ဗိမာန်မှာ ခုနစ်ရက်မျှသာ စံစား၍ ခုနစ်ရက်မှာ ငရဲပြည်သို့ သွားကြရသည်။ ခုနစ်ရက်ရှိ၍ ငရဲပြည်သို့ သွားကာနီးသော် မိတ္တဝိန္ဒကအား "ခုနစ်ရက်စောင့်နေပါ။ တို့ပြန်လာမှာပဲ"ဟု မှာခဲ့လေ၏။ သို့ရာတွင် အတိတ်က ရဟန္တာအရှင်မြတ်အား သူ့ကျောင်းမှာ မနေစေလိုသော မနာလိုစိတ် အကုသိုလ်ကြောင့် ထိုနတ်ပြိတ္တာဗိမာန်မှာ စောင့်မနေလိုဘဲ ဝါးစည်းကို ဖက်ကာ ပင်လယ်ထဲမှာပင် ရှေ့ဆက်မျောခဲ့ပြန်လေ၏။

ခုနစ်ရက်ကြာသောအခါ ပင်လယ်ထဲမှာ ဖာလ်ဗိမာန်နှင့်

နတ်သမီးရှစ်ယောက်ကို တွေ့၍ နေရလေ၏။ ထိုနတ်သမီး ပြိတ္တာတို့မှာလည်း ခုနစ်ကြာလျှင် ငရဲပြည်သို့ သွား၍ ငရဲခံရမြဲဖြစ်ရာ သူ့ကို "ငါတို့ ပြန်လာအောင် စောင့်နေပါ"ဟု မှာခဲ့ကြလေ၏။ မိတ္တဝိန္ဒကလည်း ဆက်၍ မနေတော့ဘဲ ဝါးစည်းကို ဖက်ကာ မျှောလာပြန်ရာ ခုနစ်ရက်ကြာသောအခါ နတ်ပြိတ္တာသုံးဆယ့်နှစ်ယောက်နေသော ဗာလ်ဗိမာန်ကိုတွေ့၍ ခဏမျှသာ နေပြီး ခရီးဆက်ခဲ့ပြန်လေ၏။ သူသည် ဘီလူးများ နေကြရာ ကျွန်းသို့ ရောက်သွားရာ ဘီလူးမတစ်ကောင်သည် ဆိတ်ယောင်ဆောင်ကာ ဟိုသွားသည်သွား လုပ်နေသည်ကို တွေ့ရလေ၏။ သူသည် ဆိတ်ကို ဖမ်းကာ ဆိတ်သားစားချင်သဖြင့် ဆိတ်မ၏ ခြေထောက်ကို ဖမ်းဆွဲလိုက်သောအအခါ ဘီလူးဆိတ်မက သူ၏ ခြေထောက်ကို ပြန်ဆွဲပြီး အဝေးသို့ လွှင့်ပစ်လိုက်လေ၏။ သူသည် အရှိန်ကြီးစွာဖြင့် လွှင့်သွားလေရာ ဗာရာဏသီပြည်အပြင်ဘက်သို့ ရောက်သွားလေ၏။ ထိုနေရာမှာ ဆိတ်အုပ်တစ်အုပ်ကို တွေ့ရလေရာ သူက "ဒီတစ်ခါ ဆိတ်တစ်ကောင်က ခုနလို ငါ့ကို လွှင့်ပစ်လိုက်ရင် ပင်လယ်ထဲက နတ်သမီးတွေဆီ ပြန်ရောက်မှာပဲ'ဟု တွေးကာ ဆိတ်တစ်ကောင်ကို လိုက်ဖမ်းလေ၏။ ဆိတ်များမှာ ဘီလူးက အယောင်ဆောင်ထားသော ဆိတ်မဟုတ်၊ ဆိတ်ကျောင်းသား၏ ဆိတ်များ ဖြစ်နေသောကြောင့် ဆိတ်ကျောင်းသားက သူ့အား ဆိတ်သူခိုးထင်ကာ ဖမ်းခေါ်ပြီး ဗာရာဏသီမင်းကြီးထံ ပို့လေ၏။ ဗာရာဏသီမင်းကြီး၏ ဆိတ်များ ဖြစ်သဖြင့် သူ့ကို မင်းပြစ်မင်းဒဏ် ပေးရန် ဖြစ်လေသည်။ သူ့ကို ဆိတ်ကျောင်းသားက ဖမ်းခေါ်လာစဉ် ဒိသာပါမောက္ခဆရာကြီး ရေချိုးအလာတွင် တွေ့သဖြင့် ဆိတ်ကျောင်းသားအား "သူဟာ

ငါ့တပည့်ပါ၊ ဘုရင်ရှေ့မသွင်းပါနှင့်၊ ငါ့ကိုအပ်ပါ”ဟု ပြောကာ ကယ်လိုက်သဖြင့် မိတ္တဝိန္ဒကမှာ ချမ်းသာရာ ရသွားလေ၏။

မိတ္တဝိန္ဒကလည်း ဘဝတစ်လျှောက်လုံး အစာမဝ၊ နေရာထိုင်ရာ အတည်တကျ မနေရသော ဘဝများပြင့် ကျင်လည်ခဲ့ရင်း ဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် တံငါရွာမှာ လူဖြစ်လာလေ၏။ သူ့ကို မွေး :ကတည်းက တံငါသည်များ ငါးရှာ၍ မရကြ။ ကြာသော် ဆင်းရဲလာကြသဖြင့် “တို့ရွာမှာ လူယုယတ်မာရှိလို့သာပဲ၊ လူယုတ်မာရှာရမယ်”ဟု တိုင်ပင်ကြကာ ရွာရှိ လူတစ်ဝက်စီခွဲလိုက်ရာ သူရှိသော လူများဘက်က ငါးရှာ၍မရကြ။ သူမရှိသော ဘက်မှ တံငါသည်များ အရင်ကလို ငါးများ ရှာ၍ ရလေ၏။

ဤသို့ဖြင့် လူတွေကို ခွဲကာခွဲကာ စစ်လိုက်သောအခါ သူတို့သားအမိနှစ်ယောက်ရှိရာ အရပ်မှာသာ ငါးရှာ၍ မရကြောင်း သိကြရလေရာ သားအမိနှစ်ယောက်ကို ထိုရွာမှ နှင်ထုတ်လိုက်လေ၏။ သားအမိနှစ်တောက်တည်း ရွာမှ ထွက်လာကာ တောင်းရမ်းစားသောက်ရာ ကလေးကိုချီလျက် တောင်းလျှင်မရ။ ကလေးမပါမှသာ စားကြွင်းစားကျန်များကို ရရှိလေ၏။ ထို့ကြောင့် အမေက သူ့ကလေး လမ်းလျှောက်တတ်လာသောအခါ ခွက်တစ်ခွက်ကိုပေးကာ ထားပစ်ခဲ့ပြီး လွတ်ရာသို့ ထွက်ခွာသွားလေတော့သည်။

ကလေးငယ်သည် အငတ်ငတ်အပြတ်ပြတ်ဖြစ်ကာ အရွယ်ကလေး ရလာသောအခါ အရှင်သာရိပုတ္တရာမထေရ်က တွေ့၍ သနားသဖြင့် ကျောင်းသို့ခေါ်သွားကာ သာမဏေရှင်ပြုပေးလိုက်လေ၏။ ဤသို့ဖြင့် အသက်ပြည့်လာသောအခါ ရဟန်းပြု ပေးလိုက်

လေသည်။ ရဟန်း၏အမည်မှာ "အရှင်လောကသတိဿ" ဖြစ်လေ၏။

ရှေးဘဝက မကောင်းမှုကံကြောင့် အရှင် 'လောကသတိဿ' သည် ဆွမ်းခံ၍ မရ။ ဆွမ်းလှူသူ နည်းပါးသည်။ သပိတ်ကိုဖွင့်ပေးလျှင် လောင်းသူက သပိတ်ထဲမှာ ဆွမ်းတွေ ပြည့်နေသည်ဟု မြင်မိကြရာ မည်သူကမျှ ဆွမ်းမလောင်းကြချေ။ ရဟန္တာအရှင်မြတ်ပင် ဖြစ်သော်လည်း တစ်နေ့မှ ဆွမ်းဝအောင်ခံ၍မရ၊ မစားရချေ။

ယနေ့တွင် အရှင် 'လောကသတိဿ' မထေရ် ပရိနိဗ္ဗာန်ပြုရတော့မည်ဟု အရှင်သာရိပုတ္တရာက သိတော်မူ၍ ဆွမ်းတစ်နပ် ဝဝစားစေချင်၍ သပိတ်နှင့် အပြည့်ထည့်ပြီး ရဟန်းတစ်ပါးအား ပို့လွှတ်စေ၏။ ထိုရဟန်းသည် လောကသတိဿမထေရ်ကို ရှာ၍ မတွေ့သောကြောင့် ထိုသပိတ်ဆွမ်းကို စားပစ်လိုက်လေ၏။

ထိုအကြောင်းကို အရှင်သာရိပုတ္တရာကြားသိရသော် တစ်စုံတစ်ရာသော အစာကို ကိုယ်တော်တိုင်ပို့တော့မည်ဟု ကြံစည်ရာ နေမွန်းလွဲသွားခဲ့ပေပြီ။ သို့ရာတွင် စတုမဓုတော့ ကျွေး၍ ရနိုင်သေးသည်ဟု ကောသလမင်းကြီးထံမှာ အလှူခံ၏။ မင်းကြီးက လှူလိုက်သော စတုမဓုကို အရှင်သာရိပုတ္တရာမထေရ်မြတ်က သူ့အား ကိုယ်တော်တိုင်ကပ်သည်။ သူ့တစ်သက်တွင် ဤတစ်ကြိမ်တစ်ခါသာ အစာကို ဝအောင်စားရဖူးသော လောကသတိဿမထေရ်သည် ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံတော်မူရှာလေသတည်း။

အတိတ်ဘဝက ရဟန္တာအရှင်မြတ်အား မနာလို ဝန်တိုခြင်း၊ သူ့ကျောင်းမှာ မနေနိုင်အောင် ပြုလုပ်ခြင်း၊ မထေရ်မြတ်အတွက်

လှူလိုက်သောဆွမ်းကို မပေးလှူဘဲ သွန်ပစ်လိုက်ခြင်းစသော ကြီးလေးသော မကောင်းမှုကို ကံသုံးပါးဖြင့် ပြုလုပ်ခဲ့ဖူးသောကြောင့် ငရဲတွင် နှစ်ပေါင်းများစွာ ခွေးဘဝတွင် နှစ်ပေါင်းများစွာ လူ့ဘဝတွင် နှစ်ပေါင်းများစွာ လူဆင်းရဲဘဝတွင် နှစ်ပေါင်းများစွာ အစာဝအောင် မစားရသော ဘဝဆိုးကို ခံစားရရုံမျှမက အရိယာအရှင်မြတ်ဘဝမှာပင် စားရန်ဆွမ်းကို မစားဖြစ်နိုင်အောင် ကြုံခဲ့ရသည်။ မနာလိုစိတ်၊ ဝန်တိုစိတ်၊ သဒ္ဓါစိတ်တို့ကြောင့် သံသရာတစ်လျှောက်လုံး ခံစားရသည့် ဝဋ်ဒုက္ခများသည် သိရသူများအဖို့ ကြောက်မက်ဖွယ် သတိမူကြဖွယ် ကောင်းလေစွ။ ။

(လောကသာတ်)

* * *

# ဂျူလီယာ နှစ်ကိုယ်ခွဲ

လောကတွင် 'သားသမီးမကောင်း၊ မိဘခေါင်း' ဟု ဆိုလေ့ရှိကြသည်။ ထိုဆိုလေ့ရှိရာ စကားကို ခြွင်းချက်ထား၍ ဆိုရပေမည်။ သားသမီးမကောင်းတိုင်း မိဘတိုင်းကို အပြစ်ဆိုဖို့ ခက်ပေသည်။ သားသမီးချင်းအတူတူ တစ်မိတည်းမွေးများတွင်ပင် တစ်ယောက်မက နှစ်ယောက်မက ဆိုးကြသူတွေ ပါရှိလာရာ အတူတူ မွေးသူများအနက် အများနှင့်မတူဘဲ မိဘဆိုဆုံးမရာကို မနာခံဘဲ တသီးတခြား ဆိုးဝါးမိုက်မဲသော သားသမီး ပါလာ တတ်ပေသည်။ 'သားသမီးမကောင်း၊ မိဘခေါင်း'ဟု သိမ်းကြုံး၍ မဆိုနိုင်သော မိဘဖြစ်သူတို့ကို တွေ့ရကြုံရသောအခါ၌ ထိုမိဘတို့ကို အပြစ်ဆိုရမှာ ဝန်လေးလှပါသည်။ သားမိုက်၊ သမီးမိုက်တို့ကို မွေးခဲ့ရ၍ သောကမီး တောက်လောင်ခံကြရသော မိဘအများအပြား ရှိနေသည်မှာ ယခုမှသာမဟုတ် လောကီလောကုတ် စာပေအချို့တွင် ဖတ်ရှုသိရှိရရုံမျှမကဘဲ မျက်မှောက်ခေတ်မှာပင် ဤသို့ ဤနှယ် မိဘအပေါ်မှာ ဆိုးဝါးညှဉ်းဆဲနေကြသည်များကို ရှိသဖြင့် သိရ လေသည်။

---

ရွှေတံတားစာပေ

ကျွန်တော်သည် ငယ်သူငယ်ချင်း ကိုဘကောင်းဆီကို ရောက်သွားတိုင်း သူ့ညည်းညျူသံကို ကြားရသည်။ ကြားရသိရ၍ စိတ်မကောင်း ဖြစ်ခဲ့ရသည်။ ကိုဘကောင်းသည် ကျွန်တော်နှင့် ကလေးဘဝမှစ၍ ချစ်ခင်ခဲ့ရသော ငယ်သူငယ်ချင်း။ ကျောင်းနေတော့ လည်း အတူတူပင်၊ သူအိမ်ထောင်ပြု၍ ကျွန်တော်လည်း အိမ်ထောင် ပြုကြသောအခါမှ တပူးတွဲတွဲ မဖြစ်ကြတော့ဘဲ ကိုယ့်အိမ်ထောင် တာဝန်တွေကို ကိုယ်စီထမ်းကာ တစ်ခါတစ်ရံသာ တွေ့လေရှိသည်။

ကိုဘကောင်းမှာ စီးပွားရှာတတ်၍ စီးပွားဘက်၊ အိမ်သူ ကလည်း ဘက်ညီကာ သားသမီးများကို အဆင့်မြင့်မြင့်ထားကာ မွေးမြူနိုင်ခဲ့သည်။ သားသမီးလေးယောက် ရှိသည့်အနက် အကြီးဆုံး သားမှာ မလိမ္မာသော သားမိုက်ဖြစ်နေသောကြောင့် အမြဲသောက ဖိစီးကာ သားက နိပ်စက်သည်ကို အမြဲသည်းခံကာ ဆိုမြဲ ဆုံးမမြဲသာ ရှိနေလေသည်။ ကျန်သားသမီး အငယ်သုံးယောက်မှကား အစ်ကိုကြီး ကို ကြည့်ပြီး သင်ခန်းစာယူကြသည်။ မိမိတို့ စိတ်မချမ်းသာအောင် ဘာမျှ မပြုကြ။ အဆင့်မြင့်ကျောင်းကြီးတွေမှာ နေကြပြီး အဆင့်မြင့် ပညာတွေကို ကြိုးစားကာ သင်ယူနေကြဆဲ ဖြစ်လေသည်။

ကိုဘကောင်းသည် တစ်နေ့မျှ စိတ်ချမ်းသာမှု မရှိရသော သားကြီးအတွက် ရှေ့ရေးကို ပူပင်နေတတ်သည်။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားကာ မိဘတို့ စီးပွားရေး အခြေအနေကို သိသည့်အလျောက် အမြဲလက်ဝါးဖြန့်တောင်းခံသည်။ ငွေရလျှင် အရက်သောက်သည်၊ ချဲထိုး၊ ဖဲရိုက် စသော ဒုစရိုက်အမှုတို့ကိုသာ အာရုံပြုကာ မိသားစု အပေါ်တွင် စိတ်ဝင်စားခြင်း မရှိဘဲ အပြင်လောကမှာသာ ကျက်စားကာ အချိန်ဖြုန်းလျက် ရှိလေသည်။

သည်နေ့မှာ သူငယ်ချင်းကိုဘကောင်းထံသို့ မရောက်တာ

ကြာ၍ ရောက်သွားသည်။ ကျွန်တော်တို့သည် ငယ်သူငယ်ချင်းတွေ ဖြစ်သော်လည်း သူက ကျွန်တော့်ထက် အသက်အနည်းငယ်ကြီးသဖြင့် ကိုဘကောင်းဟု သူ့ကို ခေါ်သည်။ သူကလည်း ကျွန်တော့်နာမည်ကို ငယ်ကတည်းကပင် ကျွန်တော်ခေါ်သည်ကဲ့သို့ 'ကိုဘဆန်း' ဟုပင် ခေါ်သည်။

ကိုဘကောင်းက ဆီး၍ 'လာကွာ ကိုဘဆန်း၊ မရောက်တာ ကြာပါပကော၊ မင်းတို့မိသားစုနေကောင်းကြရဲ့နော်'ဟု ဝမ်းသာအားရ ဆီးကြိုကာ စကားစမြည် ပြောကြသည်။ ကျွန်တော်က 'ဒါနဲ့ မင်း စီးပွားရေး ဘယ့်နှယ်နေသလဲ အရင်လိုပဲလား'ဟု မေးမိသည်။

ကိုဘကောင်းက 'စီးပွားရေးကတော့ ကုန်သည်ဘဝပေါ့၊ ကုန်ဈေးနှုန်းတွေ တက်တော့ ကိုယ့်မှာလဲ နည်းနည်းလိုက်တက် ရတာပေါ့၊ စီးပွားရေးကတော့ ကောင်းပါတယ်ကွာ--သားကြီးကတော့ ဘာဆိုဘာမှ မထူးခြားဘူး၊ မိဘအလုပ်အကိုင် ဘယ်လိုနေသလဲ ဆိုတာလဲ မသိဘူး၊ ငွေပဲ တောင်းပြီး ဖြုန်းနေတော့တာပဲ။ တစ်ခါ တစ်လေ ညတောင်ပြန်မအိပ်ဘူး ပိုကြီး ဆိုလာတယ်။ တစ်နေ့ကလဲ သူ့အမေဆီမှာ ငွေတောင်းရတာမရလို့ တခြားမှာ အတိုးနှင့် ယူပြီး သုံးတယ်၊ ငွေချေးသူက မိဘဆီလာပြီး အသိပေးသွားတယ်၊ တို့မှာလဲ သားသမီးမကောင်း မိဘခေါင်းဆိုတဲ့ စကားအတိုင်း ဖြစ်နေပြီကွ၊ အဲသလို တခြားမှာယူပြီး သုံးတတ်တာမျိုးဖြစ်လာတော့ ငါသိပ်ရှက် တာပဲ။ သူ့အတွက် မိဘတွေက တာဝန်မယူဘူးလို့တောင် သတင်းစာ မှာ ထည့်ကြေညာချင်စိတ် ဖြစ်လာမိတယ်၊ ပြီးတော့ မင်းသိတဲ့အတိုင်း တို့မိသားစုဟာ ကုသိုလ်လဲမပြတ် ပြုလေ့ ရှိကြတယ်၊ တတ်နိုင်သမျှ လှူကြတန်းကြတယ်၊ အဲ--လှူပြီဆိုရင် သူက တစ်ထောင့်ကနေပြီး ဖြုန်းဖို့ တောင်းတော့တာပဲ၊ မလှူဘဲလဲ မနေနိုင်ဘူးကွာ၊ ငါ့မှာ

ရှာရဖွေရနှင့် မိသားစုတာဝန်ထမ်းခဲ့ရတာကြာပြီ။ ကိုယ့်အတွက် ကောင်းမှုပြုဖို့လဲမေ့လို့' ဘယ်ဖြစ်ပါ့မလဲ၊ တစ်ခါတစ်လေ ငါ ဒုလ္လဘရဟန်း ခံချင်တာ ခုထိ အထမမြောက်သေးဘူး။ ဒါဟာလဲ ဒီကောင် ငါအိမ်မှာမရှိရင် သားအမိတစ်တွေကို ညှဉ်းဆဲနေမှာ များလာလို့ စိတ်ထဲမှာ မအေးတာနှင့်ပဲ ရွေ့တိုးပြီး မစဉ်းစားရဲအောင် ဖြစ်နေရတာ'

ကိုဘကောင်းသည် အမြဲကုသိုလ်မှု ပြုသည်။ သူ့ရပ်ကွက်မှာ သူခေါင်းဆောင်ပြီး နိဗ္ဗာန်ဆော်လှုပ်တန်တာလဲ လုပ်သည်။ ပစ္စည်း လေးပါး ဒကာခံယူထားသော ပရိယတ္တိကျောင်းတွေလည်း လေးငါး ကျောင်း ရှိထားသည်။ ဝါဝင် ဝါကျွတ်ကထိန်ပွဲတွေမှာလည်း သူမပါတာမရှိ၊ သာသနာရေးကိစ္စနှင့် ပတ်သက်ရာ ဒါနအလှူတွေ သူလှူခဲ့တာ မနည်းပြီ။

ကျွန်တော်သည် ကိုဘကောင်းကို ကြည့်ပြီး သနားမိသည်။ သားဆိုး သားမိုက်အတွက် ကုသိုလ်ပြုရာမှာတောင် နှောင့်နှေးရှာပါ ကလားဟု စဉ်းစားနေမိသည်။ ကျွန်တော်က သူ့အား 'အေးကွာ- မင်းကတော့ ငါ့ထက်ကုသိုလ်တွေ များပါတယ်၊ မင်းရဲ့သား မလိမ္မာတာလဲ တစ်နေ့နေ့မှာ လိမ္မာချင် လိမ္မာလာမှာပေါ့။ မင်းကတော့ ခုလိုဆိုရင် သေတဲ့အခါ သိကြားမင်း ဖြစ်ချင်ဖြစ်မှာပဲ။ ကောင်းမှု ကုသိုလ်တွေလုပ်တာ တယ်များတာကိုး။ စိတ်တော့မပျက်နဲ့ကွာ' ဟု ကိုဘကောင်းကို နှစ်သိမ့်ရပါသည်။

'ဒါလောက် ကုသိုလ်လေးတွေ လုပ်တာလောက်နှင့်တော့ သိကြားမင်း ဖြစ်ပါ့မလားကွ၊ ဒါမျိုးတွေ လုပ်ကြတာ လူတိုင်း လိုလိုပဲ'ဟု ကိုဘကောင်းက ပြောသဖြင့် 'စေတနာပေါ်မှာလဲ တည်တယ်လေ၊ အေး--မင်းလုပ်နေကျ ကုသိုလ်တွေ ဆက်သာလုပ်၊

သိကြားမင်းပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ အဲဒီ အခါကျတော့ မင်းက ကိုယ့်ဗိမာန်ကနေပြီး ကြည့်ပြီးတော့ မင့်သားမလိမ္မာတုန်းပဲဆိုရင်လာပြီး ပြုပြင်နိုင်မှာပေါ့။ အဲဒီလို နောက်ဘဝကူးပြီးကာမှ သားလူမိုက်ကို လာပြီး ဆုံးမတဲ့ ဇာတ်ဝတ္ထုဘုရားဟောခဲ့တာ ငါမှတ်တားမှုးတယ်၊ ဒါကြောင့် ဖြစ်လိုဖြစ်ငြားပေါ့ကွာ၊ မင်းသေရင် နတ်ဖြစ်အောင်သာ ကြိုးစား'

ကိုဘကောင်းက သဘောကျသွားပြီး 'မင်းပြောလိုက်တာ ငါသိပ်အားရှိတာပဲ။ သူငယ်ချင်းရာ မင်းမှတ်ထားတဲ့ ဇာတ်ဝတ္ထုလေး ငါ့ကို ပြောပြပါလားကွာ'ဟု သူက တောင်းပန်ခယစွာ ပြောလေသည်။

'အေး--ငါမှတ်မိသလောက်တော့ ပြောပြနိုင်ပါတယ်ကွာ၊ တို့ရဲ့ မြတ်စွာဘုရား မပွင့်မီ ဘုရားအလောင်းတော် ဖြစ်စဉ်အခါကပေါ့၊ ဗာရာဏသီပြည်ကြီးမှာ ဗြဟ္မဒတ်မင်း မင်းပြုတဲ့အခါ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ ဣလ္လိသဆိုတဲ့ သူဌေးကြီးတစ်ဦး ရှိသတဲ့။ အဲဒီ သူဌေး ကြီးဟာ ရုပ်အဆင်းအင်္ဂါ သိပ်ညံ့တာပဲ။ ခြေကလဲခွင်၊ မျက်စိကလဲ စွေစွေစောင်းစောင်းနှင့် စိတ်ထားကလဲ နမြောတွန့်တိုပြီး မစားရက် မသောက်ရက် မပေးရက်တဲ့ ကပ်စေးနဲကြီးပဲ။

သူဟာ သူ့ဖခင်သူဌေးကြီး ရှိစဉ်က အိမ်ရှေ့မှာ အလှူ မဏ္ဍပ်ကြီးထိုးပြီး နေစဉ် ကောင်းမှုတွေ ပြုတာကို သူက စိတ်မဝင်စားဘဲ အမြဲတွန့်တိုနမြောနေတာပဲ။ ဘိုးဘေးစဉ်ဆက်က ဒါနအမှုပြုနေ ကြတာ သူ့အဖေ လက်ထက်မှာလဲ ဒီအတိုင်းပဲ လှူနေကျပဲပေါ့ ဒါကို သူက နမြောပြီး ဘာမှဝင်မလုပ်ဘူး၊ ကဲ့ရဲ့နေတာပဲ။

ဒီလိုနှင့် ဖခင်သူဌေးကြီး အိုလာတော့ သေဆုံးသွားလို့ ကျန်ခဲ့တဲ့ ကုဋေရှစ်ဆယ်ပစ္စည်းတွေကို သူအပိုင်ရပြီးတော့ ဣလ္လိသ သူဌေးကြီးရယ်လို့ ထင်ရှားတယ်၊ သူဌေးသား ဖြစ်လာတာ

သိပ်နှမြောတာ၊ သူ့ဖခင်ကြီးရှိစဉ်က ဆောက်ထားတဲ့ အလှူမဏ္ဍပ်ကြီးကို ဖျက်ပစ်လိုက်တယ်၊ ဘာတစ်ခုမျှ မလှူတော့ဘူး၊ သူ့ပစ္စည်းတွေကိုသာ ခုံမင်ပြီး မစားရက် မသောက်ရက်အောင် ဖြစ်နေသတဲ့။

တစ်နေ့မှာ ဘုရင့်နန်းတော်မှအပြန် အရက်သမားတစ်စု ဝိုင်းပြီး အရက်သောက်နေကြတာကို မြင်ရလို့ သူလဲ အရက်သောက်ချင်လာတယ်၊ သောက်ချင်ပေမယ့် နှမြောလို့ မသောက်ဘူး၊ ဒါကို သူဌေးကတော်က မြင်လို့ 'အိမ်မှာပဲ ချက်ပေးပါ့မယ်'လို့ ပြောတယ်။ သူက 'အိမ်မှာမချက်နှင့်၊ ဆိုင်မှာပဲဝယ်ပြီး လူမမြင်အောင် သောက်ရမယ်'လို့ ပြောပြီးတော့ အရက်ဝယ်ပြီး တောစပ်ကချုံထဲမှာ သွားပြီး ပုန်းသောက်နေသတဲ့။

အဲဒီအချိန်မှာ အလှူဒါနတွေ တစ်သက်လုံး ပြုလုပ်လေ့ရှိတဲ့ ဣလ္လိသရဲ့ ဖခင်သူဌေးကြီးဟာ သေလွန်တဲ့နောက်မှာ တာဝတိံသာ နတ်ပြည်မှာ သိကြားမင်း ဖြစ်နေလေသတဲ့။ သိကြားမင်းလဲ သူ့သားကို စိတ်မချဘဲ သေသွားတော့ သားလူမိုက်ကို နတ်ပြည်က လှမ်းကြည့်သတဲ့။ သားလူမိုက် ဣလ္လိသဟာ ကုသိုလ်ကောင်းမှု ဘာတစ်ခုမျှ မလုပ်ဘဲ အကုသိုလ် ဒုစရိုက်ကိုသာ လုပ်တယ်၊ နှမြောတွန့်တိုစိတ် ရှိမြဲရှိနေတာကို မြင်ရတော့ သားကို သံယောဇဉ် မကုန်သေးလို့ 'အင်း--ငါသွားပြီး လိမ္မာအောင် ဖန်တီးဦးမှပါပဲလေ--လို့ စဉ်းစားတယ်၊ သိကြားမင်းဟာ သူ့ကိုယ်သူ ဣလ္လိသသူဌေးနှင့် တူအောင် ဖန်ဆင်းပြီး လူ့ပြည်ကို ဆင်းလာသတဲ့ကွယ်။ သိကြားမင်း ဣလ္လိသလဲ ဗြဟ္မဒတ်မင်းကြီးရဲ့ နန်းတော်ကိုဝင်ပြီး သူဌေးဣလ္လိသ အခစားဝင်သလို ဘုရင်ထံပါးမှာ ကပ်ပြီး အရှင်မင်းကြီး ကျွန်တော်မျိုးမှာ စီးပွားချမ်းသာလွန်းလို့ မမက်မောတော့ပါဘူး၊ ရှိသမျှပစ္စည်းတွေကို ဘုရင့်ဘဏ္ဍာတော်အဖြစ်သာ သိမ်းပိုက်ပါတော့'လို့ အပ်သတဲ့။

---

**ရွှေတံတားစာပေ**

ဘုရင်ကြီးလဲ သိပ်အံ့ဩသွားပြီး သူဌေးကြီး ဣလ္လိသ ငါ့မှာလဲ ရွှေငွေရတနာတွေ အပြည့်ရှိနေတာပဲ။ ငါ့ကို မအပ်နှင့်၊ သူဌေးပဲ သုံးစွဲခံစားပါ'လို့ ပြောပြီး လက်သင့်မခံဘူး။ သိကြား ဣလ္လိသဟာ ကြံရခက်သွားတယ်၊ နောက်တော့မှ 'အရှင်ဘုရား လက်မခံတာဖြင့် ခုရှိတဲ့ ပစ္စည်းတွေကို မရှိဆင်းရဲသူတွေကို ပေးလှူချင်ပါတယ်'လို့ ထပ်ပြောတော့မှ ရှင်ဘုရင်ကြီးက 'အလှူဒါန ပြုလိုက ပြုပါ၊ ကောင်းတာပေါ့'လို့ ခွင့်ပြုသဘောတူလိုက်သတဲ့။

သိကြားဣလ္လိသဟာ သူ့အိမ်ကြီးကို တက်သွားပြီး ခြွေရံ သင်းပင်းတွေမှာအစ ရပ်ထဲ ရွာထဲမှာ ရှိရှိသမျှ လူတွေကို အိမ်ရှိ ပစ္စည်းတွေ ချပြီး ဝေငှပေးလိုက်တယ်။ အလှူခံလာသမျှ လူတွေဟာလဲ ဝမ်းသာအားရပဲ ယူကြတာပေါ့။ ဒီအထဲမှာ ဣလ္လိသ သူဌေးအမြဲ စီးနေကျ လှည်းယာဉ်ကို လူတစ်ယောက်က ရသွားတယ်။ အဲဒီလူကလဲ သူဌေးစီးတဲ့ လှည်းယာဉ်ဆိုတော့ လှလွန်းလို့ နွားနှစ်ကောင်တပ်ပြီး စီးထွက်သွားသတဲ့။ အဲဒီလူက ဗာရာဏသီပြည်နားက ရွာလေး တစ်ရွာက လူ။ သူ့ရွာလိုသူပြန်ရာမှာ တောလမ်းက ဖြတ်ပြန်ရတော့ တောစပ်ချုံကွယ်မှာ အရက်ပုန်းသောက်နေတဲ့ ဣလ္လိသသူဌေးက မြင်လိုက်ရတယ်။ မြင်ရတော့ ချုံထဲကထွက်ပြီး 'ဟေ့လူ ဒီ လှည်းယာဉ်ဟာ သူဌေးစီးတဲ့ လှည်းယာဉ်ပဲ၊ ဘယ်က ခိုးလာတာလဲ'လို့ မေးတော့ လှည်းပေါ်က လူက 'အို--ကျုပ်လူကောင်းပါ၊ သူဌေးကြီး ဣလ္လိသဆိုတာ ခုပဲ အလှူကြီးပေးနေတုန်းပဲ၊ ကျုပ်လဲ အဲဒီကို အလှူခံလာလို့ စီးလာတာပါ'လို့ ပြန်ပြောလိုက်တယ်။ အရက်သမား သူဌေးဟာ မယုံနိုင်အောင်ဖြစ်ပြီး သူ့အိမ်ကို ခပ်မြန်မြန် ပြန်သွားတယ်။ အိမ်ရောက်တော့ သူနှင့်ရုပ်ခြင်းအတူတူ ဖြစ်နေတဲ့ သိကြားဣလ္လိသကို တွေ့တော့တာပေါ့။ တွေ့တာနှင့် သူက ဘုရင့်ရှေ့တော်မှောက်ကိုဝင်ပြီး

'သူ့ပစ္စည်းတွေကို သူမသိရဘဲ အလှူလုပ်နေပါတယ်၊ အဲဒီလှူကလဲ သူနှင့်ရပ်ခြင်းအဟုတ္တ ဖြစ်နေတယ်'လို့ ပြောပြသတဲ့။ ဘုရင်ကြီးက 'ဟုတ်တယ်လေ၊ မကြာခင်ကပဲ ဣလ္လိသက ငါ့ဆီလာပြီး ခွင့်တောင်းသွားတာပဲ၊ ဒါကို ဆိုရင်တော့ ခုအိမ်မှာ အလှူလုပ်နေတဲ့ သူဌေး ဣလ္လိသကို ခေါ်စေ'လို့ အမိန့်ပေးလိုက်တယ်။

သိကြားဣလ္လိသလဲ ရောက်လာရော သူတို့နှစ်ယောက်ဟာ သူသာ ဣလ္လိသ၊ ငါသာ ဣလ္လိသဆိုပြီး အငြင်းပွားကြတော့တာပေါ့။ မတူတာရယ်လို့မှ မရှိဘဲ။ ဒီတော့ သူဌေး ဣလ္လိသက 'ကျွန်တော်မျိုးရဲ့ ခေါင်းမှာတော့ မှဲ့နက်ရှိပါတယ်၊ သူ့မှာ ရှိမှာ မဟုတ်ဘူး၊ ရှာကြည့်ပါ' လို့ ပြောတာနှင့် ဆတ္တာသည်ကိုခေါ်ပြီး ခေါင်းက ဆံပင်ကြားမှာ မှဲ့ရှာစေသတဲ့။ အဲဒီတော့လဲ နှစ်ယောက်လုံးရဲ့ ခေါင်းမှာ မှဲ့ ရှိနေကြတာချည်း တွေ့ရတယ်၊ ခက်နေပြန်ရော။

အဲဒီလိုမှည့်ပါ။ အတူတူ ရှိနေတာ သိရတော့ ဘယ်လိုမှ ငြင်းလို့မရ၊ လက်ရှိသိကြား ဣလ္လိသကပဲ ပိုင်နေတာ သိရလို့ သူဌေး ဣလ္လိသဟာ စိတ်ထိခိုက်ပြီး မေ့မျောသွားသတဲ့။ ဒီတော့မှ ဘဝဟောင်းက ဖခင်ကြီး သိကြားဣလ္လိသဟာ လူယောင်ဖျောက်၊ သိကြားမင်းအသွင်ကိုပြပြီး အကျိုးအကြောင်း စုံလင်အောင် ပြောပြပြီး သားမိုက်ဣလ္လိသကို သီလစောင့်ဖို့၊ ဒါနပြုဖို့ရာ အစစအရာရာ မမိုက်ဖို့ တရားဟောသတဲ့။

ဣလ္လိသသူဌေးဟာလဲ စိတ်ချမ်းသာမှု ရလာပြီး သံဝေဂ အမြင် ရောက်လာတယ်။ သိကြားမင်းလဲ တရားပြောဟောပြီး တာဝတိံသာကို ပြန်သွားတယ်။

အဲဒီနေ့ကစပြီး ဣလ္လိသသူဌေးဟာ သူ့ဖခင်သူဌေးကြီး ရှိစဉ်ကလိုပဲ သီလစောင့်၊ ဒါနကုသိုလ်တွေကို မပြတ်အောင်

ပြုလုပ်သတဲ့။ အဲဒီလိုကောင်းမှုတွေကို သဲဝေဂစိတ်ဖြင့် တရားကျကျ ပြုလုပ်ပြီး အသက်အတိုင်းနေပြီး သေလွန်တဲ့အခါမှာ နတ်ပြည် ရောက်ရတယ် သူငယ်ချင်း'

ကျွန်တော်က ကိုဘကောင်းကို ပြောပြနေစဉ် ကိုဘကောင်း၏ မျက်နှာမှာ စောစောကလို မညှိုးနွမ်းတော့ဘဲ ကြည်လင်နေလေ၏။ ကျွန်တော်က ဆက်လက်ပြီးတော့ 'အဲဒီဣလ္လိသဇာတ်ဟာ တို့ရဲ့ ဂေါတမဘုရားအလောင်းတော် ဘဝတစ်ကွေ့မှာ ကြုံရတဲ့အဖြစ်ပဲ။ ဂေါတမဘုရားပွင့်တော်မူတဲ့အခါမှာတော့ သိကြားမင်းဟာ အရှင် မောဂ္ဂလာန် ဖြစ်လာတယ်၊ ဗြဟ္မဒတ်မင်းကြီးဟာ ညီတော်အာနန္ဒာ ဖြစ်လမှုတယ်၊ မြတ်စွာဘုရားကတော့ အလောင်းတော်ဆွတ္တာသည် ဖြစ်ခဲ့ရသတဲ့။

အဲဒီလိုပေါ့ကွာ၊ သားမိုက်မဲလို့လဲ သိပ်မပူပင်နှင့်၊ တစ်နေ့နေ့မှာ သူလဲ အမြင်မှန်ရချင်ရလာနိုင်ပါလိမ့်မယ်၊ ကုသိုလ်ကောင်းမှုဆိုတာ ဒုက္ခရောက်နေသူအတွက် ကိုယ်က လုပ်ပေးရင် သူ့မှာလဲ အကျိုး ရတန်သလောက် ရနိုင်ပါတယ် သူငယ်ချင်းရယ်--'။ ။

(ဓမ္မပဒ၊ ပုပ္ဖဝဂ်ငါးခုမြောက် မစ္ဆရိယကောသိယသူဌေးဝတ္ထု)

❀ ❀ ❀

[illegible]

ရွှေတံတားစာပေ

# အယောယရ ပညာရှိမင်းကြီး

လွန်လေပြီးသောအခါက ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ် မင်းကြီး စိုးစံတော်မူစဉ် မိဖုရားကြီးသည် ကိုယ်ဝန်နေ့စေ့လစေ့သဖြင့် ညယံအခါမှာ မွေးဖွားလေ၏။ ထိုအခါ၌ ရှေးအခါက ရန်သူဖြစ်ခဲ့ ဖူးသော ဘီလူးမတစ်ယောက်သည် မိဖုရားကြီး ဖွားမြင်သော သားတော်လေးကို လုယူပြေးလေ၏။ မိဖုရားကြီးသည် ထိတ်လန့်စွာဖြင့် "သားတော်လေးကို ဘီလူးမ လုယူသွားပြီ"ဟု ဟစ်အော် လေ၏။ ဘီလူးမသည် သားတော်လေးကို ကြွတ်ကြွတ်ဝါးကာ စားပစ်လိုက်ပြီးနောက် လက်ကို ခါပြပြီးလျှင် ထွက်သွားသေ၏။ မသွားမီ ကြောက်မက်ဖွယ် ရုပ်အဆင်းကို ပြကာ ခြိမ်းခြောက်ပြ သွားလေ၏။

မင်းကြီးသိလျှင် ဘီလူးမ လာစားတာ ဘယ်လိုလုပ်ရပါ့ မလဲဟုသာ ပြောကာ အစောင့်အရှောက်များ ချထားပေးလေ၏။ နောက်တစ်ကြိမ် ကိုယ်ဝန်ရလာ၍ မွေးဖွားသောအခါ၌လည်း အစောင့် အရှောက်များကြားမှ တိုးဝင်လုယူပြီး ကိုက်ဝါးစားလိုက်ပြန်လေ၏။ မင်းကြီးသည် စိတ်မချမ်းသာစွာဖြင့် လူအပေါင်းကို စည်းဝေး စေပြီးနောက် "ဘီလူးမရန်ကို ဘယ်လိုကာကွယ်ကြပါ့မလဲ"ဟု အကြံဉာဏ်တောင်းလေ၏။

အမတ်တစ်ယောက်က "အရှင်မင်းကြီး၊ ဘီလူးတို့မည်သည် ထန်းရွက်ကို ကြောက်ပါသည်။ မိဖုရားကြီး၏ ခြေနှင့်လက်တို့ကို ထန်းရွက်ဖြင့်ပူးကာ ချည်ထားသင့်ပါသည်"ဟု အကြံပေး၏။ အမတ်တစ်ယောက်ကမူ "အရှင်မင်းကြီး၊ ဘီလူးတို့သည် သံကို ကြောက်ပါသည်။ သံတိုင်ကာသော ခြံထဲမှာ မိဖုရားကြီးကို နေပါစေ၊ အကျိုးရှိပါလိမ့်မည်"ဟု ပြောသဖြင့် မင်းကြီးသည် မြို့ထဲရှိ ပန်းပဲပညာသည်တို့ကို ခေါ်ပြီးလျှင် သင့်လျော်သော နေရာ၌ သံတိုင်အိမ်ကို ဆောက်လုပ်စေ၏။ ကိုးလအတွင်း သံအိမ်ပြီးစီးသဖြင့် ဆိမ်းများ ထိန်လင်းစွာ ထွန်းညှိလျက် လှပစွာ တန်ဆာဆင်ပြီးလျှင် ကိုယ်ဝန်အရင့်အမာ ရှိနေသော မိဖုရားကြီးအား ထိုသံအိမ်ထဲမှာ နေစေ၏။ မကြာမီမှာပင် ဘုန်းပညာလက္ခဏာဖြင့် ပြည့်စုံသော သားတော်ကို ဖွားမြင်လာ၏။

သားတော်လေးကို "အယောဃရ" သတို့သားဟု အမည် မှည့်ပြီးလျှင် အစောင့်အရှောက်နှင့် နို့ထိန်းသည်များ ခြံရံကာ ထားစေပြီးနောက် မိဖုရားကြီးကို ခေါ်ဆောင်ကာ မြို့တော်ကို လက်ျာရစ် လှည့်စေပြီးနောက် နန်းပြာသာဒ်ပေါ်သို့ တက်၍ နေစေ၏။

လူသားစား ဘီလူးမသည် ထိုအခါက ဝေဿဝဏ်နတ် မင်းကြီးအတွက် ရေခပ်ရန် အလှည့်ရောက်နေသဖြင့် ရေခပ်ရင်းမှာပင် ဘီလူးမ သေဆုံးသွားလေ၏။ အယောဃရမင်းသားသည် သံအိမ်ထဲ မှာပင် ကြီးပြင်းအောင် နေရရှာ၏။ အပြင်ဘက်သို့ မထွက်စေရပေ။

နှစ်အတန် ရရှိလာသော် မင်းကြီးက အမတ်တို့အား "ငါ့သားတော် ဘယ်အရွယ် ရောက်နေပြီလဲ"ဟု မေးလေ၏။ အမတ်တို့က "ဘုရင့်သားတော်သည် အသက်တစ်ဆယ့်ခြောက်နှစ် ရှိပါပြီ"ဟု ဖြေကြားရာ မင်းကြီးက "အသက်တစ်ဆယ့်

ခြောက်နှစ်အရွယ် ရှိတာဖြင့် အားအင်ပြည့်ဖြိုးနေပြီ၊ ရဲရင့်နေပြီ၊ ဘီလူးတစ်ထောင်ရန်ကိုပင် ဖြိုခွင်းနိုင်စွမ်း ရှိပေပြီ။ ငါ့သားတော်ကို သံအိမ်တွင်းမှ ထုတ်ယူပြီး မြို့တော်မှာ လှည့်လည်ပြရမည်။ မြို့ကို တန်ဆာဆင်ကြလော့။ သားတော်ကို အဘိသိက်သွန်းကာ မင်းမြှောက်မည်၊ ဆင်တော်နှင့် လှည့်ကြည့်စေ"ဟု မိန့်တော်မူ၏။

အယောဃရ မင်းသားသည် ဆင်စီးလျက် မြို့တော်မှာ လှည့်လည်ကြည့်ရှုသောအခါ တင့်တယ်လှသော အရံဥယျာဉ်၊ ရေကန်တော်နှင့် ရွှေနန်းပြာသာဒ်တို့ကို ရှုမြင်ရသဖြင့် "အမတ်တို့၊ ဤမျှလောက် တင့်တယ်လှပတဲ့ မြို့တော်ကို မမြင်စေရဘဲ ယနေ့တိုင် သံလှောင်အိမ်ကြီးထဲမှာ ငါ့ကို လှောင်ထားခဲ့တာဟာ ငါ့မှာ ဘာအပြစ်များ ရှိလို့ပါလဲ"ဟု မေးလေ၏။

အမတ်တို့က "အရှင့်သားမှာ ဘာအပြစ်မှ မရှိပါဘူး။ အကြောင်းကတော့ အရှင့်သားရဲ့ နောင်တော်သားလေးနှစ်ပါးကို မွေးစဉ်က ဘီလူးမ တစ်ယောက်က လုယူပြီး စားခဲ့ဖူးတာမို့ အရှင့်သားကို မွေးလာတော့ ဘီလူးမရဲ့ အန္တရာယ်ကို ကာကွယ်ပေးဖို့ သံလှောင်အိမ်ထဲမှာ နေစေတာပါ"ဟု ပြောပြကြလေ၏။ မင်းသားသည် အမတ်တို့ ပြောစကားကို ကြားရသောအခါ သူ့စိတ်ထဲမှာ "သြော်--ငါကား ဆယ်လပတ်လုံး အညစ်အကြေးရှိသော အမိသားအိမ်တွင်းမှာ ဘင်ပုပ်ငရဲခံရသလို နေခဲ့ရတယ်။ အမိဝမ်းမှ လွတ်ခဲ့ရသော် တစ်ဆယ့်ခြောက်နှစ်ပတ်လုံး သံအိမ်ကြီးထဲမှာ နေခဲ့ရတာ ဥဿဒရက်ငရဲမှာ ခံနေရသလိုပဲ။ ပြင်ပကို ကြည့်ခွင့်မှမရ။ ခု ဘီလူးမဘေးရန်က လွတ်သော်လည်း မအိုဘဲ၊ မနာဘဲ၊ မသေဘဲ နေရမည် မဟုတ်၊ မင်းအဖြစ်ကို ငါအလိုမရှိ၊ မင်းဖြစ်ပါက ထွက်ဖို့ မလွယ်တော့။ ယနေ့ပင် ခမည်းတော်ထံမှာ ခွင့်ပန်ကာ ဟိမဝန္တာသို့ သွားကာ ရဟန်းပြုတော့မည်"ဟု ကြံစည်မိလေ၏။

---

**ရွှေတံတားစာပေ**

မင်းသားသည် ခမည်းတော်ထံ အခစားဝင်ကာ ရှိခိုးလျက် နေ၏။ ခမည်းတော်သည် မင်းသား၏ တင့်တယ်ခြင်းကို ကြည့်ကာ အားကြီးသော ချစ်ခြင်းဖြင့်– "အမတ်တို့၊ ငါ၏သားတော်ကို ရတနာအစုမှာတင်ကာ အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်"ဟု အမတ်တို့အား မိန့်တော်မူလေ၏။

မင်းသားက "ဖခမည်းတော်၊ သားတော်သည် မင်းအပြစ်ကို မလိုပါ၊ ရဟန်းပြုပါတော့အံ့၊ ခွင့်ပြုတော်မူပါ"ဟု ပြောဆိုခွင့် တောင်းလေ၏။ မင်းကြီးက "သားတော် မင်းမပြုလိုဘဲ ဘာကြောင့် ရဟန်းပြုချင်တာလဲ"ဟု မေးရာ မင်းသားက "ခမည်းတော်ဘုရား၊ သားတော်သည် အမိဝမ်းထဲမှာ ဆယ်လပတ်လုံး ဘင်ပုပ်ငရဲခံရသလို နေခဲ့ရပါတယ်။ အပြင်ရောက်ပြန်တော့လည်း တစ်ဆယ့်ခြောက်နှစ် ပတ်လုံး သံအိမ်ကြီးထဲမှာ ဉဿဒရက်ငရဲခံရသလို နေလာခဲ့ရပါတယ်။ ခုလို လွတ်ခဲ့ပြန်သော်လည်း အို၊ နာ၊ သေဘေးမှ လွတ်မှာ မဟုတ်ပါ။ မအို၊ မနာ၊ မသေတော့တဲ့ တရားကို ရဟန်းပြုပြီး အားထုတ်ဖို့ပါပဲ"ဟု ဖြေကြားလေ၏။ ထို့နောက် မင်းသားက ဆက်လက်၍ "ခမည်းတော်မင်းကြီး၊ သတ္တဝါမှန်မျှ အမိဝမ်းမှာ ဆင်းရဲစွာ အောင်းရပြီး မွေးလာတော့လဲ အို၊ နာ၊ သေဆိုတဲ့ ဆင်းရဲက မလွတ်ပါ။ စစ်သည်ဗိုလ်ပါတို့သည် ရန်အပေါင်းကို အောင်မြင်အောင် တိုက်ခိုက်နိုင်သော်လည်း သေမင်းကိုတော့ နိုင်အောင် မတိုက်နိုင်ကြပါ။ အရှုံးပေးရမည်သာတည်း။ ဆင်၊ မြင်း၊ ရထား၊ ခြေသည်တို့ ခြံရံလျက်ရှိသော အချို့မင်းတို့သည် ရောက်လာသော ဘေးမှ လွတ်ထွက်နိုင်သော်လည်း သေမင်းလာပါက မလွတ်နိုင်ကြ တော့ပါ။ ခမည်းတော် ရဲရင့်စွာဖြင့် လေးအတတ်ကို တတ်သော လေးသမားသည် အဝေးသို့ ပစ်နိုင်သော်လည်း အက္ခဏဝေဒိ

စသော လေးသမားတို့သည် ပစ်နိုင်စွမ်း ရှိသော်လည်း ရှင်သေမင်းကို မပစ်နိုင်စွမ်းကြပါ။ ခမည်းတော်ဘုရား, အနောတတ် စသော အိုင်ကြီးတို့သည်လည်းကောင်း၊ တောင်တောနှင့်တကွသော မြေကြီးတို့သည် အချိန်တန်က ခန်းခြောက်ပျက်စီးကြရသည်သာ၊ ပျက်ချိန်ရောက်က ပျက်ရမည်သာ။ ထို့ကြောင့် ရဟန်းဝတ်ဖြင့်သာ တရားကျင့်လိုပါသည်။

"ခမည်းတော်၊ သစ်ရွက်သစ်သီးတို့ ကြွေကျကုန်သကဲ့သို့ ယောက်ျား၊ မိန်းမ ကြီးငယ်မဟူ ဥဘတောဗျည်းနှင့် နပုန်းပဏ္ဍုက်ဟူသော လူသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ မြေသို့ ကျကြရသည်သာ။ သတ္တဝါတို့၏ အရွယ်သည် လမင်းနှင့်တူ၍ လဆုတ်၍ကုန်ပြီးသော် လဆန်း၌ ပြည့်ပြန်ခြင်းမရှိ။ စင်စစ် အရွယ်သည် ရှေ့သို့သာ သွားနေ၏။ သွားနေသော အရွယ်ကား နောက်သို့ ပြန်မဆုတ်တော့။ အိုပြီးသောသူအား ကာမဂုဏ်မှာ မွေ့လျော်ခြင်းမရ၊ ချမ်းသာခြင်း မရှိပါ။ ထို့ကြောင့် သားတော်ရဟန်းပြုကာ တရားကျင့်လိုပါသည်။

ထို့နောက် မင်းသားက ဆက်လက်၍ "ခမည်းတော်၊ တန်ခိုးကြီးသော ဘီလူး၊ မြေဘုတ် ပြိတ္တာတို့သည် အမျက်ထွက်ကာ လူတို့ကို ထွက်သက်လေဖြင့် ပုတ်ခတ်ကာ သတ်နိုင်ကြ၏။ ပူးဝင်နိုင်ကြ၏။ သေမင်းကိုကား ပုတ်ခတ်၍ မသတ်နိုင်၊ မပူးဝင်နိုင်၊ အရှုံးပေးရမည်သာပင်။ ဘူတဝိဇ္ဇာအတတ်ကို တတ်သော ဆေးသမားတို့သည် ဘီလူး၊ မြေဘုတ်ဘီလူးနှင့် ပြိတ္တာတို့ကို ပူဇော်သကာယပြုခြင်းဖြင့် ဒေါသကို ပြေစေနိုင်၊ သည်းခံစေနိုင်ကြပါ၏။ သေမင်းကိုကား ပူဇော်ခြင်းပြု၍ သည်းခံစေခြင်းငှာ မတတ်နိုင်ပါ။ ထို့ကြောင့် သားတော်ရဟန်းပြုကာ တရားကျင့်လိုခြင်းပါ။

---

**ရှေ့တံတားစာပေ**

ခမည်းတော်၊ သေမင်းသည် ဤသူကား မင်း၊ ဤသူကား ပုဏ္ဏား၊ ဤသူကား သူဌေးသူကြွယ်၊ ဤသူကား ခွန်အားကြီးသူ၊ ဤသူကား တန်ခိုးကြီးသူဟူ၍ ငဲ့ကွက်ခြင်း မရှိပါ။ ထို့ကြောင့် ရဟန်းပြုကာ တရားအားထုတ်လိုခြင်း ဖြစ်ပါ၏။

ခမည်းတော်၊ အဆိပ်ပြင်းသောမြွေသည် ဒေါသဖြစ်သော် လူတို့ကို ကိုက်သတ်နိုင်ကြ၏။ သေမင်းကိုကား မကိုက်နိုင်ကြကုန်။ ထိုမြွေကိုက်ခံရသော လူနာကို ဆေးသမားသည် ဆေးကု၍ အသက်ကို ကယ်နိုင်၏။ အဆိပ်ကို ပျောက်နိုင်၏။ သေမင်းကိုကား အဆိပ် မပျောက်နိုင်ပါ။ အရှုံးပေးရသည်သာ။ ခမည်းတော်၊ ကုသိုလ်တရားသည် တရားကျင့်သူကို စင်စစ်စောင့်ရှောက်၏။ ကောင်းစွာ ကျင့်အပ်သော ကုသိုလ်တရားသည် လူ၊ နတ်၊ ဗြဟ္မာ သုံးတန်သော ချမ်းသာကို ဆောင်ပါ၏။ ထိုကဲ့သို့ ချမ်းသာကို ရွက်ဆောင်ခြင်းကား ကောင်းစွာ ကျင့်အပ်သော ကုသိုလ်တရား၏ အကျိုးတည်း။ ကုသိုလ်တရားကို ကျင့်သောသူသည် အပါယ်လေးပါးသို့ မလားရ။ အကုသိုလ်တရားသည် ငရဲသို့ ရောက်စေ၏။ ကုသိုလ်တရားသည် သုဂတိသို့ ရောက်စေတတ်၏။

မင်းသားသည် ဤသို့ တရားဟောပြီးလျှင် "တိုင်းပြည်သည် ခမည်းတော်၏ တိုင်းပြည်ပင် ဖြစ်ပါစေ၊ သားတော် အလိုမရှိပါ။ စင်စစ်ကား ယခု သားတော်နှင့်ခမည်းတော်တို့ စကားပြောနေကြစဉ်မှာပင် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ ရောက်လာကုန်သည်။ သို့အတွက် ခမည်းတော်တို့သာ နေရစ်ကြပါတော့"ဟု ပြောဆိုပြီး ခမည်းတော်၊ မယ်တော်တို့အား ကန်တော့ပြီးလျှင် မြို့တော်မှ ထွက်ခွာလေ၏။

ခမည်းတော်မင်းကြီးလည်း တရားသံဝေဂရကာ သားတော်

နှင့် တစ်ပါတည်း လိုက်တော်မူ၏။ မိဖုရားကြီးနှင့် ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ မြို့သူမြို့သား၊ အားလုံးသည် ပစ္စည်းဥစ္စာတို့ကို စွန့်ခွာပြီး တောထွက်ကြကုန်၏။ "အယောဃရ" မင်းသားသည် ပရိသတ်တို့အား ဟိမဝန္တာသို့ ခေါ်ဆောင်သွားလေ၏။

သိကြားမင်းသည် ထိုအကြောင်းကို သိလေလျှင် ဝိသကြုံနတ်သားကို ခေါ်ကာ ကျောင်းသခ်မ်း၊ ပရိက္ခရာ စသည်တို့ ပြည့်စုံအောင် ဖန်ဆင်းပေးစေ၏။ အယောဃရ မင်းသားမှစ၍ အားလုံးသောသူတို့သည် ရသေ့ရဟန်း ပြုကြလေကုန်၏။

(ဂေါတမဘုရား လက်ထက်တော်တွင် ခမည်းတော်၊ မယ်တော်တို့သည် သာကီဝင်မင်းမျိုး။ ကြွင်းသော သူတို့သည် မြတ်စွာဘုရား၏ ပရိသတ်။ အယောဃရ ပညာရှိမင်းသားသည် ဂေါတမဘုရား ဖြစ်တော်မူ၏။)

**(အယောဃရဇာတ်တော်)**

* * *

# နတ်မျက်စိကို ရရှိသော ပါရမီရှင်မြတ်

လွန်လေပြီးသောအခါက သိဝိတိုင်း အရိဋ္ဌပုရပြည်ဝယ် သိဝိမင်းစိုးစံလျက်ရှိရာ သားတော်တစ်ပါး ဖွားမြင်လာ၏။ သိဝိမင်းသားဟု အမည်မှည့်၏။ အရွယ်ရောက်လာသောအခါ၌ တက္ကသိုလ်ပြည်ဝယ် အတတ်ပညာတို့ကို သင်ကြားပြီးလျှင် မင်းအဖြစ်ကို ရ၍ အဂတိမလိုက်စားဘဲ တရားသဖြင့် မင်းပြုလေ၏။

သိဝိမင်းသည် အလှူဒါနအမြဲပြု၏။ မြို့တံခါးလေးမျက်နှာ၊ မြို့လယ်၊ နန်းတော်တံခါးခြောက်ဌာနတို့၌ အလှူတင်းကုတ်ခြောက်ဆောင်ဆောက်လုပ်လျက် နေ့စဉ် ခြောက်သိန်းမျှ အသပြာကျသော ဥစ္စာပစ္စည်းတို့ကို စွန့်လွှတ်ကာ အလှူကြီး ပေးလေ၏။ လစဉ် ၈–ရက်၊ ၁၄–ရက်၊ ၁၅–ရက်တို့၌ မင်းကြီးကိုယ်တိုင် အလှူတင်းကုတ်တို့ကို လှည့်လည်၍ ကြည့်ရှုတော်မူ၏။

တစ်နေ့သ၌ မိုးသောက်စအခါ မြတ်သော ပလ္လင်ပေါ်မှာ ထိုင်လျက် ပေးလှူအပ်သောဒါနကို ဆင်ခြင်သည်ရှိသော် "ငါကား အလုံးစုံသော အလှူကို ပေးလှူခဲ့ဖူးပြီ၊ ငါမလှူဖူး :တာ မရှိ၊ အကယ်၍သာ တစ်စုံတစ်ယောက်သည် ငါ၏မျက်စိကို အလှူခံလာငြားအံ့။ ငါသည်

မတုန်မလှုပ်ဘဲ ပေးလှူပါအံ့”ဟု ဗာဟိရအပဖြစ်သော အလှူတို့၌ မရောင့်ရဲနိုင်ဘဲ မိမိကိုယ်မှ ပစ္စည်းတို့ကို ပေးလှူတော့မည်ဟု အကြံအစည် ဖြစ်ပေါ်လာ၏။ ထို့နောက် မင်းကြီးသည် နံ့သာရေမိုးချိုးပြီးနောက် မြတ်သောဆင်ကိုစီးကာ အလှူတင်းကုတ်ရှိရာသို့ အခါတိုင်းကဲ့သို့ ကြည့်ရှုရန် သွားတော်မူ၏။

သိဝိမင်းကြီး၏ ထက်သန်သော ဒါနအကြံအစည်ကို သိကြားမင်း သိရသော် ဤမင်းကြီးကား သူကြံစည်တိုင်း ပေးလှူနိုင်ပါမည်လောဟု စုံစမ်းရန် မျက်မမြင်ပုဏ္ဏားသဏ္ဍာန်ပြုလျက် မင်းကြီးလာရာလမ်းတွင် မြင့်စောက်သောနေရာတစ်ခုမှနေ၍ လက်ကို ဖြန့်ပြီးလျှင် “အောင်စေသတည်း၊ အောင်စေသတည်း”ဟု ကြွေးကြော်ကာ နေလေ၏။ သိဝိမင်းကြီးသည် ပုဏ္ဏား၏ အသံကြားရာဆီသို့ ဆင်တော်ကို နှင်စေကာ “ပုဏ္ဏား---သင်ဘာကို အလိုရှိနေပါသလဲ”ဟု မေးလေ၏။ မျက်မမြင်ပုဏ္ဏားအိုက “မြတ်သောမင်းကြီး၊ အလွန်အိုသဖြင့် အဝေးသို့ မမြင်နိုင်၍ ကျွန်ုပ်အား သင့်မျက်စိတစ်လုံးကို ပေးလှူတော်မူပါ”ဟု အလှူခံလေ၏။

မင်းကြီးက “သင်သည် မျက်စိကို အလိုရှိ၍ အလှူခံလာဘိ၏။ သင်အလိုရှိတောင့်တတိုင်း ပြည့်ဝစေသတည်း” “အို--ပုဏ္ဏား မျက်စိတစ်လုံးကို အလှူခံလာသော သင့်အား ငါ၏ မျက်စိနှစ်လုံးကို ပေးလှူအံ့၊ သင်သည် မျက်စိနှင့် ပြည့်စုံသည်ဖြစ်၍ လူအပေါင်းကို ကြည့်ရှုလျက် သွားပါလော့၊ သင်အလိုရှိရာ ပြည့်စုံပါစေသတည်း”ဟု မျက်စိလှူရန် ကတိပြုပြီးနောက် ပုဏ္ဏားကိုခေါ်ကာ နန်းတော်သို့ သွားလေ၏။ သိဝိမင်းကြီး မျက်စိလှူတော့မည်ကို သိသွားသော လူအပေါင်းသည် အုက်အုတ်ကျွက်ကျွက် ဖြစ်နေကြလေ၏။

---

ထိုအခါ မင်းကြီးနှင့် အကျွမ်းဝင်သော မှူးမတ်တို့က လည်းကောင်း၊ မောင်းမတို့ကလည်းကောင်း၊ လူအပေါင်းတို့က လည်းကောင်း မင်းကြီးထံမှာ စုဝေးလာလျက် "အရှင်မင်းကြီး မျက်စိကို မလှူပါနှင့်၊ ကျွန်ုပ်တို့အား မစွန့်လွှတ်ပါနှင့်၊ များစွာသော ကျောက်မျက်ပုလဲရတနာတို့ကို ပေးလှူတော်မူပါ"

"အရှင်မင်းကြီး က,အပ်သောရထား၊ တန်ဆာဆင်အပ်သော အာဇာနည်မြင်း၊ ရွှေကြိုး၊ ရွှေကွန်တက်တင်အပ်သော ဆင်တို့ကို မေးလှူတော်မူပါ"

"အရှင်မင်းကြီး--ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်နှင့် တကွ မင်းကြီးကို ခြံရံနေသော ပြည်သူပြည်သားအားလုံးကို ပေးလှူ တော်မူပါလော့"ဟု တားမြစ်လာကြလေ၏။

ထိုအခါ မင်းကြီးသည် ရောက်လာသော ပရိသတ်တို့အား မိမိ၏ ဝန်ခံချက်ကို ရှင်းလင်းပြောကြားလို၍-

"အို--အချင်းတို့စင်စစ် ပေးလှူအံ့ဟုဆိုပြီးလျက် မပေးလှူ သော သူသည် ယုတ်မာသော သူတို့အောက် အထူးသဖြင့် ယုတ်မာ၏။ ယမမင်း၏ နိုင်ငံသို့ ရောက်ရ၏"

"အို--အချင်းတို့ တောင်းလာသော ဝတ္ထုကိုသာ ပေးလှူပါအံ့၊ မတောင်းတာကို မပေးလှူပါ၊ ပုဏ္ဏားတောင်းလာသော ငါ့မျက်စိကိုသာ ပေးလှူပါအံ့"ဟု မဆုတ်မနစ် အတိအလင်း ပြောပြ၏။

ထိုအခါ အမတ်တို့က မင်းကြီး၏ ပေးလှူဒါန၏ ရည်ရွယ် ချက်ကို သိလိုကြသဖြင့် "အရှင်မင်းကြီး အသက်ရှည်ခြင်းကို တောင့်တ၍ ပေးလှူသလော၊ အဆင်းလှလို၍ ပေးလှူသလော၊ ချမ်းသာခြင်းကို တောင့်တ၍ ပေးလှူသလော၊ ခွန်အားကြီးလို၍ ပေးလှူသလော၊ အဘယ်ဝတ္ထုကို တောင့်တ၍ ပေးလှူသလော၊

အရှင်မင်းကြီးသည် တမလွန်လောကဟူသော အကြောင်းကြောင့် ပေးလှူသလော”ဟု မေးလျှောက်ကုန်၏။

သိဝိမင်းကြီးက “အချင်းတို့၊ ငါ၏မျက်စိကို ပေးလှူခြင်းကား သားသမီး အခြံအရံ စည်းစိမ်ချမ်းသာ ပြည်ရွာတိုင်းကား ဥစ္စာများကို တောင့်တ၍ ပေးလှူခြင်းမဟုတ်။ ရှေးသူတော်ကောင်းတို့တရားကို ကျင့်လို၍ ငါ့စိတ်သည် အလှူ၌သာ မွေ့လျော်၏”ဟု တရားဟော လေ၏။ အမတ်တို့ကား ပြောစရာ မရှိတော့ပြီ ဖြစ်၍ ဆိတ်ဆိတ်သာ နေကြရကုန်၏။

ထို့နောက် သိဝိမင်းကြီးသည် သိဝိကဆေးဆရာအား “အချင်းသိဝိက သင်ကား ငါ၏ ချစ်ကျွမ်းဝင် မိတ်ဆွေပင်။ ဆေးအတတ်ကို ကောင်းစွာ တတ်မြောက်၏။ ငါ့စကားကို ကောင်းစွာ နားထောင်ပါ။ ငါ၏ မျက်စိကို ထုတ်ဆောင်ပြီး ဤအလှူခံကို ပေးပါလော့”ဟု အမိန့်ပေးလေ၏။

သိဝိကဆေးဆရာက အရှင်မင်းကြီး မျက်စိကို ပေးလှူခြင်း ကား ခဲယဉ်းလှ၏။ ဆင်ခြင်ပါဦးလော့”ဟု သတိပေးစကား လျှောက်ထား၏။

မင်းကြီးသည် “ဆရာသိဝိက၊ ငါစုံစမ်းဆင်ခြင်ပြီးပြီ၊ ကြာရှည်အောင် မလုပ်ပါနှင့်၊ စကားများများမပြောပါနှင့်”ဟု တစ်ချက်လွှတ်အမိန့်ပေး၏။ ထိုအခါ သိဝိကဆေးဆရာမှာ “ငါကဲ့သို့ တတ်မြောက်သောဆေးဆရာမှာ မင်းကြီး၏ မျက်စိကို ဓားဖြင့် ထုတ်ယူခြင်းငှာ မသင့်လျော်ပေ”ဟု အထူးထူးသော ဆေးတို့ကို ကြိတ်စည်ဖော်ထုတ်ပြီး လက်ျာဘက်မျက်စိကို သွင်းလေ၏။ သူက “အရှင်မင်းကြီး၊ ဆင်ခြင်ပါဦး၊ ပကတိအတိုင်းပြု၍ ရနိုင်ပါ သေးသည်”ဟု ပြော၏။ မင်းကြီးက “အမောင်ဆေးဆရာ ရအောင်သာ

ထုတ်ပါ၊ ကြာအောင် မလုပ်ပါနှင့်”ဟု ပြော၏။ ဆရာသိဝိကလည်း မျက်စဉ်းကို ခပ်ပေး၏။

ထိုအခါ မျက်စိသည် မျက်လုံးအိမ်မှ ကျွတ်ထွက်လာ၏။ ပြင်းစွာသော ဝေဒနာ ခံစားရရှာ၏။ ဆေးဆရာက “အရှင်မင်းကြီး ပကတိအတိုင်း ပြန်ရအောင် တတ်နိုင်ပါသေးသည်၊ ဆင်ခြင်ပါဦး”ဟု ပြန်ပြော၏။ ဆေးဆရာက အလွန်ပြင်းသော မျက်စဉ်းကို ခပ်ပြန်ရာ ဆေး၏ အာနုဘော်ကြောင့် မျက်စိသည် မျက်လုံးအိမ်မှ ကျွတ်ထွက်ပြီးနောက် သွေးမျှင်ကြောများဖြင့် တွဲလွဲကျနေ၏။ ဆေးဆရာကလည်း “အရှင်မင်းကြီး ပကတိအတိုင်း ပြုပြင်၍ ရနိုင်ပါသေးသည်။ ဆင်ခြင်ပါဦး”ဟု ပြောရာ မင်းကြီးက “အမောင် ကြာရှည်အောင် မလုပ်နေပါနှင့်၊ ခပ်မြန်မြန်ရအောင် ထုတ်ပါ”ဟု ပြောလေ၏။ ထိုအခါမှ ဆေးဆရာက လက်ျာလက်ဖြင့် မျက်ကြောများကို ဓားငယ်ဖြင့် ဖြတ်ပြီး မျက်စိကို ယူကာ မင်းကြီး၏ လက်ဝါးပေါ်သို့ တင်ပြလေ၏။

မင်းကြီးသည် ပုဏ္ဏားအိုအား ခေါ်ပြီး “ငါသည် မျက်စိထက် အဆ ရာ၊ ထောင်၊ သောင်း၊ သိန်းတို့ဖြင့် သဗ္ဗညုတဉာဏ်တော် တည်းဟူသော မျက်စိကိုသာလျှင် ချစ်ခင်နှစ်သက်တော်မူ၏”ဟု မိန့်တော်မူပြီးလျှင် (ဤမျက်စိအလှူသည် ငါ့အား သဗ္ဗညုတဉာဏ် တော်ရကြောင်း အထောက်အပံ့ ဖြစ်စေသတည်း)ဟု ဆုတောင်းကာ ပုဏ္ဏားအိုအား ပေးလှူလေ၏။ ပုဏ္ဏားသည် မင်းကြီးလှူသော မျက်စိကို ယူပြီး သူ့မျက်ကွင်းမှာ တင်ထား၏။ မင်းကြီးသည် လက်ဝဲဘက်ရှိ မျက်စိဖြင့် ပုဏ္ဏားအိုကို မြင်ရသော် ပီတိဖြစ်လျက် ကျန်ရှိနေသော ထိုမျက်စိကိုလည်း ဆေးသမားသိဝိကအား ထုတ်စေကာ လှူပြန်၏။ မျက်စိနှစ်ကွင်း အလင်းရသောအခါ ပုဏ္ဏားအိုသည်

နန်းတော်မှ ထွက်ကာ မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်လေ၏။

သိဝိမင်းကြီးသည် မကြာမြင့်မီမှာပင် မျက်စိနှစ်ကွင်းမှာ အသားနုများတက်ခါ ဆေးရေးထားသကဲ့သို့ မျက်စိအရာ ထင်လာ၏။ သို့ရာတွင် ပြင်းပြနာကျင်သော ဝေဒနာကို ခံစားတော်မူရရှာလေ၏။ နှစ်ရက်သုံးရက်ခန့် ပြာသာဒ်တော်မှာနေသော် "ငါသည် သူကန်းအဖြစ်နှင့် မင်းပြုရ၍မဖြစ်တော့"ဟု ဆုံးဖြတ်ကာ အမတ်တို့အား တိုင်းပြည်ကို အပ်နှင်းပြီးလျှင် ရသေ့ရဟန်းအဖြစ်နှင့် မွေ့လျော်တော့မည်ဟု အလုပ်အကျွေးတစ်ယောက် အဖော်ယူကာ ဥယျာဉ်တော်မှာ နေတော်မူ၏။ ထက်ဝယ်ဖွဲ့ခွေနေလျက် မျက်စိလှူရခြင်းကုသိုလ်ကိုသာ ဆင်ခြင်၍ အာရုံပြုကာ နေလေ၏။

သိကြားမင်း သိလေသော် မင်းကြီးအား ဆုပေးကာ မျက်စိနှစ်ကွင်း အလင်းရစေမည်ဟု လူ့ပြည်သို့ ဆင်းလာ၏။ သိဝိမင်းကြီးသည် သူ့အနီးမှာ ခြေသံကြားရသောအခါ "မည်သူပါနည်း၊ မည်သူ၏ ခြေသံပါနည်း"ဟု မေးလေ၏။

သိကြားမင်းက "ကျွန်ုပ်သိကြားမင်းပါ၊ မျက်မမြင်ဖြစ်နေသော ရှင်မင်းကြီးအား ဆုပေးရန် ရောက်လာပါသည်၊ လိုရာဆုကို တောင်းပါ"ဟု မေးလေ၏။

မင်းကြီးက "ရှင်သိကြားမင်း၊ ငါ့မှာ ရွှေရုံသင်းပင်းမိုလ်ပါလည်း များလှပါ၏။ ကျီကျပစ္စည်းလည်း များလှပါ၏။ သို့ရာတွင် မျက်စိကွယ်သဖြင့် သေခြင်းဆုကိုသာ လိုချင်ပါ၏"

ထိုအခါ သိကြားမင်းက "သင်မင်းကြီး အကယ်သေလို၍ သေခြင်းကို နှစ်သက်ခြင်းလော၊ မျက်စိကွယ်ရခြင်းကြောင့် သေလိုသလော၊ အလှူမည်သည် တမလွန်အကျိုးငှာ ပေးလှူအပ်သော်လည်း

ပစ္စုပ္ပန်အကျိုးငှာလည်း အထောက်အပံ့ ဖြစ်ပါ၏။ သင်မင်းကြီးသည် သစ္စာကို ဆိုပါလော့၊ သစ္စာဆိုလျှင် မျက်စိတို့ နောက်တစ်ဖန် ဖြစ်လာကုန်လတ္တံ့."ဟု ပြောလေ၏။ မင်းကြီးက သိကြားမင်းအား "အကယ်၍ ငါ့အား မျက်စိတို့ကို ပေးကိုအံ့၊ ဥပါတမည် မပြုပါနှင့်။ ငါ၏ အလှူ အကျိုးဆက်ဖြင့်သာ မျက်စိတို့ ဖြစ်ပါစေလော့"ဟု ပြော၏။

သိကြားမင်းက "ရှင်မင်းကြီး ကျွန်ုပ်သည် နတ်တို့၏ အရှင်သိကြားမင်းပင် ဖြစ်သော်လည်း သူတစ်ပါးအား မျက်စိတို့ကို မပေးနိုင်ပါ။ ရှင်မင်းကြီး၏ မျက်စိဒါနအစွမ်းဖြင့်သာ မျက်စိတို့ ဖြစ်လာကုန်လတ္တံ့."ဟု ပြောလေ၏။

ထိုအခါ မင်းကြီးသည် "အထူးထူးသော အလှူခံတို့တွင် ငါ့ကို တောင်းသောသူကို ငါသည် စိတ်ဖြင့် ချစ်မြတ်နိုးအပ်၏။ ဤကဲ့သို့ မှန်သောစကားကို ဆိုရခြင်းကြောင့် ငါ၏ မျက်စိသည် မူလဖြစ်မြဲတိုင်း ပြန်ဖြစ်လာပါစေသတည်း"ဟု သစ္စာဆိုလေ၏။ ထိုအခိုက်မှာပင် မျက်စိသည် ယခင်ကကဲ့သို့ ပြန်ဖြစ်လာလေ၏။

ထို့နောက်တစ်ဖန် မင်းကြီးသည် "ပုဏ္ဏားသည် ငါ၏ မျက်စိကို လို၍ အလှူခံ၏။ ငါပေးလှူခဲ့ပြီ၊ လှူရခြင်းကြောင့် ငါ ဝမ်းမြောက်ရ၏။ လွန်စွာနှစ်သက်၏။ ဤမှန်သော သစ္စာစကားကြောင့် ငါ့အား နှစ်ခုမြောက်မျက်စိတို့ ဖြစ်မြဲမူလအတိုင်း ဖြစ်ပါစေသတည်း"ဟု နှစ်ကြိမ်မြောက် သစ္စာပြုလေ၏။ ထိုခဏမှာပင် မျက်စိနှစ်ကွင်း အလင်းရလာတော့သည်။ သိဝိမင်းကြီး မျက်စိပြန်ရလာသောအခါ၌ သိကြားမင်းသည် မိမိ၏ အာနုဘော်ဖြင့် တိုင်းသူပြည်သားတို့အား သိစေ စုဝေးစေလျက် မင်းကြီးထံ ရောက်လာကြကုန်၏။ လက်ဆောင်ပဏ္ဏာများ ပို့ဆက်ကြကုန်၏။

---

ရွှေတံတားစာပေ

သိဝိမင်းကြီးက "အို--သိဝိတိုင်းသူပြည်သားတို့ အဘယ်သူသည် မိမိနှစ်သက်သော ဥစ္စာကို ပေးလှူအံ့နည်း၊ အကယ်စင်စစ် ပေးလှူအပ်၏။ သိဝိတိုင်းသူပြည်သားတို့ ငါ၏ အလင်းရပြီဖြစ်သော မျက်စိကို ကြည့်ရှုကြကုန်၊ ငါ၏ လူမျက်စိကို ပေးလှူလိုက်သော ဒါနကုသိုလ် အကျိုးအားကြောင့် ယခုငါ၏ မျက်စိမှာ နတ်မျက်စိအဖြစ် ရရှိခဲ့ပေပြီ။ ငါ့မျက်စိမှာ နံရံ။

တောတောင်တို့ကို ဖောက်ထွင်းကျော်လွန်လျက် ထက်ဝန်းကျင် ယူဇနာတစ်ရာတိုင် မြင်နိုင်၏။ နတ်မျက်စိပင်တည်း။ ဤလောက၌ သတ္တဝါတို့အား စွန့်ကြဲခြင်းထက် လွန်မြတ်သော တစ်စုံတစ်ခုသော တရားမရှိ။ ထို့ကြောင့် လူမျက်စိကို ပေးလှူပြီး ကုသိုလ်ဆက်ကြောင့် ယခုနတ်မျက်စိကို ရခြင်းပင်တည်း။ သင်တို့လည်း၊ အလှူဒါနပြုကြကုန်၊ မမေ့မလျော့စေနှင့်"ဟု တရားဟောကြားတော်မူလေ၏။

ထိုနေ့မှစ၍ လခွဲလျှင်ကစ်ကြိမ် လူတို့အား စုဝေးစေ၍ တရားဟောတော်မူလေရာ လိုက်နာကျင့်သုံးသူ အပေါင်းသို့ ကောင်းရာသုဂတိနတ်ပြည်သို့ လားကြလေကုန်သတည်း။

ဂေါတမရှင်တော်ဘုရားပွင့်တော်မူသောအခါ
သိဝိကဆေးသမားသည် အရှင်အာနန္ဒာ။
သိကြားမင်းသည် အနုရုဒ္ဓါမထေရ်မြတ်။
သိဝိမင်းကြီးသည် ဂေါတမမြတ်စွာဗုဒ္ဓဖြစ်တော့်မူ၏။

**(သိဝိဇာတ်)**

❋ ❋ ❋

**ရွှေတံတားစာပေ**

# မိခင်၏မေတ္တာကြီးမားပုံ သိကြားမင်းက သိစေပုံ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရှိနေစဉ် သိတင်းသည် တစ်ယောက်သည် မြတ်စွာဘုရားထံမှာ သီလခံယူလာလေ့ရှိ၏။ တစ်နေ့၌ သိတင်းသည်က မြတ်စွာဘုရားအား လက်အုပ်ချီလျက် "အရှင်ဘုရား၊ သည်ယနေ့မှာ တပည့်တော်၏ ဇနီးမိုက်သည် တပည့်တော်၏ မိခင်အား မလိုမုန်းထား၍ တပည့်တော်အား အမောင်ရဲ့ မိခင်ကို စွန့်ပစ်ပါ။ မစွန့်နိုင်ပါက ကျွန်မသွားတော့မည်" ဟုပြောလာပါသည်။ တပည့်တော်က သူ့ကို အလိုလိုက်ထားသဖြင့် ရောင့်တက်နေသော မယားမိုက်အား "ဟယ် မယားမိုက်၊ ငါ့မွေးသမိခင် ကျေးဇူးရှင်ကို မစွန့်နိုင်၊ မနေနိုင်ရင် နင်ပဲ ဆင်းသွားပေတော့လို့ သူ့ကို နှင်ပါတယ်ဘုရား၊ ဒီတော့မှ မယားမိုက်ဟာ အသိစိတ်ဝင်ပြီး အလျှင်ကလို ယဉ်ကျေးလာပါတယ် ဘုရား" ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားက "ငါ၏ သားတပည့်၊ သင်သည် ယခုဘဝမှာ အမိကျေးဇူးကို သိလို့ နှင်မပစ်ဘဲ ကောင်းစွာထားနိုင်တာဟာ ရှေးတစ်ဘဝတုန်းက သင့်ကို ငါဆုံးမခဲ့လို့သာ

သင်ဟာ နောက်ဘဝတွေမှာ သိတတ်လာရတာ။ သံသရာတစ်ဘဝမှာတုန်းက သင်ဟာ မယားစကားကို နားယောင်ပြီး အမိကို ရိုက်ပုတ် နှင်ထုတ်ခဲ့ဖူးတယ်။ ငါလာပြီး ဆုံးမလို့သာ သင်ဟာ အပြစ်မှ ကင်းလွတ်ခဲ့ရတယ်" ဟုမိန့်တော်မူကာ အတိတ်ဘဝက သိတင်းသည်၏ ဇာတ်ကြောင်းကို ဖော်ပြမိန့်မြွက် တော်မူလေ၏။

## သိတင်းသည်၏ အတိတ်ဘဝ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် သာမန်လူဆင်းရဲတစ်ယောက်သည် ဖခင်သေဆုံးသောအခါ သူ့မိခင်အား ဖခင်၏ကိုယ်စားရှာဖွေကျွေးမွေးကာ ပြုစုလုပ်ကျွေးနေလေ၏။ မိခင်အိုသည် သားအား အိမ်ထောင်ပြုစေလို၍ အဖန်ဖန် နားချပြီး သင့်တော်ရာ အမျိုးသမီးနှင့် လက်ဆက်ပေးစားလေ၏။ ချွေးမသည် ရောက်ခါစ၌ အလွန်လိမ္မာ၏။ မိခင်အိုကြီးအား သူ့မိခင်သဖွယ် ကောင်းစွာလုပ်ကျွေး ပြုစုလေ၏။ နှစ်အတန် ရလာသောအခါ ယောက္ခမအမယ်အိုအား မလိုမုန်းထားစိတ် ဖြစ်ပေါ်ကာ အတူမနေလိုသဖြင့် လင်ယောကျ်ား ပြန်လာတိုင်း ကုန်းချောစကား ပြောကာ ဆွဲဆောင်နေလေ၏။

သားဖြစ်သူသည် မယားက ပြောဖန်များလာသောအခါ မိခင်အိုသည် ကောင်းစွာ လုပ်ကျွေးပြုစုနေသည်ကို စိတ်ကွက်အောင် လုပ်သည်။ ပြုစုနေသူအတွက် စိတ်မကောင်းစရာ ဖြစ်နေချေပြီဟု ခံယူနေလေ၏။

တစ်နေ့မှာ အိမ်ထဲတွင် မစင်၊ တံတွေး စသည်များဖြင့် ပေရေညစ်ပတ်စွာ လုပ်ထားပြီးနောက် လင်ယောကျ်ား ပြန်လာ

သောအခါ သူက "အမောင်မြင်တဲ့အတိုင်းပါပဲ၊ မိခင်အိုဟာ ကျွန်မကို မလိုလို့ ဒီလိုပဲ လုပ်ထားတတ်ပါတယ်။ ကျွန်မကို ချစ်ခင်တာဖြင့် မိခင်ကို နှင်ပစ်ပါတော့၊ သူရှိရင် ကျွန်မ ဒီမှာ မနေလိုတော့ဘူး" ဟု ကုန်းချောပြောဆိုလေ၏။

သားမိုက်သည် မယားစကားကို ယုံစားပြီး သက်ရွယ်အိုမင်းလှပြီဖြစ်သော မိခင်အိုအား ရိုက်ပုတ်ကာ အိမ်မှ ထွက်သွားစေ၏။အမယ်အိုသည် ဆင်းရဲစွာဖြင့် သူ့တစ်ဝမ်းစာရေးအတွက် အိမ်တစ်အိမ်မှာ အစေအပါးအလုပ်ကို ဝင်လုပ်ကာ ဆင်းရဲစွာ နေရရှာလေ၏။ မိခင်အို အိမ်မှ ဆင်းသွားပြီး မကြာမီပင် ချွေးမမိုက်မှာ သားသမီးကိုယ်ဝန် ရလာလေ၏။ တစ်ချိန်လုံး သားသမီး မရနိုင်ဘဲ မြုံနေသော မိန်းမမှာ ကိုယ်ဝန်ရလာသောအခါ ချွေးမမိုက်က သူ့လင်အား "အမောင် ခုဆိုရင် အမယ်အို အိမ်ကဆင်းသွားလို့ အကုသိုလ်တွေ ပပျောက်ပြီး ကျွန်မတို့မှာ သားရလာပြီ။ အမယ်အို ရှိစဉ်က ကျွန်မတို့မှာ သားပင် မရနိုင်လောက်အောင် ကံဆိုးခဲ့ကြရတယ်" ဟု ပြောရာ သားမိုက်က သူ့မိခင်အကြောင်း မကောင်းပြောသည်ကို ယုံကြည်လျက် အလုပ်ပိုလုပ်ရာ စီးပွားချောင်လည်နေလေ၏။

ချွေးမမိုက်သည် ထိုမျှနှင့် မနေသေး။ "ကြည့်ကြပါဦး၊ အခုဆိုရင် အမိဆိုးမရှိတော့လို့ ကျွန်မတို့မှာ သားကလေး မွေးလာရတယ်၊ စီးပွားလည်း ဖြောင့်တယ်၊ အမေဆိုးကို နှင်ပစ်လိုက်တဲ့ အကျိုးပဲ" ဟု အရပ်ထဲ ပြောဆိုနေလေ၏။

ချွေးမမိုက်က လိုက်ပြောနေသော အကြောင်းတွေကို သူများအိမ်မှာ အစေအပါးလုပ်နေသော အမယ်အိုနားသို့ ကြားသိ သွားလေ၏။ အမယ်အို၏ စိတ်ထဲ၌"ဩော်--လောကမှာ အမှန်တရား မရှိတော့ပါကလား၊ မကောင်းမှု ပြုလိုက်ကြတဲ့ သားမိုက်နဲ့ ချွေးမ

မိုက်တို့ ဘာမှ ဒဏ်မသင့်ဘဲ ပိုလို့တောင် ပြည့်စုံချမ်းသာ နေကြပါကလား၊ တရားကွယ်ပါပြီ၊ တရားမှန် မရှိရင် ငါလဲသုသာန်မှာ သွားနေပြီး ဆွမ်းပဲ လောင်းနေရတော့မှာပဲ"ဟု တွေးကာ သုသာန်သို့ ထွက်ခွာလာခဲ့ရှာလေ၏။

"လောကမှာ တရားမရှိတော့၊ တရားကွယ်ချေပြီ" ဟု သဘောပိုက်လာသော အမယ်အိုသည် ဝတ်ဖြူစင်ကြယ်ကို ဝတ်ကာ သုသာန်တွင် လူသေဦးခေါင်းခွံ သုံးလုံးကို ယူ၍ ဖိုခနောက်လုပ်ကာ မီးမွှေးလေ၏။ "နှမ်းထမင်းချက်ပြီး ဆွမ်းလောင်းတော့မည်၊ မချက်မီ စင်ကြယ်အောင် ခေါင်းလျှော်မည်ဟု ရေတွင်ဆင်းကာ ရေချိုးပြီး ခေါင်းလျှော်၍ ဆံပင်ကို ဖြန့်ကာ ဆွမ်းချက်နေလေ၏။

သိကြားမင်းသည် လူ့ပြည်သို့ကြည့်သောအခါ သုသာန်မှာ ဆွမ်းချက်နေသော အမယ်အိုကို မြင်သဖြင့် ဤကိစ္စကို ငါရှင်းလင်းကယ်တင်မှသာ ဖြစ်တော့မည်ဟု ပုဏ္ဏားအို သဏ္ဍာန်ပြုကာ ဆင်းသက်လာလေ၏။ ပုဏ္ဏားအဘိုးအိုသည် ထမင်းချက်နေသော အမယ်အို အနားသို့ သွားရပ်ကာ "အမယ်အို၊ ဘယ်အတွက် ခုလို သုသာန်မှာ လာပြီး ချက်နေပါသလဲ" ဟု မေးလေ၏။ အမယ်အိုက အလှူခံ လိမ့်မည်ထင်၍ "ပုဏ္ဏားကြီး အခုချက်နေတာ သင့်အတွက် မဟုတ်ဘူး၊ ဆွမ်းလှူဖို့ ချက်နေတာ၊ လောကမှာ တရားကွယ်နေပြီ။ တရားမရှိတော့လို့ ဒီမှာလာပြီး ခုလိုကုသိုလ်ပြုဖို့ လုပ်နေရတာ" ဟု ပြန်ပြောလေ၏။ ထိုအခါ အဖိုးအိုက "အမယ်အို၊ ဘယ်လို ပြောလိုက်တာလဲ၊ လောကမှာ တရားစောင့်လျက် ရှိပါသေးတယ်။ အတုမရှိတဲ့ တန်ခိုးနဲ့ မျက်စိအမြင် တစ်ထောင်ရှိတဲ့ သိကြားမင်း ရှိပါတယ်။ ဘယ်အခါမှ မသေပါဘူး" ဟု ပြောရာ အမယ်အိုက သူ့အဖြစ်တွေကို ပြောလိုလာ၍ "ဒါဖြစ်ရင် ဘာဖြစ်လို့ မတရား

တာတွေ အောင်မြင်နေရတာလဲ၊ ကျုပ်မှာ သားနဲ့ ချွေးမက ရိုက်ပုတ်ပြီး နှင်ချလိုက်လို့ သူများရဲ့အိမ်မှာ အစေအပါးလုပ်စား နေရတယ်။ သူတို့က ရှိတဲ့ပစ္စည်းတွေ ယူထားလိုက်ကြလို့ ကျုပ်မှာ အထီးကျန်ပါပဲ၊ ခုတော့ ကျုပ်လဲထွက်လာရရော ၊သားမိုက်နဲ့ ချွေးမမိုက်တို့ဟာ အမြဲဘဝကနေပြီး သားကလေး မွေးလာတယ်၊ ပစ္စည်းဥစ္စာလည်း တိုးပွားနေကြပါတယ်၊ အမေကို ညှဉ်းဆဲပြီး နှင်ထုတ်တဲ့ မိသားစုတို့ဟာ ဘာ့ကြောင့် ချမ်းသာနေကြသလဲ၊ အကုသိုလ်လုပ်ပြီး ချမ်းသာနေကြတာဟာ တရားမရှိတော့လို့သာပေါ့" ဟု သူ့အကြောင်းကို ပြန်ပြောပြလေ၏။

ထိုအခါ ပုဏ္ဏားအိုက "အမယ်အို တရားရှိပါတယ်၊ကျုပ်ဟာ တရားကိုစောင့်ရတဲ့ သိကြားမင်းပါ၊ တရားကင်းမဲ့စွာ နှိပ်စက်ခံခဲ့ရတဲ့ သင့်ကို စောင့်ရှောက်ဖို့ ခုသင့်ဆီကို လာခဲ့တာပါ၊ အမယ်အို ပြောသလို တရားမရှိတဲ့ လူတွေ မတရားတာတွေပဲ ဖြစ်စေချင်ရင် သင့်သားနဲ့ သင့်ချွေးမမိုက် မွေးလာတဲ့ ကလေးပါ ပျက်စီးအောင် သင်က ပြန်လုပ်ပါလား။ ပြာမှုန့်နဲ့ဖြစ်သွားအောင် မတရားသူတွေကို ညှဉ်းဆဲပေါ့။ သင့်အတွက် ကျုပ်နတ်ပြည်က ဆင်းလာခြင်းပါ။ တရားဆိုတာ ရှိပါသေးတယ်။ သင်ပြုလိုက ပြန်ပြီးပြုလုပ်ပါ။ ကျုပ်က သင့်ကို စောင့်ရှောက်ဖို့ လာခဲ့တာပဲ" ဟု ပြောလေ၏။

ထိုအခါ အမယ်အိုက"တရားကို စောင့်တဲ့ ရှင်သိကြားမင်း၊ ကျုပ်မှာ သူတို့ကို ပြန်ပြီး ဒုက္ခရောက်စေဖို့ မလုပ်လိုပါဘူး၊ ဘုရားသဖြင့် မဖြစ်ကြလို့သာ ခုလို မကျေနပ်ဘဲ ဒီမှာလာပြီး ကုသိုလ်ပြုဖို့ လုပ်နေရတာပါ" ဟု ပြောရာ သကြားမင်း အဘိုးအိုက "ဒီလိုဖြင့် အမယ်အိုရဲ့ ဆန္ဒ ဘယ်လိုရှိတယ်ဆိုတာသာ ပြောပါ" ဟု မေးရာ အမယ်အိုက "ရှင်သိကြားမင်း ၊သူတို့ချမ်းသာနေကြသလို

ကျုပ်လည်း သူတို့နှင့်အတူ မကွဲမကွာပဲ ရှေးကလို သင့်မြတ်စွာ နေချင်တာပါပဲ” ဟု ပြောပြလေ၏။

သိကြားမင်းက “အမယ်အို ဆန္ဒရှိသလို ဖြစ်ရမှာပေါ့၊ အမယ်အိုက မေတ္တာမပျက်သလို သင့်သားနှင့် ချွေးမတို့ကလည်း သင့်ရဲ့ မိခင်မေတ္တာကို သတိရ,လာကြမှာပါ၊ ကျုပ်သိကြားမင်းရဲ့ အာနုဘော်ဖြင့် သားမိုက်၊ ချွေးမမိုက်တို့အား မိခင်မေတ္တာကို သတိရလာအောင် ကျုပ်နှိုးဆော်အံ့။ အမယ်အိုက သတိနှင့် စောင့်ကြည့်ပေတော့။ သားနှင့်ချွေးမတို့ မိခင်မေတ္တာကို သတိရကြပြီး သင့်ကို လာခေါ်ကြပါလိမ့်မည်” ဟု ပြောပြီးနောက် သိကြားမင်း ကောင်းကင်သို့ ပြန်တက်သွားလေ၏။

မကြာခင်မှာပင် သားမိုက်နှင့် ချွေးမမိုက်တို့သည် သိကြားမင်း၏ သတိပေးနှိုးဆော်ချက်ကြောင့် မိခင်အို၏ မေတ္တာစိတ်ကြီးမားခဲ့ပုံ၊ သူတို့ မတရားပြုလုပ်ခဲ့ကြပုံတွေကို အမှန်တရားဖြင့် သိလာပြီး သုသာန်သို့ လိုက်လာကြလေ၏။ သုသာန်တွင် ဆင်းရဲစွာ နေရှာသော မိခင် အမယ်အိုအား သားနှင့်ချွေးမ မြေးငယ်တို့က ပြန်၍ ခေါ်ဆောင်သွားကြပြီး ကောင်းစွာ ပြုစုလုပ်ကျွေးလျက် ရှိနေကြတော့သည်။ သားမိုက်သည် မိခင်၏ မေတ္တာကို သိသောနေ့မှစ၍ ချွေးမကလည်း လိမ္မာယဉ်ကျေးလာကာ မိခင်အိုမှာ နှလုံးစိတ်ဝမ်း အေးချမ်းသာယာခြင်း ရှိရလေတော့သတည်း။

ထိုအခါ အမယ်အိုတို့အား တရားသဖြင့် ကယ်တင်စောင့်ရှောက်ခဲ့သော သိကြားမင်းသည် ယခုအခါ ဂေါတမ မြတ်စွာဘုရား ဖြစ်တော်မူ၏။

**(ကစ္စာနိဇာတ်)**

* * *

---

**ရွှေတံတားစာပေ**

# မိဘကျေးဇူး အထူးသိတတ်သူ

မြတ်စွာဘုရားသခင် လက်ထက်တော်အတွန်းက ဗာရာဏသီပြည်ကြီးမှာ အင်အားကြီးမားပြီး ဘုန်းရှိတဲ့ ဗြဟ္မဒတ်မင်းကြီး စိုးစံသတဲ့။ ကောသလတိုင်းမှာလည်း ဒီဃိတိကောသလမင်း စိုးစံလျက်ရှိတယ်။ သူ့တိုင်းပြည်က ငယ်တယ်၊ ဗြဟ္မဒတ်မင်းရဲ့ တိုင်းပြည်လောက် မကြီးဘူး။ တစ်နေ့တော့ ဒီဃိတိ ကောသလမင်း၏ တိုင်းပြည်ကို ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကလာပြီး တိုက်ခိုက်တော့မည့် သတင်းကို ကြားသိရသတဲ့။

ဒီလိုကြားသိရတော့ ပြည်ငယ်ကလေးကလည်း ဖြစ်တာမို့ ဒီဃိတိကောသလမင်းနှင့် မိဖုရားတို့နှစ်ပါးဟာ ကြိုတင်ပြီး ရှောင်ရှားနေတဲ့သဘောနှင့် ဗာရာဏသီပြည်က အစွန်အဖျားရွာကလေးတစ်ရွာရှိ အိုးထိန်းသည် အိမ်တစ်အိမ်မှာ ဆင်းရဲသား အသွင်နှင့် ပြောင်းနေကြရတယ်။

များမကြာခင်မှာပဲ ကောသလမင်းရဲ့ မိဖုရားကြီးမှာ ကိုယ်ဝန်ရလာတယ်။ အိပ်မက်ကောင်းများလည်း မက်တယ်။ အိပ်မက်က စစ်အင်္ဂါလေးပါးနှင့် သံလျက်ကိုဆေးတဲ့ရေ သောက်ရတယ်လို့ မက်တယ်တဲ့။

---

**ရွှေတံတားစာပေ**

အဲဒါကြောင့် ကောသလမင်းက သူ့ရဲ့မိတ်ဆွေရင်း (ပြဟ္မဒတ် မင်းထံမှာ အမှုတော်ထမ်းနေတဲ့) ပရောဟိတ် ပုဏ္ဏားကို တိတ်တဆိတ်သွားပြီး တိုင်ပင်သတဲ့။ မိဖုရားကြီးရဲ့ အိပ်မက်ကလည်း ထူးခြားတာမို့ ပုရောဟိတ် ပညာရှိက မင်းကြီးကို "ဒီအိပ်မက်အရ နိမိတ်သိဖို့ရာ မိဖုရားကို ကြည့်မှ ဖြစ်မယ်" ဆိုလို့ သူတို့ရှိရာကို ပုရောဟိတ်ပုဏ္ဏားကို တိတ်တဆိတ်ခေါ်လာရသတဲ့။ ရောက်တော့ ကိုယ်ဝန်ဆောင်နေတဲ့ ကောသလမင်းရဲ့ မိဖုရားကို မြင်လျှင်မြင်ခြင်းမှာပဲ ရှိသေစွာ လက်အုပ်ချီပြီး ကိုယ်ဝန်မှ သူငယ်ဟာ ကောသလတိုင်းပြည်ရှင်ဘုရင်ဖြစ်ပေတော့မည်" လို့ သုံးကြိမ်တိုင်တိုင် ရှိခိုးပြီးတော့ "သင်မင်းကြီးရဲ့ မိဖုရားမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒအရ ပြည့်စုံအောင် ဆောင်ရွက်ပေးပါ" လို့ မှာကြားသွားသတဲ့။ ကောသလမင်းကလည်း ဝမ်းသာအားရစွာနဲ့ပဲ နောက်တစ်နေ့နံနက် နေထွက်စအချိန်မှာ စစ်အင်္ဂါလေးပါးနှင့် သံလျက်ကိုရေဆေးပြီး မိဖုရားကြီးကို တိုက်ကျွေးရသတဲ့။

နေ့,လ,စေ့တော့ သားတော်လေးတစ်ပါး ဖွားမြင်လာတော့တယ်။ သားတော်လေးကို "ဒီဃာဝု" ရယ်လို့ အမည်မှည့်တယ်။ သားတော်လေး ကြီးလာလို့ လိမ္မာရေးခြားရှိလာလို့ ဖခင်ကောသလမင်းက စဉ်းစားမိတယ်တဲ့။ "တို့ကို တစ်နေ့နေ့မှာ ဗြဟ္မဒတ်မင်းတွေ့တော့မှာပဲ၊ တွေ့ရင် တို့မိသားစုကို ဖမ်းယူသတ်ဖြတ်မှာပဲ၊ ခုပဲ တို့ရဲ့တိုင်းပြည်ကို သူ သိမ်းပိုက်ထားပြီးပြီ။ ဒီတော့ တို့ရဲ့ သားတော်လေးရဲ့ အသက်ရှည်ရအောင် ဒီမှာထားလို့ မဖြစ်ဘူး၊ အတတ်ပညာလည်း သင်ရင်း အသက်ဘေးလည်း ကာကွယ်ဖို့ ဝှက်ထားမှ တော်မယ်" လို့ ကြံပြီး လျှို့ဝှက်တဲ့အရပ်မှာ ဒီဃာဝု မင်းသားလေးကို ပို့ထားလိုက်ရတယ်။ ဒီဃာဝု မင်းသားကလေး

ကလည်း မိဘဆီကို အင်မတန်ကြာမှ တစ်ခါလာတွေ့တယ်။ ပုန်းအောင်းနေထိုင်ရာမှာပဲ အတတ်ပညာ စုံအောင် သင်နေရှာတာပဲ။

ဒီလိုနှင့် နေလာလိုက်ကြတာ ကောသလမင်း ဘ၀က သူ့ဆီမှာ ဆတ္တာသည်လုပ်ခဲ့သူက ကောသလမင်းနှင့် မိဖုရားတို့ ရှိတာကို သိသွားတယ်။ သိတော့ ဗြဟ္မဒတ်မင်းထံ၀င်ပြီး ကောသလမင်းနှင့် မိဖုရားရှိရာကို ပြောပြတော့ ဗြဟ္မဒတ်ဘုရင်က ချက်ချင်းပဲ ကောသလမင်းနဲ့ မိဖုရားကို ဖမ်းစေသတဲ့။ ကောသလမင်းနှင့် မိဖုရားကို ခေါင်းတုံးရိတ်စေပြီး မြို့ထဲမှာ လည်ပြစေတယ်။ ပြပြီးတဲ့နောက် ဗြဟ္မဒတ်မင်းကြီးက "မင်းနှင့် မိဖုရားနှစ်ပါးကို လေးပိုင်းပိုင်းပြီး မြို့ပတ်လည်မှာ ပစ်စေ " လို့ အမိန့်ချမှတ်လိုက်သတဲ့။

အဲဒီနေ့မှာ ဒီဃာဝုမင်းသားလေးဟာ သူ့ရဲ့ ခမည်းတော်နှင့်မယ်တော်ကို တိတ်တဆိတ် လာတွေ့ဖို့ ဗာရာဏသီကို လာခဲ့တာ မြို့လယ်လမ်းဆုံမှာ လူတွေအုံနေတာကို မြင်လို့၀င်ကြည့်တော့ လူအုပ်ထဲမှာ တိုးရင်းတိုးရင်းနဲ့ပဲ ရှေ့ဆုံးကို ရောက်သွားတယ်။ သူ့ရှေ့မှာ ဖခင်နဲ့ မိခင်နှစ်ပါးကို လက်ပြန်ကြိုးချည်ပြီး ခေါင်းတုံးရိတ်ထားတာလည်း တွေ့ရရော ယူကြုံးမရ ၀မ်းနည်းလွန်းလို့ မျက်ရည်မကျအောင် မနည်းချုပ်တီးထားရာက ဒေါသလည်း ထွက်လာပြီး အံကြိတ်မိသတဲ့။

အဲဒါကို အကျဉ်းကျနေတဲ့ ကောသလမင်းက မြင်တော့ သားတော် ဒီဃာဝုကို သတိပေးဖို့ လှမ်းအော်ပြီးပြောသတဲ့။ ပြောပုံက အများသိစေလိုတဲ့ ပုံမျိုးနှင့် "လောကမှာ မုန်းစကို တိုစေ၊ ချစ်စကို ရှည်ပါစေ။ ရန်ပြုလာလျှင် ရန်ကိုရန်ချင်း မတုံ့နှင်းပါနှင့် ၊ ရန်စရှည်တတ်တယ်" လို့ နှစ်ကြိမ်သုံးကြိမ် ထပ်ခါထပ်ခါ ပြောတော့ လာကြည့်တဲ့ လူတွေက "ဟာ–ဒီဘုရင်ဟာ သေရတော့မှာမို့

သွေးရူးသွေးတမ်းတွေ ပြောနေတာပဲ”လို့ တီးတိုးပြောကြသတဲ့။

ဒါကြောင့် ကောသလမင်း အကျဉ်းသားက “အခု ပြောတဲ့ စကားကို ပညာရှိများ သိနိုင်ပါတယ်၊ သိလဲသိပါစေ” လို့ ထပ်ပြီးပြောပြန်သတဲ့။ အဲဒီလို သားအတွက် မှာကြားချင်လို့ သတ္တိရှိရှိနှင့် ပြောပြီးတဲ့နောက်မှာတော့ အသတ်ခံလိုက်ရရှာတယ်။ မင်း၊ မိဖုရားနှစ်ပါးကို လေးပိုင်းပိုင်းပြီး မြို့ပတ်လည်မှာ စွန့်ပစ်ထားလိုက်ကြသတဲ့။

ဒီဃာဝုမင်းသားလေးဟာ တောထဲမှာသွားပြီး မိခင်ဖခင်တို့ အသေဆိုးရတာ ဝမ်းနည်းလွန်းလို့ ရှိုက်ကြီးတငင် အော်အော်ပြီး ငိုရရှာသတဲ့။ ငိုလို့အားရတော့မှ မိခင်ဖခင်တို့ရဲ့ အလောင်းအပိုင်းအစတွေကို စောင့်ရတဲ့ ရဲသားတို့ကို အရက်မူး အောင်တိုက်ပြီး အလောင်းအပိုင်းအစတွေကို လိုက်ကောက်စုပုံပြီး မီးသင်္ဂြိုဟ်ရှာသတဲ့။

ဒီနောက်မှာ ဒီဃာဝုမင်းသားဟာ သာမန်လူတစ်ယောက် အသွင်နဲ့ ဘုရင့်ဆင်ထိန်းဆီမှာ ခဏတာ တည်းပါရစေလို့ ခွင့်တောင်းတော့ ဆင်ထိန်းက ဆင်တင်းကုပ်ထဲမှာ နေရာပေး လိုက်တယ်။ သူဟာ ညမှာ အိပ်မပျော်ရှာဘူး၊ စိတ်ထဲမှာ ဆင်းရဲပူလောင်လွန်းလို့ ပြေရာပြေကြောင်းဖြစ်ရအောင် သူ့မှာ ယူဆောင်လာတဲ့ စောင်းကို တီးရသတဲ့။

စောင်းတီးသံဟာ ရွှေနန်းတော်ဆီက ဗြဟ္မဒတ်မင်းဆီကို ပြန့်လွင့်သွားတော့ မင်းကြီးက “ဟဲ့- ဘယ်ကလာတဲ့ အသံလဲ၊ စောင်းသံက သာယာလှပါကလား” လို့ မေးတော့ မင်းချင်းတွေက ဆင်တင်းကုပ်ထဲက ညှော်သည်လုလင်ပျိုတစ်ယောက်ပါလို့ ပြောတော့“ ရှေ့တော်ကို ခေါ်ခဲ့စေ” လို့ ခေါ်ခိုင်းလိုက်တယ်။ ဒီဃာဝုကို

မြင်ရတော့ ဘုရင်ကြီးက ဘယ်သူလဲဆိုတာ မသိပါဘူး၊ စောင်းတီးကျွမ်းကျင်တာကို သဘောကျတာနှင့် "လုလင်ပျို ဒီဃာဝု ခုကစပြီး ငါ့အပါးမှာ ခစားစေ၊ ဖျော်ဖြေစေ" လို့ စောင်းသမားရာထူးခန့်လိုက်တယ်၊ ဒီဃာဝုကလည်း ဘုရင့်အပေါ်မှာ အမျက်မထားဘဲ သူ့အလိုဆန္ဒပြည့်ဝအောင် ဆောင်ရွက်ပေးလေတော့ ဘုရင့်ရဲ့လူယုံတော် ဖြစ်ရတော့တာပဲ။ သွားလေရာမှာ ဘုရင့်နောက်တော်ပါးက လိုက်ရ,ပါရတော့တာပေါ့။

တစ်မေန့မှာ ဗြဟ္မဒတ်မင်းကြီး တောကစားထွက်တော့ ဒီဃာဝုကို ခေါ်ပြီး တောထဲကို အသွား မြင်းရထားကို မောင်းစေသတဲ့။ နောက်ပါရဲမက်ဗိုလ်ပါတွေကလည်း သူတို့ရထားတွေနှင့် လိုက်ပါလာရသတဲ့။ ဒီဃာဝု လုလင်ဟာ ရထားကို အပြင်းမောင်းလာလိုက်တာ နောက်ကပါလာတဲ့ ရဲမက်တွေနှင့် ကွာဝေးပြီး တောနက်ထဲကို ရောက်သွားသတဲ့။ တောနက်ထဲမှာ ရထားကို ရပ်တော့ မင်းကြီးက "စောင်းသမား ဒီဃာဝု၊ ရထားစီးရတာ ပင်ပန်းလို့ ငါ ခဏနားမယ်၊ မင်းပေါင်ပေါ်မှာ လှဲမယ်" လို့ ပြောပြီး ဒီဃာဝုရဲ့ ပေါင်ပေါ်မှာ လှဲအိပ်လိုက်သတဲ့။

ဒီဃာဝုဟာ မင်းကြီးကို ငုံ့ကြည့်ပြီး သတ်ချင်စိတ်တွေ ပေါ်လာလို့ အိပ်ပျော်နေတဲ့ မင်းကြီးရဲ့ လည်ပင်းကို ဖြတ်ဖို့ သူ့ဘေးနားက သံလျက်ကို ကောက်ကိုင်လိုက်တယ်ဆိုရင်ပဲ သူ့ဖခင်ရဲ့ "ရန်ကိုရန်ချင်း မတုံ့နှင်းနှင့်၊ ရန်စကိုရှည်စေတယ်၊ မုန်းစကို တိုပါစေ၊ ချစ်စကို ရှည်ပါစေ၊ ပညာရှိရင် သိနိုင်ပါတယ်" ဆိုတဲ့ စကားကို နားထဲမှာ ကြားလာလို့ သံလျက်ကို ချ,ထားလိုက်တော့တယ်။ ဒါပေမယ့် သူ့မိဘနှစ်ပါးနှင့် တိုင်းပြည်ကို အနိုင်ကျင့်ခဲ့တာ

တွေလည်း မမေ့နိုင်တော့ နောက်ထပ် နှစ်ကြိမ်တောင် သံလျက်ကို ကိုင်လိုက်၊ ချလိုက်နှင့် လုပ်နေမိသတဲ့။ မင်းကြီးဟာ တကယ်တော့ သူ့ရဲ့ ရန်သူအစစ်ကြီးပဲ မဟုတ်လား။

ခဏအတွင်းမှာပဲ ဗြဟ္မဒတ်မင်းကြီး လန့်နိုးပြီး တုန်တုန်ရီရီ ဖြစ်နေတော့တာပဲ။ "ငါကိုယ်တော် အိပ်လိုက်တာနှင့် အိပ်မက်ဆိုးတွေ မက်လာတယ်၊ ငါ့ကို သတ်ဖို့ လူတစ်ယောက်က ကြံစည်နေတာ သိရတယ်၊ သူ ဘယ်သူပါလိမ့်" လို့ ထိတ်လန့်တကြား ပြောတော့ ဒီဃာဝုက "အဲဒီလူဟာ ကျုပ်ပဲပေါ့။ ကျုပ်ဟာ ဒီဃီတိ ကောသလမင်းရဲ့ သားပဲ"လို့ ပြောပြီး မင်းကြီးရဲ့ ဆံပင်ကိုဆွဲပြီး သံလျက်နှင့်ရွယ်လိုက်တော့ မင်းကြီးက ကြောက်ကြောက်ရွံ့ရွံ့နှင့် "ငါ့အသက်ကို ချမ်းသာပေးပါ လုလင်ရယ်"လို့ တောင်းပန်တော့ ဒီဃာဝုက "မင်းကြီးရဲ့ အသက်ကို မသတ်ပါဘူး၊ ထို့အတူ မင်းကြီးကလဲ ကျုပ် အသက်ကို မသတ်ပါဘူးလို့ ကတိပြုပါ" လို့ ပြောတော့ မင်းကြီးက "လုလင်ရဲ့ အသက်ကိုလဲ မသတ်ပါဘူးကွယ်" လို့ ကတိပြုသတဲ့။

ဒီအတွင်း ရဲမက်ဗိုလ်ပါတွေ ရောက်လာတော့ မင်းကြီးကပဲ "ဟောဒီလုလင် ဒီဃာဝုဟာ ဟောဒီ ကောသလတိုင်းရဲ့ဘုရင် ဒီဃီတိကောသလမင်းရဲ့ သားတော်လေးပဲ၊ သူဟာ ဖခင်ရဲ့ မှာစကား ဖြစ်တဲ့ "ရန်ကိုရန်ချင်း မတုံ့နှင်းဘဲ မုန်းစကို တိုစေပြီး ချစ်စကို ရှည်စေတဲ့ ပညာရှိ လုလင်တစ်ယောက်ပဲ၊ ဒါကြောင့် သူ့ကို ခမည်းတော်၊ မယ်တော်တို့ရဲ့ တိုင်းပြည်ကို ပြန်အပ်ရမယ်၊ ကောသလဘုရင်အဖြစ် စိုးစံပေတော့၊ ကျုပ် လွှဲအပ်လိုက်ပြီ" လို့ ပြောပြတယ်။

---

အဲဒီနေ့ကစပြီး ကောသလပြည်မှာ ဒီဃာပု မင်းသား လေးဟာ ကောသလပြည့်ရှင် တစ်ပါးအဖြစ် စိုးစံလျက် ရှိနေတော့ တာပဲ။ ဒါ ဘာ့ကြောင့်လဲဆိုတော့ မိဘကျေးဇူးကို အထူးသိတယ်။ မိဘစကား အမြဲနားထောင်တယ်။ အရာရာမှာ ဆင်ခြင်လေ့ရှိတဲ့ ပညာအသိရှိတဲ့ လူငယ်မို့ ခုလို ဘေးရန်မရှိဘဲ မိဘမျိုးနွယ် ဆက်ခံ ရမယ့် ဘုရင်တစ်ပါး ဖြစ်လာရတော့တာပေါ့ကွယ်။

(ဓမ္မပဒဝတ္ထု)

---

ရွှေတံဘားစာပေ

# မေတ္တာသူဌေး သိဒ်

ဟိုးရှေးရှေးတုန်းက ရာဇဂြိုလ်ပြည်မှာ မဂဓ အမည်ရှိတဲ့ မင်း စိုးစံနေသတဲ့။ အဲဒီ မဂဓမင်း စိုးစံတဲ့ မဂဓတိုင်းမှာ ကုဋေ ရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးကြီး ဦးသန်ဆိုတာ ရှိသတဲ့။ သူ့လိုပဲ ကုဋေ ရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးကြီး ဦးပိဋိယ ဆိုသူကတော့ ဗာရာဏသီပြည်မှာ ရှိသတဲ့ကွယ်။ သူတို့နှစ်ဦးဟာ သူဌေးကြီး အချင်းချင်း သိပ်ခင်မင်ရင်းနှီးကြသတဲ့။

ဒီလိုနေလာကြရာက တစ်နေ့မှာ ဗာရာဏသီပြည်က သူဌေးကြီး ပိဋိယဟာ ကံဆိုးချင်တော့ သူ့မှာရှိတဲ့ ကုဋေရှစ်ဆယ် ပစ္စည်းတွေ ဆုံးရှုံးပြီး မွဲသွားရှာတယ်။ မွဲသွားတော့ သူ့မိတ်ဆွေ မဂဓတိုင်းက သူဌေးကြီး သန်ကို သတိရပြီး အကူအညီတောင်းဖို့ မိသားစုအားလုံးသွားကြရာ ရောက်တဲ့အခါမှာ မိတ်ဆွေသူဌေးကြီး သန်က ဆင်းရဲပင်ပန်းလာတဲ့ ပိဋိယသူဌေးကို တွေ့ရတော့ ကြိုဆိုနေရာချထားပေးပြီး အကျိုးအကြောင်းကို မေးတာပေါ့။ ပိဋိယ ကလည်း "ငါတော့ ရှိပဟာမှန်သမျှ ကုန်ပြီ၊ မွဲသွားပြီ၊ မင်းဆီကို ဒါကြောင့် လာခဲ့တာပဲ" လို့ ပြောသတဲ့။

ဒီတော့ မိတ်ဆွေသူဌေးသခ်က "မပူပါနှင့် မိတ်ဆွေ၊ မဆင်းရဲစေရပါဘူး၊ ခု ကျုပ်မှာရှိတဲ့ ကုဋေရှစ်ဆယ်ခန့် ပစ္စည်းတွေထဲက တစ်ဝက် ကုဋေလေးဆယ်နှင့် အခြွေအရံ အလုပ်သမားတစ်ဝက်ကို ယူပါ၊ ဗာရာဏသီကိုပြန်ပြီး အရင်ကအတိုင်းပဲနေပါ"လို့ အားပေးပြီး၊ သူ့မှာရှိတဲ့ ကုဋေလေးဆယ်ပစ္စည်းနှင့် အခိုင်အစေခြွေရံတစ်ဝက်ကို ခွဲပြီး ပေးလိုက်သတဲ့။ မိတ်ဆွေကြီး ဆင်းရဲလာတာကို မကြည့်ရက် သနားလွန်းလို့ ခုလိုကူညီထောက်ပံ့လိုက်တော့ ပိငိုယဟာ အရင်ကလိုပဲ သူဌေးဖြစ်လာရသတဲ့။

ဒီလိုနှင့် ပိငိုယဟာ သူဌေးပြန်ဖြစ်ရပြီး သူ့ မိတ်ဆွေရဲ့ ပစ္စည်းကုဋေလေးဆယ်နှင့် လုပ်နေရင်း ပိုပြီးချမ်းသာလာသတဲ့။ သူဌေးစည်းစိမ်ခံစားနေရသတဲ့။

နောက်များမကြာမီမှာပဲ ရာဇဂြိုဟ်ပြည်က သူဌေးကြီးသခ်ဟာ ဒုက္ခတွေ အမျိုးမျိုးကြုံရပြီး ကုဋေလေးဆယ်ရှိတာတွေဆုံးရှုံးပြီး မွဲသွားပါရော။ ဒီတော့ သူတစ်ခါတုန်းက ကူညီခဲ့တဲ့ မိတ်ဆွေ ပိငိုယသူဌေးကို သတိရပြီး အကူအညီရဖို့ ဗာရာဏသီပြည်ကို မိသားစုတစ်တွေ ထွက်လာကြသတဲ့။

ဗာရာဏသီပြည်မှာ သူဌေးပိငိုယဟာ သိပ်ချမ်းသာပြီး သူပိုင်စပါးကျီထဲကို သလေးစပါး ဆန်အိတ်တစ်ထောင် သယ်သွင်းနေသတဲ့။ အဲဒီအခိုက်မှာ ဒုက္ခကြီးကြုံတွေ့ရတဲ့ မိတ်ဆွေ သခ်ဟာ သူဌေးပိငိုယဆီကို လာပြီးတွေ့တယ်။ တွေ့တော့ သူ မွဲသွားလို့ ရာဇဂြိုဟ်ပြည်မှာတောင် မနေနိုင်လို့ ထွက်ခဲ့ရတယ်။ ကျုပ်ကို ကူညီပါ" လို့ တောင်းပန်သတဲ့။

သူဌေးပိငိုယက အဖက်မတန်သလို မျက်နှာထားနှင့် "ကျုပ်မှာ အလုပ်တွေ များနေတယ်၊ လာမရှုပ်ကြနှင့်၊ ကျုပ်ဆီက

ဘာအကူအညီ မှ မရနိုင်ဘူး၊ ရော့--ဒါပဲယူသွား" လို့ ပြောပြီး ဖွဲ တစ်ပြည်ပေးလိုက်တယ်။ "ကဲ--သွားကြတော့" လို့လည်း နှင်ပွတ် လိုက်တယ်။

သခ်သူဌေးဟာ ပေးလိုက်တဲ့ ဖွဲတစ်ပြည်ကို ယူပြီး မြို့ပြင်ဘက် ဇရပ်တစ်ခုမှာ တည်းခိုနေကြတဲ့ သူ့ရဲ့ မိသားစုဆီ ပြန်လာခဲ့တာပေါ့။ သူဌေးကတော်က အကျိုးအကြောင်းတွေ သိရတော့ စိတ်ဆင်းရဲပြီး ငိုရှာသတဲ့။ သခ်သူဌေးကတော့"ဒါ စိတ်ဆိုးစရာလဲ မဟုတ်ပါဘူး။ ငါ သူ့အပေါ်မှာ မေတ္တာလဲ မပျက်ပါဘူး၊ ဒါကြောင့်မို့ သူစိတ်ဆိုးမှာဆိုးလို့ ဒီဖွဲတစ်ပြည်ကို ယူလာတာပေါ့" လို့ ပြောပြီး ဘယ်လိုနေထိုင်ကြမယ်ဆိုတာ မတွေးတတ်ဘဲ မှိုင်နေကြရတော့ တာပေါ့။

အဲဒီအခိုက် အရင် ပိင္ဂိယသူဌေး မွဲတုန်းက ထည့်ပေး လိုက်တဲ့ အစေခံ အခြွေအရံ လူတစ်ချို့က မြင်သွားတယ်။ သူတို့ က သူတို့ရဲ့ အရှင်သခင် သူဌေးသခ်ကို မြင်ရတော့ ဝမ်းနည်းပက်လက် ဖြစ်ကြပြီး"ဒီဇရပ်မှာ မနေကြပါနှင့် အရှင်၊ ကျွန်တော်တို့နှင့် လာနေပါ" လို့ ကျေးဇူးကို သိပြီး ခေါ်သွားတယ်တဲ့။

သူတို့ရဲ့ အိမ်ရောက်တော့ သခ်မိသားစုကို ရိုရိုသေသေ ပြုစုလုပ်ကျွေးကြတယ်။ ဖြစ်သမျှဒုက္ခကို မေးကြလို့ အလုံးစုံ သိကြရတယ်။ သိရတော့ ပိင္ဂိယ သူဌေးဟာ ကျိကျိတက် ချမ်းသာ ပါလျက်နှင့် ကိုယ့်ကျေးဇူးရှင်ကို ပစ်မှားတာပဲ၊ ဒါဟာ မတရားဘူး၊ ဘုရင့်ရွှေနားတော်ပေါက် တင်ပြကြရမယ်" လို့ ဆွေးနွေးကြတာပေါ့။

သခ်သူဌေးရဲ့ တပည့်ဟောင်းတွေဟာ စုရုံး တိုင်ပင်ကြပြီး မဂဓဘုရင်ကြီးထံမှာ တင်ပြကြတော့တာပေါ့။ မဂဓဘုရင်ကြီးကလည်း ပညာရှိသူပဲ။ ကျိုးကြောင်းရှိသမျှ မေးမှပဲဖြစ်မယ်။ သူဌေးနှစ်ယောက်ကို

ရှေ့တော်သွင်းစေပြီး ကျိုးကြောင်းရှိသမျှ မေးမှပဲဖြစ်မယ်။ သူဌေး နှစ်ယောက်ကို ရှေ့တော်သွင်းစေပြီး ကျိုးကြောင်းဖြစ်သမျှ မေးတော်မူသတဲ့။

မဂဓဘုရင်ကြီးက "ပိင်္ဂိယ သူဌေးမွဲ သွားစဉ်က သခ်သူဌေး ဆီမှာ အကူအညီတောင်းတာ ဘာတွေ ရခဲ့သလဲ"လို့ မေးတော့ တင်ပြတဲ့ ခြွေရံတွေက "အဲဒီတုန်းက သခ်သူဌေးက သူ့မှာရှိတဲ့ ကုဋေရှစ်ဆယ်ထဲက ကုဋေလေးဆယ်နှင့် ကျွန်တော်တို့ ခြွေရံ တစ်ဝက်ကိုပါ ကူညီပေးခဲ့ပါတယ်" လို့ တင်လျှောက်ကြတာပေါ့။ ပိင်္ဂိယ သူဌေးကလည်း "ဟုတ်ပါတယ် အရှင်ဘုရား" လို့ ဘုရင်ကြီးကို ဝန်ခံသတဲ့။ နောက်ပြီးတော့ "အခု သင့်ထံမှာ သခ်သူဌေးက မွဲနေလို့ အကူအညီလာတောင်းတော့ သင်က သူ့ကို ဖွဲ တစ်ပြည်သာ ပေးလိုက်တယ်၊ ဂရုမစိုက်ဘူး ဆိုတာကော မှန်သလား" လို့ မေးပြန်တော့ ပိင်္ဂိယသူဌေးက မငြင်းသာတော့ဘဲ "ဒါလဲမှန်ပါတယ် အရှင်" လို့ ဝန်ခံရသတဲ့။

ဒီတော့ မဂဓဘုရင်ကြီးက ပိင်္ဂိယသူဌေးကို "သင်ဟာ သူတစ်ပါးကျေးဇူးကို မသိတဲ့လူ၊ လူယုတ်မာပဲ၊ တစ်ခါက ကိုယ့်ဒုက္ခကို ကယ်တင်ခဲ့တဲ့ မိတ်ဆွေကို အဖက်မတန်လုပ်တယ်။၊ မလုပ်ကောင်းတဲ့ ဖွဲတစ်ပြည်ကို ပေးတယ်၊ အင်မတန်စော်ကားတာပဲ၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု စတဲ့ သင့်ရဲ့ မကောင်းတဲ့ ပြစ်မှုသုံးခုကြောင့် သင့်မှာ ခုရှိနေတဲ့ ဥစ္စာစည်းစိမ်မှန်သမျှ သင့်ကျေးဇူးရှင် သခ်သူဌေးကို အားလုံးပေးစေ" လို့ အမိန့်ချပြီး နန်းယင်ပြင်မှ နှင်ထုတ်လိုက်တယ်တဲ့။

ဒါပေမယ့် အင်မတန် မေတ္တာ၊ ကရုဏာကြီးမားတဲ့ သခ်သူဌေးက ရှိသမျှကို အကုန်ယူ မသွားပါဘူး။ သူ့အပေါ်မှာ

ပိဋိယမိတ်ဆွေက ပြစ်မှားစော်ကားတဲ့ ပိဋိယသူဌေးဟာ နောင်အခါ ဘုရားပွင့်တော်မူတဲ့အခါ ဒေဝဒတ် ဖြစ်လာမယ့် ဒေဂုဒတ် လောင်းလျာပဲ။

မိမိကို ပြစ်မှားစော်ကားပေမယ့် မေတ္တာ၊ ကရုဏာ ကြီးမားစွာနှင့် သည်းခံပြီး ခွင့်လွှတ်ခဲ့တဲ့ ရာဇဂြိုဟ်ပြည်က သူဌေး သခ်ဆိုသူကတော့ ငါတို့ရဲ့ ဂေါတမ ရှင်တော်မြတ်ဖြစ်တော်မူလာမယ့် ဘုရားအလောင်းပါပဲ။

ဒါဟာ ပုံပြင်မဟုတ်ဘူး။ တကယ့်ဖြစ်ရပ်တွေပါ။ ငါးရာငါးဆယ်ဇာတ်တော်တွေထဲကပါပဲ။ မှတ်သားနာယူနိုင်ကြပါစေ။

(အသမ္ပဒါနဇာတ်)

* * *

# လင်ကို မြတ်နိုးသော သုဇာတာ

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံသည့်အခါကာလ ဖြစ်လေ၏။ ဗာရာဏသီပြည်အနီးရှိ ရွာငယ်လေးတစ်ရွာမှာ သူကြွယ်မျိုးမှ ဆင်းသက်လာသူ သူကြွယ်တစ်ဦး၌ သားယောကျ်ားလေး တစ်ယောက် ဖွားမြင်လာလေ၏။ သူကြွယ်သားငယ် အရွယ် ရောက်လာသောအခါ အတတ်ပညာများ သင်စေပြီး၍ ဗာရာဏသီပြည်မှ မြို့သူဖြစ်သော သုဇာတာ အမည်ရှိ သတို့သမီးနှင့် ထိမ်းမြားလက်ထပ် ပေးလိုက်လေ၏။

သုဇာတာသည် မြို့ကြီးပြကြီးသူပင် ဖြစ်သော်လည်း စိတ်ရင်း မနော ကောင်းလှ၏။ လင်ယောကျ်ားကို အိမ်ဦးနတ် ပီသစွာထားလျက် ရှိသေပြုစု၏။ ယောက္ခမတို့ကိုလည်း မိမိ၏ မိဘများကဲ့သို့ပင် ရှိသေစွာ လုပ်ကျွေးပြုစုလေ၏။ အထူးသဖြင့် ငါးပါးသီလကို မကျိုးပေါက်ရအောင် ထိန်းစောင့်လေ၏။

တစ်နေ့မှာ သုဇာတာသည် ဗာရာဏသီမြို့ရှိ မိဘတို့ထံ ကန်တော့ရန် သူကြွယ်သား လင်ယောကျ်ားကို ပြောပြရာ သူကြွယ် သားက ဝတ္တရားကျေပွန်လှသော ဇနီးအတွက် လက်ဆောင် ပစ္စည်း

များ၊ စားသောက်ဖွယ်ရာ ကန်တော့ပွဲများကို ဝယ်ခြမ်းပြီးသော် လင်မယားနှစ်ယောက် ဗာရာဏသီမြို့ဆီသို့ လှည်းဖြင့် ထွက်လာခဲ့ကြလေ၏။

မြို့သို့မရောက်မီ လမ်းခရီး ရေကန်တွင် သုဇာတာတို့သည် ရေဆင်းချိုးကြ၏။ ရေမိုးချိုးပြီးသောအခါ သုဇာတာသည် မြို့သို့ ဝင်ရတော့မည်ဖြစ်၍ လှပစွာ ခြယ်သလိမ်းသပ်ပြီး လက်ဝတ်ရတနာများကို ဆင်လေ၏။ အသင့်ပြင်ဆင်ပြီးသောအခါ သူကြွယ်သားက လာစဉ်ကကဲ့သို့ပင် လှည်းကို မောင်းလျက် သုဇာတာက လှည်းနောက်မှာ ခြေချကာ လိုက်ပါလာခဲ့လေ၏။ လှည်းသည် သုဇာတာ၏ မိဘများရှိရာ ဗာရာဏသီမြို့ထဲသို့ ဝင်စပြုလာ၏။

ထိုနေ့မှာ ဗြဟ္မဒတ်မင်းကြီး တိုင်းခန်းလှည့်သောနေ့ ဖြစ်ရာ လှည်းပေါ်တွင် လိုက်ပါလာသော ရုပ်အဆင်းကြည်လင် လှပသော သုဇာတာကို တပ်မက်လိုချင်လာသဖြင့် ထိုမိန်းမပျိုမှာ ပိုင်သူ ရှိ၊ မရှိ စုံစမ်းစေသောအခါ လှည်းမောင်းလာသူသည် သုဇာတာ၏ လင်ယောကျ်ားဖြစ်သည်ဟု သိရှိရလေ၏။ သုဇာတာကို တပ်မက်လှသော မင်းကြီးသည် လင်ကိုသတ်၍ မယားကို ယူတော့မည်ဟူသော အကြံအစည်ဖြင့် သူ့ခေါင်းမှာ ဆောင်းလာသော ရတနာဦးသျှောင်မှ ပတ္တမြားဆံထိုးကို ဖြုတ်ယူပြီးနောက် သုဇာတာတို့ စီးလာသော လှည်းပေါ်မှာ လူမမြင်အောင် ဝှက်ထားခဲ့ဖို့ မင်းချင်း တစ်ယောက်ကို စေခိုင်းလိုက်၏။ မင်းချင်းသည် ပတ္တမြား ဦးသျှောင်ကျင်ဆံထိုးကို လူမမြင်အောင် ဝှက်ထည့်ထားခဲ့၏။

မကြာခင်အတွင်းမှာပင် ဗာရာဏသီမြို့တွင်း၌ မောင်းခတ် စည်တီးစေပြီး ဘုရင့်ဦးသျှောင်ကျင် ပျောက်ကြောင်းနှင့် တွေ့ရှိက အသက်ဘေးရန် ခံရမည်ဖြစ်ကြောင်း ကြေငြာစေလေ၏။ ဗာရာဏသီ

မြို့တွင်းရှိ လူအပေါင်းမှာ ထိတ်လန့်တကြား ဖြစ်ကုန်ကြလေ၏။ ရုတ်ရုတ်သဲသဲရှာကြဖွေကြရင်း သုဇာတာ၏ လှည်းရှိရာသို့ ရောက်လာကြပြီး လှန်လှောရှာဖွေ ကြသောအခါ သူတို့ ဝှက်ထား ခဲ့သော ပတ္တမြားဦးသျှောင်ကျင်ကို တွေ့ရှိကြလေ၏။

မင်းချင်းတို့သည် လှည်းရှင်သူကြွယ်သားကို တုပ်နှောင်ကာ ဖမ်းဆီးကြပြီး ဘုရင့်ရှေ့တော်သို့ သွင်းကြလေ၏။ ဗြဟ္မဒတ် မင်းကြီးလည်း သူ့အကြံအောင်ပြီဟု တွေးကာ "ထိုဦးသျှောင်ကျင် ခိုးဝှက်သူအား လည်ကိုဖြတ်၍ သတ်စေ" ဟု အမိန့်တော် ချမှတ်လိုက်လေ၏။

အပြစ်ကင်းစင်သော အိမ်ဦးနတ် အရှင်သခင်ကို ချစ်မြတ်နိုးလှသော သုဇာတာသည် သည်းထန်စွာ ငိုကြွေးရှာလေ၏။ သို့သော်လည်း မင်းမိန့်အရ သူကြွယ်သားကို နှောင်ကြိုးတည်းကာ ဆွဲခေါ်ပြီးလျှင် စည်မောင်းတီးလျက် လူသတ်သမားတို့က သတ်ရန် လူသတ်ကုန်းသို့ ခေါ်သွားကြလေ၏။ သုဇာတာကလည်း ငိုကြွေးရင်း နောက်မှ တပါတည်း လိုက်လာခဲ့ရှာလေ၏။

လူသတ်ကုန်းသို့ ရောက်သောအခါ အပြစ်မရှိသော သူကြွယ်သားကို သတ်ရန် စဉ်းတီတုံးပေါ်မှာ လည်ကိုစင်းဖို့ လှဲချအိပ်စေ၏။ ထိုကဲ့သို့သော ကြေကွဲဖွယ်ကို မြင်ရသော သုဇာတာသည် ငိုကြွေးနေရာမှ အထက်ကောင်းကင်သို့ မော့ကာ လက်အုပ်ချီလျက် " ဒီလောကကြီးမှာ သီလရှိသူ၏ ဒုက္ခဖြစ်နေရပုံကို နတ်များ မမြင်ကြလေရော့သလား၊ သီလစောင့်ထိန်းသူကို ကြည့်ရှု စောင့်ရှောက်သောနတ်များ မမြင်ကြလေရော့သလား၊ ကယ်မ, စောင့်ရှောက်တော်မူကြပါ" ဟု ငိုရှိုက်ကာ ဟစ်အော်၍ တမ်းတလိုက်လေ၏။

ငါးပါးသီလမြဲ၍ အိမ်ဦးနတ်နှင့် မိဘတို့အား မြတ်နိုးရှိသေ

သော သုဇာတာ၏ တမ်းတငိုကြွေးသံကြောင့် သိကြားမင်းထိုင်နေသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူနွေးခြင်း ဖြစ်လာသောကြောင့် လူ့ပြည်သို့ ကြည့်လိုက်ရာ သီလစင်ကြယ်သော မိန်းမမြတ်၏ ကြေကွဲဖွယ်ဒုက္ခကြီးကို ကယ်တင်ရန် လူ့ပြည်သို့ သက်ဆင်းလာလေ၏။

လူသတ်စဉ်းတီတုံးပေါ်တွင် လည်ကိုစင်းကာ လှဲနေသော သူကြွယ်သားကို သတ်မည့် စဉ်းတီတုံးပေါ်သို့ ပြောင်းရွှေ့လိုက်စေတော့၏။ နတ်တို့၏ လျင်မြန်လှသော တန်ခိုးကြောင့် မည်သူမျှ မသိလိုက်ကြဘဲ အာဏာပါးကွက်သားတို့သည် စဉ်းတီတုံးပေါ် လှဲနေသော ဗြဟ္မဒတ်မင်းကြီး၏ လည်ကို ပိုင်းဖြတ်၍ သတ်လိုက်ကြလေတော့သတည်း။

ထို့နောက်မှ သိကြားမင်းက ကိုယ်ထင်ပြကာ မှူးမတ်တို့ အလယ်၌ သူကြွယ်သားကို အဘိသိက်သွန်း၍ မင်းမြှောက်ပြီး သုဇာတာကို မိဖုရားအရာ ချီးမြှင့်လိုက်လေ၏။ မှူးမတ်တို့သည် သိကြားမင်းကိုမြင်ရ၍ "သိကြားမင်းသည် တရားမစောင့်သော မင်းကိုပယ်၍ တရားစောင့်သူကို မင်းပြုစေပြီ။ ငါတို့ကား မင်းကောင်းမင်းမြတ် ရအပ်ပေပြီ" ဟု ပြောဆိုကာ ဝမ်းသာကြည်နူးကြကုန်၏။ သူကြွယ်သား မင်းကလည်း အဂတိကင်းစွာ တရားစောင့်လျက် မင်းပြုလာသောအခါ လူတို့ကလည်း အဂတိ ကင်းစွာ နေထိုင်ကျင့်ကြံကြကုန်သဖြင့် ထိုထိုသောသူများ ကံကုန်ကြသောအခါ နတ်ပြည်၌ နတ်ဖြစ်ကုန်ကြကာ နတ်ပြည်မှာ စည်ကားလျက် ရှိကုန်လေသတည်း။

နောင်သောအခါ–

---

ဂေါတမရှင်တော်မြတ်ဘုရား ပွင့်တော်မူရာ၌ သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ သုဇာတာသည် ရာဟုလာမယ်တော်၊ ယသော်ဓရာဒေဝီ၊ သိကြားမင်း တင်ပေးလိုက်သော သူကြွယ်သား တရာမင်းမြတ်သည် ဂေါတမရှင်တော်မြတ်ဘုရား ဖြစ်တော်မူလာလေသတည်း။

(မဏိစောရဇာတ်)

* * *

# ကပ်စေးနဲသူဌေးကြီး အာနန္ဒာ

"ဒီကနေ့မှာ အဘွားရဲ့ မြေးတွေကို ပုံပြောပြရအုံးမယ်။ နက်ဖြန်ခါ ကျောင်းပိတ်တယ်။ ခု အေးအေး ဆေးဆေး နားထောင်ကြ။ ပုံနာမည်က "သူဌေးကြီး အာနန္ဒာ" လို့ ခေါ်တယ်။ ယုံတမ်းပုံပြင် မဟုတ်ဘူးနော်။ ဘုရားလက်ထက်က တကယ့်အဖြစ်အပျက် ဇာတ်လမ်းကလေးပဲ။ အာနန္ဒာဆိုတာက ကုဋေရှစ်ဆယ်ချမ်းသာတဲ့ သူဌေးကြီးကွဲ့။ ပစ္စည်းတွေ၊ ရွှေတွေ၊ ငွေတွေ သိပ်ရှိတာပေါ့။ သားကလေးကလဲ တစ်ယောက်တည်းရယ်။ နာမည်က "မူလသိရိ" လို့ခေါ်တယ်။ သားအဖနှစ်ယောက်ဟာ ပစ္စည်းတွေ၊ ရွှေ၊ ငွေတွေ ရှိပေမယ့် သိပ်ဆင်းရဲတာပဲ"

"ဘာဖြစ်လို့ ဆင်းရဲရတာလဲ အဘွားရဲ့"

မယုက မေးရာ အဘွားက "ဆင်းရဲတာတော့ မပြောနဲ့တော့လေ၊ နှမြောလွန်းလို့ မစားရက်၊ မဝတ်ရက်ဘဲ ရှာလို့ရသမျှတွေကို မသုံးဘဲစုသာစုနေတာပဲ။ သားလေး 'မူလသိရိ' ကိုလဲ ကောင်းကောင်း မကျွေးဘူး။ သူလဲပဲ ကောင်းကောင်းမစားဘူး။ ဆန်ကြမ်းပဲစားတယ်။ ဖျင်ထည်ကြမ်းကိုပဲ ချုပ်ဝတ်တယ်။ 'မူလသိရိ'လေးဟာ သနားစရာ

ပါပဲကွယ်။ ကိုယ့်သားလေးကိုတောင် မသဒ္ဒါဘူး။ ကိုယ့်ကိုယ်ကိုလဲ မသဒ္ဒါဘူး၊ တွန့်တိုတယ်ဆိုတရာ အဲတာကို ပြောတာပေါ့"

"လွန်လွန်းတယ် အဘွားရယ်၊ ကပ်စေးနှဲကြီးပေါ့"

ဟု မပုက ပြောရာ အဘွားက "အဲဒါ ငရဲကြီးတာပေါ့၊ ကျွေးသင့်တဲ့ ကိုယ့်သားလေးကိုတောင်မှ မကျွေးဘဲထားတော့ ငရဲကြီးတာပေါ့၊ အဲဒီလိုနဲ့ သူဌေးကြီး အာနန္ဒာဟာ အိုမင်းလာပြီး သေဆုံးသွားတာပဲ"

"သူသေတော့ ရှိတဲ့ပစ္စည်းတွေကို သားတစ်ယောက်တည်းဖြစ်တဲ့ 'မူလသိရိ'က အမွေရတာပေါ့။ မူလသိရိလည်း သူဌေးဖြစ်သွားတာပဲ။ အဖေအို ကပ်စေးနှဲကြီး သေတော့မှ မူလသိရိနဲ့ သူ့မိသားစုတို့ဟာ ချမ်းချမ်းသာသာ နေနိုင်ကြတော့တာပေါ့။

"အာနန္ဒာသူဌေးကြီးဟာ မစားရက်၊ မသုံးရက်တဲ့သူ့ပစ္စည်းတွေကို စွန့်ထားခဲ့ပြီး နောက်တစ်ဘဝကို ရောက်သွားရှာတယ်။ တွန့်တိုနှမြောလွန်းလို့ သူ့မနောဟာ ဘယ်အခါမှ မကြင်လင်ခဲ့ဘူး။ သားရဲ့အပေါ်မှာတောင် မသဒ္ဒါတဲ့စိတ်တွေ အမြဲရှိနေလေတော့ သူ သေသွားတဲ့အခါမှာ ဘဝကောင်းကို မရောက်ရဘူး။ သာဝတ္ထိပြည်ကြီးရဲ့ မြို့တံခါးဘေးမှာ ဆင်းရဲနွံချာလှတဲ့ လက်လုပ် လက်စားလူတွေ၊ ဒွန်းစဏ္ဍားလိုလူတွေ၊ ပေါင်း လူတစ်ထောင်လောက်ရှိတဲ့ ရွာကလေးမှာ အလုပ်သမား မိန်းမတစ်ယောက်ရဲ့ဝမ်းမှာ ဝင်စားရတယ်။ အဲဒီလို ဆင်းရဲသူမ ဝမ်းမှာလဲ ဝင်စားရော အဲဒီရွာလေးရှိ လူတွေဟာ လာဘ်တိတ်လာကြတယ်။ အရင်ကလို သူတို့ကို အလုပ်ပေးမယ့်လူ မလာဘူး။ မလုပ်ရ၊ မကိုင်ရဘဲ ဖြစ်နေတော့ တစ်ရွာလုံးဟာ ငတ်မွတ် ဖြစ်ကုန်ကြတာပဲ။

"ဒီလို ဖြစ်နေတော့ ရွာကလေးမှာရှိတဲ့ လူကြီး တစ်ချို့က ပြောတယ်။ တို့ရွာလေးမှာ အခုလို တစ်ခါမှ မဖြစ်ဖူးပါဘူး။

လာဘ်ပိတ်တဲ့ လူဆိုးတစ်ယောက်ယောက်တော့ ရှိမှာပဲ။ အဲဒီလူကို ရှာရမယ်။ ကဲ–ကဲ လူချင်းခွဲကြတော့။ တစ်ဘက်ကို ငါးရာစီ ခွဲကြည့်မယ် ဆိုပြီး ခွဲနေကြတော့ ကလေးကိုယ်ဝန်ရှိနေတဲ့ မိန်းမဖက်က လူတွေဟာ အလုပ်ပေးမယ့်လူ မရကြဘူး။ ဟိုတစ်ဖက်က လူငါးရာ မှာတော့ ချက်ချင်းပဲ အလုပ်လုပ်ဖို့ လာခေါ်ခံရတယ်။ အလုပ်ကြမ်း ပေါ့။ ထင်းခွဲ ရေခပ်၊ အဝတ်ဖွပ်၊ အမှိုက်လှည်း ဆိုတဲ့ အလုပ်တွေကို သာဝတ္ထိပြည်ထဲက အရင်ကလိုပဲ လာပြီးခေါ်ခိုင်း =ကြတယ်။

"ဟိုတစ်ဘက်က လူငါးရာတော့ အလုပ်မရဘူးပေါ့ နော်–အဘွား၊ တော်အုံးမှာပဲလား" ဟု မပုက မေးရာ အဘွားက "ဘယ်တော်ရမှာလဲမြေးရဲ့၊ ကျန်လူငါးရာကို တစ်ဝက်ခွဲပြီး နေကြပြန် ရော။ ဒီတော့ ကျန်တစ်ဘက်က လူနှစ်ရာ့ငါးဆယ်ဟာ ချက်ချင်းပဲ အလုပ်ရကြပြန်သတဲ့။ ဒီတစ်ခါတော့ ကျန်အလုပ် မရှိသေးတဲ့ လူနှစ်ရာ့ငါးဆယ်ကိုလဲ တစ်ဝက်စီခွဲပြီး နေကြည့်ကြပြန်ရော။ အဲဒီလိုခွဲတော့ တစ်ဝက်မှာရှိတဲ့ လူတွေလဲ အလုပ်ရကြတာပဲ။

"အာနန္ဒာဝင်စားတဲ့ မိန်းမရှိတဲ့ လူတစ်ဝက်ဟာ လာဘ် တိတ်မြဲ တိတ်နေတာပေါ့။ ဒီလိုနဲ့ တစ်ဝက်စီ ခွဲခွဲ လာလိုက်ကြ တာ လူတွေကျန်သမျှဟာလဲ အားလုံး အလုပ်တွေ ရကြတာပဲ။ အာနန္ဒာ ဝင်စားတဲ့ မိန်းမလင်မယားမှာသာ ဘာအလုပ်မှ မရဘဲ လူတွေကို ခိုက်တဲ့ လင်မယားဆိုတာ ထင်ထင်ရှားရှား သိရတာပေါ့။

"ဒီတော့ လင်ဖြစ်သူက သူ့မယား ကိုယ်ဝန်သည်ကို "ကဲ–ခုမှပဲသေသေချာချာ သိရတော့တယ်။ နင်ကလေးရကတည်းက လူတွေ လာဘ်တိတ်လိုက်ကြတာ၊အခု နင်လူတွေနဲ့ မနေတော့မှပဲ အားလုံးချမ်းသာကြရတော့တယ်။ ခု–ငါ့မှာလဲအလုပ်မရှိနိုင်ဘူး။ အဲဒါ နင်နဲ့ နင့်ဗိုက်ထဲက ကလေးကြောင့်ပဲ ဖြစ်ရမယ်။ ဒီနေ့ကစပြီး

နင့်ကို ငါ စွန့်ပစ်လိုက်ပြီ။ ငါနဲ့ မနေနဲ့တော့၊ သွားတော့" လို့ ပြောပြီး မိန်းမကို စွန့်ပစ်လိုက်ရတယ်တဲ့။ အဲဒီလိုလည်း သူ့မယားကို စွန့်ပစ်ရော သူ့မှာ ချက်ချင်း အလုပ်ရလာသတဲ့ကွယ်"

"အာနန္ဒာဝင်စားတယ်ဆိုတဲ့ ကလေးဟာ တစ်ကယ် လာဘ်တိတ်တာပဲနော်။ ဒါတောင် ဗိုက်ထဲမှာ ရှိသေးတာ၊ မွေးရင် ဒီထက်ဆိုးမှာပဲ၊ ဆက်ပြောပါအုံး အဘွားရယ်"

မြေးမယုက စိတ်ဝင်စားပြီး မေးရာ အဘွားက"အေး- အဲဒါ အရင်ဘဝတုန်းက နမြောတွန့်တိုလွန်းလို့၊ လောဘလဲ ကြီးလွန်းလို့ အကုသိုလ်ဖြစ်လာခဲ့ရတာကွဲ့။ ဒါနဲ့ အဲဒီမိန်းမဟာ ကလေးကို ခက်ခက်ခဲခဲပဲ မွေးယူရတယ်။ သူမွေးတဲ့ ကလေးဟာ ခေါင်းကြီးကြီး၊ ကိုယ်ကသေးသေး၊ ကြုံကြုံလှီလှီနှင့် သူ့ မျက်လုံးနှစ်လုံး ကလဲ အပြင်ဘက်ကို ပြူးထွက်ပြီး သရဲရုပ်ကလေးလို ဖြစ်နေသတဲ့။ သူ့ကို မြင်ရတဲ့ လူတိုင်းက ကြောက်ကြတယ်။ ကလေးမွေးပြီးတော့ သူ့အမေက သူ့ကိုချီပြီး အရပ်ထဲမှာပဲ သူတောင်းစားလို တောင်း ရမ်းစား ရရှာတယ်။ ဒါပေမယ့် ကလေးချီပြီးတောင်းရင် ဘယ်သူကမှ မပေးမကျွေးကြဘူး။ သူ မပါတော့မှပဲ တောင်းလို့ ခံလို့ရသတဲ့။ ဒီလိုနဲ့ပဲ ကလေးဟာ လေးနှစ်သား အရွယ်လောက် ရှိလာတယ်။ သူ့အမေကလည်း ကလေးကို ထား,ထားပစ်ခဲ့ရလို့ မထူးတော့ဘူးလို့ တွေးပြီး ကလေးကို "ကဲ-ငါ့သားလည်း လမ်းလျှောက်နိုင်ပြီ၊ စကားလည်းပြောတတ်ပြီ၊ ဟောဒီခွက်ကလေးကို ယူပြီး မင်းဘာသာ မင်း လမ်းမှာပဲ လျှောက်တောင်းစားပေးတော့" လို့ ပြောပြီး ထားပစ်ခဲ့လေသတဲ့။

"အမေက တစ်ခါတည်း ပစ်ထားခဲ့တာပေါ့နော်၊ သနားစရာပဲ အဘွားရယ်" ဟု မယုက သနားနေလေ၏။

---

**ရွှေတံတားစာပေ**

"အဲဒါ သူအရင်ဘဝတုန်းက သူဌေးကြီးဖြစ်ရပေမယ့် သူ့မယားအပေါ်မှာရော၊ ကိုယ့်သားလေး မူလသိရိကိုရော မသနားဘူး၊ မသထားဘူးဆိုတော့ နောက်ဘဝမှာကျတော့ သူ့ကို သူ့အမေကတောင် စွန့်ပစ်ခံရတော့တာပေါ့။ ကပ်စေးနဲ့ရတာဟာ ငရဲကြီးတတ်တယ်ဆိုတာ အဲဒါပဲပေါ့ မြေးရယ်"

"တစ်နေ့မှာ ကလေးငယ်ဟာ လျှောက်သွားရင်း အရင်ဘဝက သူနေခဲ့တဲ့ အိမ်ကြီးရှေ့ကို ရောက်သွားတယ်။ မြင်လင်းမြင်ရော သတိရပြီး ခြံကြီးထဲကို ပြေးဝင်သွားရှာတယ်။ ခြံထဲမှာ 'မူလသိရိ'ရဲ့ သားသမီးတွေက "ဟဲ့ ဘယ်ကဟာကလေးလဲ၊ အရုပ်ကလဲ ဆိုးလိုက်တာ၊ ကြောက်စရာပါကလား၊ သွားသွား၊ မလာနဲ့" လို့ ဗိုင်းပြီး နှင်ထုတ်ကြတယ်။

"ဒီအခိုက်မှာပဲ ဗုဒ္ဓမြတ်စွာဘုရားက နောက်ပါသံဃာတွေနှင့် ဆွမ်းခံကြွလာတယ်။ ကလေးကလေးဟာလည်း နှင်ထုတ်ခံရလို့ လမ်းဘေးအမှိုက်ပုံမှာ လဲနေလေသတဲ့ကွယ်။ မြတ်စွာဘုရားလည်း ဆွမ်းတော်လာရပ်တယ်။ မူလသိရိကို မြတ်စွာဘုရားက "ဒါယကာ၊ ဒီကလေးကို သိလားလို့ မေးတော့–

"မသိပါဘုရား၊ သူတောင်းစားကလေး တောင်းရမ်းဖို့ ရောက်လာတာဖြစ်မှာပေါ့" လို့ ရှိခိုးပြီး လျှောက်ကြားတယ်။

"မြတ်စွာဘုရားက တစ်ခြားမဟုတ်ဘူး၊ ဒီကလေးဟာ ဒါယကာရဲ့ ဖခင် အာနန္ဒာသူဌေးကြီးပဲ။ လူဝင်စားကလေးလိုပဲ။ သူ့အိမ်ကို စွဲလမ်းပြီး မှတ်မိလို့ ရောက်လာတာ" ဟု မိန့်တော်မူတော့ မူလသိရိက မယုံကြည်ဘူး။

"ဒါယကာ မယုံနိုင် အခုသူ့ကိုသွားခေါ်ပြီး ကောင်းစွာ ကျွေးမွေး၊ အဝတ်အစားလှလှပပ ဝတ်ပေးပြီး မေးကြည့်ပေါ့၊

အာနန္ဒာရှိစဉ်က သူ့ရဲ့ ရွှေအိုးငါးလုံးကို ဒီခြံထဲမှာ မြှပ်သွားခဲ့တာ ပြောမသွားဘူးလား" လို့မေးတော့ မူလသိရိက "မသိရပါဘုရား" လို့ ပြန်လျှောက်ကြားတယ်။

"ဒါဖြင့်ရင် ဒါယကာက သူ့ကို "အဖေ" လို့ခေါ်ပြီး မေးပါ။ ဒါယကာ သိရလိမ့်မယ်" လို့ မိန့်တော်မူတဲ့အတိုင်း မူလသိရိသူဌေးဟာ အစာငတ်ပြတ်နေတဲ့ ကလေးငယ်ကို အမှိုက်ပုံကနေ ခေါ်လာပြီး ဝအောင်ကျွေးတယ်။ ပြီးတော့ မူလသိရိက ကလေးကို "အဖေ၊ ရွှေအိုးငါးလုံး မြှပ်ထားခဲ့တာ ဘယ်နေရာမှာလဲ ကျွန်တော်တူးယူချင်လို့ပါ" လို့မေးတယ်။ ကလေးငယ်က "လာ-ပေါက်တူးယူခဲ့" လို့ပြောပြီး ရှေ့ကထွက်သွားတယ်။ သစ်ပင်ကြီးတစ်ပင်အောက်ကို ရောက်တဲ့အခါ "ဒီမှာတူးတော့" လို့ ပြောပြတဲ့နေရာမှာ ပေါက်တူးနဲ့ တူးတော့ တကယ်ပဲ ရွှေအိုးငါးလုံးကို တွေ့ရှိရတော့တယ်။

"သူဌေး မူလသိရိဟာ မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်း ရွှေအိုးငါးလုံးကို တွေ့ရတဲ့အခါ ဖခင်အိုကြီး အနန္ဒာဘဝမှ မကောင်းစိတ်များကြောင့် ဘဝဆိုးရောက်ရှိခံစားနေရတဲ့ ကလေးငယ်ကို ပွေ့ဖက်ပြီး "ဖြစ်မှ ဖြစ်ရလေခြင်း အဖေရယ်၊ အဖေ့ဘဝဆိုးလှချည့်လား" လို့ ငိုကြွေးတော့တယ်။

"မူလသိရိလည်း ဗုဒ္ဓမြတ်စွာကို ယုံကြည်သဒ္ဓါထက်သန်စွာနဲ့ ရှိခိုးပူဇော်ပြီး သရဏဂုံ တည်လေတော့တယ်။ တရားနာရတဲ့ လူအပေါင်းတို့လည်း အကျွတ်တရား ရကုန်ကြတော့တယ်။

"အဲဒါသာကြည့်တော့၊ ကိုယ့်ပစ္စည်းကိုယ် မက်မောတွယ်တာပြီး ကျွေးသင့်တာကို မကျွေး၊ လှူသင့်တာကိုမလှူတော့ နောင်ဘဝမှာ လူဖြစ်ရတာတောင် လူစဉ်မမီတဲ့ ဘဝဆိုး ဖြစ်ရတတ်တယ် မြေးတို့ရဲ့"

---

**ရှေ့တဲ့တားစာပေ**

အဘွားက တကယ့်ဖြစ်စဉ် ပုံပြင်ကို ပြောပြလေရာ နမြော တွန့်ကိုစိတ် ခိုင်မြဲလှသော မြေ့အငယ် မယုသည် ခေါင်းအောက် စိုက်ကာ စဉ်းစားနေပြီး "လာမယ့် တနင်္လာဆွမ်းလောင်းတဲ့နေ့မှာ သမီးလည်း ဆွမ်းဟင်းတစ်ခွက် လောင်းမယ် အဘွားရယ်၊ ဗိုလ်ရာညွှန့် လမ်းထဲက ဈေးကလေးမှာပဲဝယ်ပေးမယ်၊ လောင်းမယ်နော်အဘွား" ဟု သွက်လက်စွာပြောနေလေတော့သည်။

မေ့မူက သူ့ညီမအားကြည့်ပြီး ပီတိဖြစ်လျက် "အေးကွယ် ညီမလေးပါလောင်းရင် တို့အိမ်က ဆွမ်းဟင်းသုံးခွက်တောင်ဖြစ်မှာပေါ့၊ အဲဒါ ဘာကြောင့်လဲသိလား၊ တို့လမ်းထဲက နိဗ္ဗာန်ဆော်လုပ်တဲ့ လူကြီးတွေပဲ ကျေးဇူးကြောင့်။ ခုလို ဝါပတဲ့ အချိန်မှာ လမ်းတိုင်းသာ ဒီလိုလုပ်ကြရင် သိပ်ကောင်းမှာပဲနော်။"

(ဓမ္မပဒ၊ ကာလဝင်သုံးခမြောက် သူဌေးအာနန္ဒာဝတ္ထု)

* * *

---

ရွှေတံတားစာပေ

# သံကိစ္စ သာမကောင်ယော်၏

# ကျေးဇူးဂုဏ်

သာဝတ္ထိပြည်၌ ချမ်းသာကြွယ်ဝသော အမျိုးသမီးတစ်ယောက်သည် ကိုယ်ဝန်အရင့်အမာနှင့် ကွယ်လွန်ရှာသဖြင့် သူ့အလောင်းကို သုဂ္ဂသာန်သို့ ပို့ဆောင်ပြီး မီးသင်္ဂြိုဟ်ကြလေ၏။ မီးသည် အလောင်းကို လောင်ကျွမ်းစေသော်လည်း ကိုယ်ဝန် ဝမ်းဗိုက်သားမှာ မီးမလောင်သဖြင့် တံစူးဝါးဖြင့် ဝမ်းဗိုက်ကို ထိုးဆွကြလေရာ ဝမ်းတွင်းရှိ သားသူငယ်၏ မျက်စိအစွန်းကို ထိုးမိလေ၏။ ဤသို့ တံစူးဖြင့် ထိုးချိတ်ပြီးနောက် မီးကျီးစဖြင့် ဝမ်းဗိုက်ကိုဖုံးပေးပြီး ပြန်သွားကြလေ၏။

နောက်တစ်နေ့မှာ ထင်းပုံကို မီးငြိမ်းရန် လာရောက်ကြသော အခါ ပြာပေါ်မှာ လျောင်းအိပ်နေသော သားသူငယ်ကို တွေ့ကြ၍ အားလုံးကို မီးကျွမ်းလောင်ပါလျက် သားသူငယ်ကို မီးမလောင်သဖြင့် အံ့သြစွာ သူငယ်ကို ယူပြီး နိမိတ်ဖတ်သောသူထံ ပြကာ နိမိတ်ဖတ်စေကြ၏။ နိမိတ်ဖတ်သူက "ဤသူငယ်သည် လူ့ဘောင်မှာ နေပါက ဆွေခုနစ်ဆက်တိုင် ဆင်းရဲပင်ပန်းကြရလေအံ့။ သာသနာ့

ဝန်ထမ်း ရှင်ရဟန်းဖြစ်ခဲ့ပါက ငါးရာသော ရဟန်းတို့ ခြံရံလျက် လှည့်လည်ရလတ္တံ့" ဟု နိမိတ်ဖတ်ကြားလေ၏။

သားသူငယ်၏ မျက်စိအစွန်းမှာ တံစူးဝါးဖြင့် ထိုးမိလေသောကြောင့် ပျက်စီးရလေသဖြင့် "သံကိစ္စ" ဟု နာမည်မှည့်ကြလေ၏။ ဆွေမျိုးတို့သည် သံကိစ္စသူငယ် ခုနစ်နှစ်သားအရွယ် ရောက်သော် အရှင်သာရိပုတ္တရာမထေရ်မြတ်ထံ အပ်နှံကာ ရဟန်းပြုစေ၏။ "တစပဉ္စက"ကမ္မဋ္ဌာန်းကိုပေး၍ ရှင်သာမဏေပြုရာတွင် ဆံချပြီးသည်နှင့် တစ်ပြိုင်နက် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။

မြတ်စွာဘုရားသည် ရဟန်းသုံးကျိပ်တို့အား တောသို့မဝင်မီ "အရှင်သာရိပုတ္တရာ နောင်တော်ကြီးအား ဖူးမြော်ပြီးမှသာ သွားကြကုန်" ဟု မိန့်မှာတော်မူသဖြင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံ ဖူးမြော်ဝင်ကြလေ၏။ မထေရ်မြတ်သည် မြတ်စွာဘုရားက အကြောင်းတစ်စုံတစ်ရာရှိသော် ငါ့ထံစေလွှတ်ခြင်းဖြစ်မည်ဟု ဆင်ခြင်တော်မူသည်ရှိသော် မြတ်စွာဘုရား သိမြင်တော်မူသည့်အတိုင်း "မြတ်စွာဘုရားသည် အသင်တို့အား ငါ့ထံစေလွှတ်လိုက်သည်မှာ အသင်တို့နှင့် အတူတကွ သံကိစ္စသာမဏေကို ထည့်စေလိုသောဆန္ဒဖြင့် စေလွှတ်တော်မူခြင်းဖြစ်သည်။ သံကိစ္စသာမဏေကို သင်တို့နှင့်တကွ ခေါ်ဆောင်သွားကြလော့" ဟု မိန့်တော်မူ၏။

ရဟန်းသုံးကျိပ်နှင့် သံကိစ္စသာမဏေတို့သည် ယူဇနာ တစ်ရာ့နှစ်ဆယ်ကျော်ဝေးသော အိမ်ခြေတစ်ထောင်ရှိသည့် ရွာတစ်ရွာသို့ ရောက်ကြလေ၏။ ရဟန်းတော်တို့အား ဖူးမြော်ကြသော ရွာသားတို့က ဤရွာတွင် ဝါကပ်ဆိုတော်မူပါဟု တောင်းပန်ရာ ရဟန်းတော်တို့က လက်ခံတော်မူကြလေ၏။ ရွာသားတို့သည် သစ်ရွက်မိုးသော

ကျောင်းဇရပ်တို့ ကို ဆောက်လုပ်ပြီးလျှင် ဆွမ်းကွမ်းအစရှိသည်တို့ကို အလှည့်ကျ လှူဒါန်းဆည်းကပ်ကြလေ၏။

ဝါကပ်သောနေ့မှာ မထေရ်တို့သည် တိုင်ပင်ကြလေ၏။ "ငါတို့သည် နေ့နှင့်ည ပတ်လုံး မမေ့မလျော့ဘဲ တရားအားထုတ်ကြကုန်အံ့။ နံနက်စောစော ဆွမ်းခံသောအချိန်၊ ညနေချမ်း အုပ်ချုပ်သော မထေရ်မြတ်ကြီးအား ဖူးမြော်ခစားသော အချိန်မှ လွှဲ၍ ကျန်ရှိသော အချိန်ကိုင်းမှာ နှစ်ပါးအတူမနေကြရဘဲ တစ်နေရာမှာ ရဟန်းတစ်ပါးသာနေ၍ တရားအားထုတ်ကြရမည်။ အကြောင်းရှိပါက ကျောက်စည်ကို ထိုးခတ်သော အထိမ်းအမှတ်ဖြင့် ရဟန်းထံသို့ သွားကြရမည်"ဟု ကတိပြုကြပြီး ကိုယ်စီကိုယ်ငှ တရားအားထုတ်တော်မူကြကုန်၏။

တစ်နေ့သ၌ ဆင်းရဲသားတစ်ယောက်သည် သမီးကို မှီ၍ စားသောက်နေထိုင်ရစဉ် ထိုအရပ်မှာ ငတ်မွတ်ခေါင်းပါးခြင်း ဖြစ်လာသောကြောင့် သမီးထံမှ ထွက်ခွာလာခဲ့ရလေ၏။ သူသည် တောလမ်းခရီးမှ လာခဲ့ရာတွင် မထေရ်သုံးကျိပ်တို့ ဆွမ်းခံပြီး မြစ်ဆိပ်မှာ ထိုင်ကာ ဆွမ်းစားတော်မူကြသည်ကို တွေ့ရ၍ ရဟန်းများနှင့် မလှမ်းမကမ်း နေရာမှာ ထိုင်ကာ ကြည့်နေလေ၏။ ထိုသူကို ရဟန်းတို့က မြင်ရသော် "ဒါယကာ သင် ဘယ်သွားမလို့လဲ" ဟု မေးတော်မူကြ၏။ ထိုသူက သူ၏ အဖြစ်မှန်ကို ရဟန်းတို့အား လျှောက်ကြားလေ၏။

ရဟန်းတို့က "ဒါယကာ၊ သင့်ကို ကြည့်ရတာ ဆာမွတ်နေသည် ထင်ရသည်။ သစ်ရွက်ကို ယူခဲ့လော့" ဟု ပြောသဖြင့် ထိုသူက သစ်ရွက်ကို ခူးကာ မိမိတို့ စားသောက်အပ်သော အမှတ်ဖြင့် သစ်ရွက်ထဲသို့ ဆွမ်းထမင်း ခဲတစ်ခဲစီ ထည့်ပေးလိုက်ကြ၏။

ထိုသူသည် ထမင်းစားပြီးသောအခါ မထေရ်တို့အား ဦးချ၍ "အရှင်ဘုရားတို့၊ ယနေ့ဆွမ်းအတွက် တစ်စုံတစ်ယောက်က ပင့်ဖိတ်ထားပါသလား" ဟု မေးလျှောက်ကြည့်လေ၏။ ရဟန်းတို့က "ဒါယကာ ဤကဲ့သို့ပင် နေ့တိုင်းနေ့တိုင်း ပေးလှူကြပေသည်" ဟု မိန့်တော်မူကြရာ ထိုသူက စဉ်းစားလေ၏။ "ငါတို့သည် နေ့ရှိသမျှ လုပ်ကိုင်ကြရပါသော်လည်း ဤသို့သော စားဖွယ်တို့ကို မရရှိနိုင်ခဲ့။ အခြားတစ်ပါးသို့သွား၍ မသင့်တော့။ ဤမှာ ငါနေမှ ဖြစ်တော့မည်" ဟု စဉ်းစားမိကာ ရဟန်းတို့အား "အရှင်ဘုရားတို့တပည့်တော်သည် ယနေ့မှစ၍ အရှင်ဘုရားတို့အား ဝတ်ကြီးဝတ်ငယ်ပြု၍ နေပါရစေ" ဟု ခွင့်တောင်းရာ ရဟန်းတို့က "ဒါယကာ နေလိုက နေပါ" ဟု ခွင့်ပြုသဖြင့် ရဟန်းသုံးကျိပ်ထံမှာပင် ရက်လကျော်လွန်မျှ ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်ကာ နေလေ၏။

ကာလအတန်ကြာသောအခါ ထိုယောကျ်ားသည် ရဟန်းတို့ထံမှာနေရင်း ငြီးငွေ့လာသဖြင့် အခြားတစ်ပါးသို့ သွားရန်စိတ်ဖြစ်လာပြန်၏။ မကြာခင်မှာ ထိုသူသည် ရဟန်းတို့အား ခွင့်မတောင်းဘဲ သူ့အလိုအတိုင်း ထွက်ခွာလာခဲ့လေ၏။ တာဝန်မဲ့၊ ကျေးဇူးကို မထောက်ထားဘဲ ထွက်လာသော ထိုသူကား မိုက်မဲလှစွာ၏။

တောအုပ်တစ်ခု၌ ခိုးသားငါးရာတို့သည် "ဤတောထဲသို့ရောက်လာသူအား သတ်၍ ကျွန်ုပ်တို့ ကိုးကွယ်သော အရှင်နတ်အား ပူဇော်ပါမည်" ဟု တောင်းပန်ကာ ခရီးသွားတို့အား စောင့်နေကြလေ၏။ ရဟန်းတို့ထံမှ မပန်ကြားဘဲ ထွက်ခွာလာသော ထိုယောကျ်ားသည် ထိုတောထဲသို့ ရောက်လာရာ ခိုးသားတို့က ဖမ်းဆီးကာ ကြိုးနှင့်တုတ်ချည်ထားလေ၏။ ထို့နောက် မီးပုံကာ ထိုလူသားအား ကံစို့ထိုးပြီး ကင်ရန် တံစို့ကြီး ပြုလုပ်နေကြသည်ကို ထိုသူမြင်နေရလေ၏။ သူက ခိုးသားတို့အား "အသင်တို့ ဤတောထဲမှာ

သားသမင် မရှိ၊ ဝက် မရှိပါဘဲလျက် ဘယ်အတွက် ယခုလို လုပ်နေပါသလဲ" ဟု မေးရာ ခိုးသားတို့က "သင့်ကိုပဲ တံစို့ထိုး၊ မီးကင်ပြီး ယဇ်နတ်ပူဇော်ဖို့ပဲ" ဟု ပြောရာ ထိုသူက ကြောက်လန့်ကာ ကြံစည်ပြန်၏။ သူက အကြံတစ်ခုရလာပြီး "အရှင်တို့ ၊ ကျွန်ုပ်ကား အခြေအနေမဲ့ စားကြွင်းစားတစ်ယောက်ပါ။ သူများပေးစာကို စားနေရသော သူယုတ်မာ တစ်ယောက်ပါ။ ကျွန်ုပ်လိုလူကို ယဇ်နတ်ပူဇော်၍ မကောင်းပါ။ ဟိုတောမှာ မြင့်မြတ်သော ရဟန်းတို့ ရှိကြပါသည်။ ရဟန်းတို့မှာ ဆွေကောင်း မျိုးကောင်းများ ဖြစ်၍ ထိုသူတို့အား သတ်၍ ပူဇော်မှ အရှင်တို့နတ်က ကျေနပ်ပါလိမ့်မည်။ ကျွန်ုပ် လမ်းပြပေးနိုင်ပါသည်" ဟု ပြောပြလေ၏။ ခိုးသူတို့က သဘောကျ၍ ထိုသူမိုက်အား လမ်းပြစေပြီး ရဟန်းသုံးကျိပ်ရှိရာသို့ သွားကြလေ၏။

ကျောင်းသို့ရောက်သောအခါ ရဟန်းတို့ တရားအားထုတ်နေကြသဖြင့် ကျောင်းထဲမှာ တစ်ပါးမျှ မတွေ့ရချေ။ ထိုအခါ "စားကြွင်းစား လူမိုက်" က အကြောင်းသိပြီးဖြစ်၍ ကျောက်စည်ကို ထိုးခတ်လိုက်လေ၏။ မထေရ်တို့သည် ကျောက်စည်သံကို ကြားကြသောအခါ တရားထိုင်နေရာမှ ထလာပြီး ကျောင်းပေါ်မှာ ဝါစဉ်အလိုက် ထိုင်တော်မူနေကြလေ၏။ မထေရ်ကြီးက ကျောက်စည်ကို ဘယ်သူ တီးခတ်သလဲ" ဟု မေးရာ ခိုးသူအကြီးအကဲက "တပည့်တော် ထိုးခတ်ခြင်းပါ၊ ယဇ်နတ်ပူဇော်ဖို့ ရဟန်းတစ်ပါးကို ဖမ်းဖို့ လာကြတာပါ" ဟု ပြောပြလေ၏။ ရဟန်းကြီးက " ငါ့မှာ အကြီးဆုံးဖြစ်လို့ ပဟာဝန်ရှိတယ်၊ ငါ့ကိုသာ သင်တို့ ဖမ်းကြပါ" ဟု ပြောရာ မထေရ်ကြီး၏ တပည့်ကြီးတစ်ပါးက "အရှင်ဘုရား မလိုက်ပါနှင့် တပည့်တော်တို့ လိုက်ပါမည်" ဟု ရဟန်းတပည့် အဆင့်ဆင့်က ခွင့်တောင်း ပန်ကြားနေကြလေ၏။

ထိုကဲ့သို့ ရဟန်းအပေါင်းက အဆင့်ဆင့် လိုက်ပါသွားဖို့ ခွင့်တောင်းနေကြသည်ကို သံကိစ္စ သာမဏေကြားရသော် ဤအရာမှာ ပါဝင်လေမှုဟုဆိုကာ "အရှင်ဘုရားတို့မှာ ရဟန်းကိစ္စ မပြီးကြသေးပါ၊ တရားကိုသာ ဆက်လက်အားထုတ်ကြပါ၊ တပည့်တော်က အရှင်တို့ ကိုယ်စား လိုက်သွားပါမည်" ဟုပြောလေ၏။ ထိုစကားကို ကြားရသော မထေရ်ကြီးက "ရှင်သာမဏေ သံကိစ္စ၊ ယခုဆိုလျှင် ဆရာတော်ကြီး အရှင်သာရိပုတ္တရာထံ လျှောက်ရခက်ပါလိမ့်မည်။ မလိုက်ပါနှင့်" ဟု တားမြစ်ရာ ရှင်သာမဏေက "အရှင်ဘုရား၊ မြတ်စွာဘုရားက အရှင်ဘုရားတို့အား အရှင်သာရိပုတ္တရာထံ စေလွှတ်ခဲ့ခြင်းမှာ ယခုဖြစ်မည့် အန္တရာယ်ကို သိမြင်တော်မူ၍ စေလွှတ်ခြင်း ဖြစ်ပါမည်။ တပည့်တော်ပင် လိုက်သွားပါတော့မည်၊ တပည့်တော်မှာ အပြစ်ကြီးငယ်ရှိပါက ခွင့်လွှတ်တော်မူကြပါ" ဟု ကန်တော့ဦးချပြီး နှုတ်ဆက်ကာ ခိုးသားတို့ ခေါ်ဆောင်ရာသို့ လိုက်ပါသွားလေ၏။ ရဟန်းတို့ကား ရှင်သာမဏေငယ်ကလေးက ဤသို့လိုက်ပါသွားသည်ကို မြင်ရသိရသော် စိတ်ချောက်ချား တုန်လှုပ်ကာ ငိုယိုကြကုန်၏။ အကြီးအကဲ မထေရ်ကြီးက ခိုးသူခေါင်းဆောင်အား "ဒါယကာတို့ ခုနစ်နှစ်အရွယ် ဤသာမဏေလေးသည် အသင်တို့ မီးဖိုကာ တံစို့ ပြုလုပ်နေသည်ကို မြင်ရပါက တုန်လှုပ်ထိတ်လန့်ရှာပါလိမ့်မည်။ သူ့ကို မမြင်ရာအရပ်တွင် ထားပြီးမှ ပြုလုပ်စရာရှိတာကို ပြုလုပ်ကြပါ" ဟု မှာကြားလိုက်လေ၏။

ခိုးသားတို့သည် သာမဏေငယ်အား မမြင်ရာအရပ်မှာ ထားပြီးသော် ခိုးသူအကြီးအကဲက ဓားအိမ်မှ ဓားကို ချွတ်ပြီး သာမဏေအား ခုတ်သတ်ရန် လာလေ၏။ ရဟန္တာဖြစ်ပြီးသော သံကိစ္စ သာမဏေကား ဈာန်ကို ဝင်စား၍သာ ထိုင်နေတော်မူ၏။ ခိုးသူကြီးသည် ဈာန်ဝင်စားနေသော သာမဏေကို ဓားဖြင့် တစ်အားလွှဲ

၍ ခုတ်သတ်လိုက်သောအခါ ဓားသွားမှာ ပျော့ညွတ်ကာ ခွေလိပ် သွားလေ၏။ ဓားကို အုကြိမ်ကြိမ်ပြင်ပြီး ခုတ်သော်လည်း ဤကဲ့သို့ပင် ခွေလိပ်သွားသဖြင့် ခိုးသူကြီး အံ့ဩထိတ်လန့်လာလေ၏။

(ဈာန်ဝင်စားသော အခိုက်အတန့်မှာ မြင့်မိုရ်တောင်ကြီးဖြင့် ဖိ၍ သတ်သည်ကိုပင် မထိခိုက်နိုင်)။

ခိုးသူကြီးက– "အသက်မရှိသော ဤသန်လျက်ဓားကမှ ဤသာမဏေ၏ ဂုဏ်ကျေးဇူးကို သိပေသေးသည်။ ငါလိုလူက စိတ်တည်းဟူသော အသိဉာဏ်ရှိပါလျက် မသိခြင်းမှာ မိုက်မဲလှလေစွ" ဟု လက်မှ သံလျက်ဓားကို ချပြီး သာမဏေ၏ ခြေရင်းမှာ ဝပ်စင်း လျက်– "အရှင်ဘုရား၊ သေဘေးကို တွေ့ရသော်လည်း မကြောက် မလန့် မတုန်လှုပ်ဘဲ အဘယ့်ကြောင့် တည်နေနိုင်ပါသနည်း" ဟု မေးလျှောက်သော် ရှင်သာမဏေက "ဒါယကာ၊ အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာကိုယ်အတ္တဘောမှာ ခေါင်းပေါ်မှာ ရွက်ထားရသော ဝန်ထုပ်ကဲ့သို့ ဖြစ်၏။ ထိုခန္ဓာသည် ပျက်စီးရသော် ဝန်ထုပ်ဝန်ပိုးကို ပစ်ချလိုက်ရသကဲ့သို့သာ ဖြစ်၏။ ရွံ့ကြောက် တုန်လှုပ်ခြင်း မရှိတော့" ဟု ပြောပြတော်မူ၏။

သံကိစ္စ၏ တရားစကားကို ကြားသိရသောအခါ ခိုးသူကြီးသည် သူ၏ ခိုးသားငါးရာတို့အား "အချင်းတို့၊ ငါသည် ဤသို့သော အရှင်မြတ်၏ တန်ခိုးဣဒ္ဓိပတ်ကို မြင်၍ လူ့ဘောင်မှာ မနေလိုတော့ပြီ၊ သင်တို့ သဘောအရ ဘယ်လို ရှိကြပါသလဲ" ဟု မေးရာ ခိုးသား တို့က သူတို့လည်း အတူတကွပင် ရဟန်းပြုလိုကြပါပြီ" ဟု သဘောတူကြပြီးနောက် ရှင်သာမဏေက ခိုးသားငါးရာတို့အား သူတို့၏ ဓားသံလျက်ဖြင့် ခေါင်းရိတ်စေပြီးလျှင် အဝတ်ပုဆိုး တို့ကိုလည်း မြေနီမှုန့်ဖြင့် ဆိုးစေကာ ဆယ်ပါးသောသီလကို ဆောက်တည်စေ၍ ဘုရားရှင်ထံသို့ ခေါ်ဆောင်သွားလေ၏။

---

**ရွှေတံတားစာပေ**

မသွားမီ တောကျောင်းမှာ ကျန်ခဲ့သောရဟန်းတို့က သူ့အတွက် စိုးရိမ်ပူဆွေးနေကြသည်ကို သိသဖြင့် ရွာကျောင်းသို့ဝင်ကာ သံကိစ္စသာမဏေ ချမ်းသာစွာဖြင့် ဆရာတော်မထေရ်မြတ်ထံ သွားတော့မည့်အကြောင်းနှင့် ခိုးသားငါးရာတို့ ရဟန်းပြုကြမည့်အကြောင်းကို ပြောပြခဲ့လေ၏။ သံကိစ္စ ရှင်သာမဏေသည် ထိုမှဆက်၍ ဆရာရင်းဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်ကြီးထံသို့ သွားလေ၏။ အရှင်သာရိပုတ္တရာက "ငါ့ရှင်သံကိစ္စ သာမဏေ၊ ယခု သင့်မှာ အတွင်းနေ တပည့်တို့ ရပြီလော" ဟု မေးရာ သာမဏေက "ရခဲ့ပါပြီ ဘုရား"ဟု လျှောက်၏။ မထေရ်မြတ်က "ဒါဖြင့် ဘုရားရှင်ထံသို့ ဖူးမြော်သွားကြလော့" ဟု မိန့်တော်မူသဖြင့် မြတ်စွာဘုရားထံသို့ ဝင်ရောက်ဖူးမြော်ကြလေ၏။

မြတ်စွာဘုရားက ရဟန်းတော်ငါးရာတို့အား "ချစ်သားရဟန်းတို့၊ ခိုးသူ အမှုဖြင့် ဒုဿီလဖြစ်ကာ တစ်သက်လုံး အသက်ရှည်ရသည်ထက် သီလနှင့်တည်လျက် တစ်နေ့တစ်ရက်မျှ အသက်ရှည်ရခြင်းက မြတ်၏" ဟု တရားတော် ဟောကြားတော်မူရာ တရားနာကြရသော ခိုးသားငါးရာဘဝမှ လွတ်မြောက်လာသော ရဟန်းငါးရာတို့သည် ထိုခဏမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။ တရားနာယူကြသော ပရိသတ်တို့အဖို့မှာလည်း အကျိုးရှိသော တရားထူးကို နာကြားကြရသည်သာ ဖြစ်လေသတည်း။

**(ဓမ္မပဒ သဟဿဝဂ် ကိုးခုမြောက် သံကိစ္စ သာမဏေ ဝတ္ထု)**

* * *

---

**ရွှေတံတားစာပေ**

# ဒါနမျိုးနွယ်ဆက် ဖျက်ဆီးပစ်ခဲ့သူ သူဌေးကြီး

ဂေါတမရှင်တော်ဘုရား လက်ထက်တော်အခါက ရဟန်းတစ်ပါးသည် အလှူဒါနပြုလေ့ ရှိလေ၏။ သူခံ၍ ရလာသော ဆွမ်းကိုပင် တစ်စုံတစ်ယောက်ကို စွန့်လှူပြီးခါမှ စားလေ့ရှိ၏။ သူ့အပါးမှာရှိသော ရဟန်းတို့က ထိုရဟန်းလှူလေ့ရှိသည်ကို အချင်းချင်း ပြောဆိုနေကြစဉ် ဘုရားရှင်ကြားတော်မူ၍ "ချစ်သားရဟန်းတို့၊ ထိုသူကား ယခုရဟန်းဘဝမှာ လှူလေ့ရှိသော်လည်း ရှေးဘဝတစ်ခုမှာ တွန့်တိုနမြောသောစိတ်ရှိပြီး လှူဖို့ရာ ဝန်လေးသောသူ ဖြစ်ခဲ့၍ သူ့ကို ထိုဘဝက ငါဆုံးမခဲ့သောကြောင့် ယနေ့ဘဝအထိ အလှူဒါန ပြုလေ့ရှိနေခဲ့ခြင်းသာ ဖြစ်ပေသည်။ သူ၏ အတိတ်ဘဝမှာ–

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးစံစဉ် သူဌေးတစ်ယောက်မှာ သားတစ်ယောက် ဖွားမြင်လာ၏။ သူ့ကို ဖွားသည်မှစ၍ သူဌေးမှာ ဥစ္စာစီးပွားတိုးတက်များပြားလာရာ ထိုသားအရွယ်ရောက်လာသော အခါ၌ အလှူဒါန ပေးလှူခြင်း၌ နှစ်သက်ကာ မပြတ်အလှူပေးနေ၏။

ဖခင် သူဌေးကြီး ကွယ်လွန်သောအခါ ထိုသူဌေးသားမှာ သူဌေးဘွဲ့ကို ရလေ၏။ ထိုသူဌေးသည် ငယ်စဉ်ကကဲ့သို့ပင် အလှူကြီး ပေးလေ့ရှိကာ အလှူတင်းကုတ်ကြီး ဆောက်ကာ ဒါနကုသိုလ်အမြဲပြု လျက် ရှိလေ၏။ သူဌေးကြီးဖြစ်၍ ကွယ်လွန်ခါနီးသောအခါ သူ၏သားအား "ငါမရှိရင် ငါလှူသလိုသာ လှူဒါန်းကြ၊ အလှူဒါန မျိုးဆက် မပျက်ပါစေနှင့်"ဟု မှာကြားကာ သေလွန်သောအခါ၌ ထိုသူဌေးကြီးသည် တာဝတိံသာနတ်ပြည်မှာ သိကြားမင်း ဖြစ်ရ လေ၏။

သားသူဌေးမှာလည်း ဖခင်မှာကြားခဲ့သည့်အတိုင်း ဒါန ကုသိုလ်များ မပြတ်စေဘဲ အသက်ထက်ဆုံးနေကာ သူ၏ သားကို လည်း သူ့လိုပင် ဒါနကုသိုလ် မပြတ်ပြုဖို့ မှာထားပြီး သေလွန် သောအခါ တာဝတိံသာနတ်ပြည်မှာ "စန္ဒ" အမည်ရှိ နတ်သား ဖြစ်လာလေ၏။ လူ့ဘဝမှာ ကျန်နေခဲ့သော သူဌေး၏သားမှာလည်း ဖခင်မှာစကားအတိုင်း ဒါနပြုဝတ်မချွတ်စေဘဲ တစ်သက်တာပတ်လုံး အလှူပေးကာ သေလွန်ခါနီး၌ သူ၏သားအား အလှူဝတ်မပျက်စေဖို့ မှာထားပြီး သေလွန်သောအခါ၌ တာဝတိံသာနတ်ပြည်မှာ "သူရိယ" အမည်ရ နတ်သားဖြစ်လာ၏။ လူ့ဘဝမှာ ရှိခဲ့သော သူ၏သားမှာ လည်း ဖခင်သူဌေးမှာစကားကို နားထောင်ကာ ဒါနလှူဝတ်မပျက်စေဘဲ သူ၏သားကိုလည်း သူမရှိသောအခါ သူ့ကဲ့သို့ပင် ဒါနကောင်းမှု ပြုမြဲပြုဖို့ မှာထားကာ သေလွန်ခဲ့သောအခါ တာဝတိံသာနတ်ပြည်၌ "မာတလိ" အမည်ရ နတ်သား ဖြစ်လာရ၏။ လူ့ဘဝမှာ ကျန်ခဲ့သော သူဌေးသားမှာလည်း ဖခင်ကဲ့သို့ပင် တစ်သက်တာလုံး ဒါနကုသိုလ် များပြုကာ သေလွန်သောအကါ၌ တာဝတိံသာနတ်ပြည်မှာ "ပဉ္စသိက" အမည်ရ နတ်သား ဖြစ်လာရ၏။

---

**ရွှေတံတားစာပေ**

ဤကဲ့သို့ သူဌေးသားတို့ အလှူဝတ်မပျက် ဆက်လက်ပြုလုပ်ခဲ့ရာ ခြောက်ယောက်မြောက်သော သားသည်လည်း သူဌေးပင်ဖြစ်ကာ စည်းစိမ်ချမ်းသာ ပြည့်စုံသူ ဖြစ်သော်လည်း ရှေးကဘိုးဘေးစဉ်ဆက် အလှူဒါနဝတ်ကို ဆက်လက်မလုပ်တော့ဘဲ နှမြောဝန်တိုသော မစ္ဆေရ (မစ္ဆရိယ) စိတ်တွေကြောင့် ဆွေစဉ်မျိုးဆက်လှူခဲ့ကြရာ အလှူတင်းကုတ်ကို မီးရှို့ပြီး ဖျက်ဆီးပစ်လိုက်လေ၏။ အလှူခံလာသူတို့အားလည်း ဆဲဆိုရိုက်ပုတ်၍ နှင်ထုတ်လေ့ ရှိလေ၏။ အလှူစေတနာ သူ့မှာ လုံးဝမရှိချေ။ သူကား ကြောင်မျက်စိကဲ့သို့သော မျက်စိရှိသဖြင့် "ဗိလာရကောသိယ" ဟု အမည်ရလေ၏။

တာဝတိံသာနတ်ပြည်မှ ဘိုးတော်သိကြားမင်းသည် သူ၏ရှေးကောင်းမှုကို ရှုကြည့်လေသောအခါ "ငါ၏ သားမြေးအဆက်ဆက်တို့မှာ ဒါနမျိုးဆက် မပျက်ခဲ့ကြ၍ ယခုနတ်ပြည်မှာရောက်ရှိနေကြသည်။ ဤခြောက်ယောက်မြောက်သော သူဌေး "ဗိလာရကောသိယ"ကား အလှူမျိုးဆက်ကို ဖျက်ဆီးလေပြီ။ သူ့အားဆုံးမရတော့မည်"ဟု မာတလိ၊ စန္ဒ၊ သူရိယနှင့် ပဉ္စသိခ တို့ကိုခေါ်၍ ပုဏ္ဏားသဏ္ဍာန် ဖန်ဆင်းကာ လူ့ပြည်သို့ ဆင်းလာခဲ့လေ၏။

ဗိလာရကောသိယ သူဌေးသည် မင်းကြီးထံ အခစားဝင်ရန်အိမ်မှအထွက် ခုနစ်ခုမြောက် တံခါးမုခ်ဝတွင် လျှောက်လာရာ ပုဏ္ဏားသဏ္ဍာန် သိကြားမင်းက သူဌေးအား "အရှင်၊ ထမင်းနည်းနည်းပေးပါ"ဟု တောင်းခံလေ၏။ သူဌေးက "ထမင်းမရှိဘူး၊ ချက်လည်းမချက်ဘူး၊ တခြားမှာ သွားတောင်း"ဟု ပြန်ပြောလေ၏။ ပုဏ္ဏားကြီးက "သူဌေးကြီး၊ ဂါထာတစ်ပုဒ် ရွတ်ပြပါမယ်၊ နားထောင်ပါ"ဟု ပြောရာ သူဌေးက "မရွတ်ပါနှင့်၊ နားမထောင်ချင်ဘူး၊ ငါ့အိမ်ကိုလဲ မဝင်နှင့်"ဟု ပြောရာ ပုဏ္ဏားက မကြားချင်ယောင်ဆောင်

ကာ "အို--သူဌေးကြီး၊ သူတော်ကောင်းတို့သည် ထမင်းမချက်ရသော်လည်း ဆွမ်းခံ၍ ရသည်ကိုပင် လှူလိုကြပါ၏။ သင်ကား ချက်ရပါလျက် ဘာကြောင့် ထမင်းမလှူနိုင်ပါသလဲ။ အလှူမည်သည်မှာ ဝန်တိုခြင်းကြောင့်လည်းကောင်း၊ မေ့လျော့ခြင်းကြောင့်လည်းကောင်း၊ ဤအကုသိုလ်တရားနှစ်ပါးတို့ကြောင့် မလှူ။ အလှူ၏ အကျိုးကို လိုလားတောင့်တသော ပညာရှိသည် လှူသည်သာတည်း"ဟူသော ဂါထာကို ရွတ်ဆိုရာ သူဌေးက "ကောင်းပြီ၊ အိမ်ထဲဝင်ပါ၊ ထမင်းနည်းနည်းရပါမည်"ဟု ပြောလေ၏။ သိကြားပုဏ္ဏားလည်း အိမ်ထဲဝင်ကာ ထိုဂါထာကိုပင် ရွတ်ဆိုနေလေ၏။

ထို့နောက် စန္ဒနတ်သားပုဏ္ဏားက သူဌေးထံ ထမင်းတောင်းရာ သူဌေးက "မပေးနိုင်၊ သွားတော့"ဟု ဆိုသဖြင့် ပုဏ္ဏားက "သူဌေး အိမ်တဲမှာ ပုဏ္ဏားတစ်ယောက်ရှိတာ ဆွမ်းကျွေးမလို့ မဟုတ်လား"ဟု ပြောပြီးနောက် "အို--သူဌေးကြီး၊ ဝန်တိုသောသူသည် ငတ်မွတ်ခြင်း၊ ဆာလောင်ခြင်းဘေးမှကြောက်၏။ ကြောက်၍သာ မလှူလေ၊ ထိုငတ်မွတ်ဆာလောင်သော ဘေးသည် ပစ္စုပ္ပန်၊ တမလွန်လောက၌ ဝန်တိုသောသူအား လိုက်၍ နှိပ်စက်တတ်၏။ ဝန်တိုမစ္ဆေရစိတ်ကို ပယ်ဖျောက်၍ ပေးလှူပါ။ ကောင်းမှုသည် တမလွန်လောက အဆက်ဆက်၌ သတ္တဝါတို့အား ထောက်တည်ရာ ဖြစ်စေ၏။" ထိုအခါ သူဌေးက "ကောင်းပြီ၊ အိမ်ထဲဝင်ပါ၊ ထမင်းနည်းနည်း ရပါလိမ့်မယ်"ဟု ပြောသဖြင့် စန္ဒပုဏ္ဏားလည်း အိမ်ထဲဝင်ကာ သိကြားမင်းပုဏ္ဏားနှင့် အတူထိုင်နေလေ၏။

သုရိယနတ်သားပုဏ္ဏားလည်း သူဌေးထံ ထမင်းတောင်းရာ မရသဖြင့် "အို--သူ ဌေးကြီး။ သူယုတ်မာတို့သည် လှူနိုင်ခဲသော အလှူဒါနကို ပြုသူတို့ အတုကိုယူ၍ မလှူကြကုန်။ သူတော်ကောင်း

အကျင့်ကို သူယုတ်မာက ပြုနိုင်ခဲ၏။ ထို့ကြောင့် ယခုဘဝမှာ သေလွန်သည်ရှိသော် သူတော်ကောင်းတို့ လားရာဂတိနှင့် သူယုတ်မာတို့ လားရာဂတိ မတူကြ။ သူတော်ကောင်းတို့ကား နတ်ပြည်ရောက်ကြ၏။ သူယုတ်မာတို့ကား ငရဲပြည် ရောက်ကြ၏"ဟု ပြောရာ သူဌေးက "အိမ်ထဲဝင်ပါ၊ ထမင်းနည်းနည်းရပါမည်"ဟု ပြောသဖြင့် သုရိယပုဏ္ဏားသည် အိမ်ထဲဝင်ကာ အတူထိုင်နေကြလေ၏။

ထို့နောက် မာတလိပုဏ္ဏား ရောက်လာ၍ ထမင်းတောင်းခံရာ မရသဖြင့် "သူဌေးကြီး၊ အချို့သော ပညာရှိသူတို့သည် အနည်းငယ်သာ လှူနိုင်သမျှ လှူ၏။ ဝန်တိုသောသူမှာ ဥစ္စာများစွာ ရှိနေပါလျက် မလှူကြ၊ ကံနှင့် ကံ၏အကျိုးကို ယုံကြည်စွာ လှူသော အနည်းငယ်သော အလှူသည် အသပြာတစ်ထောင်လှူသူနှင့် တူမျှပေ၏။ သူဌေးကြီးက မာယတလိနတ်သားပုဏ္ဏားကို အိမ်ထဲဝင်နေစေ၏။

ထို့နောက် ပဥ္စသိခ နတ်သားရောက်လာ၍ ထမင်းတောင်းရာ မရသဖြင့် "အို--သူဌေးကြီး၊ တရားကိုကျင့်သော ရဟန်းသည် တရားနှင့်ညီသော ဆွမ်းခံခြင်းကို ပြု၏။ ဘားမယားကို ကျွေးမွေးသော သူသည် လှူစရာ အနည်းငယ်မျှကိုသာ လှူ၍ တရားကျင့်၏။ သူတစ်ပါးတို့အား နှိပ်စက်၍ရသော ပစ္စည်းဖြင့် အသပြာတစ်သောင်း လှူသော အလှူသည် နည်းနည်းမျှသာ လှူရသော သူဆင်းရဲ၏ အလှူကို မမှီနိုင်ပါ။"

ထိုအခါ သူဌေးက "အို--ပုဏ္ဏား၊ အသပြာတစ်သောင်း လှူသော သူက အသပြာနည်းနည်းသာ လှူသော သူဆင်းရဲအလှူကို အဘယ်ကြောင့် မမှီပါသနည်း"ဟု မေးလေ၏။ မာတလိပုဏ္ဏားကလည်း "အို--သူဌေးကြီး၊ သူတစ်ပါးကို နှိပ်စက်ပြီးရသော ပစ္စည်းကို လှူခြင်းနှင့် ရိုးသားစွာ ရှာဖွေ၍ လှူသော သူဆင်းရဲ၏

ပစ္စည်းနှင့် လျှသောအလှူသည် မတူပါ။ ပစ္စည်းသန့်ရှင်းဖို့ လိုပါသည်။ သန့်စင်စွာ ရသော ပစ္စည်းကို လှူရာမှာ မြတ်သည်၊ ဝန်တိုခြင်း ကင်းသောကြောင့်လည်း ဖြစ်သည်”ဟု ရှင်းပြရာ သူဌေးက ပုဏ္ဏားအား “အိမ်ထဲဝင်ပါ၊ ထမင်းနည်းနည်း ပေးမယ်”ဟု ပြောသဖြင့် ပဉ္စသိခ နတ်သား ဝင်ရောက်ကာ နတ်ငါးပါး စုထိုင်နေကြလေ၏။ ဗိလာရ ကောသိယံ သူဌေးကြီးလည်း ကျွန်မအား စပါးစေ့များ လှူပေးစေ၏။ နတ်ငါးပါးက လက်မခံကြ။ တစ်ဖန် ဆန်ကို ပေးလှူစေ၏။ နတ်ငါးပါး က ဆန်ကို လက်မခံကြ။ တစ်ဖန် နွားစာထမင်းကို ပေးလှူစေပြန်၏။ နတ်ငါးပါးတို့သည် နွားစာထမင်းကို စားကြ၍ လည်ပင်းနင်ကာ လဲကျကုန်ကြလေး၏။ မျက်ဖြူလန်ကာ လဲကျ မိန်းမောကုန်ကြသောအခါ ကျွန်မက “ပုဏ္ဏားတွေ လဲကျပြီး မျက်ဖြူလန်ပြီး သေကုန်ကြပြီထင်တယ်”ဟု သူဌေးကြီးကို ပြောရာ သူဌေးကြီးက သလေးထမင်းကို ယူစေပြန်ရာ ပုဏ္ဏားတို့ကို ပေးစေ ပြီးနောက် သူဌေးက လမ်းသွားလမ်းလာများ ကြားရအောင် “ဒီမှာ ကျုပ်က ကျုပ်စားတဲ့ သလေးထမင်းကို လှူတာ လောဘတကြီး စားကြတော့ လည်ပင်းနင်ပြီး သေကုန်ကြတာပေါ့၊ ကျုပ်ရဲ့အပြစ် မဟုတ်ပါဘူး”ဟု ဟစ်အော်၍ ပြောနေ၏။

ပုဏ္ဏားတို့လည်း လဲလျောင်းနေရာမှ ထကြပြီးလျှင် “အို– လူအပေါင်းတို့၊ သူဌေးဟာ ကျွန်ုပ်တို့ငါးဦးကို နွားစာထမင်းတွေ အရင်ကျွေးတာပါ။ ကြည့်ကြပါ”ဟု ပြောပြီး ဆန်၍ ချလိုက်ရာ နွားစာများ ပြန့်ကြဲနေသည်ကို တွေ့ကြရလေ၏။ လူများက “သူဌေးကြီး၊ မဟုတ်မမှန်ဟာကို ပြောနေတာပဲ။ သူဌေးဟာ အလှူမျိုးဆက်ကို ပျက်တဲ့လူ၊ အလှူတင်းကုတ်ကိုလည်း မီးရှို့ဖျက်ဆီး ခဲ့တယ်၊ အလှူခံတို့ကိုလည်း ရိုက်ပုတ်နှင်ထုတ်တယ်၊ ခုလည်း

ပုဏ္ဏားအလှူခံတွေကို နွားစာပဲ ကျွေးထားတယ်။ မင်းရဲ့ပစ္စည်းတွေကို မင်းလည်ပင်းမှာပဲ ဆွဲထားမလို့လား”ဟု အပြစ်ပြောဆိုနေကြလေ၏။

ထိုအခါ သိကြားမင်းက “အို--လူအပေါင်းတို့၊ သင်တို့ မမွေးမီ ဘိုးဘွားတို့လက်ထက်က အလှူတင်းကုတ်ကြီး ဆောက်ပြီး နေ့စဉ်ထာဝရ အလှူဒါနပေးပြီး သားမြေးတို့အား အလှူမျိုးဆက် မပျက်အောင် မှာကြားထားခဲ့တဲ့ သူဌေးကြီးဟာ ကျုပ်သိကြားမင်းပဲ။ ကျုပ်ရဲ့ အလှူမျိုးဆက်မပျက်အောင် သားမြေးတို့ကို မှာထားခဲ့ရာမှာ မျိုးဆက်သုံးဆက်အထိ ကျုပ်ရဲ့ အမွေပစ္စည်းတွေနှင့် ထာဝရလှူခဲ့ကြတယ်။ ဟောဒီက စန္ဒနတ်သား၊ သူကတော့ သူရိယနတ်သား၊ သူကတော့ မာတလိနတ်သား၊ သူကတော့ ပဥ္စသိခ နတ်သား၊ ဒီနတ်သားဟာ သူဌေးယုတ်ရဲ့ ဖခင်ပဲ။ ကျုပ်က လူ့ပြည်မှာ ကျုပ်မှာထားခဲ့တဲ့အတိုင်း လှူမလှူ ကြည့်လိုက်တဲ့အခါ သူဌေးယုတ်ဟာ နတ်ပြည်မရောက်နိုင်၊ နမြောတွန့်တိုလွန်းလို့ ငရဲကျရတော့မှာကြောင့် ကျုပ်တို့ငါးဦး ပုဏ္ဏားရုပ်သွင်ဆောင်ပြီး သူ့ကို ဆုံးမဖို့ ဆင်းလာကြတာပဲ။ ပညာရှိတို့ဟာ လှူကြစမြဲပဲ။ လှူပို့ရာ အသိပညာရှိရမှာမို့ လာဆုံးမတာပဲ”ဟု ရှင်းပြပြီးနောက် သိကြားမင်းနှင့် နတ်သားများ အသွင် ကိုယ်ထင်ပြလျက် ကောင်းကင်ထက်သို့ တက်သွားကြလေ၏။

သိကြားမင်းက ကောင်းကင်မှ အလှူဒါန တရားဟောကြားပြီးလျှင် လူတို့အား ငါးပါးသီလ ခံယူစေပြီးမှ နတ်တို့၏ ဘုံဗိမာန်သို့ သွားရောက်ကြလေရာ ကျန်ရှိသော ဗိလာရကောသိယသူဌေးကြီးသည် သိကြားမင်းအား လက်ယှက်ကန်တော့ပြီး “အလှူဒါန ထာဝရပြုပါမည်၊ ဒါနမျိုးနွယ်ဆက် မပျက်အောင် စောင့်ထိန်းပါမည်”ဟု ကတိပြုကာ အလှူဒါန ထာဝရပြုလျက်ရှိရာ သူသေလွန်သောအခါ တာဝတိံသာ နတ်ပြည်သို့ ရောက်ရှိစံစားရလေ၏။

---

ရွှေတံတားစာပေ

* * *

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဗိလာရကောသိယ သူဌေးသည် ယခုအခါ ပေးလှူလေ့ရှိသော ရဟန်း၊ စန္ဒနတ်သားသည် အရှင်သာရိပုတ္တရာ၊ သူရိယနတ်သားသည် အရှင်မဟာမောဂ္ဂလာန်၊ မာတလိနတ်သားသည် ရှင်မဟာကဿပ၊ ပဉ္စသိခနတ်သားသည် အရှင်အာနန္ဒာ၊ သိကြားမင်းသည် မြတ်စွာဂေါတမရှင်တော်ဘုရား ဖြစ်လာကြတော်မူလေသတည်း။

**(ဗိလာရကောသိယဇာတ်)**

* * *

# အလောင်းတော် ရောဟဏ
# ရွှေသမင်

ရှေးသရောအခါ ဟိမဝန္တာ၏ အလွန်တောင်သုံးလုံးရှိ တောင်ကြားဝယ် သမင်ရှစ်သောင်းကို အုပ်ချုပ်လျက် မိအို ဖအို သမင်အိုနှစ်ဦးကို လုပ်ကျွေးပြုစုနေသော "ရောဟဏ" အမည်ရှိ သမင်မင်း ရှိလေ၏။ ညီတော် "စိတ္တ" အမည်ရှိ သမင်နှင့် နှမတော် "သုတနာ" အမည်ရှိ သမင်မလေး ရှိလေ၏။ ရောဟဏ သမင်ကား ရွှေရောင်အမွေး၊ ဖြူစင်သောဦးချို၊ စာမရီကဲ့သို့ စင်ကြယ်သောအမြီး၊ ခြင်းခြင်းနီရဲသော ခွာတိုနှင့် ငါးပါးသော အကြည့်ဖြင့် ကြည့်တတ်သော မျက်စိရှိ၏။ ညီတော်၊ နှမတော် တို့သည်လည်း ထို့အတူ သမင်တကာတို့နှင့် ခြားနားသောအဆင်း ရှိကြလေ၏။

ဗာရာဏသီပြည် အနီးရှိ ရွာတစ်ရွာမှ တောလိုက်မုဆိုးကြီး သည် သမင်တို့နေရပ်သို့ ရောက်ခဲ့၍ သူမသေမီ သူ့သား မုဆိုး လုလင်အား ထိုရွှေသမင်ကြီး ရှိကြောင်းကို ပြောပြထားခဲ့လေ၏။

---

ရွှတံတားစာပေ

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်စိုး၍ "ခေမာ" အမည်ရ မိဖုရားကြီး ရှိလေ၏။ တစ်ညမှာ ခေမာမိဖုရားကြီး စက်တော်မူရာတွင် အိပ်မက်မက်တော်မူ၏။ အိပ်မက်ထဲမှာ ဟိမဝန္တာဘက်မှ ရောဟဏသမင်မင်းသည် သူ့ကို တရားဟောလျက် သူက တရားနာနေစဉ် ရုတ်တရက် တရားမဆုံးမီ ထွက်သွားလေကြောင်း ဖြစ်ရာ အိပ်မက်ရာမှ နိုးလာသောအခါ မိဖုရားကြီးမှာ သမင်မင်း၏ တရားကို ဆက်လက်နာယူလိုသော ချဉ်ချင်းဆန္ဒ ပြင်းစွာဖြစ်နေလေ၏။

ထိုအကြောင်းကို မင်းကြီး သိပါက တော်ရုံတန်ရုံမျှသာ သဘောထားမည်ထင်၍ မိဖုရားကြီးသည် အိပ်ရာဆောင်မှ မထဘဲ နာမကျန်းဟန်ပြုနေလေ၏။ မင်းကြီးသိတော်မူရာ မိဖုရားကြီး အဆောင်သို့ လာရောက်ကာ ကျိုးကြောင်းကိစ္စကို မေးမြန်းတော်မူလေ၏။ မိဖုရားကြီးက "ကျွန်တော်မ၏ အိပ်မက်အရ ထိုရွှေသမင်၏ တရားတော်ကို ဆုံးအောင် နာကြားလိုပါသည်။ ရွှေသမင်ကို ဆောင်ယူပေးတော်မူပါ။ သို့မဟုတ်ပါက ကျွန်တော်မ အသက်ရှိနေဖို့ ခက်ပါမည်"ဟု ဖြေကြားလေ၏။ မင်းကြီးသည် မိဖုရား၏ ဆန္ဒကို ဖြည့်ပေးလိုသဖြင့် မှူးမတ်တို့အား စည်းဝေးစေပြီး ရွှေသမင်ဆိုတာ ရှိ၊ မရှိမေးတော်မူရာ ရှိပါသည်ဟု ဖြေကြ၏။ ထို့ကြောင့် မုဆိုး အပေါင်းအား ဆင့်ခေါ်ပြီး ရွှေသမင်ရှိရာကို မည်သူသိသလဲဟု မေးတော်မူ၏။ မုဆိုးကြီး၏ သားက "ကျွန်တော်မျိုး သိပါသည်၊ သွားနိုင်ပါသည်ဟု တာဝန်ယူသဖြင့် စရိတ်နှင့် ရိက္ခာတို့ ထုတ်ပေးတော်မူ၏။ မုဆိုးသားက "အရှင်မင်းကြီး၊ အကယ်၍ ရွှေသမင်ကို မဆောင်နိုင်ခဲ့သော အရေကို ယူခဲ့ပါမည်၊ အရေကို မယူနိုင်ခဲ့သော အမွေးကို ယူခဲ့ပါမည်" ပြောခဲ့ပြီးနောက် အိမ်သို့ပြန်ကာ သားမယား

---

ရွှေတံတားစာပေ

တို့အတွက် ရရှိသော ဥစ္စာကို ပေးခဲ့ပြီးလျှင် ဟိမဝန္တာဘက်သို့ ခရီးလွှက်ခဲ့လေ၏။

မုဆိုးသားသည် ဟိမဝန္တာသို့ ရောက်ကာ ရွှေသမင်ကို တွေ့ရသောအခါ မည်သည့်နေရာမှာ ကျော့ကွင်းထောင်၍ ဖမ်းရပါမလဲဟု စဉ်းစားရာ ရေသောက်ဆိပ်သည် နေရာကောင်းဖြစ်၍ ထိုနေရာမှာ သားရေကျော့ကွင်းဖြင့် ထောင်ထားလေ၏။

နောက်မနက် မိုးလင်းသောအခါ ရောဟဏရွှေသမင်မင်းသည် သမင်ရှစ်သောင်းခြံရံလျက် ကျက်စားနေကျနေရာမှာ ကျက်စားပြီးသော် ခါတိုင်းကဲ့သို့ ရေဆိပ်သို့ ရေသောက်ဆင်းခဲ့ကြလေ၏။ ထိုနေရာမှာပင် ရွှေသမင်မင်း ကျော့ကွင်းမိရှာလေ၏။ ကျော့ကွင်းမိမှန်းသိလျှင် ရောဟဏရွှေသမင်သည် "အကယ်၍ ငါအော်မြည်အံ့၊ ရှစ်သောင်းသော သမင်များ ထိတ်လန့်ထွက်ပြေးသွားကြလိမ့်မည်။ ရေမသောက်ဘဲ ရေငတ်ရလိမ့်မည်"ဟု တွေးကာ မအော်ဘဲ အောင့်အည်းသည်းခံနေလေ၏။ သမင်အပေါင်းတို့ ရေသောက်ပြီးကြသောအခါ ရွှေသမင်မင်းသည် ကျော့ကွင်းမှ ရုန်းကာ ဖြတ်မည်ပြုလေ၏။ သို့ရာတွင် အသားအရေ စုတ်ကာဖြတ်လာလေ၏။ အရိုးသို့ထိကာ နာကျင်လွန်းသဖြင့် ပြင်းစွာ အော်မြည်ရတော့လေသည်။ ရှစ်သောင်းသော သမင်တို့သည် သမင်မင်း ကျော့ကွင်းမိမှန်း သိကြရပြီး ထိတ်လန့်စွာဖြင့် သုံးစုကွဲကာ ထွက်ပြေးလာကြည်ကို စိတ္တသမင် မြင်ရသောအခါ နောင်တော်ရောဟဏရွှေသမင် ဘေးတွေ့နေပြီဟု သိရကာ နောင်တော်ထံ အပြေးရောက်လာလေ၏။ ညီတော်စိတ္တသမင်လာသည်ကိုမြင်သော် အစ်ကိုရွှေသမင်က "ညီတော်စိတ္တ၊ သမင်များ သေဘေးကြောက်လို့ ပြေးကြပြီ၊ မင်းလည်း ပြေးပေတော့၊ သေဘေးနီးလာပြီ။ သမင်အပေါင်းသည် ငါမရှိက မင်းနှင့်ပင် အသက်မွေးကြရမည်"ဟု

ပြော၏။ စိတ္တသမင်က "နောင်တော်၊ ညီတော် မသွားနိုင်ပါ။ နောင်တော်နှင့်အတူ ညီတော်လည်း အသေခံမည်"ဟု ပြောရာ ရွှေသမင်မင်းက တစ်ဖန် "ညီတော် စောင့်ရှောက်မည့်သူ မရှိဘဲ လုပ်ကျွေးမည့်သူ မရှိဘဲ မျက်မမြင် မိဖအိုတို့ အသက်မရှင်နိုင်ပါ။ သင်ယခု သွားပါတော့"ဟု ပြောလေ၏။ "နောင်တော်ရယ် ညီတော် မသွားနိုင်ပါ၊ အသက်ပင် သေပါစေ"ဟု ပြောပြီး ရွှေသမင်၏ ညာဘက်မှာကပ်၍ ရပ်နေလေ၏။

နှမတော် "သုတနာသမင်မ" သည်လည်း နောင်တော်ဘေး တွေ့နေသည်ကို သိရ၍ ချက်ချင်းပြေးရောက်လာလေ၏။ နောင်တော် သမင် မင်းကလည်း ညီတော်အား ပြောသကဲ့သို့ပင် ပြောကာ ထွက်သွားဖို့ ပြောရာ သုတနာလည်း ကြောက်စိတ်ရှိနေပါလျက်နှင့် နောင်တော်ကို မပစ်ထားခဲ့ရက်ဘဲ သမင်မင်း၏ ဘယ်ဘက်မှာ ကပ်၍ ရပ်နေလေ၏။

မုဆိုးသားသည် သမင်များ ထွက်ပြေး၍ ရောဟဏ ရွှေသမင်၏ အော်မြည်သံကို ကြားလိုက်ရသောအခါ ရွှေသမင် ကျော့ကွင်းမိနေပြီဟု သိရကာ ခါးတောင်းကျိုက်ဖြင့် လှံကိုကိုင်ကာ ရောက်လာလေ၏။ ထိုအခါ ရွှေသမင်မင်းက "ညီတော်၊ နှမတော်တို့ မုဆိုးသား လာနေပြီ၊ သတ်တော့မည်၊ လွတ်ရာကိုသာ ပြေးကြပါ"ဟု ပြောရာ ညီတော်နှင့် ညီမတော်က "အစ်ကိုကြီးကို ပစ်ပြီး မပြေးဘူး၊ သတ်ချင်လည်း သတ်ပါစေ၊ သေရမှာ မကြောက်ပါဘူး"ဟု ပြောကာ နေမြဲ နေနေကြလေ၏။

ထိုအခါ မုဆိုးသားက အံ့သြစွာဖြင့် "ရွှေသမင်မင်း၊ ဤ သမင်နှစ်ကောင်တို့သည် ကျော့ကွင်းမှ လွတ်ရလျက် သင့်နားမှာ ကပ်၍ နေကြသည်။ သေရမှာကို မကြောက်ကြကုန်၊ ဘယ်လိုပါလဲ"ဟု မေးလေ၏။

---

**ရှေ့တတ်ဘားစာပေ**

ရွှေသမင်မင်းက "ဤသမင်တို့ကား ငါနှင့် တစ်ဝမ်းတည်း အောင်းခဲ့သော ညီနှင့် နှမတို့တည်း။ ငါ့အတွက် အသက်စွန့်ဖို့ မကြောက်ကြပါ"ဟု ပြန်ပြောလေ၏။ ထိုအခါ မုဆိုးသားသည် ဤစကားကို ကြားရသောအခါ အတိုင်းထက်အလွန် နူးညံ့သောစိတ် ဖြစ်ပေါ်လာလေ၏။ ထိုအခြင်းအရာကို စိတ္တသမင်သိလျှင် "အဆွေ မုဆိုး၊ ဤသမင်မင်းကား သာမန်သမင် မဟုတ်ပါ၊ သမင်ရှစ်သောင်းကို အုပ်ချုပ်ပေးနေသောမင်းတည်း။ ပညာကြီး၏။ အကျင့်သီလနှင့် ပြည့်စုံ၏။ စိတ်နူးညံ့၏။ မျက်မမြင် မိနှင့်ဖ သမင်အိုအားလည်း လုပ်ကျွေးနေသူ ဖြစ်၏"ဟု ပြောပြီးနောက် ဆက်လက်၍ "အသင် မုဆိုး၊ မျက်မမြင် ဒုက္ခိတ မိနှင့်ဖ သမင်အိုတို့သည် စင်စစ်သေကြ ပါလိမ့်မည်။ ထို့ကြောင့် ငါတို့ ငါးယောက်၏ အသက်ကို ပေးလွှတ်ပါလော့"ဟု ပြောလေ၏။

မုဆိုးသားသည် စိတ္တသမင်၏ စကားကို ကြားသိရသောအခါ ကြည်ညိုစိတ် ရှိလာ၍ "အရှင်သမင်မင်း၊ မိဘကို လုပ်ကျွေးနေသူ တို့ဖြစ်၍ အသက်ဘေးမှ လွှတ်ပါပြီ၊ သင်တို့၏ မိဖသမင်အိုတို့သည် သင်တို့ကို မြင်ရ၍ ဝမ်းသာကြပါစေတော့"ဟု ပြောပြီး ကျော့ကွင်းကို ဖြေလွှတ်ပေးလိုက်လေ၏။ မုဆိုးသည် ရွှေသမင်မင်း၏ ဒဏ်ရာတို့ကို ရေဖြင့် ဆေးကြောသုတ်သင်ပေးလိုက်သောအခါ မေတ္တာ၏ တန်ခိုး ကြောင့် အနာဒဏ်ရာများ ပျောက်ပြီး အကောင်းပကတိ ပြန်ဖြစ်လာ လေ၏။ ထို့နောက် သမင်မင်းက "အသင်မုဆိုး၊ ငါ့အား ဘယ် ကိစ္စကြောင့် ဖမ်းရပါသနည်း"ဟု မေးရာ မုဆိုးက ခေမာမိဖုရားကြီး၏ ဆန္ဒကိစ္စအကြောင်းစုံကို ပြန်၍ ပြောပြလေ၏။

သမင်မင်းက "သင်မုဆိုးသည် မင်း၏ စေခိုင်းချက်ကို မနာခံဘဲ ရှောင်ကြဉ်ရလေသည်မှာ အံ့ပေစွ၊ သင့်အတွက် ငါ့ကို

ဖမ်းသာဖမ်းသွားပါ၊ ငါလိုက်ခဲ့ပါမည်"ဟု ပြောရာ မုဆိုးက "အရှင်သမင်မင်း မလိုက်ချင်ပါနှင့်၊ မင်းတို့မည်သည် ကြမ်းကြုတ်တတ်ပါသည်။ အဘယ်သို့ သိနိုင်ပါမလဲ။ သမင်မင်းသာ ချမ်းသာစွာ သွားလိုရာသွားပါတော့""ဟု ပြန်ပြောလေ၏။

ရွှေသမင်မင်း၏ မိအိုဖအိုနှစ်ပါးသည် သားနှောင့်သမီးတို့ အသက်ဘေးမှ လွတ်မြောက်လာသည်ကို ဝမ်းသာကြသဖြင့် "ငါတို့ရဲ့ သားသမီးတွေကို အန္တရာယ်မှ လွတ်ပေးလိုက်တဲ့ အကျိုးအားကြောင့် မုဆိုးသားမှာလည်း သူ့မိသားစုနှင့် ပြန်တွေ့ကြပြီး ပျော်ရွှင်ချမ်းမြေ့ခြင်း ရှိနိုင်ပါစေသတည်း"ဟု ဆုတောင်းမေတ္တာပို့သလျက် ရရှိနေကြလေ၏။

မုဆိုးသားသည် တိုင်းပြည်သို့ ပြန်ရောက်ကာ မင်းကြီးထံ အခစား ဝင်လေ၏။ မင်းကြီးက "မောင်မင်းဟာ မသွားခင်က ရွှေသမင်ကို ရရင်ရ၊ မရရင်, အရေသော်လည်းကောင်း၊ အမွေးသော်လည်းကောင်း ရအောင် ယူဆောင်ခဲ့မည်ဟု ကတိပြုခဲ့သည်။ ယခု ဘယ်လိုအကြောင်းရှိခဲ့လို့လဲ လျှောက်တင်စမ်း"ဟု မေးလေ၏။

မုဆိုးက "အရှင်မင်းကြီး ရွှေသမင်မင်းကို တွေ့လို့ ထောင်ချောက်နဲ့ ဖမ်းတာ မိလိုက်ပါတယ်။ ရောဟဏလို့ နာမည် ခေါ်ပါတယ်။ သူက အကြောင်းကိစ္စကို မေးလို့ ဒီက လာရင်းကိစ္စကို ရေလည်အောင် ပြောခဲ့ပါတယ်။ သူ့မှာ ညီသမင်နဲ့ ညီမသမင်မပါ ရှိကြပါတယ်။ ကျွန်တော်မျိုးက မေးကြည့်ရာမှာ သူတို့ဟာ တောင်ကြားမှာရှိတဲ့ မိအိုဖအို မျက်မမြင် ဒုက္ခိတနှစ်ကောင်ကို လုပ်ကျွေးပြုစုနေသူများလည်း ဖြစ်ကြပါတယ်။ ပြီးတော့ ရောဟဏ ရွှေသမင်မင်းဟာ ရှစ်သောင်းသော သမင်တွေရဲ့ မင်းလည်း ဖြစ်ပါတယ်။ သီလနှင့် ပညာလည်း ပြည့်စုံသူ ဖြစ်ပါတယ်။ ဒါကို သိရ

တော့ ရွှေသမင်မင်းကို မဖမ်းထိုက်ဘူးလို့ ဆုံးဖြတ်ပြီး အရှင်မမိဖုရားကြီး တရားနာလိုတဲ့ အကြောင်းကို ပြောပြလိုက်တော့ ရွှေသမင်မင်းက သူ့ကျောက ရွှေရောင်အမွေးတွေကို လက်နှင့်ပွတ်သပ်စေပြီး အမိဋ္ဌာန် နှင့် ပေးလိုက်ပါတယ်။ ကြည့်ရှုတော်မူပါဘုရား"ဟု ပြောပြီးလျှင် သူကိုယ်တိုင် ကြာဖက်ဖြင့် ထုပ်ပြီး ယူခဲ့သော ရွှေရောင်တောက်နေသည့် သမင်မွေးများကို ဆက်သလေ၏။ ဆက်လက်၍ "မိဖုရားကြီး၊ တရားနာယူစေဖို့ ရွှေသမင်မင်းက ဂါထာဆယ်ပုဒ်တရားကို ကျွန်တော် မျိုးကို သင်ပြပေးလိုက်ပါတယ်။ သူဟောကြားတဲ့အတိုင်း မုဆိုးကြီးက အစမှအဆုံး ဟောကြားပြပေးပါလို့လည်း မှာလိုက်ပါတယ်ဘုရား"ဟု ပြောပြလေ၏။

မင်းကြီးနှင့် ခေမာမိဖုရားကြီးတို့လည်း အားရဝမ်းသာစွာဖြင့် ပလ္လင်တော်ကို ပြင်စေပြီးလျှင် မုဆိုးအား ရွှေပလ္လင်မှာ ထိုင်၍ တရားဆယ်ပုဒ်ကို ဟောကြားစေ၏။ မုဆိုးက ရွှေသမင်မင်း မှာလိုက် သည့်အတိုင်း ရွှေနားဆင်တော်မူပါဘုရားဟု အစချီလျက်–

နံပါတ် ၁ တရားက အမိအဘတို့၌ ကျင့်ဝတ္တရားငါးပါးကို မပျက်မကွက် ကျင့်တော်မူလော့။

နံပါတ်၂။ သားမယားတို့၌ ကျင့်ဝတ္တရားငါးပါးကို ကျင့်တော် မူလော့။

နံပါတ် ၃။ အဆွေခင်ပွန်းတို့၌ ကျင့်ဝတ္တရားငါးပါးကို ကျင့်တော်မူလော့။

နံပါတ် ၄။ ဆင်ယာဉ်၊ မြင်းယာဉ် စစ်သည်ဗိုလ်ပါတို့၌ ကျင့်ဝတ္တရားငါးပါးကို ကျင့်တော်မူလော့။

နံပါတ် ၅။ ရွာနိဂုံးတို့၌ ကျင့်ဝတ္တရားငါးပါးကို ကျင့်တော် မူလော့။

---

နံပါတ် ၆။ တိုင်းကား ဇနပုဒ်တို့၌ ကျင့်ဝတ္တရားငါးပါးကို ကျင့်တော်မူလော့။

နံပါတ် ၇။ ရဟန်းပုဏ္ဏားတို့ကို ပေးလှူခြင်းဟူသော ကျင့်ဝတ္တရားငါးပါးကို ကျင့်တော်မူလော့။

နံပါတ် ၈။ သား ငှက်တို့ကို ဘေးမဲ့ပေးခြင်း ကျင့်ဝတ္တရားငါးပါးကို ကျင့်တော်မူလော့။

နံပါတ် ၉။ မင်းကြီးတရားကို ကျင့်တော်မူလော့၊ ကောင်းစွာ ကျင့်အပ်သော တရားသည် လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ဆောင်၏။ မင်းကြီးသည် လူ့ပြည်မှ တရားကျင့်၍ နတ်ပြည်သို့ သွားရအံ့။

နံပါတ် ၁၀။ မြတ်သောမင်းကြီး၊ တရားကို ကျင့်တော်မူပါလော့။ ဗြဟ္မာ၊ သိကြား၊ နတ်အများသည် တရားကျင့်သဖြင့် နတ်ပြည်သို့ ရောက်ကြရ၏။ မင်းကျင့်တရား ဆယ်ပါးကိုလည်း မမေ့မလျော့ပါနှင့်။

မုဆိုးသည် ရွှေသမင်မင်း သင်တရားသည့် တရားဆယ်ပါးကို ဟောကြားလေရာ တရားနာသူတို့က ကောင်းချီးပေးကြကုန်၏။ ခေမာမိဖုရားကြီးသည်လည်း တရားအဆုံး၌ ချဉ်ချင်းပြေပျောက်ပြီး ချမ်းသာပီတိ ဖြစ်တော်မူလေ၏။ မင်းကြီးလည်း မုဆိုးကို အလွန် နှစ်သက်တော်မူကာ ထိုက်ထန်သော ပတ္တမြားနားဒေါင်းကို လည်းကောင်း၊ ခေါင်းအုံးလေးလုံးရှိသော ပလ္လင်ကိုသော်လည်းကောင်း၊ ရွှေစင်နိက္ခတစ်ရာကို လည်းကောင်း၊ အလုပ်အကျွေး မိန်းမနှစ်ယောက်၊ နွားလာဥသဘနှင့် နို့ညှစ်နွားမ အကောင်တစ်ရာကိုလည်းကောင်း ဆုလာဘ်ပေးတော်မူပြီးနောက် "သင်မုဆိုးလည်း ကောင်းသော အသက်မွေးမှုဖြင့် သားမယားကို လုပ်ကျွေးပါ။ မကောင်းမှုကို ရှောင်ကြဉ်ပါလော့"ဟု မိန့်တော်မူလိုက်လေ၏။

---

**ရွှေတံတားစာပေ**

သတိသံဝေဂရသော မုဆိုးလည်း မင်းကြီးထံမှ ဆုလာဘ်များ ရယူပြီးနောက် သားမယားတို့အား ပေးအပ်ခဲ့ပြီးလျှင် မင်းကြီးထံ တစ်ဖန်ဝင်၍ ရဟန်းပြုရန် ခွင့်ပန်ပြီးလျှင် ဟိမဝန္တာသို့ ထွက်လာခဲ့လေ၏။ မုဆိုးသားသည် ရဟန်းပြုကာ တရားအားထုတ်ရာ ဈာန်အဘိညာဉ်ရရှိပြီး ဗြဟ္မာ့ပြည်သို့ လားရလေ၏။ ဗြဟ္မဒတ် မင်းကြီးလည်း တရားဆယ်ပါးကို ကျင့်သုံးလျက် သေလွန်သောအခါ၌ နတ်ပြည်သို့ လားရလေ၏။

ရောဟဏရွှေသမင်မင်း၏ အဆုံးအမသည် အနှစ်တစ်ထောင် ပတ်လုံး တည်နေလေသတည်း။

(ရောဟဏမိဂဇာတ်)

# အာဇာနည်မျောက်မင်း

ဟာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံနေစဉ် ဘုရားအလောင်းသည် မြောက်မြားစွာကို အုပ်ချုပ်ရသော မျောက်မင်းဖြစ်လာ၏။ သာမန်မျောက်များထက် ဆင်ပြောင်ကြီး ငါးစီး၏ အင်အားမျှရှိ၏။ မျောက်ပေါင်းရှစ်သောင်း ခြံရံလျက် ဂင်္ဂါမြစ်အနီး မြစ်ကမ်းပေါ်ရှိ အရိပ်အာဝါသကောင်း၍ အေးချမ်းသော သရက်ပင်အုပ်ကြီးမှာ နေနေကြလေ၏။

သရက်ပင်ကြီးမှာ အိုးတမျှ ကြီးသော သရက်သီးများသီး၍ အနံ့မွှေးကြိုင်၍ အရသာ အလွန်ချို၏။ သရက်သီးချိန်ရောက်လျှင် စရည်းအိုးတမျှ ကြီးသော သရက်သီးမှည့်တို့သည် ပင်အောက်သို့ ကြွေကျကုန်၏။ ဂင်္ဂါမြစ်ရေထဲသို့လည်း ကြွေကျကုန်၏။ မျောက်မင်းသည် မြေပေါ်သို့ ကြွေကျသော သရက်သီးများကို ကောက်စားကြသည်ကို ကြည့်၍ ဂင်္ဂါမြစ်ထဲသို့ ကြွေကျကာ သရက်သီးတို့ကိုလည်း မျောက်များ ရေထဲမှာ ဆင်း၍ ဆယ်ယူကြမည်၊ ရေနစ်ကြမည်ကို စိုးရိမ်မိလေ၏။ ထို့ကြောင့် မျောက်များအား သရက်ပင်ကြီးပွင့်ပြီဆိုလျှင် အပွင့်တို့ကို စားပစ်စေ၏၊ ရေထဲသို့

ကြွေကျမည့် အပွင့်အဖူးတို့ကို ရှိသမျှကုန်အောင် ခြွေခူးစားကြစေ၏။ ဂင်္ဂါမြစ်တွင်းသို့ သရက်သီး မကြွေကျစေရန် စီမံပေးခြင်းသာပင်။

တစ်ခါသော် ခါချဉ်ထုပ်ထဲမှာ ရှိနေသော သရက်ကင်းကို မျောက်တို့က မမြင်ကြ၍ ထိုသရက်ကင်းသည် ကြီးရင့်မှည့်လာပြီးနောက် ရေထဲသို့ ကြွေကျမျောပါသွားလေတော့သည်။

ဗာရာဏသီမင်းသည် ထိုနေ့မှာ မြစ်ဆိပ်တွင် ရေကစားရာ ပိုက်ကွန်ကို ရေမှာ ချထားရသဖြင့် ထိုမျောပါသော သရက်သီးကြီးသည် ပိုက်ကွန်မှာ ငြိနေလေတော့သည်။

မင်းချင်းတို့သည် ထိုမှူကြီးမား၍ လှပဝင်းဝါနေသော သရက်သီးမှည့်ကြီးကို ဆယ်ယူပြီးမင်းကြီးအား စားတော်ဆက်သကြလေ၏။ အနံ့ရော၊ အရသာပါ ထူးကဲလှသော ထိုသရက်သီးအရသာကို ဗာရာဏသီမင်းကြီးက တပ်မက်စွဲလမ်းလာလေ၏၊ သိချင်စိတ်ဖြင့် မုဆိုးတို့အား မင်းကြီးက မေးသောအခါ ထိုမျောလာသော သရက်ချိုသီးအပင်မှာ အထက်မြစ်ညာမှာ ရှိပေမည်ဟု လျှောက်ကြားကြလေ၏။

မင်းကြီးသည် မုဆိုးတို့ကို ရှေ့မှ လမ်းပြစေ၍ လှေဖောင်တို့ ဖွဲ့စည်းကာ စစ်သည်အခြံအရံတို့ဖြင့် အထက်မြစ်ညာသို့ ဆန်တက်ခဲ့ရာ မြစ်ကမ်းပေါ်ရှိ သရက်ပင်ကြီးကို တွေ့၍ ဆိုက်ကပ်စေပြီ။ သရက်ပင်ကြီးအောက်မှာပင် စခန်းချနားနေကြလေ၏။ ကြွေကျနေသော သရက်သီးမှည့်တို့ကိုလည်း အခြွေအရံတို့က ကောက်ယူစားသောက်ကြလေ၏။ ညဘက်ရောက်သောအခါ မီးတိုင်များ ထွန်းညှိပြီးကာ အစောင့်စစ်သားများ ချထားလေ၏။ ထိုညမှာ အားလုံး သရက်ပင်အောက်မှာ နားနေအိပ်စက်ကြလေ၏။

သရက်ပင်ကြီးအောက်မှာ မင်းကြီးနှင့် အခြံအရံများ စခန်းချ

အိပ်စက်ကြသောအခါ ညလူခြေတိတ် အချိန်ရောက်ခါမှ မျောက်မင်းနှင့် မျောက်များ သရက်သီးများ ခူးဆွတ်၍ စားကြရလေ၏။ မင်းကြီးအိပ်ရာမှ နိုးလျှင် သရက်ပင်ပေါ်မှာ မျောက်များကို မြင်လိုက်ရသဖြင့် လေးသမားတို့အား ခေါ်ပြီးလျှင် 'လေးသမား တွေ--လေးအသင့်ပြင်ထားကြ၊ မိုးလင်းရင် သရက်သီးရော၊ မျောက်သားပါ စားရအောင် ပစ်ကြ၊ ဖမ်းကြ'ဟု ပြောထားလေ၏။ မျောက်တို့ဂ၊ လေးသမားများ စောင့်နေကြပုံကို မျောက်မင်းအား ပြောပြကြလေ၏။ ထိုအခါ မျောက်မင်းက မျောက်များအား 'မင်းတို့ ဘာမျှမကြောက်ကြနှင့်၊ မင်းတို့ရဲ့ အသက်အန္တရာယ်ကို ငါအသက်နှင့် လဲပြီး စောင့်ရှောက်မယ်'ဟု ပြောကာ ဖြောင့်တန်းသော သစ်ကိုင်းတစ်ကိုင်းပေါ်သို့ တက်ကာ တအားခုန်လိုက်ရာ လေးအပြန်တစ်ရာဝေးသော ဂင်္ဂါမြစ်တစ်ဖက်ကမ်းရှိ ချုံဖုတ်ပေါ်သို့ ကျသွားလေ၏။ ထိုနေရာမှာ အန္တရာယ်လွတ်ကင်းနိုင်ပေသည်။

မျောက်မင်းသည် တစ်ဖက်ကမ်းသို့ ရောက်နိုင်မည်၊ အကွာအဝေးကို တွက်ချက်ကာ ကြိမ်နွယ်တစ်နွယ်ကို ဖြတ်လိုက်လေ၏။ သူ့ခါးမှာ ပတ်ကာ ချည်ရမည့် အတိုင်းအတာကို ထည့်၍ မတွက်မိချေ။ မျောက်မင်းသည် ကြိမ်နွယ်ကို သစ်ပင်ကြီးတစ်ပင်မှာ သေချာစွာ ချည်ပြီးသော် သူ့ခါးမှာ တစ်ဖက်က အစကို ပတ်ကာ ချည်လေ၏။ မျောက်မင်းသည် ချည်ပြီးသော် ဂင်္ဂါမြစ်တစ်ဖက်ကမ်းသို့ တအားခုန်လိုက်သောအခါ နွယ်ကြိုးက ကမ်းပေါ်သို့ မရောက်ဘဲ တိုနေသဖြင့် သစ်ကိုင်းတစ်ကိုင်းကို ဆွဲ၍ ယူကာ သရက်ပင်ပေါ်မှ မျောက်များကို တစ်ဖက်ကမ်းသို့ နင်းကာ ကူးစေ၏။ တံတားသဖွယ် မျောက်မင်း၏ ကျောပေါ်မှ နင်း၍ ကူးကြရလေ၏။ မျောက်မင်းသည် မျောက်များကို အချိန်မကြာစေဘဲ သူ့ကျောပေါ်မှ ဖြတ်နင်းကာ ကူးကြစေ၏၊

သူတို့သည် မျောက်မင်းကျောပေါ်မှ ဖြတ်ကာ ကူးကြရာ ဂင်္ဂါ မြစ်တစ်ဖက်ကမ်းသို့ ရောက်ကုန်ကြလေ၏။

ထိုကဲ့သို့သော မျောက်များထဲတွင် စိတ်ကောင်း မရှိသော မျောက်တစ်ကောင် ပါရှိနေလေ၏။ ထိုမျောက်သည် သူကူးရမည့် အလှည့် ရောက်သောအခါ မျောက်မင်း၏ ကျောပေါ်သို့ တအား ခုန်ချပြီး ကူးလေရာ ထိုမျောက်၏ ဒဏ်ချက်ကြောင့် မျောက်မင်းသည် နှလုံးကွဲပြီး သေဆုံးရှာလေတော့မည်။

မင်းကြီးသည် မျောက်များ၏ အပြုအမူများကို မြင်ရသော အခါ လေးသမားတို့အား မပစ်စေဘဲ ဆက်လက်၍ ကြည့်နေစဉ် မျောက်မင်းမှာ မချိမဆန့် ဝေဒနာခံစားနေရတာ သေဆုံးတော့မည့် အခါ၌ အခြေအရံတို့အား လှေဖောင်ဖွဲ့စေပြီးလျှင် မျောက်မင်းကို သက်သာစွာ ချယူစေ၏။ မင်းကြီးသည် ဝေဒနာခံစားနေရရှာသော မျောက်မင်းအား ဆေးစသော အဆီတို့ဖြင့် လိမ်းနယ်ကာ ကောင်းစွာ ကြပ်မကုစေ၏။ မင်းကြီးက ဆေးကုသနေစဉ်မှာပင် မျောက်မင်းထက် နိမ့်သော နေရာမှာနေလျက် 'အို--မျောက်မင်းသည် သင်သည် နွယ်ကြိုးဖြင့် မိမိကိုယ်ကိုချည်ပြီး တံတားခင်းကာ မျောက်အများ၏ အသက်ကို ကယ်ဆယ်ခဲ့သည်။ ထိုမျောက်တို့နှင့် အသင်ဘယ်သို့ တော်စပ်လို့ ပါသလဲ'ဟု မေးလေ၏။

ဝေဒနာခံစားနေရာမှ မျောက်မင်းက 'ကျွန်ုပ်ကား မျောက် ရှစ်သောင်းတို့၏ အကြီးအမှူးဖြစ်၏။ ထိုသူတို့၏ စိုးရိမ်ကြောက်လန့်မှုနှင့် ဘေးအန္တရာယ်ကို ကာကွယ်ပေးဖို့ ကြောက်ရွံ့စိတ် မရှိပါ။ မင်းကြီး-- မင်းတို့မည်သည် လူအပေါင်း၏ ချမ်းသာခြင်းကို ရှေးရှု ရမည်သာ ဖြစ်သည်။ မင်းတို့မည်သည် ဉာဏ်ပညာဖြင့်လည်း ပြည့်စုံရပေမည်'ဟု ပြန်ဖြေရင်း ဝေဒနာပြင်းစွာ ခံစားရာမှ မျောက်မင်း သေဆုံးရှာလေတော့သည်။

---

ရွှေတံတားစာပေ

မင်းကြီးသည် မျောက်မင်း၏ အလောင်းကို မင်းတို့၏ အဆောင်အယောင်ဖြင့် မီးသဂြိုဟ်ပြီးသော် မျောက်မင်း၏ ဦးခေါင်းကို ရွှေချပြီးလျှင် လှံတံဖျား၌ တင်ကာ နန်းတော်သို့ ယူဆောင်ခဲ့လေ၏။ နန်းတော်၌ မျောက်မင်း၏ ဦးခေါင်းကို ခုနစ်ရက် ခုနစ်လီ ပူဇော်ကြစေပြီးနောက် စေတီတစ်ဆူတည်ကာ မျောက်မင်း၏ ဦးခေါင်းကို ဌာပနာသွင်းစေ၏။ တိုင်းသူပြည်သားများကို ပူဇော်စေ၏။

မင်းကြီးသည် မျောက်မင်းမသေမီ ကလေးတွင် သူ့အား ပြောဆိုခဲ့သည်များကို မှတ်သားကာ ထိုအတိုင်းပင် တိုင်းပြည်ကို အုပ်ချုပ်လေ၏။ မင်းကြီးသည် ကောင်းမှုရှိသော မင်းအဖြစ်ဖြင့် နတ်ရွာစံကံကုန်သောအခါ၌ နတ်ပြည်သို့ လားရလေ၏။

ထိုဇာတ်လမ်းအဖြစ်အပျက်မှ--

မင်းကြီးသည် ဘုရားပွင့်တော်မူသောအခါ ညီတော်အာနန္ဒာ။

မညာမတာ နင်းဖြတ်ကူးသော မျောက်ဆိုးကား ဒေဝဒတ်။

မျောက်များမှာ ယခုဘုရားရှင်၏ ပရိသတ်။

မျောက်မင်းကား ဂေါတမမြတ်စွာဘုရား ဖြစ်တော်မူလာ၏။

**(မဟာကပိဇာတ်)**

❀ ❀ ❀

# မိတ္တဝိန္ဒကာ

ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူဆဲအခါ သီတင်းသီလ ဆောက်တည်နေသော မိတ္တဝိန္ဒကသည် တစ်နေ့သ၌ သူမြတ်နိုးသော မိန်းမတစ်ယောက်ကို တွေ့၍ မိတ်ဆွေအောင်သွယ်လုပ်တတ်သူအား သူနှင့် စေ့စပ်ဖို့ စေခိုင်းလိုက်လေ၏။

ထိုအမျိုးသမီးသည် အဆင်ခြင်ပညာအလိမ္မာရှိ၏။ သူက စေ့စပ်လာသူအား "အခု ရှင်လာပြီး စေ့စပ်တဲ့သူဟာ ဘုရားရှေ့တော်မှာ သီလဆောက်တည်နေတာမို့ အမျိုးသားကောင်းပါပဲ၊ ဒါပေမယ့် သူ့မှာ အပေါင်းအသင်းမိတ်ဆွေဆိုတာ ရှိရဲ့လား၊ မိတ်ဆွေသင်္ဂဟာရှိမှ ဖြစ်မယ်"ဟု ပြန်ပြောလိုက်လေ၏။

အောင်သွယ်ဖြစ်သူက မိတ္တဝိန္ဒကအား အမျိုးသမီး ပြောစကားကို ပြန်ပြောလိုက်ရာ မိတ္တဝိန္ဒကသည် မြို့တံခါးစောင့်လေးဦးနှင့် မိတ်ဆွေဖွဲ့၏။ ထို့နောက် မြို့စောင့်အမတ်ကြီးနှင့် မိတ်ဆွေဖွဲ့၏။ ထို့နောက် စစ်သူကြီးနှင့်လည်းကောင်း၊ အိမ်ရှေ့မင်းထံ အခစားဝင်၍ လည်းကောင်း၊ ပြည့်ရှင်မင်းကြီးထံ အခစားဝင် ဂါရဝပြု၍ လည်းကောင်း မိတ်ဆွေများ ဖွဲ့လေ၏။

ထို့နောက် ရှစ်ကျိပ်သော မဟာထေရ်တို့နှင့်လည်းကောင်း၊ ညီတော် အရှင်အာနန္ဒာနှင့်လည်းကောင်း၊ မြတ်စွာဘုရားနှင့်လည်းကောင်း ရှိသေကိုင်းညွှတ်စွာ ကန်တော့ပူဇော်ပြီး မိတ်ဆွေမြတ်များဖွဲ့လေ၏။ ထိုအခါမှစ၍ သူ့အား လူအများက မိတ်ကောင်းမိတ်မြတ်ဖွဲ့တတ်သူ "မိတ္တဗန္ဓက"ဟု ပြောဆိုချီးမွမ်းကြလေ၏။

မင်းကြီးသည် မိတ္တဗန္ဓကအား သူမြတ်နိုးသော အမျိုးသမီးနှင့် လက်ဆောင်နှင်းပေးကာ ခမ်းနားသော နေအိမ်ဖြင့် ချီးမြှင့်လိုက်လေ၏။

ထိုမင်္ဂလာပွဲမှာ မင်းကြီးမှစ၍ လူအများက မင်္ဂလာလက်ဖွဲ့များ ဖွဲ့လာကြလေသည်။ လိမ္မာသော ဇနီးသည် မင်းကြီးလက်ဖွဲ့သော ပစ္စည်းကို အိမ်ရှေ့မင်းအား ပေးပို့စေ၏။ အိမ်ရှေ့မင်း၏ လက်ဖွဲ့ပစ္စည်းကို စစ်သူကြီးထံ ပေးပို့လေ၏။ ဤသို့ စသည်ဖြင့် မေတ္တာလက်ဆောင်များ ကမ်းကာ တစ်မြို့လုံးနှင့် မိတ်ဆွေဖွဲ့လေ၏။

ခုနစ်ရက်မြောက်သောနေ့၌ ဘုရားအမှူးရှိသော သံဃာတော်တို့အား အိမ်သို့ပင့်ဆောင်၍ အလှူကြီး ပေးလှူ၏။ မြတ်စွာဘုရားသည် ထိုမင်္ဂလာဦးဆွမ်းအလှူပွဲမှာ တရားဟောတော်မူရာ ဆွမ်းအနုမောဒနာတရားကို နာကြားကြပြီး မိတ္တဗန္ဓက ဇနီးမောင်နှံတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေ၏။

ကျောင်းတော်မှာ ရဟန်းတို့သည် မိတ္တဗန္ဓက ဇနီးမောင်နှံ အကြောင်း ပြောဆိုနေကြစဉ် မြတ်စွာဘုရား ကြားသိတော်မူလေ၏။ မြတ်စွာဘုရားရှင်သည် အကျိုးပေးတူညီသော ဇနီးမောင်နှံတို့၏ အတိတ်ဇာတ်ကြောင်းကို ရဟန်းတို့ သိစေရန် အတိတ်ကို ဆောင်၍ ဟောကြားတော်မူလေ၏။

ရှေးလွန်လေပြီးသော တစ်ချိန်ခါက အလွန်ကြီးတဲ့ ရေအိုင်ကြီးရဲ့ အလယ်ကျွန်းမှာရှိတဲ့ ထိန်ပင်ကြီးတစ်ပင်ပေါ်မှာ စွန်ငှက်

မောင်နှံသည် အသိုက်လုပ်ပြီး နေကြသတဲ့။ အဲဒီအသိုက်မှာပဲ သားငယ်စွန်လေးနှစ်ကောင် ဖွားလာသတဲ့။ စွန်လေးနှစ်ကောင် အမွေးအတောင် မစုံခင်မှာ တစ်နေ့တော့ တောလိုက်မုဆိုးတစ်စုဟာ ဘာမှ ရှာမရလို့ မောမောနှင့် ရေအိုင်ကြီး အလယ်ကထိန်ပင်အောက်မှာ နားနေကြသတဲ့။ အနားယူပြီးတော့မှ အိုင်ထဲက ငါးတွေကို ဖမ်းကြမယ်လို့ ကြံစည်ရင်း ခြင်တွေ ကိုက်တာနှင့် မီးဖိုပြီး ခြင်ကို နှင်ကြသတဲ့။

အဲဒီရေအိုင်ကြီးရဲ့ မြောက်ဘက်မှာ ခြသေ့ကြီးတစ်ကောင် နေနေသတဲ့။ အိုင်ရဲ့ အရှေ့ဘက်မှာ ဝန်လိုငှက်တစ်ကောင်နေသတဲ့။ အိုင်ကြီးရဲ့အလယ်မှာတော့ အလွန်ကြီးတဲ့ လိပ်ကြီးတစ်ကောင်နေနေသတဲ့။

စွန်ဖို၊ စွန်မတို့ဟာ ထိန်ပင်မှာ အသိုက်ဆောက်ပြီး ငှက်မောင်နှံ ဖြစ်ကတည်းက စွန်မက အကြံပေးတာကြောင့် သူတို့ဟာ ကန်လယ်က လိပ်ကြီးနှင့်လဲ မိတ်ဆွေဖွဲ့တယ်၊ မြောက်ဘက်က ခြသေ့ကြီးနဲ့လည်း ကင်မင်နေကြတယ်။ အနောက်ဘက်က ဝန်လိုငှက်နဲ့လဲ မိတ်ရင်းဆွေရင်း ဖြစ်နေခဲ့ကြသတဲ့။

တောလိုက်မုဆိုးတွေဟာ ခြင်ကိုက်လို့ မီးဖိုကြတဲ့အခါမှာ မီးခိုးတွေဟာ ထိန်ပင်ပေါ်မှာ မွှန်နေအောင် လွင့်တက်လာလို့ စွန်လေးနှစ်ကောင်က လန့်ပြီး အော်ကြတယ်။ စွန်အော်သံလဲကြားရော၊ မုဆိုးတွေက အတော်ပဲ၊ တို့ ငါးမရှာခင် စွန်သား မီးကင်စားကြမယ်”လို့ ပြောပြီး မီးတုတ်တွေလုပ်ပြီး ထိန်ပင်ပေါ်ကို တက်ကြမယ်လုပ်တုန်း စွန်ဖိုက ဝန်လိုငှက်ဆီတစ်အား ပျံသွားပြီး “အသင်ဝန်လိုငှက်၊ ကျုပ်တို့မှာ ဒုက္ခတွေ့နေရပါတယ်။ သားလေးနှစ်ကောင်ကို ကယ်ပါအုံး” လို့ အကူအညီ တောင်းရှာသတဲ့။

---

ဝန်လိုင့ကက်ကလဲ "အို--ငါ့မိတ်ဆွေ စွန်ဖိုရဲ့ ဒုက္ခကို ငါကူညီမယ်၊ ကယ်ဆယ်မယ်။ ကျုပ်ဟာ မိတ်ဆွေကောင်းပဲ"လို့ ပြောပြီး အိုင်ကြီးထဲကို ပျံဆင်းပြီး ရေတွေကို ငုံပြီး မုဆိုးတွေရဲ့ မီးတုတ်တွေကို ပက်သတဲ့။ မီးတွေ ငြိမ်းသွားတော့ မီးတုတ်တွေ ထပ်လုပ်ပြီး ထိန်ပင်ပေါ်ကို မုဆိုးတွေက တက်ကြပြန်ရော။ ဝန်လိုင့်ကက်ဟာ ရေတွေဆင်းငုံပြီး ပက်နေကြပြန်ရော။ ဝန်လိုင့်ကက်ဟာ ရေတွေဆင်းငုံပြီး ပက်နေလိုက်တာ မောပန်းလာရှာသတဲ့။ ဒါပေမယ့် စွန်လေးတွေကို ကယ်ချင်လို့ မနားတမ်းဘဲ ပျံတက်လိုက်၊ ပျံဆင်းလိုက် လုပ်နေလို့ စွန်ဖိုက "မိတ်ဆွေဝန်လိုင့်ကက်၊ ပင်ပန်းလှပါပြီ။ တော်ပါတော့"လို့ တောင်းပန်ရသတဲ့။

စွန်ဖိုဟာ ဝန်လိုင့ကက်ကို တောင်းပန်ပြီး လိပ်ကြီးစီသို့ မသွားခင် လိပ်ကြီးက ဆူဆူညံညံ အသံတွေ ကြားရလို့ အကြောင်းစုံ သိသွားတယ်။ စွန်ဖိုမိသားစုကို ငါလဲ ကူညီမယ်လို့ ပြောပြီး ရေအိုင်ထဲမှာ မှော်ပင်တွေကို ဆွဲနှုတ်ယူလာပြီး မီးဖိုပေါ်မှာ အုတ်လိုက်သတဲ့၊ မီးတွေ ငြိမ်းသွားပြန်ရော။ မုဆိုးတွေက လိပ်ကြီးကို မြင်ရတော့ "ဟာ သိပ်ကိုကြီးတဲ့ လိပ်ကြီးပဲ၊ ဖမ်းကြဟေ့၊ လိပ်သားတွေ စားကြမယ်လို့ ပြောပြီး လိပ်ကြီးကို ဖမ်းကြသတဲ့။ လိပ်ကြီးကလဲ ရေမှော်နွယ်ပင်တွေ ရစ်ပတ်ပြီးနေတော့ သူ့ကို လာဖမ်းတဲ့ မုဆိုးတွေကို တအားပြန်ဆွဲပြီး ရေအိုင်ထဲမှာ နစ်သတဲ့။ မုဆိုးတွေကလဲ ရေထဲမှာ မွန်းနေပြီး ကုန်းပေါ်ကိုလွတ်အောင် တအားပြေးတက်လာကြရတာပေါ့။

ဒီအခိုက်မှာ စွန်မက ခြင်္သေ့ကြီးဆီကို သွားပြီး "ကယ်ပါဦး ခြင်္သေ့ကြီး၊ မုဆိုးတွေက သတ်ကြတော့မှာပါ။ စွန်သားလေးတွေဟာ မပျံတတ်သေးပါဘူး'လို့ ပြောပြသတဲ့။ ခြင်္သေ့ကြီးကလဲ မိတ်ဆွေ

ကောင်းတစ်ယောက်ပဲ။ စွန်မကို "နင်ဘာမှ မကြောက်နှင့်၊ ပြန်နှင့်တော့၊ ငါအခုပဲ လိုက်လာမယ်"လို့ ပြောလိုက်တယ်။

အဲဒီမှာ မုဆိုးတွေက စွန်လေးတွေကို ဖမ်းဖို့ လုပ်နေတုန်း၊ ဗြုန်းကနဲ ခြသေ့ကြီးကို မြင်လိုက်ရော အားလုံးဟာ လန့်ပြီး တစ်ခါထဲ ထွက်ပြေးသွားကုန်ကြသတဲ့။

မြတ်စွာဘုရားက "မိတ္တဗန္ဓကရဲ့ ဇနီးဟာ ရှေးအတိတ်ဘဝတွေမှာ ကတည်းက အဆွေခင်ပွန်းကောင်းရဲ့ အကျိုးကျေးဇူးကို သိတတ်သူဖြစ်တယ်၊ ဆင်းရဲချမ်းသာမတူ အဆွေခင်ပွန်းရှိမှသာ ကောင်းကျိုးရနိုင်တယ်။ အဆွေခင်ပွန်းကောင်း ရှိထားအပ်တယ်" ရယ်လို့ ဟောကြားတော်မူသတဲ့။

(ငါးရာ့ငါးဆယ့်ဇာတ်တော်)

* * *

ရွှေတံတားစာပေ

# ပညာရှိမှချမ်းသာရ

မြတ်စွာဘုရားပွင့်တော်မမူမီအခါက ဗာရာဏသီမြစ်နားမှာ လက်သမားတစ်ထောင်နေတဲ့ ရွာကြီးတစ်ရွာ ရှိသတဲ့။ ဒီရွာက လက်သမားတွေက မရိုးသားကြဘူး။ လူတွေကို အိမ်ဆောက်ပေးမယ်၊ ပစ္စည်းတွေ လုပ်ပေးမယ်ဆိုပြီး လက်ခငွေ ကြိုတောင်းကြတယ်။ တောင်းပြီး ဘာမှ လုပ်မပေးဘဲ ရတဲ့ငွေကို လိမ်ပြီး တောထဲမှာ လူတစ်ထောင်ဆံ့တဲ့ သစ်လုံးလှေကြီးထွင်းပြီး ရေလမ်းခရီးမှာ အားလုံး ထွက်ပြေးသွားကြသတဲ့။

လူလိမ်တွေဟာ ရွာလုံးကျွတ် တစ်လှေတည်းစီးပြီး လာလိုက်ကြတာ ကျွန်းတစ်ကျွန်းကို မြင်လို့ ဝင်ကပ်ကြသတဲ့။ အဲဒီကျွန်းကို တက်ကြတော့ သီချင်းဆိုသံ ကြားရလို့ တောထဲမှာ လိုက်ရှာကြတော့ ဆံပင်ဖားလျား အဝတ်အစား စုတ်ပြတ်နေတဲ့ လူတစ်ယောက်ကို တွေ့ရသတဲ့။ လက်သမားတွေက အဲဒီလူကို လိုက်ဖမ်းတော့ သူက ထွက်ပြေးရင်း ‘ကျွန်တော်လူပါဗျာ၊ သင်္ဘောပျက်လို့ ဒီကျွန်းမှာ ရောက်နေတာ ကြာပါပြီ၊ ဒီကျွန်းမှာ သလေးဆန်တွေ၊ သစ်သီး ဝလံတွေ၊ ကြံပင်တွေဟာ စားလို့ မကုန်အောင် ပေါလွန်းလို့

တစ်သက်လုံး ဒီမှာပဲ နေရမှာ။ ခင်ဗျားတို့လဲ နေကြပေါ့’လို့ ပြန်ပြောသတဲ့။

ဒီကျွန်းမှာ သူပြောတဲ့အတိုင်းပဲ စားပင်သောက်ပင်တွေဟာ အလိုလိုပဲ ပေါက်ပေါက်လာပြီး ဘာမှ စိုက်ပျိုးစရာ မလိုတော့ လက်သမားတွေဟာ ချမ်းချမ်းသာသာပဲ မလုပ်မကိုင်ရတော့ အငြိမ်းစားနေလာလိုက်ကြတာ ပျော်စရာကြီးပဲပေါ့။ လက်သမား လူတစ်ထောင်ဟာ လူငါးရာ တစ်ခုစီခွဲပြီး အကြီးအကဲ လုပ်သူ တစ်ယောက်စီက အုပ်ချုပ်ပေးရတယ်။ တစ်ဖက်ငါးရာကို အုပ်ချုပ်တဲ့ အကြီးအကဲလူက ပညာရှိပြီး လိမ္မာတယ်။ တစ်ဖက်က လူငါးရာကို အုပ်ချုပ်တဲ့ အကြီးအကဲလူကတော့ ပညာမဲ့ပြီး မိုက်မဲသတဲ့။

လူတစ်ထောင်ဟာ ကျွန်းပေါ်မှာ ဝဝလင်လင် စားရ သောက်ရတော့ ကျန်းမာဝဖြိုးလာကြတာပေါ့။ ကျွန်းပေါ်မှာ ရှိနေတဲ့ လူက ‘ဒီကျွန်းဟာ ဒီလိုပဲ ဘာမှ ပူစရာမရှိပါဘူး၊ ခူးဆွတ်စားကြရုံပါပဲ၊ ဒီကျွန်းကိုတော့ ဘီလူးတွေ ပိုင်တယ်၊ ပိုင်ပေမယ့် လူတွေကို အနှောင့်အယှက် မပေးပါဘူး၊ အဲ--တစ်လမှာ တစ်ခါတော့ ဘီလူး တွေ စည်းဝေးကြတယ်။ တစ်ခါတစ်လေလဲ နတ်တွေလာပြီး စည်းဝေးကြတယ်။ ဒါကြောင့် ကျင်ကြီးကျင်ငယ်စွန့်ကြရင် လုံအောင် မြေကြီးနှင့် ဖုံးကြပါ၊ နတ်တွေ ဘီလူးတွေက သန့်ရှင်းမှ ကြိုက်တာ၊ အဲဒါ တစ်ခုကိုတော့ စည်းကမ်းရှိကြပါ၊ အရေးကြီးတယ်’လို့ ပြောပြထားသတဲ့။

ဒီကျွန်းမှာ ကြံပင်တွေကလည်း သိပ်ပြီး အရည်ရတော့ လူမိုက်အကြီးအကဲ အုပ်ချုပ်တဲ့ လူငါးရာက ကြံရည်တွေညှစ်ပြီး အရက်တွေချက်ပြီး မူးယစ်သောက်စားကြပြီး ကကြခုန်ကြ လုပ်ကြ သတဲ့။ ဒီတော့ သတိလွတ်ပြီး ကျင်ကြီးကျင်ငယ်တွေ စွန့်ကြရာမှာ

အရင်ကလို မဖုံးကြဘူး။ ကျွန်းပေါ်မှာ နံစော်နေတာပဲပေါ့။ ဒါနှင့်ပဲ လကွယ်နေ့တစ်နေ့မှာ နတ်တွေက ကျွန်းပေါ်မှာ အစည်းအဝေး လာလုပ်ကြသတဲ့။ ကျွန်းပေါ်မှာ အရင်ကလို မဟုတ်ဘဲ အညစ်အကြေး တွေနှင့် နံစော်နေတာကို တွေ့ရတော့ နတ်တွေက စိတ်ဆိုးကြတော့ တာပေါ့။ အညစ်အကြေးတွေကြောင့် အစည်းအဝေး မလုပ်ရတော့ နတ်တွေက စိတ်ဆိုးပြီး ဒီကျွန်းကို ဒီလိုထားလိုတော့ မဖြစ်ဘူး၊ လပြည့်နေ့ရောက်ရင် တစ်ကျွန်းလုံးကို ရေတွေ လွှမ်းအောင်လုပ်ပြီး ကျွန်းပေါ်က လူတွေကို သတ်မယ်လို့ ဆုံးဖြတ်ကြပါရောကွယ်။

အဲဒါကို သမ္မာဒေဝနတ်သားတစ်ယောက်က လူတွေ သေကုန်မှာစိုးလို့ နတ်ဝတ်တန်ဆာဝတ်၊ အလင်းရောင်ပေးပြီး 'လက် သမား မိတ်ဆွေတို့၊ လပြည့်နေ့ကျရင် ဒီကျွန်းမှာ ပင်လယ်ရေတွေ လွှမ်းလိမ့်မယ်၊ လွတ်ရာကို ပြေးကြပါ'လို့ မြောက်ဘက်ကနေပြီး အားလုံးကြားအောင် ကြေညာလိုက်သတဲ့။

အဲဒါကို နတ်တွေထဲမှာပါတဲ့ နတ်ဆိုးတစ်ယောက်က 'ဟော့--မင်းတို့ မယုံကြနှင့်၊ အလကားပြောတာ၊ ဒါလောက် မပူရ မပင်ရ နေနေရတဲ့ ကျွန်းမှာ ဘယ်ကလာ ရေလွှမ်းရမှာလဲ'လို့ ပြောသတဲ့။

နောက်နတ်သားတစ်ယောက်ကတော့ စိတ်ကောင်းရှိလေ တော့ 'ခုန နတ်သားပြောတာ မယုံကြပါနှင့်၊ ရေတွေ တကယ်လွှမ်းမှာ၊ ယုံကြပါ၊ ဘေးလွတ်ရာကို ပြေးနှင့်ကြပါ'လို့ ပြောသတဲ့။

သည်တော့ အကြီးအကဲလုပ်တဲ့ လူတစ်ယောက်က အသိ ပညာ ရှိတာမို့ သူ့တပည့်ငါးရာကို 'ငါ့လူတို့၊ နတ်ဆိုးနှင့်နတ်ကောင်း ပြောတဲ့စကားတွေကို ထည့်မစဉ်းစားကြနှင့်၊ ပြောချင်ရာ ပြောကြပါစေ၊ ခု တို့လုပ်ကြဖို့က လပြည့်နေ့မှာ ရေလွှမ်းသည်ဖြစ်စေ၊ မလွှမ်း

သည်ဖြစ်စေ လိုရင်ရအောင် လှေကြီးတစ်စင်း ထွင်းနှင့်ထားရမယ်' လို့ ပြောပြီး လူငါးရာနှင့် တောနက်ထဲကို သွားကြသတဲ့။

တောနကလ်ထဲမှာ လှေငါးရာဆံ့မယ့် သစ်ပင်လုံးကြီး တစ်ပင်ကို ရှာပြီး ခုတ်လှဲကြတယ်၊ သစ်ပင်လုံးကြီးကို လူငါးရာက လှေထွင်းကြသတဲ့။ လှေထွင်းပြီးတော့ သူတို့ရဲ့ အကြီးအကဲဖြစ်သူ ပညာရှိက 'ကဲ၊ ဒီလှေကြီးကို ယူခဲ့ကြ၊ တို့နှင့် အနီးကမ်းစပ်မှာ ချထားပြီး အသင့်ပြင်ဆင်နေကြ၊ လပြည့်နေ့မှာ ကျွန်းကို ရေလွှမ်းရင် တခြားကို လှော်ပြီး ပြေးကြမယ်၊ ရေမလွှမ်းရင်လဲ ဒီလှေကြီးကို နောင်အခါမှာ တို့အတွက် လိုရာသုံးနိုင်တာပေါ့'လို့ ပြောထားသတဲ့။

ဒါနှင့် လပြည့်နေ့လည်းရောက်ရော၊ ကျွန်းပေါ်ကို ရေတွေလွှမ်းတော့တာပဲ။ အကြီးအကဲပညာရှိနှင့် တပည့်ငါးရာတို့ဟာ အသင့်ရှိနေတဲ့ သစ်တုံးလှေကြီးကို လှော်ပြီး လွတ်ရာကို လှော်ပြီး ထွက်သွားကြရတယ်။

ပညာမရှိ၊ စိတ်ကောင်းမရှိရဲ့ အကြီးအကဲနှင့် သူ့တပည့် လက်သမား ငါးရာတို့မှာတော့ ရေနစ်ပြီး အားလုံးသေကုန်ကြသတဲ့။

အရှင်သခင်ကောင်းကို မှီရတဲ့ လက်သမားငါးရာမှာတော့ အသက်ဘေးက လွတ်ကြရတယ်။ ပညာလည်းမရှိ စိတ်ကောင်းလည်း မရှိတဲ့ အရှင်သခင်ကို မှီနေရတဲ့ လက်သမားငါးရာကတော့ တစ်ခါတည်း သေကြေပျက်စီးရတော့တာပေါ့။

အဲဒီတုန်းက အကြီးအကဲ လူမိုက်ဟာ ဂေါတမဘုရား ပွင့်တော်မူတဲ့အခါမှာ ဒေဝဒတ်ဖြစ်လာတယ်။ နတ်ဆိုးကတော့ ဒေဝဒတ်ရဲ့ တပည့် 'ကောကာလိက'ပဲ၊ နတ်ကောင်းကတော့ ဘုရားရဲ့ သားတော် 'အရှင်သာရိပုတ္တရာ' ဖြစ်တော်မူလာတယ်။

ပညာရှိ စိတ်ကောင်းမရှိတဲ့ အကြီးအကဲနှင့် သူ့တပည့်လက်သမား ငါးရာတို့မှာတော့ ရေနစ်ပြီး အားလုံးသေကုန်ကြသတဲ့။

---

ရွှေတံတားစာပေ

အရှင်သခင်ကောင်းကို မှီရတဲ့ လက်သမားငါးရာမှာတော့ အသက်ဘေးက လွတ်ကြရတယ်။ ပညာလည်းမရှိ စိတ်ကောင်းလည်း မရှိတဲ့ အရှင်သခင်ကို မှီနေရတဲ့ လက်သမားငါးရာကတော့ တစ်ခါတည်း သေကြေပျက်စီးရတော့တာပေါ့။

အဲဒီတုန်းက အကြီးအကဲ လူမိုက်ဟာ ဂေါတမဘုရား ပွင့်တော်မူတဲ့အခါမှာ ဒေဝဒတ်ဖြစ်လာတယ်။ နတ်ဆိုးကတော့ ဒေဝဒတ်ရဲ့ တပည့် 'ကောကာလိက'ပဲ၊ နတ်ကောင်းကတော့ ဘုရားရဲ့သားတော် 'အရှင်သာရိပုတ္တရာ' ဖြစ်တော်မူလာတယ်။

ပညာရှိ စိတ်ကောင်းရှိတဲ့ အကြီးအကဲ လက်သမားကတော့ ဂေါတမရှင်တော်မြတ်ဘုရား ဖြစ်တော်မူတယ်တဲ့၊ ဘုရားဖြစ်တော်မူမည့် အလောင်းအလျာဆိုတာ ဘယ်ဘဝမှာပဲဖြစ်ဖြစ်၊ အများအကျိုးကို ကြည့်ပြီး ကယ်တင်တော်မူစမြဲပါပဲကွယ်။ ။

(ငါးရာ့ငါးဆယ်နိပါတ်တော်)

* * *

# ပညာရှိလှည်းမှူး

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံတော်မူစဉ် အေးချမ်း စည်ကားလှသဖြင့် ပြည်တွင်းမှ ထွက်ကုန်များ တိုးပွားလျက် ရှိနေသည်။ ကုန်သည်တို့သည် အခြားအပြည်ပြည် အရပ်ရပ်သို့ ကုန်တင်လှည်းတပ်ကြီးများဖြင့် စုရုံးကာ ခရီးရှည်ထွက်ကာ ရောင်းချလေ့ ရှိပေသည်။ ကုန်သည်တို့သည် အလွန်ဝေးကွာသော ကန္တာရခရီးရှည်ကြီးကို လှည်းငါးရာ အစုအဝေးဖြင့် ငါးရာစု နှစ်စု ထွက်ခွာဖို့ စီစဉ်ကြသည်။

တစ်ခုသော လှည်းငါးရာစုမှာ ဉာဏ်ပညာရှိသော လှည်းမှူးက ကြိုတင်စဉ်းစားလေ၏။ လူတစ်ထောင်၊ နွားနှစ်ထောင်ဖြင့် ဤမျှ ရှည်ဝေးသော ကန္တာရခရီးကို အတူထွက်လာကြလျှင် ခရီးကလည်း ကြမ်း၊ အစားလည်းရှား၊ ရေလည်းရှားကာ နွားများအတွက်ပါ အစာရေစာ အခက်အခဲရှိလိမ့်မည်ကို သိ၍ အတူသွားမည့် လှည်းမှူးအား တိုင်ပင်သည်။ ထိုလှည်းမှူးသည် ပညာဉာဏ်မရှိ။ စဉ်းစားကြည့်သော အခါ 'အင်း-ငါတို့က အရင်သွားလျှင် လူတွေရော နွားတွေပါ အစာရေစာ ဝလိမ့်မည်။ ကုန်တွေလည်း အရောက်ဦးသဖြင့် ဈေး ကောင်းရမည်။ အပြန်ဝယ်ယူခဲ့ရမည့် ကုန်အတွက်လည်း ကြိုက်ဈေးနှင့်

ရလိမ့်မည်’ဟု အကြံရောက်ကာ သူတို့လှည်းများ အရင်ထွက်ကြတော့မည်ဟု ပြန်ကြား၏ ပညာရှိလှည်းမှူးက သဘောတူလိုက်သည်။

ပညာဖြင့် စဉ်းစားဉာဏ်ရှိသော လှည်းမှူးက သူ့လှည်းသားများကို ရှင်းပြသည်။ ‘ရှေ့က သွားနှင့်သော လှည်းများသည် တောလမ်းခရီးမှာ ချုံနွယ်ပိတ်ပေါင်းတို့ကို ရှင်းကြရမည်။ မြေကမူ တွေ့လျှင်တူး၊ ချိုင့်ဝှမ်းတွေကို ဖို့ကာ လမ်းခရီးထွင်ပြီးမှ သွားရသဖြင့် ခရီးတွင်မည် မဟုတ်။ သူတို့နောက်မှ ငါတို့လိုက်ရလျှင် ချုံတွေရှင်းလင်း လှည်းလမ်းလည်း ချောမွေ့ပြီးဖြစ်၍ အဆင်သင့်ပင် ခရီးတွင်အောင် သွားနိုင်မည်။ ပညာရှိလှည်းမှူးက ပြောပြရှင်းပြသဖြင့် လှည်းသားတို့က ကျေနပ်ကြသည်။ ‘ရှေ့က သွားသော လှည်းများမှ လူရောနွားပါ မြက်ကြမ်း ဟင်းရွက်ကြမ်းကိုသာ စားကြရမည်။ ငါတို့ ထွက်လာသော အချိန်မှာမူ ရွက်ကြမ်း၊ မြက်ကြမ်းများနေရာတွင် ရွက်နု၊ မြက်နုတွေ ပေါက်နေရော့မည်။ ရွက်နု၊ မြက်နုကို လူရောနွားပါ စားကြရမည်။ ကုန်များမှာလည်း ရှေ့က ရောင်းဈေးရှိနှင့်ပြီး ဖြစ်၍ အထူးပြောဖို့ မလိုတော့ အဆင်ပြေပြေ ဖြစ်ကြရမည်’ဟု အသေးစိတ်ရှင်းပြထားသည်။

ပထမထွက်လာသော ငါးရာလှည်းတန်းကြီးသည် ရှေ့ဆက်သွားရင်း ကန္တာရခရီးကြမ်းဖြစ်၍ ပင်ပန်းစပြုလာလေ၏။ ထိုကန္တာရခရီး လူသူဝေးသော အရပ်မှာ လှည်းတန်းကြီး၏ ရှေ့မှ လှည်းယာဉ်ကြော့ကြော့လေးတစ်စီး လာနေသည်ကို တွေ့ကြရသည်။ လှည်းတန်းကြီးမှာ သဲကန္တာရထဲမှ သဲနုံးများ ထူထပ်လှသောကြောင့် နွားများ တအားရုန်းနေကြရသည်။ မီးခိုးလုံးများပမာ သဲမှုန်လှိုင်းများ ဖွေးနေလေ၏။ ထိုသဲလှိုင်းများကြားမှ လှည်းယာဉ်ကြော့ကလေး နီးလာသောအခါ လှည်းဘေးမှာ လူတစ်ဆယ့်နှစ်ယောက် ခြေကျင်

လိုက်ပါလာသည်။ ထိုလူတို့မှာ ရေများ စိုရွဲလျက် ခြေထောက်မှာ ရွံ့တွေ ပေကျံလျက် လက်ထဲမှာလည်း ကြာပန်း၊ ကြာရိုးတွေကို ကိုင်လျက် မြင်ရသောအခါ ရှေ့ဆုံးမှ လှည်းမှူးက ဝမ်းသာအားရ ရှိလာသည်။ လူသူပြတ်သော ဤခရီးကြမ်းမှာ လူတွေနှင့် တွေ့ရပြီဟု စိတ်အေးရတော့သည်။ လှည်းမှူးက လှည်းယာဉ်ကြော့နှင့် လျှောက်လာသူတို့အား ကြည့်ကာ နှုတ်ဆက်သောအခါ သူတို့က 'ခင်ဗျားတို့ ဘာမှ မပူကြပါနှင့်။ ဟိုအဝေးမှာ ရေကန်ကြီးရှိတယ်။ စားစရာတွေလဲ မရှားပါဘူး၊ မိုးလဲရွာနေတယ်၊ သွားကြပါ'ဟု ပြန်ပြောကာ ထွက်သွားကြလေ၏။

လှည်းမှူးသည် ထိုသူများပြောစကားကို ယုံကြည်၍ သူ့လှည်းသားတို့အား 'တပည့်တို့ ဘာမျှ မပူကြနှင့်။ ဒီခရီးမှာ ရေလဲ မရှားဘူး၊ အစာလဲမရှားဘူး၊ မင်းတို့မှာပါလာတဲ့ ရေကို မချွေတာကြနှင့်တော့။ သုံးကြချိုးကြ၊ စားစရာတွေလဲ စားကြတော့'ဟု ပြောလေရာ လှည်းသားအားလုံးက ဝမ်းသာအားရဖြင့် ပါလာသောရေကို သုံးကြ၊ ချိုးကြ၊ စားကြ၊ သောက်ကြပြီး ပျော်ပျော်ပါးပါး ခရီးဆက်ကြလေ၏။

ခရီးအတန်ဝေးသောအခါ ခရီးသွားဆယ့်နှစ်ယောက် ပြောသွားသလို ရေကန်ကြီးကိုလည်း မတွေ့ရ။ အလွန်ကြောက်ဖွယ်ကောင်းသော ဘီလူးဆယ့်နှစ်ကောင်က ဆီးပြီး လှည်းသားတို့နှင့် နွားများကို ဝါးမျိုစားကြလေ၏။ သူတို့တွင် မကဘဲ အခြားဘီလူးများလည်း ရောက်လာ၍ လူသားနွားသားများကို သတ်ဖြတ်စားသောက် ကြလေ၏။ စားသောက်ပြီးသောအခါ ဘီလူးများ ပျောက်ကွယ်ကြကုန်၏။

လအနည်းငယ်မျှ ကြာသောအခါ ပညာရှိ လှည်းမှူးသည်

တပည့်လှည်းသားငါးရာနှင့် ကုန်ပစ္စည်းရောင်းချရန် လှည်းငါးရာ တန်းစီလျက် ခရီးထွက်ခဲ့လေ၏။ သူတို့မှာ ခရီးလမ်းတွင် စားသောက်ဖို့ အပြည့်အစုံ ပါရှိလာကြလေ၏။ လမ်းခရီး တောထဲမှာလည်း ရှေ့ကသွားနှင့်သော လှည်းသားငါးရာတို့ ခုတ်ထွင်ရှင်းလင်းခဲ့ကြသောကြောင့် အခက်အခဲမရှိဘဲ ချောမောစွာ သွားနိုင်ကြလေ၏။ တောလမ်းတွင် ဟင်းလျာသီးရွက်များ– ရှာကြရာမှာလည်း လှည်းမှူးက ပြောပြခဲ့သလိုပင် ရွက်နုသီးနုများသာ ဝလင်အောင် ခူးဆွတ်စားသောက်ကြပြီး ခရီးဆက်ခဲ့ရာ တော်တော်ဝေးသော သဲကန္တာရတွင် အတုံးအရုံး၊ ဖရိုဖရဲ ပြန့်ကျဲနေသော လှည်းများ၊ လူရိုးများနှင့် ကုန်ပစ္စည်းများကို တွေ့ကြရလေ၏။ ထိုအခါ လှည်းသားငါးရာတို့က အံ့သြကာ ကြောက်ရွံ့ကြကုန်၏။ လှည်းသားတို့က လှည်းမှူးအား 'ဘာတွေဖြစ်ကုန်ကြပါလိမ့်၊ ကြောက်စရာတွေပါကလား၊ လမ်းမှာ တွေ့ရတဲ့ ခရီးသည်တွေကပြောတော့ ရှေ့မှာ ရေကန်ကြီးလဲရှိတယ်၊ မိုးတွေလဲ ညို့ပြီး ရွာနေတယ်တဲ့၊ စားစရာတွေလဲ တွေ့ရမယ်ဆိုပြီး ခုတော့ ကြောက်စရာတွေချည်းပါပဲ။ အရင် သွားနှင့်ကြတဲ့ မိတ်ဆွေတွေကို သနားလိုက်တာ'ဟု ကြောက်လန့်ကာ ပြောကြလေ၏။

သူတို့၏ခေါင်းဆောင် ပညာရှိလှည်းမှူးက 'ငါတို့ လမ်းမှာ တွေ့ခဲ့တဲ့ ခရီးသွား ဆယ့်နှစ်ယောက်ကို မင်းတို့ သိကြလို့လား၊ သူတို့ ပြောတာကို မင်းတို့က အရမ်းယုံကြတာကိုး။ အဲဒီလူတွေကို သေသေချာချာ ကြည့်လိုက်ရင် သိနိုင်တာပဲ။ ဒီလူဆယ့်နှစ်ယောက်ဟာ မျက်တောင့်နီနေတယ်၊ မျက်တောင်လဲ မခတ်ကြဘူး၊ ဖနောင့်လဲ တိုတယ်၊ သူတို့ရဲ့ အရိပ်လဲ မထင်ဘူး၊ လူသားတွေမဟုတ်နိုင်ဘူးလို့ သိရတာပေါ့။ ပြီးတော့ ဒီကန္တာရဟာ အင်မတန်ကြမ်းတယ်၊ အမနုဿကန္တာရလို့ ရှေးရှေးကတည်းက ခေါ်ကြတာ ကြားသိရဖူးတယ်၊

ဘီလူးကန္တာရပဲ။ ဒါကြောင့် သူတို့က ဘာပဲပြောပြော ငါမယုံပါဘူး။ ရေလဲ ခါးတိုင်းလောက်ပဲသုံး၊ အစာလဲ ခါတိုင်းလိုပဲ စားကြဖို့သာ ရှိတာပေါ့။ ပြီးတော့ သူတို့က ဟိုအဝေးမှာ မိုးတွေညို့နေတယ်၊ ရွာနေတယ်ဆိုရင် ဒီလောက်အဝေးမှာ မိုးလေကလေးတော့ တိုက်လာတာလောက် ရှိရမှာပေါ့။ ခုတော့ နေပူလိုက်တာ သဲတွေလွင့်လို့ မဟုတ်လား။ ဒါကို သတိပြုပြီး စဉ်းစားကြည့်ရမှာပေါ့၊ သူများပြောတိုင်း အရမ်းယုံလို့ ဖြစ်ပါ့မလား၊ ကဲ--ကဲ--တို့မှာ အရင်သွားနင့်ကြတဲ့ လှည်းသားတွေလို ဘီလူးတွေက လူယောင်ဆောင်ပြီး ဖြားယောင်းကြတာတော့ သိရပြီ။ လှည်းသားတွေသေ၊ နွားတွေသေကုန်ကြတာလဲ မင်းတို့အသိပဲ။ မိုးကလဲ ချုပ်တော့မယ်၊ ဒီတစ်ညဒီကန္တာရမှာပဲ နားအိပ်ကြရမယ်၊ ထမင်းစောစောစားပြီး နွားတွေကိုလဲစောင့်ကြရမယ်၊ သတိရှိကြစေ'လို့ ပြောပြပြီး ညနေစာ စားသောကခိုင်းသည်။ ညမိုးချုပ်သောအခါ လှည်းငါးရာကို ဝိုင်းပြုပြီး နွားတစ်ထောင်ကို အလယ်မှာထားသည်။ လူတွေက လှည်းဘေးမှာ ဝိုင်းထားကြရသည်။ လှည်းမှူးက မီးပုံကြီးများပုံကာ အလင်းရောင်ရစေပြီး သူကိုယ်တိုင်မှာ သန်လျက်ကို ထမ်းလျက် စောင့်နေလေ၏။

ဤသို့ဖြင့် ညသုံးယံကုန်ပြီး မိုးစင်စင် လင်းလာလေ၏။ လှည်းမှူးက နံနက်စာကို လျင်မြန်စွာပင် စားသောက်စေပြီးနောက် လှည်းငါးရာကို ပြင်ကာ ကန္တာရကြမ်းမှ ထွက်ခွာလာကြ၏။ ဘေးအန္တရာယ်ကင်း၍တစ်ကြောင်း၊ ပထမလှည်းများမှ ကျန်ခဲ့သောရောင်းကုန်ပစ္စည်းများကို ကောက်ယူကြရ၍လည်းကောင်း ပျော်ရွှင်စွာဆက်လက်ထွက်ခဲ့ကြရင်း မြို့ရွာအသီးသီးတို့ ရောက်ကြလေ၏။ ထိုတိုင်းပြည် မြို့ရွာတို့မှာ ကုန်ရောင်းလာသူများ မရောက်တာကြာ၍ ပစ္စည်းများ ပြတ်ကာ ယခုရောက်လာသော ပစ္စည်းများကိုကြိုက်ဈေးနှင့် ရောင်း၍ ရကြလေ၏။

---

ရွှေတံတားစာပေ

ကုန်သည်တို့သည် ခေါင်းဆောင်ပညာရှိလှည်းမှူး၏ အသိပညာနှင့် စေတနာအကျိုးကြောင့် မိမိတို့ မျှော်လင့်ထားကြသည်ထက် အရောင်းရသွက်ပြီး အမြတ်အစွန်းလည်း ရ၊ ဘေးအန္တရာယ်လည်း ကင်းခဲ့ကြရသည်ကို သိကြကာ ရှေ့ကသွားနှင့်သော ပညာမဲ့လှည်းမှူး၏ တပည့်ကုန်သည်တို့အား သနားနေမိကြသည်။

ပညာရှိလှည်းမှူးခေါင်းဆောင်သော လှည်းတန်းကြီးသည် ဗာရာဏသီပြည်သို့ ဘေးမသီရန်မခဘဲ ပျော်ရွှင်စွာ ပြန်ကြရလေတော့သတည်း။

နောင်အခါ၌ ပညာမဲ့လှည်းမှူးသည် ဒေဝဒတ်။ နောက်လိုက်လှည်းသားတို့ကား ဒေဝဒတ်၏ ပရိသတ်။ ပညာရှိလှည်းမှူး၏ လှည်းသားတို့သည် ဘုရားရှင်ပရိသတ်။ ပညာရှိလှည်းမှူးကား ဂေါတမမြတ်စွာဘုရား ဖြစ်တော်မူ၏။

**(အပဏ္ဏကဇာတ်တော်)**

❋ ❋ ❋

ရွှေတံတားစာပေ

# သုယောနန္ဒီ

ဗာရာဏသီပြည်၌ တမ္ပမင်းအုပ်စိုးနေလေ၏။ တမ္ပမင်းမှာ သုယောနန္ဒီအမည်ရှိ မိဖုရားရှိလေ၏။ မိဖုရား သုယောနန္ဒီမှာ အရွယ်နုနယ်၍ ရုပ်အဆင်း အလွန်ချောလှလေ၏။ တမ္ပမင်းက သူ့မိဖုရားကို အလွန်ပင် ချစ်ခင်မြတ်နိုးတော်မူသည်။

တမ္ပမင်းသည် ကြွေအံကစားလေ့ ရှိလေ၏။ နေ့စဉ် ကြွေအံကစားဖို့ တမ္ပမင်းမှာ မိတ်ဆွေတစ်ယောက် ရှိလေ၏။ ထို မိတ်ဆွေမှာ ရုပ်အဆင်း တင့်တယ်ချောမော၍ မင်းသားဝတ်စုံနှင့် တိုင်းတစ်ပါးမှ မင်းသားတစ်ယောက်အသွင် ရှိနေ၏။ တမ္ပမင်းသည် ကစားဖော် ထိုမိတ်ဆွေကို ဘယ်တိုင်းပြည်မှ လာသည်ဟု မသိ။ အတူကစားနေခဲ့သည်မှာ ကာလအတန်ကြာခဲ့ပြီ ဖြစ်လေ၏။

အတူကြွေအံကစားသော သူ့မိတ်ဆွေမှာ လူသားမဟုတ်။ နာဂဒီပကျွန်းမှ လူ့ပြည်သို့ လူယောင်ဖန်ဆင်းပြီး ရောက်လာကာ ကြွေအံကစားရန် ဝါသနာကြီးသော ဂဠုန်မင်း ဖြစ်သည်ကို တမ္ပမင်းသည် လုံးဝမရိပ်မိ၊ မသိရှိခဲ့ပေ။

လူယောင်ဆောင်ထားသော ဂဠုန်မင်းမှာ ရုပ်ရည်တင့်တယ်၍ ယောကျာ်းပီသသော အသွင်ရှိသဖြင့် ဘုရင့်အနီးအနားမှာ အသင့်

ရှိနေသော ခြေရာတော်တို့က သူ့ကို ငေးမောကြည့်ရှုကြရလေ၏။ ခြေရာတို့ကလည်း ထိုသူကို လူမင်းသားတစ်ယောက်ပဲဟု မှတ်ထင်ကြ၍ သူတို့အချင်းချင်း ကြွေအံကစားနေတဲ့ လူချောလူလှအကြောင်းကို တီးတိုးပြောဆိုနေကြလေ၏။

ထိုကဲ့သို့ ပြောဆိုနေကြသည်ကို ဘုရင့်မိဖုရား 'သုယောနန္ဒီ' ကြားသိရလေ၏။ သုယောနန္ဒီသည် အတွင်းဆောင်ထဲမှာ နေရာမှ ထိုလူချောလူလှကို တွေ့ချင်သဖြင့် ခြေရာမျာနှင့် ရောနှောကာ အဆောင်ဝမှာ ရပ်ကြည့်နေလေ၏။

ဤကဲ့သို့ သုယောနန္ဒီက နေ့စဉ်နေ့တိုင်း အဆောင်ဝမှာ ရပ်ကာ ကြည့်နေသည်ကို ဂဠုန်မင်းသိသောအခါ သူကလည်း သုယောနန္ဒီမိဖုရားကို ကြွေအံကစားရာမှ လှမ်း၍ ကြည့်လေ့ရှိကာ သူတို့နှစ်ယောက်မှာ မျက်စိချင်း ဆုံမိကြလေ၏။ မျက်စိချင်း ဆုံမိကြရာမှ စိတ်ချင်းဆုံမိကာ မေတ္တာစိတ်ပွားများနေကြလေ၏။

သုယောနန္ဒီနှင့် ဂဠုန်မင်းတို့သည် မေတ္တာစိတ်များ စွဲလမ်းလာကြသဖြင့် မခွဲနိုင်အောင် ဖြစ်လာကြလေ၏။ တစ်နေ့မှာ တမ္ဗမင်းနှင့် ကြွေအံကစားနေခိုက် ဂဠုန်မင်းက အခိုးအငွေ့များ လွှတ်ကာ မှောင်ချလိုက်ပြီးလျှင် မှောင်ထဲမှာ ဂဠုန်အသွင် ပြန်ယူလျက် ရပ်ကြည့်နေသော မိဖုရား သုယောနန္ဒီကို သူ၏ အတောင်ကြားမှာ ဝှက်ကာ ဆောင်ယူပြီး နာဂဒီပကျွန်းသို့ ပြန်လာခဲ့လေ၏။

တမ္ဗမင်းမှာ မိုးမှောင်ကျပြီး သူ့ကစားဖက် မင်းသားပြန်သွားပြီဟုသာ ထင်မှတ်နေလေ၏။ သို့ရာတွင် မှောင်ရာမှ လင်းလာသောအခါ၌ နန်းဆောင်ထဲရှိ မိဖုရား သုယောနန္ဒီ ပျောက်သွားမှန်း သိရလေ၏။ သို့ရာတွင် သုယောနန္ဒီကို ဂဠုန်မင်း ခိုးယူသွားမှန်းကို မသိ။

---

**ရွှေတံတားစာပေ**

ဂဠုန်မင်းကလည်း သုယောနန္ဒီကို နာဂဒီပကျွန်းရှိ သူနေတဲ့ ဗိမာန်မှာထား.ပြီး ပေါင်းသင်းနေကြလေ၏။ သုယောနန္ဒီသည် ရုပ်ရည်ချောမောသော ဂဠုန်မင်းကို ဂဠုန်မှန်းသိသော်လည်း ထိုသူအား စုံမက်ချစ်ခင်သဖြင့် တမ္ဗဘုရင်ကို မေ့ပစ်လိုက်ပြီး ဂဠုန်မင်းနှင့်ပင် ပျော်မွေ့နေလေ၏။ တမ္ဗဘုရင်ကို သစ္စာဖောက်ကာ တွေ့ရာလူနှင့် ပေါင်းသင်းဆက်ဆံခြင်းမှာ ကြီးမားသော အကုသိုလ်ပါတကားဟု သူမထင်ဘဲ နာဂဒီပကျွန်းရှိ ဂဠုန်ဗိမာန်မှာပင် နေကာ သူ့ဘဝရင်းကို မေ့ပစ်လိုက်လေတော့သည်။

ဂဠုန်မင်းလည်း နောက်တစ်နေ့တွင် အရင်နေ့များကကဲ့သို့ လူမင်းသားယောင်ဆောင်ကာ တမ္ဗမင်းထံမှာ ခါတိုင်းကဲ့သို့ ကြွေအံကစားဖို့ လာမြဲလာ၊ ကစားမြဲကစားနေလေ၏။ သုယောနန္ဒီသည် ညအချိန်၌ ဂဠုန်မင်းနှင့် ပေါင်းသင်းပျော်ပါးပြီး နေ့အချိန်မှာ ဂဠုန်မင်းက တမ္ဗမင်းထံ တစ်နေ့လုံးကြွေအံကစားဖို့ သွားနေလေရာ ကျွန်းပေါ်မှာ သူတစ်ယောက်တည်း ပျင်းရိသဖြင့် ဗိမာန်မှဆင်းကာ ကမ်းစပ်တွင် အပျင်းပြေလမ်းလျှောက်ကာ နေလေ့ ရှိလေ၏။

တမ္ဗမင်းသည် သူနှင့် ကြွေအံကစားနေသူသည် သူ့မိဖုရားကို ခိုးယူသွားသော ရန်သူဖြစ်နေကြောင်း လုံးဝမသိချေ။ သူ့မိဖုရားသည် မိုးမှောင်ကျလာခိုက် ဘယ်လိုပျောက်ဆုံးသွားသည်ကို မသိနိုင်သဖြင့် ခြေမြန်တော်တို့အား အရပ်လေးမျက်နှာသို့ မိဖုရားရှာဖို့ စေလွှတ်တော်မူလေ၏။ ထိုစေလွှတ်သော သူများထဲတွင် သူ့ထံပါးမှာ အမြဲတမ်း ဖျော်ဖြေတီးမှုတ်ရသူ စောင်းသမားလည်း လိုက်ပါသွားရလေ၏။

စောင်းသမားသည် ဖြစ်ကြောင်းကုန်စင် မသိချေ။ ဘယ်ဆီဘယ်လမ်းမှာ ရှာရမည်ဟု မသိနိုင်ဘဲ သင်္ဘောဆိပ်ကမ်းမှာ တွေးတောငေးမောနေရာ ကုန်ရောင်းထွက်ခါနီး လှေကြီးတစ်စင်းနှင့် တွေ့သဖြင့်

လှေဆိုက်ကပ်ရာအရပ်တွင် မိဖုရားကို ရှာမည်ဟူသော အကြံအစည်ဖြင့် လှေနှင့်အတူ လိုက်ပါလာခဲ့လေ၏။ ကုန်ရောင်းလှေကြီးသည် ပင်လယ်သမုဒ္ဒရာသို့ ခရီးစတင်ထွက်လာခဲ့သောအခါ ခရီးတစ်ထောက်လောက်မှာ လှိုင်းလေကြမ်းတမ်းစွာ ကြုံကာ လှေကြီးပျက်စီးနစ်မြုပ် သွားလေ၏။ စောင်းသမားသည် တွယ်မိတွယ်ရာ ပျဉ်ချပ်ကလေးတစ်ချပ်ကို တွယ်ကာစီးလျက် ပင်လယ်ထဲမှာ မျောပါလာရာ ဟိုအဝေးရှိ နာဂဒီပကျွန်းအနီးသို့ ရောက်ရှိသွားလေ၏။ သူသည် ကျွန်းပေါ်သို့ အစာရေစာရှာဖို့ တက်သွားသောအခါ ကမ်းစပ်တွင် အပျင်းပြေ လမ်းလျှောက်နေသော တမ္ဗမင်း၏ မိဖုရား သုဿောန္ဒီကို တွေ့ရလေ၏။

သုဿောန္ဒီကို တွေ့သဖြင့် စောင်းသမားက မင်းကြီးမှာလိုက်သည့်အတိုင်း မိမိတို့ တိုင်းပြည်သို့ ပြန်ခေါ်ဖို့ ပြောပြလေ၏။ သုဿောန္ဒီသည် ကျေးဇူးရှင် ဘုရင် တမ္ဗထံမပြန်လို၊ ဂဠုန်မင်းကို စုံမက်သဖြင့် စောင်းသမားကိုလည်း သူ့မာယာဖြင့် ဖြားယောင်းကာ ဗာရာဏသီသို့ မပြန်နိုင်အောင် ညှို့ဖမ်းထားလေ၏။ သုဿောန္ဒီသည် ညနေဘက် ဂဠုန်မင်းဗိမာန်သို့ မပြန်မီ  စောင်းသမားကို လုံခြုံစွာ ကျွေးမွေးပြုစုထားပေးလေ၏။ ညညများတွင် သုဿောန္ဒီသည် ဂဠုန်မင်းနှင့် ပေါင်းသင်းကာ မိုးလင်း၍ ဂဠုန်မင်း ထွက်သွားသောအခါ တစ်နေ့ပတ်လုံး စောင်းသမားနှင့် ပေါင်းသင်းကာ ပျော်မွေ့နေလေ၏။

ကြာသော် စောင်းသမားသည် နာဂဒီပကျွန်းမှာ လူသူဝေးရာ ဖြစ်နေသောကြောင်း ငြီးငွေ့ပျင်းရိလာ၏။ သို့ရာတွင် သုဿောန္ဒီကို ဖွင့်ဟ၍ မပြောဘဲ ပင်လယ်ဘက်သို့သာ မျှော်ကာ နေလေ့ ရှိလေ၏။ သင်္ဘောဖြစ်စေ၊ လှေဖြစ်စေ တွေ့ရပါက ဗာရာဏသီသို့ ပြန်နိုင်မည်ဟူသော အကြံဖြင့် နေ့စဉ် မျှော်စောင့်ရာ တစ်နေ့သ၌

ပင်လယ်ထဲမှာ သင်္ဘောတစ်စင်းကို တွေ့ရလေ၏။ စောင်းသမားသည် သုယောနန္ဒီမသိအောင် ထိုသင်္ဘောကို လက်ယပ်ခေါ်ယူပြီး အလျင်အမြန် လိုက်ပါသွားလေ၏။

စောင်းသမားသည် ဗာရာဏသီပြည်သို့ ပြန်လည်ရောက်ရှိလာလေ၏။ ရွှေနန်းတော်ထဲမှာကား ရှေးကကဲ့သို့ပင် တမ္ဗမင်းနှင့် ဂဠုန်လူယောင်ဆောင်တို့ ကြေအံကစားမြဲ ကစားနေကြသည်ကို တွေ့ရှိရလေ၏။ စောင်းသမားသည် သူတို့နှစ်ယောက်ကို ကြည့်ကာ "အင်း––သူတို့နှစ်ယောက်ဟာ အကစားမက်နေလိုက်ကြတာ၊ ကိုယ့်ရဲ့ ကြင်ယာမိန်းမ သုယောနန္ဒီဟာ သစ္စာဖောက်ပြီး ယောကျ်ားလင်သားကို လှည့်စားနေတာ မသိကြလေခြင်း၊ သူတို့ရဲ့ မယားယုတ်ဟာ ဘယ်မှာရှိတယ်၊ ဘာတွေ လုပ်တယ်၊ ဖောက်ပြန်နေတယ်ဆိုတဲ့ အကြောင်းကို ငါသီချင်းစပ်ပြီး ဆိုပြလိုက်မယ်၊ စောင်းလဲ တီးပြလိုက်မှပဲ ဖြစ်တော့မယ်"ဟု စိတ်အကြံ ဖြစ်ပေါ်ကာ သုယောနန္ဒီ၏ ဖောက်ပြန်လော်မာပုံကို သီချင်းသီဖွဲ့လေ၏။

စောင်းသမားသည် သုယောနန္ဒီဇာတထံမှ ထွက်ပြေးလာခဲ့ပြီးနောက် တမ္ဗမင်းထံ ဝင်ရောက်ခစားကာ သူဖျော်ဖြေနေကျအတိုင်း စောင်းသံသာဖြင့် တီးခတ်ဖျော်ဖြေလေ၏။ သူ့အရင်က တစ်ခါမျှ မဆိုခဲ့ဖူးသော တေးသီချင်းတစ်ပုဒ်ကို သုယောနန္ဒီ၏ နာမည်မဖော်ပြဘဲ ပြည့်ရှင်မင်း၏ မိဖုရားတစ်ယောက် မိမိယောကျ်ားမှ တစ်ပါးသူနှင့် ချစ်ကြိုက်ကာ လိုက်ပါသွားပုံ၊ လူသူဝေးသော ဂဠုန်ကျွန်းကြီးတစ်ကျွန်းမှာ ဂဠုန်မင်း၏ မိဖုရားဖြစ်ကာ ပျော်ရွှင်နေပုံ၊ ဂဠုန်မင်းမရှိသော နေ့ကာလများမှာလည်း တစ်နေ့ပတ်လုံး စောင်းသမားတစ်ယောက်ကို ဖြားယောင်းကာ အတူပျော်ပါးလေ့ရှိကာ ညဘက် ဂဠုန်မင်း ပြန်လာခါနီးမှာ စောင်းသမားလင်ကို ဖုံးကွယ်ထားပုံ၊

နယောက်ျားသုံးယောက်ကို မြူဆွယ်လော်မာဖောက်ပြန်ခဲ့ပုံတွေကို သာယာစွာ ဆိုပြ၊ တီးပြသောအခါ ကြွေအံကစားနေသော ဂဠုန်မင်းက ချက်ချင်းရိပ်မိ သိရှိပြီး ညနေဘက်မှာ ပြန်လာခဲ့လေ၏။ ရောက်သော အခါ သုယောနန္ဒီမိန်းမယုတ်အား "လူသူကင်းဝေးတဲ့ နေရာမှာ သူ့အလိုကျထားတာတောင်မှ လူတွေ့ရင် မရှောင်နိုင်ဘဲ ခေါ်ယူ ဖောက်ပြန်တဲ့ မိန်းမယုတ်၊ နင့်ကို မထားချင်တော့ဘူး၊ လာ လိုက်ခဲ့" ဟု ခေါ်ကာ သူ့အတောင်ကြားမှာ ညှပ်ယူခဲ့ပြီး ဗာရာဏသီပြည်မှာ စွန့်ပစ်ထားခဲ့လေ၏။

ထိုနေ့မှစ၍ ဗာရာဏသီပြည့်ရှင် မင်းတဗ္ဗထံမှာ ကြွေအံ ကစားရန် လာနေကျ ဂဠုန်မင်းသည် ဘယ်တော့မှ မပေါ်လာတော့ပေ။ ရုပ်ရည်လှသလောက် စိတ်ထားလော်လီကာ ဖောက်ပြန်သော သုယောနန္ဒီရှိရာ အရပ်မှ ဝေးအောင်ကွင်းရှောင်သွားခြင်းပင် ဖြစ် လေသည်။

(သုယောနန္ဒီဇာတ်)

* * *

# စန္ဒကိန္နရီ

မူလကျမ်းပြု ပညာရှိဆရာကြီး၏
နိဒါန်းနှင့်
ခေတ်မီအရေးအသားပြုစုသူ
နုယဉ်၏
စေတနာနှင့်ဆန္ဒအမှာ
တို့ဖြင့်
နိပါတ်တော်လာထင်ရှားသော
ရသစုံဝတ္ထု (၂၆) ပုဒ်